
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com






ဒဂုန်ရွှေမျှား

ဆင်ဖြူကျွန်း အောင်သိန်း

ထောင်မှူးကြီး သိန်းဝင်း

ဂျဲမြတ်တင်

မောင်ညိုမှိုင်း (သန်လျင်)

စိုးဝေ

မိုးကျော့

မြဝဂိ

ကြူးနှစ်

မှော်သူရ

www.burmeseclassic.com

www.burmeseclassic.com



ကိုမြင့်ထွန်း (Quality)

ဇော်လှိုင်မြင့်မောင် (ဗုံ ၃၁၁၁၆၉၉၉)

မခင်မာရွှေ

ဉာဏ်လင်းထက်

ကိုဖိုးသိန်း၊ ထွန်းထွန်းအုပ်၊ ဇင်နိုင်ထွန်း၊ မင်းထွန့်၊ ဗိုလ်ကို၊ နှောင်းပေါ်၊ ဝေလင်း၊ ဖော်မောင်မောင်ထွေး၊ ကျော်ကျော်၊ နှင်းမြင့်မြတ်အောင်၊ ဟေမာလှိုင်၊ မြမြသင်း၊ ဝင်းဝင်းမော်၊ ဝင်းဝင်းမာ၊ အိမြ၊ ပိုပို၊ မီမီ။

ဦးမြင့်ထွန်း (မြ-၀၄၂၂၀)Quality Publishing House
အမှတ် - ၅၀၈/၅၁၂ (၂၁)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်(သရဖီကွန်ဒို)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ဉာဏ်လင်းထက်

ကံကောင်း၊ အောင်စံမြင့်၊ အောင်နိုင်ပေတ၊ ကျော်စိုးညိန်၊ မောင်နေကြည်၊ တောင်ငူ စိုးမြင့်လေး၊ လှသစ်အောင်(အင်းလျား)၊ မြတ်မင်းဟန်၊ ကိုကိုကြီး၊ ရန်နိုင်ဦး၊ ချစ်သူ၊ ဝေမှန်လင်း၊ ယောက်ျား။

Quality


မြို့ဈေးပုံနှိပ်တိုက်
ဒေါ်ယဉ်ယဉ်မွန်၊ ဆန်စက်အပိုင်းစွည်းစက်ရုံးဝင်း၊ အကောက်ပုဂ္ဂန်တောင်လမ်း၊
စက်ဆန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့

တင်မေထွန်း

- ၅၀၀
- ၁၅၀၀

အမှတ် - ၅၀၈/၅၁၂ (၂၁)လွှာ ပထမထပ်၊ ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၃၇၃၆၆၄၊ ၃၈၆၇၃၃။

# NEXT






**သေမင်းနာရီ**
ဒဂုန်ရွှေမျှား

**မျက်ဘီစီးနက်ချောင်းရှာ**
**လျှို့သတ်မှု**
ဘသက်ဆွေ

# MONTH






**လောကသစ္စာ**
ရဲမြတ်တင်

**ကျွန်းပတ် ငမိုးကြီး**
မြဝတီ

# PREVIEW

www.burmeseclassic.com

www.burmeseclassic.com

**၁၉၃၃ – ခုနှစ်**လောက်က ကျွန်တော်သည် ကရိလမ်းမှ စုံထောက်ဦးထင်ကျော်နှင့်အ
နေထိုင်ပြီးလျှင် သတင်းစာတိုက်တွင် လက်ထောက်အယ်ဒီတာအဖြစ်ဖြင့် လုပ်ကိုင်လျ
ရှိ၏။ တစ်နေ့သော ညဥ့်(၉)နာရီလောက်တွင် ကျွန်တော်သည် စားပွဲတွင် စာရေးလျက်
လည်းကောင်း၊ ဦးထင်ကျော်မှာမူ အလုပ်မရှိသောအခါများ၌ ပြုလုပ်လေ့ရှိသည့်အတိုင်
အိမ်ရှေ့ဧည့်ခန်းဓါးရင်းဘက်ရှိ ကြိမ်ပက်လက်ကုလားထိုင်ကြီးပေါ်တွင် ပက်လက်လှန်
ထိုနေ့ထုတ်သတင်းစာများကို လှန်လှောကာ ဆေးတံကိုလည်းကောင်း၊ သောက်လျက်

# နဝင်မင်းကျော် ပတ္တမြား
# ဒရာဂွန်များ




www.burmeseclassic.com

www.burmeseclassic.com

မိုးဦးကျဖြစ်သဖြင့် မိုးဖွဲကလေးများ တဖျောက်ဖျောက်ကျကာ အချိန်မှာလည်း (၁၀)နာရီထိုးလုပြီဖြစ်၍လမ်းပေါ်တွင်လူအသွားအလာပြတ်လျက်ရှိ၏။ ဤကဲ့သို့ အချိန်မျိုး၌ ကျွန်တော်တို့မှာ ဧည့်သည်လာမည်ကိုပင် စိုးရိမ်လျက်ရှိစဉ်၊ အိမ်ရှေ့တွင် ကားတစ်စီး ဆိုက်သံနှင့် မရှေးမနှောင်းပင် အပြင်မှာတံခါးခေါက်သံကြားရလေ၏။ အိမ်စေမောင်ဖိုးလူသည်ဦးထင်ကျော်အမိန့်အတိုင်း တံခါးဖွင့်ပေးလိုက်ရာ၊ အသက်(၅၀)ခန့်ရှိ တောမကျ၊ မြို့မကျ ဝတ်ဆင်ထားသော သူတစ်ယောက် သည် ဧည့်ခန်းထဲသို့ဝင်မည်ပြုပြီးမှ နောက်သို့လှည့်ကာ -

"ဒီကောင်မ - ခုထက်ထိ လိုက်လာသေးတယ်"

ဟု တောက်တစ်ချက် ခေါက်ပြီးမှ ဧည့်ခန်းထဲသို့ ဝင်လာလေ၏။

ထိုအခါကျွန်တော်မှာတံခါးဝနှင့်အနီးဆုံးနေရာ၌ရှိသဖြင့်လှေကားဆီမှ အောက်သို့ပင် လှမ်း၍ကြည့်လိုက်မိသေး၏။ သို့သော် မည်သူကိုမျှ မတွေ့မမြင်ရချေ။ မောင်ဖိုးလူက တံခါးကို ပြန်ပိတ်လိုက်၏။

လူကြီးသည် ကျွန်တော်နှင့် ဦးထင်ကျော်တို့အား အကဲခတ်ဟန်ဖြင့် တစ်ယောက်တစ်လှည့်စီကြည့်ရှုလျက်ရှိရာ ထိုအခါမှ ဦးထင်ကျော်က မိမိမှာ မောင်ထင်ကျော်ဖြစ်၍ကျွန်တော်၏အမည်မှာမောင်တင်မောင်ဖြစ်ကြောင်း၊ အိမ်ခန်း၌နှစ်ယောက်အတူတူနေထိုင်ကြောင်း စကားခံပြီးလျှင် ကုလားထိုင်တစ်လုံးကို ညွှန်ပြကာ ‌နေရာထိုင်ခင်းပေးလေ၏။ လူကြီးသည် တုန်တုန်ရီရီရှိနေရာမှ မိုးရေများစို၍နေသော ထီးမှ ထီးရွက်ကို အတန်ငယ်ဖြန့်ကာ လက်ကိုင်ပဝါဖြင့် သုတ်လိုက်ပြီးနောက် ထီးကို ထောင့်တစ်ထောင့်သို့ သွား၍ထောင်ထားလိုက်ပြီးလျှင် ကုလားထိုင်ပေါ်၌ ငြိမ်သက်စွာ ထိုင်လိုက်လေသည်။

ဧည့်သည်လူကြီးသည် ဦးထင်ကျော်ဘက်သို့ ကြည့်ရှုလျက်ရှိရာမှ ကျွန်တော်၏မျက်နှာကို တစ်ချက်မျှလှမ်းကြည့်လိုက်ပြီးလျှင် မိမိပြောမည့်စကားကိုပြောရမည်၊ မပြောရမည်စဉ်းစားနေသကဲ့သို့ ခပ်ဆိုင်းဆိုင်းရှိနေရာ ဦးထင်ကျော်က -



"ပြောစရာရှိရင် ပြောသာပြောပါ ခင်ဗျား။ ဒီက မိတ်ဆွေ - ကိုတင်မောင်ဆိုတာက ကျွန်တော်နဲ့ ညီရင်းအစ်ကိုလို နေတာပါ။ ဦးမင်း နာမည်က ဦးစိန်ပွင့်လား။ ဦးစံပွင့်လား ခင်ဗျ"

ဦးစိန်ပွင့်က အံ့ဩလျက် -

"ကျုပ်နာမည်ကို ခင်ဗျား ဘယ်လိုလုပ်သိသလဲ။ ကျုပ်နာမည်က ဦးစိန်ပွင့် ဟုတ်ပါတယ်"

ဦးထင်ကျော်က -

"ဦးက ပြောတာပဲ"

"ဘယ်တုံးက ကျုပ်ပြောရသေးလို့လဲ။ ကျုပ် အခုပဲ ရောက်တာ ..."

"ထီးပေါ်မှ ဆေးနီနဲ့ အင်္ဂလိပ်လို အတိုကောက်ထိုးထားတာ မြင်လိုက်လို့ ကျွန်တော်က မှန်းပြောလိုက်တာပါ"

"တယ်လည်း မျက်စိစူးတဲ့လူတွေပဲ။ ဒါထက် လာရင်းအကြောင်းက တခြားမဟုတ်ပါဘူး - ဦးထင်ကျော်။ ကျုပ်လက်ထဲက ပစ္စည်းတစ်ခု ခင်ဗျားလက်ထဲ အပ်ခဲ့ချင်လို့ပါပဲ၊ သမိုင်းက ကျုပ်မိတ်ဆွေ ဦးမင်းအောင်က ခင်ဗျားဆီကို အတိအကျ ညွှန်လိုက်လို့ လာခဲ့ရပါတယ်။ ပစ္စည်းကတော့ ဟောဒါပါပဲ"

မောင်စိန်ပွင့်သည် အပေါ်ရင်စေ့အင်္ကျီကြယ်သီးများကို ဖြုတ်၍ အင်္ကျီအိတ်တွင်းမှ သားရေအိတ်ကလေးတစ်လုံးကိုထုတ်ယူပြီးလျှင် သားရေအိတ်ထဲမှ ဖယောင်းစက္ကူဖြင့် သေချာစွာထုပ်ထားသော အလုံးကမွလေးတစ်လုံးကို ထုတ်ယူလိုက်၏။ ထို့နောက် စက္ကူအိတ်ထဲမှ နီရဲသော အရာဝတ္ထုကလေးတစ်ခုသူ၏လက်ဝါးပေါ်၌တင်ထားလိုက်လေသည်။ နီရဲသောအလုံးကလေးမှာ ကလေးသူငယ်များကစားသော ကြွေလုံးအသေးစားအရွယ်ခန့်ရှိပြီးလျှင် မီးခဲတမျှ ရဲရဲတောက်လျက်ရှိလေ၏။ ဤကဲ့သို့ အရည်အသွေးနှင့် ပြည့်စုံသည့် ကျောက်မျက်ရွဲမျိုးကို တစ်သက်နှင့်တစ်ကိုယ် ကျွန်တော် မမြင်ဘူးချေ။

ကျော် - "ပတ္တမြား ထင်ပဲ့ ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com

ပွင့် – "နတ်မီးရောင်ပတ္တမြားဆိုတာ – ဒါပါပဲ ခင်ဗျ။ မောက်ထက် အရည်မညွှံဘူး – ဦးထင်ကျော်ရဲ့ သာရင် သာမယ်"

"ဆိုပါဦး ခင်ဗျာ။ ဒီပတ္တမြားကို ကျွန်တော်က ဘယ်လိုလုပ်ပေးရမှာလဲ"

"ရောင်းပေးဖို့ပဲ – ဦးထင်ကျော်"

"ဟာ – ကျွန်တော်က ဒီအလုပ်မှ မလုပ်ဘဲ ခင်ဗျ"

"မှန်ပါတယ်။ ဒါပေမဲ့ – ကျုပ်က ဦးထင်ကျော်ကိုမှ ယုံကြည်တာကိုး ..."

"မဂိုလမ်းက ကုလားပွဲစားတွေ ..."

စကားမဆုံးမီ ကြားဖြတ်၍ –

"တော်ပါ – မောင်ရယ်။ ခေါင်းပုံဖြတ်ပြီး တစ်ခါတလေ အရင်းပါ ပြန်မပေးတဲ့လူတွေတော့ ပေါတာပေါ့။ ပြီးတော့ – ဒီပစ္စည်းရောင်းရတဲ့ငွေကို ကျုပ်သမီး လက်ထဲ ပေးလိုက်စေချင်တယ်"

"ဟာ – ဒီကိစ္စမျိုးဟာ ဘားလမ်းက ဝတ်လုံတွေ ..."

စကားကို ဖြတ်၍ –

"ဒီဟာလည်း ကျုပ်သိတာပေါ့။ နို့ပေမဲ့ – သူတို့လည်း မအပ်ခဲ့ချင်ဘူး။ ကျုပ်က ရှမ်းလို၊ ကရင်လိုလူ တစ်ယောက်ဗျ။ ဒီတစ်ယောက်ဆို တစ်ယောက်ပဲ ယုံကြည်တယ်။ သမိုင်းက ဦးမင်းအောင်ပြောလို့သာ မဟုတ်ဘူး။ ကျုပ်ကိုယ်တိုင်လည်း သိတယ်ဆိုပါတော့ ..."

"ဒါဖြင့် ဒီပတ္တမြားကို ကျွန်တော် စပ်ဟပ်ရောင်း – ရောင်းပြီး ရတဲ့ငွေကို ဦးစိန်ပွင့်ရဲ့သမီးကို သတင်းစာက ကြော်ငြာပြီး ကျွန်တော်က ပေးလိုက်ရမယ် ဟုတ်လား ခင်ဗျာ"

"ဟုတ်ပါတယ် – မောင်။ ဒီအတိုင်းပဲ"

"ဦးမင်းရဲ့သမီးက ဘယ်သူပါလဲ ခင်ဗျာ။ ဘယ်မှာနေပါသလဲ"

"ဘယ်မှာနေတယ်ဆိုတာလဲ ကျုပ်မသိဘူး။ အသက်တော့ (၂၇) နှစ်လောက် ရှိလောက်ရောပေါ့။ ကျုပ်နဲ့ ကွဲသွားတာ (၁၆) နှစ်လောက်ရှိပြီ"

"ဒါဖြင့် ..."



"ဒီလိုလေ – ရောင်းပြီးတဲ့အခါ သတင်းစာထဲမှာ ကြော်ငြာတစ်ခုထည့်ပြီး ဒီကြော်ငြာအရ လာယူတဲ့ မိန်းကလေးကို ပေးရုံပါပဲ။ သရက်မြို့ မြေပိုင်ရှင် ဦးစိန်ပွင့်၏သမီးသို့ ဆိုပြီး သင့်ဖခင်ပေးခဲ့တဲ့ ပစ္စည်းလာယူလှည့်ပါလို့ ကြော်ငြာရင် လာယူပါလိမ့်မယ်"

"ဟုတ်ကဲ့"

"သြော် – တစ်ခုရှိသေးတယ်။ ဦးထင်ကျော်မှာလည်း အကျိုးခံစားခွင့် ရှိဦးမှကို ..."

"ဒီဟာ – ကိစ္စမရှိပါဘူး ခင်ဗျာ"

"အို – ဘယ့်နှယ် ကိစ္စမရှိရမှာလဲ။ ကိစ္စရှိတာပေါ့။ ကျုပ်ကိစ္စ ဆောင်ရွက်ပေးတဲ့အတွက် တစ်နည်းတစ်လမ်းအားဖြင့် ကျေးဇူးရှိစေရမယ်။ ဒီပတ္တမြား ရောင်းရတဲ့ငွေ လေးပုံတစ်ပုံကို ဦးထင်ကျော် ယူပါ ခင်ဗျာ။ ဒါဟာ ကျုပ်အကျိုး ဆောင်ရွက်ပေးတဲ့အတွက် ကျေးဇူးဆပ်တာပါပဲ"

"များပါတယ် ခင်ဗျာ"

"အို – မများပါဘူး။ နည်းတောင် နည်းသေးတယ်။ ပြီးတော့ – ကျုပ်မှာ တခြားပြောင်းလွှဲပြီး စီမံဖို့အချိန်လည်း မရှိဘူး။ ငွေလည်းမရှိဘူး။ ကိုင်း – လက်ခံမယ် မဟုတ်လား။ ဦးထင်ကျော် လက်ခံဖို့လည်း ကျုပ် နောက်ဆုံး တောင်းပန်ပါတယ်"

ထိုအခါ ဦးထင်ကျော်လည်း ကျွန်တော်၏မျက်နှာကို တစ်ချက်လှမ်း၍ ကြည့်လိုက်ရာ ကျွန်တော်က သဘောတူသည့်လက္ခဏာဖြင့် ခပ်ပြုံးပြုံးပြန်၍ ကြည့်လိုက်သောအခါတွင်မှ ဦးခေါင်းကို အသာအယာ ညိတ်လိုက်လေသည်။

"ကျေးဇူးပါပဲ ခင်ဗျာ။ ဒါထက် ဒီပတ္တမြား လက်ခံရရှိတဲ့အကြောင်း ကျုပ်ကို စာရွက်ကလေးတစ်ရွက် မ.စပါဦး"

ဦးစိန်ပွင့်သည် နှုတ်တိုက်ချပေးသဖြင့် ကျွန်တော်က အသိသက်သေ အဖြစ် လိုက်၍ရေးရ၏။ ထိုစာမှာ အောက်ပါအတိုင်း ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

သရက်မြို့ မြေပိုင်ရှင်ဦးစိန်ပွင့်ထံမှ အဖိုးတန်ပတ္တမြားတစ်လုံးကို လက်ခံရရှိ၍ထိုပတ္တမြားကိုရောင်းရပြီးနောက်ရောင်းရငွေ၏လေးပုံသုံးပုံကို ဦးစိန်ပွင့်၏သမီးအား ပေးရန် တာဝန်ယူပါသည်၊

အထက်ပါစာကို ရေးသားပြီးနောက် ဦးထင်ကျော်က လက်မှတ်ထိုး၍ ဦးစိန်ပွင့်အား ပေးလိုက်၏။ ဦးစိန်ပွင့်လည်း ရင်ထဲမှအလုံးကြီးကျသွားသည့်ဟန်ဖြင့် –

"အင်း – စိတ်ချရပြီ – စိတ်ချရပြီ။ ကျုပ်သမီးကို တွေ့ဖို့ကတော့ ခဲယဉ်းမယ် မထင်ပါဘူး။ သရက်မြို့ မြေပိုင်ရှင်ဦးစိန်ပွင့် လာပေးရန်ရှိသောငွေကို လာယူလှည့်ပါလို့ သတင်းစာထဲမှာ ကြော်ငြာရင် လာယူပါလိမ့်မယ်။ မိန်းကလေးက အသားဖြူဖြူ၊ လက်ယာဘက်ပါးမှာ မှဲ့ကလေးတစ်လုံး ထင်ထင်ရှားရှား ပါပါတယ်၊ သူ့အမေ ဆုံးသွားကတည်းက သင်းကြောင့် ဆုံးရတယ်ဆိုပြီး သူ့အရီးများလက် အပ်ထားခဲ့တာ နှစ်ပေါင်း(၁၆)နှစ်ကျော်ပြီ။ ကျုပ်သေရင် ဒီပစ္စည်းအရှုံးနီးဖြစ်မှာစိုးလို့ လုပ်ရတာပဲ – ဦးထင်ကျော်ရေ၊ ပစ္စည်းကတော့ လူကို အင်မတန်မှ ဒုက္ခပေးတဲ့ ပစ္စည်းပဲ"

ကျော် – "ဘယ်လို ဒုက္ခပေးလဲ ခင်ဗျ။ အမိန့်ရှိစမ်းပါဦး"

"ဒါထက် အဖိုးတန် ကျောက်မျက်ရွဲများဟာ လူကို ထိခိုက်တတ်တယ် ဆိုတာ ယုံကြည်ကြသလား"

ကျော် – "ယုံကြည်တယ်လည်း မဟုတ်ဘူး၊ မယုံကြည်ဘူးလို့လည်း မဟုတ်ပါဘူး ခင်ဗျာ၊ အနောက်နိုင်ငံက ဝတ္ထုတွေထဲမှာတော့ ဖတ်ဖူးပါရဲ့…။ စိတ်ကူးယဉ်ပြီး ရေးထားသလားတော့ မပြောတတ်ပါဘူး။ နို့ပေမဲ့ – (Hope Diamond) "ဟုပ်" ခေါ်တဲ့ စိန်ကြီးတစ်လုံးဟာဖြင့် ပိုင်ရှင်တွေကို အမျိုးမျိုး ဒုက္ခပေးတဲ့အကြောင်း သတင်းစာတစ်စောင်မှာ ဖတ်လိုက်ရပါတယ်၊ ကိုယ်တိုင်မတွေ့ဘူးတော့ ဒီအဖြေကလွဲပြီး တခြားအဖြေ မပေးဝံ့ပါဘူး"

"မှန်တာပေါ့ – ဦးထင်ကျော်၊ မတွေ့ဘူးတော့ ဟုတ်တာပေါ့၊ ကျုပ်ကတော့ ကိုယ်တွေ့မို့ ပြောရဦးမယ်"



ထိုအချိန် အိမ်ဖေ မောင်ဖိုးလှသည် အငွေ့တထောင်းထောင်း ထွက်လျက်ရှိသော ကော်ဖီ(၃)ခွက်ကို ငွေလင်ပန်းတစ်ချပ်ပေါ်တွင် တင်၍ယူလာသဖြင့် ကျွန်တော်တို့လည်း မိုးအေးအေးနှင့် ကော်ဖီများကို မြိန်ရှက်စွာ သောက်လျက် ရှိကြကုန်၏။

ကော်ဖီများသောက်ပြီးနောက်ဦးစိန်ပွင့်သည်ဆေးပြင်းလိပ်တစ်လိပ်ကို မီးညှိ၍သောက်ပြီးသော် "နတ်မီးရောင်" ပတ္တမြားအကြောင်းကို ပြောပြလေရာ ကျွန်တော်တို့လည်း ဆေးတံကိုယ်စီခဲကာ နားထောင်လျက် ရှိကြကုန်၏။

အောက်တွင်ရေးသားအံ့သော အကြောင်းအရာများမှာ "နတ်မီးရောင် ပတ္တမြား" ကို ဦးစိန်ပွင့် ရရှိခဲ့ပုံ အတ္ထုပ္ပတ္တိဖြစ်၍ ကျွန်တော်က စာသွားဖြင့် တစ်ဆင့် ရေးသားတင်ပြခြင်းဖြစ်ပါကြောင်း။

—●—

ဤအဖြစ်အပျက်များမဖြစ်မီ လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်လောက် သရက်မြို့ မင်းတုံးမြို့အရှေ့မြောက်ဘက်ခရီး (၁၂)မိုင်ခန့်ဝေးသည့် တောနက်တစ်ခုထဲတွင် အသက်(၄၀)ခန့်ရှိ လူတစ်ယောက်၊ အသက်(၂၅)နှစ်ခန့်ရှိ လူတစ်ယောက်တို့သည် နောက်ပါကရင်လူမျိုး တပည့်တစ်ယောက်နှင့်အတူ ခရီးပြင်းနှင်လျက် ရှိကြ၏။

အချိန်မှာ နေဝင်လုနီးပြီဖြစ်၍ နောက်ခံကားသဖွယ်ဖြစ်သော တောင်တန်းများထိပ်တွင် အလင်းရောင်ကလေးသည် တဖြည်းဖြည်း ပျောက်ကွယ်လျက် ရှိလေ၏။ ကြီးမားသော သစ်ပင်များသည်လည်း နက်ရှိုင်းသော တောကို တန်ဆာဆင်၍ပေးသကဲ့သို့ အမည်းရောင်အရိပ်ကြီးများ ထွက်ပေါ်၍ လာစေ၏။

ခရီးသည် (၃)ယောက်တို့သည် လိုရာစခန်းသို့ ရောက်လုနီးပါး ရှိနေသည့်ဟန်ဖြင့် စိတ်အားထက်သန်စွာ ရှိနေကြသော်လည်း ခြေများကို မသယ်နိုင်အောင် ခရီးပန်းကာ ဒယိမ်းဒယိုင် ရှိနေကြကုန်၏။

www.burmeseclassic.com

တစ်ခါတစ်ရံလွယ်အိတ်များကိုပစ်ချကာ ကျောက်တုံးများကိုခေါင်းအုံး ရင်း ခေတ္တအမောဖြေလျက်ရှိရာမှ အမောမျှမပြေမီ ရှေ့စခန်းသို့ လှမ်းကြရ ပြန်လေသည်။

ကရင်သာဖိုးမှာ ဓားလွတ်ကိုကိုင်ကာ ရှေ့ဆုံးမှ လမ်းပြသွားရ၍ ရိက္ခာ လွယ်အိတ်ကြီးတစ်လုံးကိုလည်း ကျောတွင် လွယ်ထားရ၏။ ထို့နောက်မှ အသက်(၂၅)နှစ်ခန့်ရှိ၍ဖျတ်လတ်သွက်လက်ပုံရသောသူမှာကိုစိန်ပွင့်(ယခု ဖာတ်လမ်းပြောပြသူ)ဖြစ်၍၊ ရေဘူး(၂)လုံးနှင့် လွယ်အိတ်တစ်လုံးကို လွယ် ထား၏။ နောက်ဆုံးမှ လိုက်ပါသူကား ဦးစံဝင်းဆိုသူဖြစ်၍ အသက်(၄၀) ကျော်ခန့် ရှိလေပြီ၊ ဦးစံဝင်းမှာ လွယ်အိတ်တစ်လုံးသာ လွယ်ထားရသော် လည်း လွန်စွာပင် ခရီးပန်းနေပြီဖြစ်၍ ရှေ့လူ(၂)ယောက်တို့နောက်တစ်ခေါ် လောက်ဝေး၍ကျန်ရစ်ခဲ့၏။

သူတို့၏ ရာဇဝင်ကား အောက်ပါအတိုင်းပင်တည်း။

မောင်စိန်ပွင့်မှာ သရက်မြို့သားဇာတိဖြစ်၍မိဘနှစ်ပါးသေဆုံးပြီးနောက် အိမ်တစ်လုံးနှင့် ငွေသား(၅၀၀၀)ကျပ်ခန့် ကျန်ရစ်ခဲ့၏။ တစ်နှစ်ခန့်မျှ အပေါင်း အသင်းများဖြင့် ခပ်ပေါ့ပေါ့ နေထိုင်သုံးဖြုန်းခဲ့ရာ ငွေ(၂၀၀၀)ကျပ်ခန့် ချော ခဲ့၏။ ထိုအခါ မိရိုးဖလာဖြစ်သော ကုန်သည်အလုပ်တွင် ငြီးငွေ့လျက်၊ ငွေကို ဖြတ်လမ်းမှ ရနိုင်သောနည်းများကို ရှာခဲ့၏။ ငွေ(၃၀၀၀)ကျပ်ဖြင့် အထက် မိုးကုတ်ကျောက်မြင်သို့တက်ကာ ကျောက်တွင်းအလုပ်ကို လုပ်ကိုင်ခဲ့ရာ တစ် နှစ်ခန့်မျှအကြာတွင် ငွေ(၃၀၀၀)ကျပ် ချောရုံမျှမက၊ ငှက်ဖျားအဖတ်တင်၍ ပြန်လာခဲ့ရ၏။ သို့သော် စွန့်စားရှာဖွေရသောအလုပ်များကို စိတ်မကုန်သေး ချေ။

ဤတဲ့သို့ရှိစဉ် မင်းတုန်းမြို့နယ် အရှေ့ဘက်တွင် ကျောက်ကောင်းများ ထွက်သောနေရာရှိကြောင်း သတင်းရရှိပြန်၏။ ထိုသတင်းအဆိုမှာ မင်းတုံး ရွာ၏အရှေ့မြောက်(၁၀)မိုင်ခန့်ဝေးသောနေရာ၌ "ဆင်ထိန်းစု" ခေါ်ကရင်ရွာ ကလေးတစ်ရွာရှိ၍ ထိုရွာမှ ကရင်တစ်ယောက်သည် ဆင်ကျောင်း၍အပြန်၌ တောလွန်၍သွားရာ ထိုညဥ့်တွင် မျက်စိလည်၍ အိမ်သို့ပြန် မရောက်ဘဲ



တောနက်ထဲတွင် သစ်ပင်တစ်ပင်ပေါ်သို့တက်၍အိပ်ရ၏။ သို့အိပ်နေစဉ်သစ် ပင်နှင့်မျက်နှာချင်းဆိုင်ရှိတောင်ပူစာ၏ခါးပန်း၌မီးရောင်ကဲ့သို့နီရဲ၍နေသော အရာတစ်ခုကို မြင်ရသဖြင့် သွားရောက်ကောက်ယူရာ ဆီးဖြူသီးခန့်ရှိ ကျောက်ခဲတစ်လုံးကို ကောက်ယူရရှိခဲ့၏။ ထိုသတင်းကို ရွာသားအားလုံး ပင်သိ၏၊ သို့သော် အဖိုးထိုက်တန်ကြောင်း မည်သူမျှ မသိချေ။ နောက်တစ် နှစ်၌ ထိုနယ်သို့ သတ္တုနှင့်ရေနံများ ရှာဖွေရန် မျက်နှာဖြူတစ်ယောက် ရောက် လာရာ ထိုရွာမှသူကြီးကိုအကြောင်းပြုပြီးလျှင် ထိုကျောက်ခဲကလေးကိုအဖိုး ငွေ (၁၀၀၀)ကျပ်ဖြင့် ဝယ်ယူသွား၏။ ထိုကျောက်ခဲ ကောက်ယူရရှိသောနေ ရာနှင့် တစ်တိုင်ခန့်ကွာသောနေရာ၌လည်း ညဥ့်မှောင်မိုက်သောအချိန်များ တွင် မီးရောင်ကဲ့သို့ နီရဲသောအရောင် ထွက်နေသည့် နေရာတစ်ခုရှိ၏။

ထိုနေရာ၌ အိမ်တစ်ခန်းစာခန့်ရှိသော ကျောက်တုံးကြီးသုံးလုံးသည် ဖိုစနောက်ဆိုင်ဖြစ်လျက် တွင်းကြီးကဲ့သို့ဖြစ်နေရာ အပေါ်မှ ကျောက်ဖျာတစ် ချပ်ကလည်း တွင်းဝဆီသို့ ခပ်စောင်းစောင်း ထောင်၍နေ၏၊ မီးရောင် ထွက် နေသောနေရာမှာ ထိုကျောက်ဖျာ၏ အလယ်ဗဟိုလောက်တွင်ဖြစ်၏။ တစ် ခါက မုဆိုးတစ်ယောက်သည် တောဝက်များလိုက်၍ အပြန်တွင် ထိုနေရာသို့ ရောက်ခဲ့ရာ မီးရောင်မြင်ရသော သုံးပွင့်ဆိုင်ကျောက်တုံးကြီးများအနီးသို့ ရောက်လာ၏။ သို့နှင့် မုဆိုးသည် ကျောက်တုံးကြီးများအနီးသို့ မချဉ်းကပ်ဝံ့ သော်လည်း ခပ်လှမ်းလှမ်းမှနေ၍ မီးရောင်ကို သေနတ်နှင့် (၃)၊ (၄)ချက်မျှ ပစ်၍စမ်း၏။ သို့သော် မီးရောင်ကား မပျောက်ချေ။ တောက်ပမြဲ တောက်ပ လျက် ရှိ၏။ နောက်တစ်နေ့ သွားရောက်ကြည့်ရှုသောအခါ ကျောက်ဖျာကြီး အလယ်၌ ကျည်ဆန်မှန်သဖြင့် ပွန်းပဲ့နေသောအရာများကို တွေ့ရသည်မှ တစ်ပါး အခြားထူးထူးခြားခြားမတွေ့ရချေ။ နောက် ၃ - ၄ ရက်အကြာ၌ ကရင် မုဆိုး ရုတ်တရက်သေသွားရာ နတ်ဖမ်းစားသည်ဟု ပြောကြ၏။ ထိုမီးရောင် မှာ ရှေးနှစ်ပေါင်းများစွာကပင် ရှိခဲ့ကြောင်း၊ ထိုမီးရောင်ကို "နတ်မီးရောင်" ဟုခေါ်၍ အလွန်နတ်ကြီးသောနေရာဖြစ်ကြောင်း ထိုရွာရှိ သက်ကြီးများ ပြောသဖြင့် ကြားသိရလေသည်။

—●—



www.burmeseclassic.com

www.burmeseclassic.com

ကိုစိန်ပွင့်သည်အထက်ပါသတင်းကိုတစ်ဆင့်စကားတစ်ဆင့်နားကြားရာမှ ထိုနေရာသို့အတိအကျညွှန်ပြနိုင်သူ ရှိကြောင်းဖြင့် နောက်ဆုံးသတင်းရရှိသဖြင့် လိုက်လာခြင်းဖြစ်ရာ ကရင်သာဖိုးဆိုသူမှာ ထိုနေရာသို့ရောက်အောင်ညွှန်ပြနိုင်သောလမ်းပြဖြစ်၍အခြားသူတစ်ယောက်မှာ သူနှင့်ပါတနာဖြစ်သူ ဦးစံဝင်း ဖြစ်လေသည်။

ယခုသွားလျက်ရှိသော ခရီးမှာလည်းနတ်မီးရောင်ဆီသို့သွားနေခြင်းပင်ဖြစ်ပေသည်။

ကိုစိန်ပွင့်၏ပါတနာဖြစ်သူ အသက်(၄၀)ကျော်ခန့်ရှိဦးစံဝင်း ဆိုသူကားဇာတိအားဖြင့် အထက်အညာသားတစ်ယောက်ဖြစ်၏။ လွန်ခဲ့သောနှစ်ပေါင်း (၂၀)လောက်ကမင်းတုံးသူတစ်ယောက်နှင့်အကြောင်းပါကာမင်းတုံးမြို့တွင် နေထိုင်ခဲ့၏။ အလုပ်အကိုင်မှာ ကုန်သည်ပွဲစားတစ်ယောက်ဖြစ်၍ တစ်ခါတစ်ရံမြို့သို့တက်ပြီးလျှင် ရွှေနှင့် ကျောက်များကိုအရောင်းအဝယ်လုပ်လေ့ရှိ၏။ သို့နှင့် ကိုစိန်ပွင့်နှင့် အသိအကျွမ်းဖြစ်ကာ "မင်းတုံး" ရွာသို့ ကိုစိန်ပွင့်ရောက်လာသောအခါ ဦးစံဝင်းနေအိမ်၌ တည်းခိုခဲ့လေသည်။

ဦးစံဝင်း၌ မယ်မှန်ဆိုသူ သမီးတစ်ယောက်ရရှိခဲ့ရာ မယ်မှန်မှာ မင်းတုံးသူပီပီ စကားခပ်ဖွဲဖွဲပြောတတ်ခြင်း၊ လောကွတ်ကောင်းခြင်း၊ ရိုးဖြောင့်ခြင်း၊ ကြနြေ့ရှိခြင်း စသော ဂုဏ်အင်္ဂါများနှင့် ပြည့်စုံ၍ အဆင်းကောင်း၊ အရွယ်ကောင်းဖြစ်သည့်အတိုင်း အိမ်၌ ခေတ္တတည်းခိုလျက်ရှိသော ကိုစိန်ပွင့်မှာ မယ်မှန်အပေါ်တွင် မျက်စေ့ကျလျက် ရှိနေခဲ့လေပြီ။

ထိုအချိန်အတွင်းကိုစိန်ပွင့်မှာ မိုးကုတ်မှ အမွေရခဲ့သော ငှက်ဖျားသည် မင်းတုံးချောင်းရေနှင့် တွေ့ပြန်သောအခါ နဂိုရပ် ပြန်၍ပေါ်လာပြီးလျှင် ၃ - ၄ ရက်ခန့်မျှ အသည်းအသန်ဖျားလျက်ရှိ၏။ ထိုအခါ မယ်မှန်သည် ညို့သည် ကိုစိန်ပွင့်အား ယခင်ကထက် ဂရုစိုက်လျက် နီးနီးကပ်ကပ် ပြုစုရပြန်လေရာ အစစ်အမှန်ဖြစ်သော မေတ္တာစာတ်တို့မည်သည် တုန့်ပြန်သောသဘောတရား ရှိတတ်သည့်အတိုင်း ကိုစိန်ပွင့်၏မေတ္တာကို တုံ့ပြန်မိခဲ့၏။



အဖျားရောဂါ ပျောက်ကင်းပြီးနောက် တစ်ပတ်ခန့်အကြာတွင်မှ ကိုစိန်ပွင့်သည် အိမ်ရှင်ဦးစံဝင်းအား မိမိသွားရောက်မည့် ခရီးစဉ်ကို ပြောပြလေရာ ဦးစံဝင်းကလည်း သွားရောက်ရှာဖွေရာတွင် မိမိပါ လိုက်ပါလိုကြောင်း ထုတ်ဖော်ပြောဆိုလေ၏။ သို့နှင့် ကိုစိန်ပွင့်သည် မိမိ ငှက်ဖျား ဖျားနေသည့် အတွင်း ကောင်းစွာပြုစုစောင့်ရှောက်ထားသည့် ကျေးဇူးရှင်အား ကောင်းတူဆိုးဘက် ပါတနာအဖြစ် လက်ခံကာ ကရင်သာဖိုးအား လမ်းပြအဖြစ် ငှားရမ်းပြီးနောက် ထွက်လာခဲ့ကြခြင်း ဖြစ်လေသည်။

အချိန်မှာ မှောင်စ ပြုလာပြီဖြစ်၍ ခရီးသည် (၃)ယောက်တို့သည် စခန်းချ၍ စားသောက်အမောဖြေလျက် ရှိကြရာမှ ရှေ့သို့ ခရီးဆက်ကြပြန်၏။

စိန် - "ဘယ့်နယ်လဲ - ကိုသာဖိုး။ မနီးသေးဘူးလားဗျ။ နေဝင်ရီတရောရောက်မယ်ဆို"

ဖိုး - "နီးပါပြီ ဆရာ။ သေနတ်တစ်ဖောက်လောက်ပဲ လိုပါတော့တယ်။ ဟိုရှေ့က တောင်ပူစာကလေးလွန်ရင် ရောက်ပါပြီ။ ဆရာကြီးတော့ နောက်တစ်ခေါက်လောက်မှာ ကျန်ရစ်လေရဲ့..."

"အသက်က ငါ့ပါးတို့ ကျုပ်တို့ထက် ကြီးတယ် မဟုတ်လား"

"ဆရာကြီးကြောင့် ဒီကနေ့ ဒီလောက် နောက်ကျနေတာ - ဆရာရဲ့၊ ကျွန်တော်တို့နှစ်ယောက်သာဆိုရင် အစုလောက် ရောက်လောက်ပြီ"

"ဟုတ်တာပေါ့ကွယ်။ နို့ပေမဲ့ - အတူတူလာတဲ့လူချင်းဆိုတော့ သည်းခံပြီး စောင့်ရတာပေါ့"

ထိုနေရာ၌ကား သစ်ပင်များသည် တဖြည်းဖြည်း ပါးလာလျက် ရှေ့သို့ ၄ - ၅ ဖာလုံခန့် ခပ်ဖြည်းဖြည်း သွားမိလတ်သော် ကျောက်များ ထူထပ်လာလျက် ဘဲဥအိုးခန့်၊ အိုးစရည်းခန့်၊ အိမ်တစ်လုံးရာခန့် ကျောက်တုံးကြီးများသည် နေရာအနှံ့အပြားတွင် အချို့စုပုံလျက် အချို့လည်း ပြန့်ကြဲလျက် ရှိနေကြကုန်၏။

ဤသို့ ဦးစံဝင်းအား စောင့်ရင်း၊ တဖြည်းဖြည်း လာခဲ့ကြရာ ဦးစံဝင်း မိလာသောအချိန်၌မူ သုံးပွင့်ဆိုင်ကျောက်တုံးကြီးများရှိရာ "နတ်မီးရောင်"



www.burmeseclassic.com

www.burmeseclassic.com

စခန်းသို့ ချဉ်းကပ်မိကြလေပြီ။ တောင်ပူစာကလေးကို လွှန်မိသည်နှင့်တစ်ပြိုင်နက် မိမိတို့ရှေ့တစ်ဖာလုံခန့်တွင် ဗိုခနောက်ဆိုင် မားမားကြီး ဆီးလျက်ရှိသော ကျောက်တုံးကြီး (၃)လုံးကိုလည်းကောင်း၊ အနီးသို့ ချဉ်းကပ်မိသောအခါ ထိုကျောက်တုံးများပေါ်တွင် အမိုးများကဲ့သို့ ခပ်စောင်းစောင်းဖြစ်နေသည့် ကျောက်ဖျာချပ်ကြီးကိုလည်းကောင်း ယင်းကျောက်ဖျာချပ်ကြီးအလယ်ဗဟိုတွင် ဥသျှစ်သီးခန့် အဝန်းအဝိုင်းရှိသည့် မီးကဲ့သို့ ရဲရဲနီလျက်ရှိသော အလင်းရောင်တစ်ခုကို ထူးဆန်းစွာ တွေ့မြင်ကြရလေ၏။

နောက်ဆုံး၌ သုံးဦးသားတို့သည် ဗိုခနောက်ဆိုင်ဖြစ်နေသော ကျောက်တုံးကြီးသုံးတုံးအနက်အဖုအထစ်များ၍ ခပ်ပြေပြေရှိနေသောကျောက်တုံးကိုလေးဖက်တွားကာ ကုတ်ကပ်တက်ပြီးသော် မောင်စိန်ပွင့်၏ အကြံပေးချက်အရကြိုးခွေတစ်ခွေကို အောက်သို့ လျှောချပြီးလျှင် တစ်ဖက်သောကြိုးစကို ဦးစံဝင်းနှင့် ကရင်သာဖိုးတို့အား အပေါ်မှ မြဲမြံစွာ ကိုင်ထားစေ၏။ ထို့နောက်



တစ်ခဏမျှကြာလတ်သော် ကိုစိန်ပွင့်သည် နောက်မှကပ်၍ ခြေသံကြားလိုက်ရသောကြောင့် ဖျတ်ခနဲ လှည့်ကြည့်လိုက်ရာ မိမိဦးခေါင်းပေါ်သို့ တစ်စုံတစ်ရာ ပြင်းထန်စွာ လာ၍ ထိပြီးနောက် မြေပေါ်သို့ သတိလစ် လဲကျသွားတော့၏။ ❞



ကိုစိန်ပွင့်သည် ပုဆိန်တစ်လက်၊ မားမြောင်တစ်ချောင်းနှင့် လက်နှိပ်ဓာတ်မီးတစ်လက်တို့ကို ခါး၌ထိုးပြီးလျှင် ထိုကြိုးဖြင့် အောက်သို့ခဲယဉ်းစွာ တဖြည်းဖြည်း လျှောဆင်းလေသည်။

မောင်စိန်ပွင့် ထင်မြင်သည့်အတိုင်းလည်း မှန်ခဲ့၏။ အဘယ်ကြောင့်ဆိုသော် ကျောက်ဖျာပေါ်၌ ပေါ်ထွက်နေသော အလင်းရောင်မှာ ကျောက်ဖျာမှ တိုက်ရိုက်ပေါ်ထွက်နေခြင်း မဟုတ်ဘဲ၊ ကျောက်တုံးကြီး သုံးတုံးအလယ်တစ်နေရာရာမှ ပေါ်ထွက်ကာ ကျောက်ဖျာ၏မျက်နှာပြင်သို့ အရောင်လာ၍ ဟပ်နေသည်ကို တွေ့ရသောကြောင့်တည်း။ ကျောက်တုံးကြီးတစ်တုံး နံရံ၌ လူ၏ဦးခေါင်းပုံသဏ္ဍာန်ကဲ့သို့ အပြင်သို့ ငေါထွက်နေသော ကျောက်တက်တစ်ခုတွင် မီးဝင်းဝင်းတောက်နေသကဲ့သို့ အရောင်ထွက်နေသည့် အလုံးကလေးတစ်လုံးကို ထူးဆန်းစွာ တွေ့ရ၍ ၎င်းမှ ကျောက်ဖျာမျက်နှာပြင်သို့ အရောင်လာ၍ဟပ်နေခြင်းပင်ဖြစ်ကြောင်း တွေ့ရှိရလေသည်။

မောင်စိန်ပွင့်သည် လူ၏ဦးခေါင်းပုံသဏ္ဍာန်ရှိသော ထိုကျောက်ထွတ်ရှိရာသို့ကြိုးဖြင့်တွယ်ကပ်ကာ အရောင်ထွက်နေသော ကျောက်တုံးကလေးကို ပုဆိန်ဖြင့် အောက်ခြေမှဖဲ့၍ ခွဲထုတ်ယူခဲ့လေ၏။ ယင်းသို့ ယူလိုက်သည်နှင့်တစ်ပြိုင်နက် ကျောက်ဖျာပေါ်မှ အလင်းရောင်လည်း ကွယ်ပျောက်သွားလေသည်။ မောင်စိန်ပွင့်ယူခဲ့သော ကျောက်တုံးကလေးသည်ကား ယခုဦးထင်ကျော်လက်သို့ရောင်းချရန်ပေးအပ်ထားသည့် "နတ်မီးရောင်" ပတ္တမြားပင် ဖြစ်လေသည်။

ပတ္တမြားကို ရရှိပြီးနောက် ထိုညဉ့်တောထဲတွင် မအိပ်ဘဲ အနီးဆုံးရွာသို့ သွားရန် ရည်ရွယ်ချက်ရှိသည့်အတိုင်း ခရီးပြန်၍ဆုတ်ခဲ့ကြရာ၊ ကိုစိန်ပွင့်နှင့် ဦးစံဝင်းတို့မှာလည်း မိမိတို့အကြံ အထမြောက်သဖြင့် ဝမ်းသာ၍ မဆုံးနိုင်အောင် ရှိကြလေ၏။ ကိုစိန်ပွင့်မှာ ဤအဖိုးတန်ပတ္တမြားကို မည်သို့မည်ပုံ ဆုခွဲရောင်းချရမည့်အကြောင်းအမျိုးမျိုး စိတ်ကူးလျက်ရှိလေရာ ဦးစံဝင်းမှာမူ ထိုအဖိုးတန်ပတ္တမြားကိုမိမိတစ်ဦးတည်းပိုင်ရလျှင်ကောင်းလေစွဟု မကောင်းသောအကြံများ ဖြစ်ပေါ်လျက်ရှိလေ၏။

— ● —



www.burmeseclassic.com

www.burmeseclassic.com

ကျောက်များ ထူထပ်သောနေရာကို လွန်ခဲ့၍ ရွာသို့သွားရန် သစ်ပင်အုပ်ကြီးများကိုဖြတ်လျက် ယခင်လာခဲ့စဉ်ကအတိုင်း ကရင်က ရှေ့ဆုံးမှလည်းကောင်း၊ ဦးစံဝင်းက နောက်ဆုံးမှလည်းကောင်း တဖြည်းဖြည်း လာခဲ့ကြ၏။ ကရင်မှာ နတ်ဖမ်းစားမည်ကို တွေးတောကြောက်ရွံ့လျက် ခြေလှမ်းမှာ မမှန်အောင် ရှိနေ၏။ ကိုစိန်ပွင့်မှာမူ အင်္ကျီအတွင်းအိတ်တွင် လက်ကိုင် ပဝါဖြင့် ထုပ်၍ထားသောပတ္တမြားကို မကြာခဏ လက်ဖြင့်စမ်းကာ ရန်ကုန်သို့ မိမိကိုယ်တိုင်သွား၍ ထုခွဲရောင်းချပြီးလျှင် ထက်ဝက် ဦးစံဝင်းသို့ ပေးရမည်ဖြစ်၍ကျန်ငွေများဖြင့်စွန့်စားရှာဖွေမှုများကိုဆက်လက်လုပ်ကိုင်ရန်လည်းကောင်း၊ မယ်မှန်အား မည်ကဲ့သို့ တောင်းရမ်းပြောဆိုယူရမည်ကိုလည်းကောင်း စဉ်းစားကာ စိတ်ကူးယဉ်လျက် ရှိ၏။ နောက်ဆုံးကလိုက်သော ဦးစံဝင်းကမူ ကိုစိန်ပွင့်အား နောက်မှနေ၍တစ်ချက်တည်းဖက်ကိုပိုင်းလိုက်နိုင်က ပတ္တမြားမှာ မိမိပိုင်ပစ္စည်းဖြစ်မည့်အကြောင်း၊ ထို့နောက် ကရင်၏ အကူအညီဖြင့် အလောင်းကို ဖျောက်ဖျက်ပြီးလျှင် ဖည့်သည် ကိုစိန်ပွင့်မှာ တောင်ခါးပန်းမှ ချောက်ထဲသို့ကျ၍ သေဆုံးသွားပြီဖြစ်ကြောင်းဖြင့် ယုံကြည်လောက်အောင် ပြောဆိုနိုင်က ရွာသူကြီးမှာလည်း မိမိဘက်သားဖြစ်၍ ငွေဖြင့် ကောင်းစွာဆို ပို့နှုတ်ပိတ်နိုင်ကြောင်းများကို စဉ်းစားရင်း လွယ်အိတ်ထဲမှ ရဲတင်းကို မကြာခဏ လက်ဖြင့် စမ်းသပ်ကြည့်မိ၏။

တစ်ခဏမျှကြာလတ်သော် ကိုစိန်ပွင့်သည် နောက်မှကပ်၍ ခြေသံကြားလိုက်ရသောကြောင့် ဖျတ်ခနဲ လှည့်ကြည့်လိုက်ရာ မိမိဦးခေါင်းပေါ်သို့ တစ်စုံတစ်ရာ ပြင်းထန်စွာ လာ၍ထိပြီးနောက် မြေပေါ်သို့ သတိလစ်၍ လဲကျသွားတော့၏။

မည်မျှကြာအောင် သတိလစ်၍နေသည်ကိုကား မသိခဲ့ရချေ။ သတိရ၍ ကြည့်လိုက်ရာ ဦးခေါင်းတွင် ချုံစောင်း၌ အလွန်ပင် နာကျင်လျက် တဲငယ်တစ်ခုအတွင်း ဝါးကွပ်ပျစ်တစ်လုံးပေါ်၌ ရောက်ရှိနေပြီးလျှင် ဦးခေါင်းတစ်ခုလုံး ကိုက်ခဲကာ မူးဝေနောက်ကျိလျက် ရှိသည်ကို တွေ့ရ၏။ အနီး၌လည်း ကရင်သာဖိုးသည် မိမိဦးခေါင်းမှအနာကို ရေနွေးဖြင့် စည်းနှောင်နေသည်ကို တွေ့ရ၏။

ကရင်သာဖိုး ပြောပြသဖြင့် သိရသည်မှာ သူသည် နောက်မှ အသံတစ်သံကြားရသဖြင့် လှည့်ကြည့်လိုက်ရာ ဦးစံဝင်းသည် ရဲတင်းကိုင်ထားသော လက်ကိုမြှောက်ကာ ကိုစိန်ပွင့်၏ဦးခေါင်းဆီသို့ တစ်ချက်ခုတ်ချလိုက်ပြီးနောက် အနီးရှိ ချုံတစ်ခုနောက်၌ ပျောက်ကွယ်သွားသည်ကို မြင်လိုက်ရကြောင်း၊ ထိုအခါ မိမိလည်း ကြောက်ရွံ့သဖြင့် ထွက်ပြေးသွားပြီးလျှင် အတန်ကြာမှ အရဲစွန့်ကာ ပြန်၍လာခဲ့ကြောင်း၊ ထိုအခါ ကိုစိန်ပွင့်မှာ မသေသေးဘဲ အသက်ရှူလျက် ရှိသေးသည်ကို တွေ့ရသဖြင့် သူ၏ဦးခေါင်းမှ ဒဏ်ရာကို မိမိရှပ်အင်္ကျီဖြင့် ရစ်ပတ်စီးနှောင်ပြီးသော် ကိုစိန်ပွင့်အား ပခုံးပေါ်တွင် ထမ်း၍ ကရင်ရွာကလေးသို့ ပင်ပန်းကြီးစွာ လာခဲ့ရကြောင်း၊ ထို့နောက် မိမိနှင့်အသိအဖိုးအိုတစ်ဦးအိမ်၌ ထားခဲ့ပြီးလျှင် ကရင်တို့ဘာဝ ဆေးဝါးများ ထည့်၍ ကုသခဲ့ကြောင်း ပြောပြသဖြင့် သိရလေသည်။

မောင်စိန်ပွင့်သည် ဒဏ်ရာ အတော်သက်သာလာသဖြင့် မိမိ၏အင်္ကျီအိတ်များကို ရှာဖွေစမ်းသပ်ကြည့်ရှုရာ ပတ္တမြားနှင့်တကွ ငွေစက္ကူတစ်ထောင်ကျော်ဖိုးပါ ပျောက်ဆုံးသွားသည်ကို တွေ့ရလေသည်။ ထိုအခါ မောင်စိန်ပွင့်သည် မိမိဥစ္စာပစ္စည်းများကို လုယူရုံမျှမက အသက်ကိုပင် ရန်ရှာခဲ့သော ဦးစံဝင်းအပေါ်တွင် အခဲမကြေနိုင်ဘဲ ဤဘဝတွင်သာမက နောင်ဘဝများပင် လိုက်၍လက်စားချေတော့အံ့ဟု စိတ်ကို ပိုင်းဖြတ်လိုက်၏။

ဦးစိန်ပွင့်သည် အထက်ပါအဖြစ်အပျက်များကို ပြောဆိုပြီးလျှင် ဆေးပြင်းလိပ်ကို မီးညှိရင်းမှ ဦးခေါင်းမှပဝါကို ချွတ်ပြရာ အလျား(၄)လက်မခန့် အနာရွတ်ကြီးကို ကျွန်တော်တို့ တွေ့မြင်ကြရ၏။

"ကိုင်း - ဒီအနာရွတ်သာ ကြည့်ပါတော့ ခင်ဗျာ။ ဦးစံဝင်းလက်ချက်ပါပဲ"

ထို့နောက် ဦးစိန်ပွင့်သည် ဆေးပြင်းလိပ်ကို အားရပါးရသောက်ရင်း ဆက်လက်ပြောပြလျက်ရှိရာ ထိုအခါမှ ကျွန်တော်တို့မှာ ဆေး[illegible]ညီ

နိုင်ပြီးလျှင် ၎င်း၏ စိတ်ဝင်စားဖွယ်ကောင်းသော အတ္ထုပ္ပတ္တိကို ဆက်လက်နားထောင်ရပြန်လေသည်။

"ဒီလိုနဲ့ ကရင်သာဖိုးထားခဲ့တဲ့ အဘိုးကြီးအိမ်မှာ တစ်လကျော်ကျော်လောက် ကြာခဲ့တယ်။ ခင်ဗျားလည်း မရှိမဲ့ ရှိမဲ့နဲ့ ကျုပ်ကိုပြုစုရှာတယ်။ ကျုပ်မှာလည်း သူတို့ကို ကျေးဇူးဆပ်ချင်ပေမယ့် လက်ထဲမှာ တစ်ပြားမှ မရှိလေတော့ ...။ ကိုင်းကွယ် - ငါ့ကိုသာ ကြိုးစားပြီး ပြုစုပါ။ မင့်ကျေးဇူးကို ငါမမေ့ပါဘူး၊ ငါ့အနာပျောက်တော့ မင်း မြို့ကို ငါနဲ့အတူတူ လိုက်ခဲ့တာပေါ့"

လို့ သာဖိုးကို ပြောရတာကိုးဗျ။ နောက်ပြီး ရောဂါပျောက်တော့ သရက်ကို ရုပ်ဖျက်ပြီးပြန်လာခဲ့တာ။ လူမှာလည်း လူရုပ်နဲ့ မတူတော့ဘူးဗျို့။ ငှက်ဖျားမိပြီးကတည်းကအသားတွေကလည်း မည်း၊ ဆံပင်တွေရိတ်ပြီး ခေါင်းတုံးကြီးလည်းဖြစ်၊ လူကလည်း ပိန်ပြန်၊ ခေါင်းပေါ်မှာ အနာရွတ်ကြီးလည်း ရှိပြန်ဆိုတော့၊ ကိုယ်နဲ့ အင်မတန် နီးနီးကပ်ကပ်နေတဲ့လူတောင် ကျုပ်ရုပ်ကို ဖမ်းဖို့ အင်မတန် ခဲယဉ်းတာကိုးဗျ။ ဒီအခါ ကျုပ်က နှုတ်ခမ်းမွေးအငှားတွေ၊ ဘာတွေတပ်ပြီးမျက်မှန်နက်ကြီးတပ်ထားပြန်တော့ဘယ်သူတစ်ဦးတစ်ယောက်မှကျုပ်မှန်း မသိဘူး။ နို့ပေမဲ့ - ကျုပ်ဓားမြှောင်ဟာ ဦးစံဝင်းသွေးကို မသောက်လိုက်ရရှာဘူးဗျာ"

"ဘာဖြစ်လို့လဲဗျ။ ဦးစံဝင်းက ဘယ်သွားလို့လဲ"

"ကျုပ်ကို ဓားပြတိုက်၊ ကျုပ်အသက်ကို လုပ်ကြံပြီးတဲ့နောက် ရွာပြန်လို့ ဆယ်ရက်လောက်သာ ကြာတယ်၊ အိမ်ကို ဓားပြတိုက်ခံရပြီး ဓားပြလက်ချက်နဲ့ သေရှာတယ်"

"ဒါဖြင့် သူ့သမီးကလေး မယ်မှန်ဆိုတာကော ..."


"သူမသေခင် ဒီရက်အတွင်းမှာပဲ မယ်မှန်ကို ကရင်သူကြီးသားတစ်ယောက်နဲ့ ပေးစားလိုက်ဆိုကိုးဗျ"

"သူငယ်မက သဘောတူလို့လား"

"တူတော့ ဘယ်တူမလဲဗျာ။ နို့ပေမဲ့ခများ - သမီးတစ်ယောက် အဖေတစ်ယောက်လည်း ဖြစ်ပြန်၊ တောထဲမှ တောင်ပေါ်ကလိမ့်ကျပြီး ကျုပ်သေရစ်



ကြောက်မယ်ဆိုရင်လည်း တော်တော်ပဲ ကြောက်စရာပဲဗျို့။ ခေါင်းကြီးကလည်း ပြတ်လို့။ ပုပ်လိုက်တာလည်း ပြောစရာမရှိဘူး။ ဒါနဲ့ ကျုပ်လည်းပဲ လုပ်ရမယ့်ကိစ္စကို မြန်မြန်ပြီးအောင်လုပ်မှပဲဆိုပြီး ရင်ကို ဓားမြှောင်နဲ့ခွဲ၊ အူထဲက ပတ္တမြားကို ထုတ်ယူတာကိုဗျ။ ပြီးတော့လည်း သာဖိုးနဲ့ ဘိန်းစားတွေနှီး၊ အလောင်းကို ခေါင်းထဲပြန်ထည့်ပြီး မြေရာလက်ရာမပျက်အောင် ထားရသေးတာကိုးဗျ။



ခဲ့တယ်လို့ သူ့အဖေကလည်း ပြောထားပြန်တော့ခများလည်း ကျုပ်အပေါ် မျှော်လင့်ချက်မရှိဘဲ မျက်စိကို ဖွတ်မှိတ်လိုက်ရရှာတာပေါ့"

"ဖြစ်မှဖြစ်ရလေဗျာ။ ပစ္စည်းလည်းဆုံး၊ ရည်းစားလည်းဆုံး၊ လူလည်းဒုက္ခရောက်"

"ဟုတ်တာပေါ့ - ဦးထင်ကျော်"

"နို့ - နေပါဦး။ ဒါထက် ပတ္တမြားကလည်း ဘယ်ရောက်သွားသလဲ။ ဘေးပြီးတွေနောက် ပါသွားသလား"

www.burmeseclassic.com

"ဘယ်က ပါသွားရမှာလဲဗျာ၊ မားပြမတိုက်ခင်ကတည်းက သူ့သမီးက ဒီပတ္တမြား ခိုးထားဆိုကိုးဗျ၊ ပြီးတော့ - မယ်မှန်ခိုးထားတဲ့အကြောင်း သူ့ယောက်ျားကလည်း သိတယ်ဆိုပဲ၊ ဒီလိုသိတော့ လင်လုပ်တဲ့သူက ချော့တစ်မျိုး၊ ခြောက်တစ်မျိုးနဲ့ တောင်းတာပေါ့လေ၊ နောက်ဆုံးကျတော့ လင်မယား ရန်ဖြစ်၊ ကောင်မလေးက နင့်တော့ဖြင့် ငါမပေးဘူးဆိုပြီး ဝမ်းထဲ တစ်ခါတည်း မျိုချလိုက်တာကိုးဗျ၊ ဒီဟာကိုလည်း မြင်ရော သူ့ယောက်ျားက ထရံထိုးထားတဲ့ဓားရှည်ကိုဆွဲပြီး တစ်ချက်တည်းပိုင်းလိုက်တာ ခေါင်းတခြား၊ ကိုယ်တခြားဖြစ်သွားတာပဲဗျ၊ ဒီကောင်လည်း ချက်ချင်း အဖမ်းခံရတာပဲ၊ ကျုပ်ရောက်သွားတာက မယ်မှန် မသာချတဲ့နေ့ပဲ ရွာကို ရောက်သွားတယ်၊ ကြည့်စမ်းပါဦးဗျာ၊ ဒီပတ္တမြားအတွက် လူတွေ ဘယ်လောက် ဒုက္ခရောက်ကြသလဲ၊ ဒီတော့ - ကျုပ် ဘယ့်နှယ်ကြံသလဲ သိလား၊ မယ်မှန်ဝမ်းထဲပါသွားတဲ့ ပတ္တမြားကို တစ်နည်းနည်းနဲ့ထုတ်ပြီး ယူဖို့ စီမံတာပေါ့၊ မတတ်နိုင်ဘူးဗျို့၊ ကိုယ် ဒီလောက် ပင်ပန်းဆင်းရဲခံ၊ အသက်စွန့်ပြီး ယူထားတဲ့ပစ္စည်းကို မြေကြီးသြဇာ အဖြစ်မခံနိုင်ဘူး"

"တော်လည်းတော်တဲ့လူပါပဲ ခင်ဗျာ"

"ဒီတော့ - ကျုပ် ဘယ်လိုကြံသလဲ၊ အဲဒီနေ့ညပဲ သင်္ချိုင်းမှာ မယ်မှန်အလောင်းကို ဖော်ပြီး ထုတ်ယူဖို့ကြံတယ်၊ ဒါနဲ့ ကျုပ်လည်းပဲ ကရင်သာဖိုးနဲ့ တိုင်ပင်၊ ဒီကောင်ကလည်း အင်မတန်ကြောက်တတ်တဲ့အကောင်ဗျာ၊ မပြောပါနဲ့တော့၊ နို့ပေမဲ့ - ကျုပ်က ချော့လည်းချော့၊ ခြောက်လည်းခြောက် ဆိုသလိုလုပ်ပြီး ဘိန်းစား (၂)ယောက်ကို ငွေ(၅၀)ကျပ်စီ ပေးငှားတာကိုးဗျ၊ ညတစ်နာရီထိုးလောက်ကျမှ ဘိန်းစားနှစ်ယောက်ရယ်၊ သာဖိုးရယ်၊ ကျုပ်ရယ်၊ တူးရွင်း၊ ပေါက်ပြားအပြည့်အစုံနဲ့ သင်္ချိုင်းကို သွားကြတာကိုးဗျ၊ ကျုပ်အကြံ မြေကြီးကို တူးပြီး အလောင်းကို ဖော်ဖို့အချိန်နဲ့ ရင်ကိုခွဲပြီး ပတ္တမြားကို ထုတ်ယူဖို့ အချိန်နဲ့ ကိုက်ကြည့်ရင် မနက်(၅)နာရီ ထိုးသွားမှာပဲလို့၊ အဲဒီအခါကျရင်ဖြင့် သင်္ချိုင်းနံဘေးမှာ ရွာလမ်းကလေးတစ်လမ်းရှိတာကိုးဗျ၊ ဒီလမ်းကလေးကို နံနက်ဝေလီဝေလင်းထပြီး ဒေါကာ ဟင်းသီးဟင်းရွက်ရောင်းရအောင် လာတဲ့လူတွေနဲ့ ရောနှောပြီးလိုက်ရလျှင်ဖြင့် နေရာကျတန်ရဲ့လို့ ချိန်တာကိုးဗျ၊ ဒါနဲ့ ပြောရဦးမယ်၊ ဘိန်းစားနှစ်ယောက်လည်း သင်္ချိုင်းရောက်တော့ တူးကြတာပေါ့လေ၊ တူးလို့ ခေါင်းကြီးပေါ်လာတော့၊ ဟော့ အကောင်နှစ်ကောင် - မင်းတို့ကြောက်ရင် အိပ်ချင်အိပ်ဆိုပြီး သာဖိုးနဲ့ ကျုပ်နဲ့ ခေါင်းကိုဖော်၊ လူကောင်ကြီးကို ခြေတစ်ဖက် ခေါင်းတစ်ဖက်က မ,ပြီး အပြင်ဘက်ထုတ်၊ ပြီးလည်းပြီးရော သာဖိုးလည်း ဘိန်းစားနဲ့အတူတူ လုံချည်တွေ ခေါင်းမြီးခြုံပြီး အိပ်ကြတာပဲချို့....."

ဦးစိန်ပွင့်သည် ရေတစ်ခွက်ကို တောင်း၍သောက်ပြီးနောက် ဆေးလိပ်တစ်လိပ်ကို မီးညှိ၍ -

"ကြောက်မယ်ဆိုရင်လည်း တော်တော်ပဲ ကြောက်စရာပဲချို့၊ ခေါင်းကြီးကလည်း ပြတ်လို့၊ ပုပ်လိုက်တာလည်း ပြောစရာ မရှိဘူး၊ ဒါနဲ့ ကျုပ်လည်းပဲ လုပ်ရမယ့်ကိစ္စကို မြန်မြန်ပြီးအောင် လုပ်မှပဲဆိုပြီး ရင်ကို ဓားမြှောင်နဲ့ ခွဲ၊ အူထဲက ပတ္တမြားကို ထုတ်ယူတာကိုးဗျ၊ ပြီးတော့လည်း သာဖိုးနဲ့ ဘိန်းစားတွေနိုး၊ အလောင်းကို ခေါင်းထဲပြန်ထည့်ပြီး ခြေရာလက်ရာ မပျက်အောင် ထားရသေးတာကိုးဗျ၊ အလောင်းကိုဖော်တာ အစိုးရများ သိသွားမှဖြင့် အင်မတန်အပြစ်ကြီးတာကလားဗျာ၊ ဒါနဲ့ နည်းနည်းကလေး အချိန်ကုန်အောင် စောင့်ပြီး အရှေ့ဆီက အလင်းရောင်ကလေးထိုးပြီး နေအရုဏ်တက်သည်နှင့် တစ်ပြိုင်နက်ကိုင်း - တပည့်တို့ အိမ်ကိုသာ အရောက်ပြေးကြပေတော့ဆိုပြီး ကျုပ်လည်းပဲ ခါးတောင်းမြှောင်အောင်ကျိုက်ပြီး လူလမ်းကလေးဆီရောက်အောင် သုတ်ခြေတင်တော့တာပဲချို့၊ နောက်ပြီးတော့ - ပြေးလို့ လေးငါးလှမ်းရောက်တော့ လူဆိုတာ အခက်သားကလားဗျာ၊ နောက်ကိုပြန်ပြီးကြည့်ချင်သေးတာတိုး၊ ဒီလိုကြည့်လိုက်တော့ - လား - လား - ဗျာ၊ ပြောရင်း ဆိုရင်းတောင် ကြက်သီးထ,ပါရဲ့....၊ ကျုပ်တို့တူးတဲ့နေရာက မြေကြီးဟာ ဖွာခနဲဖြစ်လာပြီး ခေါင်းကြီး ထောင်လာကိုးဗျ၊ ပြီးတော့ - ခေါင်းကြီးက ခေါင်းပြုတ်ပြီးနဲ့ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com

ကြီးက ထွက်လာပြီး ကျုပ်နောက်ကို လိုက်တာပါပဲ။ ကျုပ်လည်းပဲ - ဒီလိုနဲ့ လှည့်ကြည့် လှည့်ကြည့်နဲ့ ပြေး၊ တော်တော်ကြာ - ကျုပ်ကိုမီလာပါရောဗျာ။ ကျုပ်လည်းပဲ မားမြှောင်နဲ့ တအားရမ်းပြီး အိမ်ဆီသာ အရောက်ပြေးရတော့တာပဲ၊ ကျုပ်လည်း အိမ်ရောက်ရော၊ မိုးလည်း လင်းရော"

ဦးစိန်ပွင့်သည် အတန်အမောဖြေပြီးနောက် -

"ဒြော် - ပြီးတော့ - ကျုပ်မျက်စိနဲ့ကိုယ်တိုင်မြင်လိုက်ရတာ၊ စိတ်မကျေတာနဲ့ နံနက်မိုးလင်းတော့ သချိုင်းရှိရာကိုသွားပြီး စောင်းပါးရိတ်ခြည် ကြည့်ရသေးတယ်ဗျ။ သည်တော့လည်း ဘာမှမတွေ့ပါဘူးဗျာ၊ ကျုပ်တို့ညက ဖို့ပြီးထားခဲ့တဲ့အတိုင်းပါပဲ၊ ဘာမှမြေရာလက်ရာ မပျက်ပါဘူး၊ ဒီကတည်းကစပြီး ဒီခေါင်းပြတ်ကြီးက ခြောက်လိုက်တဲ့ဖြစ်ခြင်း - မပြောပါနဲ့တော့၊ ကျုပ်လည်းပဲ - တစ်နေ့မထိ တစ်နေ့ထိဆိုသလို သူ့လက်ချက်ထိတော့မှာပဲ ထင်ပါရဲ့ဗျာ၊ နို့မဟုတ်ရင်တော့ ဒီပတ္တမြားကို ကျုပ် တော်တော်နဲ့ မရောင်းဖြစ်သေးပါဘူး၊ အလို (၁၂) နာရီတောင် ထိုးတော့မယ်၊ စကားကောင်းနေလိုက်တာ၊ ရန်ကုန်ရောက်တုန်း ဆောင်ရွက်ဖို့ ကိစ္စကလေးတွေက ကျန်သေးတယ်၊ ဒီအတွက်တော့ စိတ်ချပါရစေ - ဦးထင်ကျော်"

"ကောင်းပါပြီဗျာ - စိတ်ချပါ"

ဦးစိန်ပွင့်သည် ပတ္တမြားကို နောက်ဆုံးထုတ်၍ကြည့်ပြီးလျှင် ဖယောင်းစက္ကူဖြင့် ထုပ်၍ သားရေအိတ်ဟောင်းကလေးအတွင်းသို့ အသေအချာ ပြန်၍ထည့်ပြီးမှ ဦးထင်ကျော်လက်ထဲသို့ ထည့်လေသည်၊

ပွင့် - "ရောင်းဖို့ အဖိုးနှုန်းဆိုတာကတော့ ဦးထင်ကျော်သဘောအတိုင်းပါပဲ၊ ကိုင်း - အလုပ်တစ်ခုတော့ အေးသွားပေပြီ၊ ကျွန်တော့်ကို ခွင့်ပြုပါဦး၊ (၁၂) နာရီတောင် ထိုးနေပါပြီကော၊ ကားမောင်းတဲ့လူတောင် မနည်းနှိုးယူရမယ်မှတ်တယ်"

ထို့နောက် ဦးစိန်ပွင့်လည်း ကျွန်တော်တို့အား နှုတ်ဆက်ပြီးလျှင် တိုက်ပေါ်မှ ဆင်းသွားလေ၏၊



ဦးစိန်ပွင့် ဆင်းသွားသည်နှင့်တစ်ပြိုင်နက် ဦးထင်ကျော်သည် ပတ္တမြားကိုအတွင်းခန်းရှိမီးခံသေတ္တာထဲသို့ထည့်သွင်းလိုက်ပြီးနောက်အိမ်ရှေ့ခန်းသို့ ပြန်လာ၍ -

"ဘယ့်နယ်လဲ - ကိုတင်မောင်၊ ခင်ဗျား ဘယ်လိုသဘောရလဲ၊ ကျုပ်တော့ ခင်ဗျားသဘောတူတာနဲ့ လက်ခံလိုက်တာပဲ"

"လက်ခံလိုက်တာ ကောင်းတာပေါ့ဗျာ၊ ခင်ဗျား ဈေးသုံးရတာပေါ့"

"ဈေးသုံးရတာတော့ ဟုတ်ပါရဲ့...၊ သူ့ပစ္စည်းက အတော်မစင်ကြယ်တဲ့ ပစ္စည်းပဲဗျ"

"ဟုတ်တယ်၊ ကြောက်ဖို့လည်း အလွန်ကောင်းတာပဲ"

"ကြောက်စရာတော့ မရှိပါဘူး၊ ကျုပ်တို့ဟာ ကြားထဲက လူပဲ၊ ဒီပစ္စည်းကို ထုခွဲပေးရုံနဲ့တော့ ကိစ္စမရှိတန်ရာပါဘူးဗျာ"

"အတော်တော့ ထူးဆန်းတယ်ဗျ၊ တကယ်ဆို သူကိုယ်တိုင် ရောင်းချပြီး ပေးခဲ့ရင်ကော မဖြစ်ဘူးလား"

"ဖြစ်တော့ ဖြစ်နိုင်တာပေါ့ - ကိုတင်မောင်၊ သူကိုယ်တိုင် မထုခွဲတာက အဲဒီလိုလုပ်ကိုင်နေတဲ့အချိန်မှာ သူ့ကိုယ်သူလည်း စိတ်ချတဲ့လက္ခဏာ မရှိဘူး၊ မဂိုလမ်းက ပွဲစားတွေ၊ စိန်ကုန်သည်တွေနဲ့လည်း သူ အဆက်မရှိဘူး၊ ပြီးတော့ - ဝတ်လုံတွေကိုလည်း မယုံကြည်ဘူး၊ အကြောင်းကြီးငယ်ရှိရင် ကျုပ်ကိုအားကိုးဖို့ ဦးမင်းအောင်က ညွှန်လိုက်ကတည်းက ကျုပ်ဆို ကျုပ် တစ်ယောက်တည်းပဲ သူ့စိတ်ထဲမှာ စွဲနေတယ်"

"တော်တော် အစွဲအလမ်းကြီးတဲ့ လူတစ်ယောက်နဲ့ တူတယ်"

"ဟုတ်တာပေါ့၊ ဒါကြောင့်လည်း သေတဲ့လူဟာ သူ့နောက် အမြဲလိုက်နေတယ်လို့ ပြောနေတာပေါ့"

"ဒါ - ခင်ဗျားကော ယုံသလား"

"ယုံတယ်တော့ မဟုတ်ပါဘူး - ကိုတင်မောင်၊ ဒါပေမဲ့ - ထူးထူးဆန်းဆန်း ရှိခဲ့တဲ့ အဖိုးတန်ကျောက်မျက်ရွဲများဟာ ပိုင်ရှင်ကို တစ်နည်းနည်းအန္တရာယ်



www.burmeseclassic.com

www.burmeseclassic.com

တတ်တယ်ဆိုတဲ့အကြောင်းတော့ ကျုပ်ယုံကြည်တယ်၊ သာဓကတွေလည်း အများကြီးရှိတယ်"

နောက်တစ်နေ့မှစ၍ ဦးထင်ကျော်သည် နံနက်ကပင် တက္ကစီတစ်စီး ငှားထားပြီးလျှင် ရန်ကုန်မြို့ထဲသို့ သွားလာလျက်ရှိရာ ဤကိစ္စအတွက်ပင် ဖြစ်ရမည်ဟု ကျွန်တော် ဇွတ်မိ၏။

ထိုည အတော်ညဥ့်နက်မှပြန်လာသဖြင့် စကားပြောခွင့်မရဘဲ ရှိနေရာ နောက်တစ်နေ့နံနက်လည်း ယမန်နေ့က ငှားထားသော ကားနှင့်ပင် ကျွန်တော် အလုပ်မဆင်းမီ ထွက်သွားပြန်ရာ သူမပြောလိုသေးသည်ကိုသိသဖြင့် ကျွန်တော်ကလည်း တစ်စုံတစ်ရာ မေးမြန်းခြင်းမပြုချေ၊ ညနေ အလုပ်မှပြန်လာသောအခါ ဦးထင်ကျော်သည် အိမ်သို့ရောက်နှင့်နေပြီဖြစ်၍ အိမ်ရှေ့ပက်လက်ကုလားထိုင်ပေါ်တွင်ထိုင်ကာ ကျွန်တော့်အား ပြုံးရွှင်သောမျက်နှာဖြင့် နှုတ်ဆက်လေသည်။

"ဘယ့်နယ်လဲ - ကိုတင်မောင်၊ ဒီနေ့ နည်းနည်းနောက်ကျပါကလား"

"ဟုတ်တယ် - ညနေကျမှ နည်းနည်းအလုပ်ကလေး များနေတာနဲ့ဗျာ၊ ဒါထက် ဟိုကိစ္စ ဘယ်လိုလဲဗျ၊ ပြောစမ်းပါဦး"

"ဒီကနေ့ညနေအထိ သုံးသောင်းတော့ပေးပြီ - ကိုတင်မောင်၊ နို့ပေမဲ့ သည့်ထက်မက တန်ဖိုးရှိတယ်ဗျ၊ အထူးသဖြင့် ဘုံဘေက ဘာဘူကုလားတွေက သာပြီးကြိုက်ကြတယ်၊ သုံးသောင်းပေးတာလည်း သူတို့အထဲကပဲ၊ ကြိုက်တဲ့လူများလေတော့ ကျုပ်လည်း ခပ်ဆွဲဆွဲ လုပ်ထားတယ်"

"မတော်လောက်သေးဘူးလားဗျာ"

"ဈေးက အရေးမကြီးပါဘူး၊ ဒါပေမဲ့ - ကျုပ်က အကြောင်းသိချင်လို့၊ ဘာဘူကြီးတစ်ယောက်အပြောက ဒီပတ္တမြားဟာ ကျုပ်တို့ ဗမာပြည်က ပတ္တမြားမဟုတ်ဘူး၊ သူတို့အိန္ဒိယက ကျောက်မျက်ရွှဲတစ်ခုလို့ သဘောရတဲ့ အကြောင်း စောင်းပါးရိပ်ခြည်ပြောတယ်၊ အဲဒီအချက်က အတော်စိတ်ဝင်စားဖို့ကောင်းတယ်၊ အနည်းဆုံး ငါးသောင်းလောက် တန်ပါလိမ့်မယ်"



"ဒီလိုဆိုရင် ခင်ဗျားအတွက် နှစ်ထောင်ကျော်တော့ ကျိန်းသေနေတာပဲ"

"ဒီလိုလည်း မအောက်မေ့ပါဘူးဗျာ၊ ငွေဆိုတာ မျက်လှည့်လို ပေးချင်တဲ့အခါပေါ်လာ၊ ပျောက်ချင်တဲ့အခါ ပျောက်သွားပြန်တာပဲ၊ ဒုက္ခရောက်နေတဲ့လူတစ်ယောက်ကို ကူညီရရင် ကျေနပ်ပါပြီ"

"ကိုင်း - မြန်မြန်သာ ရောင်းပေတော့ဗျို့"

"အခု တစ်ရက် နှစ်ရက်အတွင်းပဲ နေရာကျကောင်းစရာရှိပါရဲ့ ကိုတင်မောင်"

—●—

ထိုည ညစာ စားသောက်ကြပြီးနောက် (၈)နာရီအချိန်လောက်တွင် ကျွန်တော်တို့သည် ဧည့်ခန်းတွင်ထိုင်ကာ ဦးထင်ကျော်က အနောက်နိုင်ငံမှ ထူးဆန်းသော ကျောက်မျက်ရွဲများနှင့် နန်းစဉ်ကျောက်များအကြောင်းကို ပြောကြားလျက်ရှိစဉ် အိမ်ရှေ့သို့ ကားတစ်စီးဆိုက်သံ ကြားရပြီးလျှင် ကျွန်တော်တို့အခန်း တံခါးခေါက်သံကြားရလေ၏၊ ကျွန်တော်တို့ တံခါးကို ထ၍ ဖွင့်ပေးသောအခါ အရပ်ထောင်ထောင်မောင်းမောင်း ဟိန္ဒူလူမျိုးနှင့်တူသော သူတစ်ယောက်သည် ပန်းရှာပီခေါင်းပေါင်းရှည်ကြီးကို မျက်လုံးများ ပေါ်ရုံမျှ ခေါင်းတွင်ရစ်ပတ်ပေါင်းထုပ်ကာ နောက်ပါအဖော်ဘာဘူကုလားတစ်ယောက်နှင့်အတူ အခန်းတွင်းသို့ ဝင်လာလေ၏၊ ခေါင်းဆောင်ကုလားသည် ဦးထင်ကျော်ကိုကြည့်၍ လက်နှစ်ဖက်ယှက်၍ နှုတ်ဆက် အရိုအသေပြုရာ ဦးထင်ကျော်ကလည်း ထိုနည်းအတိုင်းလိုက်၍ အရိုအသေပြုလေသည်၊ ထို့နောက် ဟိန္ဒူဘာသာဖြင့် -

"မိတ်ဆွေနာမည်က ဦးထင်ကျော်ပါလား"

"ဟုတ်ပါတယ်"

"မိတ်ဆွေဆီမှာ အဖိုးတန် ကျောက်တစ်လုံး ရောင်းဖို့ ရှိတယ်လို့ ကြားတာ မှန်သလား"



www.burmeseclassic.com

www.burmeseclassic.com

"မှန်ပါတယ်"

"ဘာကျောက်ပါလဲ ခင်ဗျာ။ စိန်လား၊ မြလား၊ ပတ္တမြားလား၊ နီလာလား"

"ပတ္တမြားပါ"

"တဆိတ် ကြည့်ပါရစေ ခင်ဗျာ"

"ကြည့် – ရပါတယ်၊ ထိုင်ပါလေ – ထိုင်ကြပါ"

ကုလားနှစ်ယောက်သည် ဦးထင်ကျော် ညွှန်ပြသော ကုလားထိုင်ပေါ်တွင် ထိုင်လေသည်။

ဦးထင်ကျော်သည်ပတ္တမြားကိုမီးခံသေတ္တာအတွင်းမှယူခဲ့ပြီးလျှင်စားပွဲပေါ်၌ ကတ္တီပါအိတ်ကလေးကို တင်ပြီးနောက် အတွင်းမှ ပတ္တမြားကို ထုတ်ယူပြသလေ၏။ ဤကဲ့သို့ မပြမီ ဦးထင်ကျော်သည် မီးခံသေတ္တာဆီသို့ သွားသည့်အခါကပင် ဒေသာ့တွဲကိုယူရင်း အံဆွဲထဲမှ ပစ္စတိုကလေးကိုပါ ကုလားများ မမြင်အောင် တစ်ခါတည်းယူသွားသည်ကို ကျွန်တော်မြင်လိုက်ရသဖြင့် ဦးထင်ကျော် သတိ၊ ဝီရိယ ရှိပုံကို ကျွန်တော့်စိတ်ထဲက ချီးကျူးမိသေး၏။

ပန်ရာပီခေါင်းပေါင်းနှင့် ကုလားသည် ပတ္တမြားကို ရှိသေစွာ လှမ်းယူလျက် –

"တူလိုက်တာ – တစ်ထေရာတည်းပါပဲ၊ ဟုတ်ပါပြီ – ဟုတ်ပါပြီ"

ဟု ဟိန္ဒူဘာသာဖြင့် တစ်ကိုယ်တည်း ရေရွတ်လိုက်ပြီးနောက် –

"ကိုင်း – ဒီဟာ အဖိုး ဘယ်လောက်ထားမလဲ – ဆရာကြီး"

"သုံးသောင်းပေးပြီး ကျုပ်က မရောင်းသေးဘူး။ ရမ်(မ)ချန်က နှစ်သောင်းစ,ပေးတယ်၊ ဒီနောက် ချိုတဲဘာဘူက (၂၃၀၀၀)ကျပ်ကနေပြီး (၂၅၀၀၀)ကျပ်အထိ ပေးတယ်၊ နောက်ဆုံး ဘာဘူဒတ်(စ)က (၃၀၀၀၀)ကျပ်အထိ ပေးတယ်၊ ကျုပ် မရောင်းသေးဘူး"

"ကိုင်းလေ – သူများပေးတာတွေပြောမနေပါနဲ့၊ ခင်ဗျားရောင်းမယ့်အဖိုး ပြောပါဦး"

"ခင်ဗျားပြောပါ၊ ကျုပ်မပြောပါရစေနဲ့၊ ခင်ဗျားပေးတဲ့အဖိုး – ကျုပ်ရောင်းနိုင်ရင် တစ်ခါတည်း ရောင်းလိုက်ပါ့မယ်"



"ဒီလိုထားပါ – မိတ်ဆွေ၊ ရန်ကုန်မှာ ဘာဘူဒတ်(စ)ထက်စိန်ကဲကျောက်ကဲ နားလည်တဲ့လူ မရှိဘူးမှတ်ပါ၊ သူကဝယ်မှာက ဘုံဘေမှာ သွားပြီးတစ်ဆင့်ရောင်းစားဖို့ ဝယ်မှာပါ၊ ကျုပ်တို့က ရုပ်ထုတော် လှူဒါန်းဖို့ ဝယ်တာပါ၊ ဒီတော့ရောင်းချင်းရောင်းရင် ကျုပ်ကိုရောင်းတာက မိတ်ဆွေတို့ဘာသာတရားနဲ့ကြည့်တောင် ကုသိုလ်ရပါတယ်၊ ပြီးတော့ – ကျုပ်ကလည်း ပိုပေးဦးမယ်"

"ကိုင်း – ဘယ်လောက် ပေးမလဲ"

"ကျုပ်ပြောတဲ့အတိုင်းထား၊ ဈေးလည်း ထပ်မတက်နဲ့၊ နို့မှ တစ်ခါတည်း တိစ္ဆမြန်မြန်ပြီးမယ်၊ ကျုပ် လေးသောင်းပေးမယ်၊ လက်ငင်း ..."

ဦးထင်ကျော်သည် ကျွန်တော့်မျက်နှာကို ယခင်တစ်ကြိမ်ကဲ့သို့ လှမ်း၍ကြည့်ပြန်ရာ ကျွန်တော်က သဘောတူသည့်အမူအရာဖြင့် ဦးခေါင်းကို မသိသော ဆတ်၍ပြလိုက်၏။

လား – "ဘယ့်နယ်လဲဗျ၊ သဘောတူပြီမဟုတ်လား"

ကျော် – "ကိုင်းလေ – ယူပါတော့"

ခေါင်းပေါင်းကြီးနှင့် ကုလားသည် အတွင်းအိတ်ထဲမှ တစ်ထောင်တန်ွေများကိုလည်းကောင်း၊ အဖော်ကုလား၏ အဝတ်ထုပ်ထဲမှ တစ်ရာတန်ွေများကိုလည်းကောင်း ငွေလေးသောင်းကို ရေတွက်ပေးချေလေသည်။ ထို့နောက် ပတ္တမြားကို ပေးအပ်ရာ ခေါင်းပေါင်းကြီးနှင့် ကုလားသည် ပတ္တမြားကို စားပွဲပေါ်သို့ ရှိသေစွာ ချထားလိုက်ပြီးနောက် လက်အုပ်ချီလျက် –

"ဤပတ္တမြားကို ယူခြင်းသည် ကျွန်ုပ်၏ ကိုယ်ကျိုးအတွက် မဟုတ်ပါ၊ ...ဘုရားဖာ၏အမိန့်ဖြင့် ဗာရာဏသီမြို့နယ်၊ ဂင်္ဂါမြစ်ပေါ်ရှိ ရာဂျပုတ္တနာရှိ ...ရှိခိုးကျောင်းသို့ လှူရန် ဝယ်ယူခြင်းဖြစ်သည်ကို ဘုရားသိပါစေ"

ဟု ဟိန္ဒူဘာသာဖြင့် တီးတိုးရေရွတ်လေသည်။

ကျော် – "ဒီဟာက ဘာအဓိပ္ပာယ်လဲဗျ၊ ပြီးတော့ – စောစောက သိပ်တူ...ပဲ၊ ဟုတ်ပြီ – ဟုတ်ပြီဆိုတာက ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဒါက ကျုပ်တို့ရွာ ဘုရားရှိန်းကျောင်းက ပျောက်သွားတဲ့ရာဇဝင်ပါ၊ပြော ရမယ့် ရာဇဝင်က အရှည်ကြီး ဆုံးနိုင်မှာ မဟုတ်ဘူး၊ မသိချင်ပါနဲ့၊ ပြီးတော့ ကျုပ်မှာလည်း ပြောခွင့်မရှိပါဘူး၊ ဒါထက် ဒီပစ္စည်းက ခင်ဗျားကိုယ်ပိုင်ပစ္စည်း လား"

"မဟုတ်ပါဘူးဗျာ၊ မိတ်ဆွေတစ်ယောက် အပ်ထားတဲ့ပစ္စည်းပါ၊ ကျုပ်က ကြားထဲက ရောင်းပေးရတာပါ"

"ဘယ်ကလဲဗျ"

"ဒီဟာတော့ ကျုပ်ပြောခွင့်မရှိဘူး မိတ်ဆွေ၊ သည်းခံပါတော့"

ထိုအခါခေါင်းပေါင်းကြီးနှင့်ကုလားသည်ပတ္တမြားထုပ်ထားသောကတ္တီပါ အိတ်ကလေးကို သူ၏အတွင်းအိတ်ထဲသို့ ကျစ်လျစ်စွာ သိမ်းဆည်းလိုက်ပြီး နောက် ကျွန်ုပ်တို့အား နှုတ်ဆက်၍ တိုက်ပေါ်မှ ဆင်းသွားလေ၏၊

ကုလားများ ဆင်းသွားပြီးနောက် ကျွန်တော်သည် တံခါးကိုပိတ်လိုက်၍ ဦးထင်ကျော်လည်း ငွေများကို မီးခံသေတ္တာအတွင်း၌ သိမ်းဆည်းလိုက်လေ၏၊ ထို့နောက် ဧည့်ခန်းသို့ပြန်လာပြီးလျှင် ဦးထင်ကျော်သည် ကြိမ်ပက်လက် ကုလားထိုင်ကြီးပေါ်သို့ ကိုယ်ပိုင် ပစ်လှဲလိုက်ပြီးလျှင် ဆေးတံကို မီးညှိပြီး နောက် -

"အင်း - အခုမှပဲ အလုံးကြီးကျသွားတော့တယ်၊ ဦးစိန်ပွင့်များသိရင် ဘယ်လောက်ဝမ်းသာလိုက်မလဲ၊ နက်ဖြန်ငွေတွေ ဘဏ်တိုက်အပ်၊ သတင်း စာထဲ ကြော်ငြာထည့်"

"အင်း - ငွေတစ်သောင်းတော့ ခင်ဗျားပိုင်ပြီလေ၊ ဒါထက် ဦးစိန်ပွင့်ရဲ့ လိပ်စာ ကျွန်တော်တို့ မမေးလိုက်မိဘူးနော်၊ ကျွန်တော်တို့ သတိလစ်သွား မယ်"

"မေးရင်လည်း ပြောမယ့်လူ မဟုတ်ပါဘူးဗျာ၊ ကျုပ်သိပါတယ်၊ ဒီလူက အင်မတန် လျှို့ဝှက်တဲ့လူတစ်ယောက်ပဲ၊ ဒီလူက သူ့ကိုယ်သူ ဖာတ်မြှုပ်နေ ချင်တယ်"



ထို့နောက် ဦးထင်ကျော်လည်း ဆက်လက်မပြောတော့ဘဲ ပက်လက် ကုလားထိုင်ပေါ်တွင် ဆေးတံကိုကိုက်ရင်း မှိန်းလျက်ရှိလေရာ ကျွန်တော် လည်း လုပ်ရန်ရှိသော အလုပ်များကိုလုပ်၍ (၉) နာရီသာသာလောက်၌ပင် အိပ်ရာသို့ ဝင်ခဲ့လေ၏၊

—●—

နောက်တစ်နေ့နံနက်၌ ကျွန်တော်သည် အတော်နေမြင့်မှ အိပ်ရာမှနိုး၍ ကိုယ်လက်သန့်စင်ပြီးနောက် အိမ်ရှေ့ဧည့်ခန်းသို့ထွက်ခဲ့ရာ လမ်းလျှောက်ရာ မှပြန်လာသော ဦးထင်ကျော်နှင့် အိမ်ခန်းအဝင်ဝတွင် ပက်ပင်းပါ တိုးမိလေ ၏၊

ထိုအချိန်၌ အိမ်ရှေ့စားပွဲပေါ်တွင် ထိုနေ့ထုတ်သတင်းစာများ ရောက် နေပြီဖြစ်၏၊ ဦးထင်ကျော်သည် လမ်းလျှောက်တုတ်ကို ချိတ်တွင်ချိတ်ထား လိုက်ပြီးနောက် -

"ကိုတင်မောင် - ဒီကနေ့မနက် သတင်းစာ ဖတ်ရပြီလား"

"မဖတ်ရသေးပါဘူးဗျာ၊ အိပ်ရာက အခုမှနိုးလို့"

"မြန်မာ့အလင်း ဖတ်ကြည့်ပါဦး၊ စာမျက်နှာ (၅) က လက်ယာဘက် ကော်လံမှာ ..."

သို့နှင့် ကျွန်တော်လည်း ဦးထင်ကျော်ပြောသည့်အတိုင်း ဖတ်ကြည့်ရာ "မီးရထားကြိတ်သေဆုံးခြင်း" ဟူသော ခေါင်းစဉ်ဖြင့် အောက်ပါသတင်းတစ်ခု ကို တွေ့ရလေသည်၊

"ယမန်နေ့ညနေဝင်ရီတရောအချိန်က ပုဇွန်တောင်ဘူတာ အရှေ့ဘက် ဆုံး လမ်းခွဲရုံကလေးအနီးတွင် မီးရထား ကြိတ်နင်းသွားသော ယောကျ်ား တစ်ယောက်အလောင်းကို တွေ့ရကြောင်း၊ အလောင်းမှာ လတ်ဆတ်စွာ ရှိနေသဖြင့် လွန်ခဲ့သောနာရီဝက်ခန့်က ဖြတ်သွားသော လော်ကယ်ရထား သော်လည်းကောင်း၊ (၁၅) မိနစ်ခန့် ဖြတ်သွားသော မန္တလေးအဆန် တပိုက



www.burmeseclassic.com

www.burmeseclassic.com

သော်လည်းကောင်းကြိတ်၍နင်းသွားဟန်တူ၏။ အရွယ်(၅၀)ကျော်ခန့်ရှိမည်ဟု ခန့်မှန်းလျက် အသားမဖြူ မညိုဖြစ်ပြီးလျှင် ချည်လုံချည်အစိမ်းနှင့် အနက်ကုတ် သတ္တုလတ်အင်္ကျီတိုက်ပုံအနက်ကို ဝတ်ဆင်ထားကြောင်း။ အိတ်ထဲတွင် ငွေစက္ကူ တစ်ဆယ်တန်တစ်ချပ်၊ အကြွေ အနည်းငယ်သာ တွေ့ရ၏။ အနီး၌ ဖာမကာတံဆိပ်ထီးတစ်ချောင်းကိုတွေ့ရရာ ထီးရွက်တွင် ဆေးနီဖြင့် (S.P) ဟူသောစာလုံးကို တွေ့ရသည်မှတစ်ပါး မည်သူမည်ဝါဟူ၍ မတွေ့ရကြောင်း။ ဦးခေါင်းတစ်လုံး ကြေမွနေသဖြင့် ရုပ်ရည်ကို ထိုထက်ပို၍ မခန့်မှန်းနိုင်ချေ၊ အလောင်းကို မီးရထားဌာနာမှ ရင်ခွဲရုံသို့ ပို့လိုက်ရကြောင်း"

"ဘယ့်နယ်ထင်သလဲ - ကိုတင်မောင်"

"ဦးစိန်ပွင့်နဲ့ တူပါတယ်"

"ဟုတ်မှာပေ့ါဗျာ၊ သူမဟုတ်ရင် ဘယ်သူဖြစ်ဦးမှာလဲ"

"ခင်ဗျား သွားကြည့်ဦးမလား"

"မလိုပါဘူး - ကိုတင်မောင်၊ ဦးစိန်ပွင့်က သူ့ကိုယ်သူ စွန့်ပြီး ဇာတ်မြှုပ်ချင်တဲ့လူတစ်ယောက်ပဲ၊ ဒီတော့ - သူ့သမီးကို သတင်းစာထဲကနေပြီး ခေါ်သူ ရှုံ့ပဲရှိတော့တယ်၊ သတင်းစာမှာ ကြော်ငြာထည့်ဖို့ကိစ္စကတော့ ခင်ဗျားပဲ ကြည့်ပြီး ဆောင်ရွက်ပေတော့"

ထို့နောက် ဦးထင်ကျော်သည် ဦးစိန်ပွင့်မှာကြားခဲ့သည့်အတိုင်း ကြော်ငြာ တစ်ခု ရေးပြီးလျှင် သတင်းစာများ၌ထည့်ရန် ကျွန်တော့်အား ပေးလိုက်ရာ ကျွန်တော်က သတင်းစာတိုက်များသို့ သွား၍ ထည့်ပေးရ၏။

နောက်တစ်ပတ်ခန့်မျှ တစ်စုံတစ်ရာ အကြောင်းမထူးဘဲ ရှိနေပြီးနောက် (၉)ရက်မြောက်သောနေ့၌ ကျွန်တော်တို့သည် ညစာ စားတော့မည်ပြုစဉ် အသက်(၅၀)ကျော် (၆၀)ခန့်ရှိ ဆင်းရဲနွမ်းပါးဟန်တူသော မိန်းမကြီးတစ်ယောက်သည် တံခါးကို ခေါက်ပြီးနောက် အခန်းတွင်းသို့ ဝင်လာသဖြင့် ကျွန်တော်က ကိစ္စကို မေးမြန်းလေ၏။



ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်ပြီးနောက် မိန်းမကြီးသည် အင်္ကျီအိတ်ထဲတွင် တရိုတသေ သိမ်း၍ထားသော စက္ကူခေါက်ကလေးတစ်ခုကို ထုတ်ယူလေရာ ၎င်းမှာ သူ့ရိယသတင်းစာမှ ဖြတ်၍ထားသော ကြော်ငြာပါသည့် စက္ကူဖြတ်ကလေး ဖြစ်သည်။

"ဦးထင်ကျော်ဆိုတာ မောင်ရင်လား"

"ဦးထင်ကျော်က သူပါပဲ - အဒေါ်"

"ဪ ..."

"ကိစ္စကို အမိန့်ရှိပါဦး ခင်ဗျာ"

စာရွက်ကလေးကို ဦးထင်ကျော်လက်သို့ လှမ်းပေးလိုက်၏။

"တခြားမဟုတ်ပါဘူး - မောင်ရယ်၊ ဟောဒီ ကြော်ငြာနဲ့ပတ်သက်ပြီး ပြောစရာလေးတစ်ခုရှိလို့ လာခဲ့တာပါ၊ ကိုစိန်ပွင့်သမီးလေးအကြောင်း ပြောချင်လို့ပါ"

ကျော် - "ဦးစိန်ပွင့်ရဲ့သမီးလေး - ဟုတ်လား အဒေါ်"

"ဟုတ်ပါတယ် - မောင်"

"နို့ - သူကကော ဘယ်မှာလဲ"

"ဆုံးရှာပြီ - မောင်၊ တစ်နေ့ကတင်ပဲ ဆုံးသွားတယ်၊ သင်္ဂြိုဟ်ပြီးတာနဲ့ (၂)ရက်ပဲ ရှိသေးတယ်၊ အိမ်မှာ သိမ်းရ၊ ဆည်းရနဲ့ ကိစ္စတွေကများနေလို့ မလာအားဘူး၊ ဒီကနေ့မှ လာခဲ့ရတယ်၊ ပထမတော့ ဟုတ်မှဟုတ်ပါ့မလား၊ နာမည်များ တူလို့လားလို့ အောက်မေ့မိတယ်၊ နောက်တော့ အိမ်နီးနားချင်းတွေကလည်းပြော၊ မသန်းရှင် မသေခင်ကဆို သူဟာ သရက်မြို့ဇာတိ၊ သူ့အဖေနာမည်က ဦးစိန်ပွင့်တဲ့၊ လယ်တွေ၊ မြေတွေလည်း သူတို့ကောင်းစားတဲ့အခါတုန်းက ရှိတဲ့အကြောင်း ပြောဖူးလေတော့ ဒီသတင်းစာထဲ ကြော်ငြာတဲ့ဦးစိန်ပွင့်ဟာ သူ့အဖေပဲလို့အောက်မေ့ပြီး လာခဲ့တာပဲ - မောင်ရေ့၊ မဟုတ်ချင်လည်း ကိစ္စမရှိပါဘူး - မောင်တို့ရယ်၊ အဒေါ်ပြန်ရုံပါပဲ"



www.burmeseclassic.com

www.burmeseclassic.com

"အရင်မလိုပါနဲ့ဦး ခင်ဗျာ။ ဖြည်းဖြည်းပေါ့။ လက်စသတ်တော့ သူငယ်မက ဆုံးသွားမှကိုး။ အဒေါ်နဲ့ ဘယ်လိုတော်သလဲ ခင်ဗျ"

"ကျုပ်ချွေးမပါ။ ကျုပ်သားနဲ့ အကြောင်းပါပြီး ကျုပ်သားက မနှစ်ကပဲ ဆုံးသွားတယ်။ ဒီနောက် သန်းရှင်က သူ့ယောက်ျားဆုံးပေမယ့် အမေနဲ့ပဲ အတူနေပါ့မယ်၊ မခွဲပါဘူးဆိုပြီး အိုးဘိုထဲမှာ အိမ်ကလေးတစ်လုံးငှားပြီး သားအမိနှစ်ယောက် လုပ်ကိုင်စားသောက်နေကြတာပဲ - မောင်ရယ်"

"မသန်းရှင်က ဘာလုပ်သလဲ"

"ဆေးလိပ် လိပ်ပါတယ် - မောင်။ မောင်ညွန့်ဟန် ဆုံးသွားတဲ့နောက် အဒေါ်က ထမင်းချက်၊ အိမ်ဝေယျာဝစ္စလုပ်၊ သူကတော့ ဆေးလိပ်ခုံ အရှိန်တန်သွား ဆေးလိပ်လိပ်၊ သမီးတစ်ယောက်လို၊ အမေတစ်ယောက်လို နေကြတာပါပဲ။ သူ့မှာလည်း အဒေါ်ကို အမေအရင်းလို ပြုစုရှာတယ်။ အဒေါ်ကလည်း သူ့ကို သမီးအရင်းလိုပါပဲ"

"မောင်ညွန့်ဟန်ဆိုတာ အဒေါ်သားလား"

"ဟုတ်ပါတယ်"

"သားသမီးများကော ကျန်ရစ်သလား"

"မရှိပါဘူး - မောင်။ တစ်ယောက်မှ မမွေးပါဘူး"

"အဒေါ်မှာလည်း အိမ်ထောင်မရှိဘူးပေါ့။ အဒေါ်နာမည်က ဘယ်လိုခေါ်ပါသလဲ"

"အဒေါ်နာမည်က မနှင်းမွှန်တဲ့။ အိမ်ထောင်မရှိတော့ဘူး - မောင်။ ယောက်ျားဆုံးတာ (၁၀)နှစ်လောက် ရှိပါပြီ"

"မသန်းရှင်က အသက် ဘယ်လောက် ရှိပြီလဲ ခင်ဗျ"

"သေတော့ (၂၆)နှစ် ရှိပါပြီ"

"ဘယ်လိုရောဂါမျိုးနဲ့ ဆုံးရှာသလဲ - အဒေါ်"

"၃ ရက်ထဲ ဖျားရတယ် - မောင်။ မိန်းကလေးဟာ အင်မတန် မာရှာပြီး လုပ်နိုင် ကိုင်နိုင် စားနိုင် သောက်နိုင်တုန်းအရွယ်ပေါ့။ နဂိုကလည်း ဘာရောဂါမှ ရှိတာမဟုတ်ဘူး။ ဒါနဲ့ မသေခင် ၄ - ၅ ရက်လောက်က ညနေဝင်ရီတရော ဆေးလိပ်ခုံကပြန်လာလို့နောက်ဖေးထွက်တာဖျတ်ခနဲ လန့်သွားဆိုထင်ပါရဲ့။ ထမီရင်ရှားနဲ့ မိန်းမတစ်ယောက်လိုလို သစ်ပင်အောက်မှာ ရိပ်ခနဲ မြင်လိုက်ရသတဲ့။ အဲဒီညကစပြီး အပြင်းဖျားတော့တာပါပဲ။ ကိုယ်ကလည်း မှုလိုက်တာ ခြစ်ခြစ်တောက်နေတာပဲ။ (၂)ရက်လုံးလုံး သတိမရဘူး။ နည်းနည်းသတိရတဲ့အခါ ခေါင်းပြတ်ကြီးနဲ့ မိန်းမတစ်ယောက်က သူ့ကို လိုက်လိုက်ဆွဲနေပြီး သူ့အဖေက ဒီမိန်းမကို တုတ်နဲ့ လိုက်ရိုက်နေတာ မြင်ရတယ်ပြောတာပဲ။ ဗမာဆေးဆရာခေါ်ကု၊ တတ်သမျှမှတ်သမျှရွတ်ဖတ်ပြီး ပြုစုတာပါပဲ - မောင်ရယ်။ နို့ပေမဲ့ မရဘူး။ အချိန်က စေ့လာမှကိုး ..."

မိန်းမကြီးသည် နောက်ဆုံးစကားများကို မျက်ရည်စက်လက်နှင့် ပြောပြရှာ၏။

ကျော် - "အဒေါ်ကပဲ အကုန်အကျခံပြီး သင်္ဂြိုဟ်လိုက်ရတာပေါ့"

မ - "ဟုတ်တာပေါ့ - မောင်။ သူ့မှာ ဘယ်သူရှိတာလိုက်လို့။ သရက်မှာ သူ့အဖေ ရှိတယ်သာ သူပြောလို့ ကြားရတယ်။ သူ့အဖေဟာ ဖြူတယ်၊ မည်းတယ်ဆိုတာလည်း အဒေါ်တို့ မသိဘူး"

"နေပါဦး - မသန်းရှင်ကို သူ့အဖေက ဘာကြောင့်ပစ်ထားတာလဲ"

"ပထမတော့ သူ့အမေဟာ သန်းရှင်လည်းမွေးပြီး ချက်ချင်းပဲ သွေးတက်ပြီး ဆုံးသွားလို့ ဒီကလေးကြောင့် ဆုံးရတယ်ဆိုပြီး သန်းရှင်ကို အစီးတစ်ယောက်ထံ ပေးထားသတဲ့။ နောက်အရွယ်ရောက်တော့လည်း သူသဘောမတူတဲ့ ယောက်ျားတစ်ယောက်နဲ့ လိုက်ပြေးလို့ ပစ်ထားတယ်။ ဒါနဲ့ သရက်ကနေပြီး ပြည်မြို့ရောက်၊ ပြည်မှာ ယောက်ျားနဲ့ကွဲပြီး ရန်ကုန်ထွက်ပြေးလာရာမှ အဒေါ်သားနဲ့ တွေ့တာပဲ - မောင်"

"အင်မတန်ကံဆိုးရှာတဲ့ကလေးမပဲ။ သူ့ကိုသင်္ဂြိုဟ်စရိတ် ဘယ်လောက်တန်ပါသလဲ"

"သုံးရာလောက် ကုန်ပါတယ် - မောင်။ သမီးတစ်ယောက်ရှိတာ နောက်ဆုံး လှလှပပ လုပ်ချင်လေတော့ အဒေါ်မှာလည်း ဟိုလူ့ဆီကဆွဲ၊ ဒီလူ့ဆီက





www.burmeseclassic.com

www.burmeseclassic.com

ဆွဲပါပဲ၊ ကိုယ်က ငွေ(၂၀၀)လောက် စိုက်နိုင်တော့ ငွေ(၁၀၀) ကြွေးတင်နေပါသေးတယ်"

"ကိုင်း - ကျွန်တော်က ငွေတစ်ထောင်ပေးမယ်၊ ငွေတစ်ရာ ကြွေးဆပ်ပြီး ကျန်တဲ့ငွေ အဒေါ်သဘောအတိုင်း သုံးပေတော့၊ သူ့အတွက်လည်း အမျှအတမ်း ဝေပေါ့"

ဦးထင်ကျော်သည် ငွေစက္ကူ(၁၀၀)တန် (၁၀)ချပ်ကို ဒေါ်နှင်းမှုန်လက်ထဲသို့ ထည့်လိုက်လေ၏၊

"ကျေးဇူးတင်လိုက်တာ - မောင်ရယ်၊ သဘက်ခါပဲ ဘုန်းကြီး (၁၀)ပါးပင့်ပြီး ဆွမ်းကျွေးပါ့မယ်"

"ကောင်းပါပြီ ခင်ဗျာ၊ သာဓု - သာဓု"

အမယ်ကြီးသည် တစ်စုံတစ်ရာ မေးမြန်းခြင်းမပြုတော့ဘဲ အားရဝမ်းသာ အိမ်ပေါ်မှ ဆင်းသွားလေသည်၊

ဒေါ်နှင်းမှုန် ဆင်းသွားသောအခါ ဦးထင်ကျော်လည်း ဆေးတံကို အသစ်ထည့်၍ မီးညှိပြီးနောက် -

"အင်း - ငွေဆိုတာ ခံစားထိုက်မှ ခံစားရတာပဲ - ကိုတင်မောင်၊ ဒြော်ကလေးမ - ကလေးမ မျက်နှာကို မမြင်ဖူးပေမယ့် သနားလိုက်ပါရဲ့"

"သူ့ယောက္ခမကြီးလည်း ငွေ(၁၀၀၀) ရတာနဲ့ အတော်ဝမ်းသာသွားရှာတယ်"

"ဒါပေါ့ဗျာ၊ မရှိတဲ့လူမှာ ငွေတစ်ထောင်ဆိုတာ နည်းတာမှမဟုတ်ဘဲ ကိုတင်မောင်၊ သားကလေး၊ သမီးကလေးကျန်ရစ်ရင်လည်း အကောင်းသား၊ ယောက္ခမဆိုတာက သူ့သားနဲ့ စပ်လို့သာ တော်ရတာကိုဗျ၊ ဘာမှဆိုင်တာမှ မဟုတ်ဘဲ၊ အမွေအားဖြင့်လည်း မဆိုင်ဘူး၊ လောကထုံးတမ်းစဉ်လာအရလည်း မဆိုင်ဘူး"

"ဟုတ်တာပေါ့ - ဦးထင်ကျော်"

"ဒါ့ထက် ခင်ဗျာ့ ကြော်ငြာခစရိတ် အားလုံးဘယ်လောက်ကုန်မလဲ"



"သတင်းစာ (၄)စောင်၊ (၅)ရက်ထည့်ထားတော့ နေပါဦး ..."

"တစ်ရာထက် ပိုမလား"

"မပိုပါဘူး၊ တစ်ရာ့ကိုးဆယ်ပါပဲ"

"ဒီတော့ ကျုပ်စိတ်ကူးမိတယ် - ကိုတင်မောင်၊ ဒီငွေကို ကျုပ်မစားချင်ဘူး၊ ကျုပ်ဆင်းရဲပေမယ့် ကျုပ်သွားရ၊ လာရလို့ စရိတ်စက ကုန်ကျတဲ့ငွေကလွဲပြီး တစ်ပြားမှ ကျုပ်မယူဘူး၊ ဒီလောက်တော်င ဦးစိန်ပွင့်ရော၊ သူ့ရဲ့သားစဉ်မြေးဆက်စိုက်တဲ့ပစ္စည်း ရောင်းရတဲ့ငွေကို ဘုရားလှူမယ်၊ ဘယ်နဲ့လဲ ကိုတင်မောင်၊ ခင်ဗျား သဘောကျရဲ့လား"

"ကျုပ့်ဗျာ၊ ဒီလို သန့်သန့်ရှင်းရှင်းနဲ့ ရက်ရောတာ ခင်ဗျာ့ကို ကျုပ် ချီးကျူးပါတယ်"

"ငွေဆိုတာ အလကားဟာပါဗျာ၊ သေသေချာချာစဉ်းစားလိုက်တော့ ဘာမှ နမြောစုံမက်စရာ မရှိဘူး၊ မျက်လှည့်နဲ့ အတူတူပဲလို့ ကျုပ်ပြောပြီးပါပြီကော၊ အခုပျောက်သွားလိုက်၊ တော်တော်ကြာ ပေါ်လာလိုက်၊ ဟုတ်တယ်မဟုတ်လား"

"ဟုတ်တာပေါ့ဗျာ ..."

"ဒီတော့ - ကျုပ် မော်တော်ကားငှားပြီး သွားတာ၊ လာတာက (၁၅၀) ကျပ်၊ ခင်ဗျာ့ ကြော်ငြာခ (၁၀၀) ကျပ်၊ ပြီးတော့ - အမယ်ကြီး ပေးလိုက်တာက (၁၀၀၀) ကျပ်၊ အားလုံး ဘယ်လောက်လဲ"

"ထောင့်နှစ်ရာ့ငါးဆယ်"

"လေးသောင်းထဲမှာ တစ်ထောင့်နှစ်ရာ့ငါးဆယ် နုတ်စမ်းဗျာ၊ ဘယ်လောက်ကျန်သလဲ"

"(၃၈၇၅၀) ကျပ် ကျန်တယ်"

"(၁) လေးဆူဓာတ်ပုံရွှေတိဂုံ၊ (၂) မန္တလေးမဟာမြတ်မုနိ၊ (၃) ကျိုက်ထီးရိုး၊ (၄) ပြည်မြို့ရွှေဆံတော်၊ (၅) တောင်ငူရွှေဆံတော်၊ (၆) ပဲခူးရွှေမော်ဓော အားလုံး ဘုရား(၆)ဆူရှိတော့ ဒီငွေကို (၆)ဂဏန်းနဲ့စား ဘယ်လောက်ရှိသလဲ"



www.burmeseclassic.com

www.burmeseclassic.com

"(၆၄၅၈) ကျပ်ရတယ်"

"ကိုင်း - ကိုတင်မောင် - ဒီဘုရားတွေရဲ့သက်ဆိုင်ရာ ဂေါပကဘဏ္ဍာတော်ထိန်းအဖွဲ့တွေကို ခင်ဗျားစာရေးပေတော့ - ချက်လက်မှတ်ကျွပ်ရေးပြီး လှူမယ်"

"ဝမ်းသာလိုက်လေဗျာ - သာဓု - သာဓု - သာဓု"

➳ ဒဂုန်ရွှေမျှား

စာမူများ
ပေးပို့လိုပါက



www.burmeseclassic.com

## ခရီးထွက်ရန် လမ်းစရိတ်မရှိသော စပါးသူခိုးတစ်ယောက်၏ သံဝေဂရမှုယ်ဓိုကွာကား ..

**တစ်ရွာလုံး**တစ်ရွာလုံးတိတ်ဆိတ်နေသည်။

မောင်မြသည် သစ်ပင်ရိပ်သို့ ပြေးဝင်လိုက်၏။ တစ်ရွာလုံး တိတ်ဆိတ်နေခြားလရောင်မှာမူ အထိန်ကြီးထိန်၊ အသာကြီးသာနေ၏။ မောင်မြသည်မောင်ရီသမ်းကတည်းက ထိုအိမ်ဝိုင်းထဲသို့ဝင်ရန်အတွက် ချောင်းမြောင်းစောင့်ကြည့်နေခဲ့ခြင်း ဖြစ်၏။

မောင်ရီမျိုးစတွင် ထိုခြံဝင်းထဲ ဝင်ပါက ခေါင်းရင်းအိမ်မှကိုဘနင်းမြင်သွားနိုင်သည်။ "ဟေ့ကောင် မောင်မြဘာလုပ်တာတုံး" မေးမည်။ မောင်မြကလည်း ဤမျှပင် အမေးမခံနိုင်ပါ။ ခြေရင်းအိမ်က ဗိုးသာဒွန်းကော၊ သူက အမေးအမြန်းရှိမည်မထင်၊ သို့ရာတွင် ထိုသူများ၏အမြင်ကိုလည်း မောင်မြ မခံချင်။

သို့ကြောင့် ဂုန်နီအိတ်ကို ဖင်ခုထိုင်ပြီး အိမ်တိုင်ကိုမှီရင်း အချိန်ကိုစောင့်သည်၊ စောင့်ရင်း အိပ်ပျော်သွားသည်၊ ခြင်ကိုက်သောကြောင့် နိုးလာသည်၊ အချိန်ကိုမသိ၊ အတန်ကြာမှ တိုင်ကပ်နာရီထိုးသံသဲ့သဲ့ကြားရ၏၊ ကိုးနာရီပါတကား။

သည်ရွာ၏ဓလေ့မှာ နံနက်(၄)နာရီတွင် နိုးထနိုင်ရန်အတွက် ည(၉) နာရီတွင် အိပ်ရာဝင်ကြ၏။ သို့ရာတွင် ကာလသားတွေ စုရုံးမြဲ၊ မသေးမျှင်တို့ အိမ်မှာတော့ မီးတထိန်ထိန်၊ တဟားဟား တဝါးဝါးသာ။ ဤသည်မှအပ တစ်ရွာလုံး တိတ်ဆိတ်နေ၏။

မောင်မြသည် မျက်နှာချင်းဆိုင်ရှိ အိမ်ကြီးကို မြင်ရ၍မျှဖြင့် ရင်ထဲက တဒုတ်ဒုတ်မြည်လာ၏။ နားက လေတွေ ထွက်လာ၏။ သို့သော် မတတ်နိုင်၊ သည်ပုံမှ မလုပ်လျှင်မဖြစ်၊ သည်ရွာတွင် ဆက်လက်ပြီးမနေလိုပါက ကြောက်နေ၍ မဖြစ်။

ထို့ကြောင့် သစ်ပင်ရိပ်သို့မောင်မြပြေးဝင်ကာ တောင်မြောက်လေးပါးကို ကြည့်၏။ ရွာလယ်လမ်းသည် ရှင်းလင်းနေ၏။ လမ်းလျှောက်လာသူ တစ်ယောက်မျှမရှိ၊ ထို့ပြင် ရပ်ခံရွာစွေးများ၏အလစ်တွင်ရောက်လာတတ်သော ခွေးသူခိုးများလည်း မတွေ့ရချေ။

ထိုသို့ အနှောင့်အယှက် ကင်းနေပါလျက်က မောင်မြ နလုံးခုန်နေ၏၊ နားကလည်း လေ တဟူးဟူး ထွက်နေသေးရာ မောင်မြ များစွာအံ့ဩ၏။

"ငါ - ဘာဖြစ်တာတုံး"





www.burmeseclassic.com

www.burmeseclassic.com

မကောင်းမှုဟု သိသည့်အတွက် နလုံးတုန်၏၊ ရင်ခုန်၏၊ နားက လေထွက်၏၊ မောင်မြသည် ရှာလယ်လမ်းကိုအကဲခတ်ရာက တံခါးတိုင်ချုပ်တန်းကို စုန်ဆွဲသည်၊ ဆွဲမိသော်ငြား လက်ကပါ တဆတ်ဆတ်တုန်နေသဖြင့် ချုပ်တန်းကို လွှတ်လိုက်ရ၏၊

"ငါ - ဘာဖြစ်တာတုံး"

မောင်မြ သူ့ကိုယ်ကို ပြန်မေး၏၊

"သည်စပါးကိုမှ မခိုးရင် - သဘောစရိတ် မရှိဘူး၊ သဘောစရိတ် မရှိရင် ဘယ်မှ မသွားနိုင်ဘူး"

တစ်ခဏအတွင်း လက်အတုန် ပျောက်သွား၏၊ သို့တစေ၊ တဒိန်းဒိန်း ခုန်နေသော ရင်ကမူ မတိတ်ဆိတ်သေး၊ နားကလည်း လေထွက်ဆဲပင်၊ မည်သို့ဖြစ်စေ၊ လက်အတုန်ရပ်လျှင် မောင်မြ ဆက်လုပ်၏၊ တံခါးတိုင်ချုပ်တန်းကို ဆွဲအားသောအားဖြင့် ထိုအိတ်ကို တံခါးရွက်ပေါ်မှ ကျော်ချသည်၊

အတွင်းသို့ကား ရောက်၏၊ ဒူးတွေ တဆတ်ဆတ်တုန်နေသဖြင့် မောင်မြ ထ.မရပ်နိုင်၊

"သည်လိုဆိုရင်တော့ ဒုက္ခတွေ့တော့မှာပဲ"

တံခါးဘေးရှိ တမာပင်ရိပ်ကို ခိုရသည့်နည်းတူ ငုတ်တိုကိုလည်း မောင်မြ ရှောင်နေရသည်၊ အသက်ကို ပြင်းပြင်းရှူသည်၊ ခြေတုန်လက်တုန် ရပ်သွားသည်အထိ စောင့်သည်၊ လဝန်းကို မော့ကြည့်သည်၊ တိမ်ဖြူတစ်စကို မြင်သည်၊ ထိုတိမ်ဖြူစ လဝန်းကို အုပ်မိသည့်ခဏတွင် မောင်မြလှုပ်ရှား၏၊

မောင်မြ အိမ်ခေါင်းရင်းသို့ ရောက်လာသည်၊

"ဟင်း - ဟင်း - ဟင်း - ဟင်း"

လူနာညည်းသံ ကြားရသည်ထင်၏၊

"မဟုတ်သေးပါဘူး၊ လူမနေတဲ့အိမ်မှာ ဘယ်လိုလုပ်ပြီး လူနာညည်းသံက ရောက်နေတာလဲ"

မောင်မြ စဉ်းစားသည်၊



"ခိုညည်းသံလို့ ပြောရအောင် - သည်ရွာနားမှာ ခိုကျတာ မတွေ့မိပါကလား၊ ဘယ်လိုဖြစ်တာပါလိမ့်"

— ☠ —

မောင်မြ စဉ်းစား၍မရ၊

"ငါ့စိတ်ကများ ငါ့ကိုပြန်ပြီး ခြောက်လှန့်နေရော့သလား၊ သည်အိမ်မှာ လူမရှိဘူး၊ နောက်ဖေးက စပါးပုတ်ထဲမှာ စပါး(၂၀) ရှိတယ်ဆိုတာ ငါသိတယ်၊ ဒါကြောင့် ဝင်လာတယ်၊ ဘာကြောက်စရာရှိသလဲ၊ ဒါ - ကြောက်စရာလား၊ ဒါ - ရင်ခုန်စရာလား"

အသက်ဝအောင် ရှူရင်း မောင်မြသည် အခြေအနေကို ပြန်လည်သုံးသပ်၏၊ ထိုအခါ နားထဲက လေအထွက် သက်သာသွားသည် ထင်၏၊

မောင်မြဝမ်းသာသွားကာ ပုတ်စင်ဘေးသို့ ချဉ်းကပ်သွား၏၊ သို့သော် ထဲသို့ဝင်ရန် ပုတ်နှုတ်ခမ်းကို ကျော်တက်ရဦးမည်၊ သည်အခါကျမှ သူ ဖြစ်နေသည်ဆိုခြင်းကို မောင်မြ သတိထားမိ၏၊ သူသည် ပုတ်နှုတ်ခမ်းကို ခဲ့သာ ကိုင်နိုင်၏၊ အားသွင်းပြီး နှုတ်ခမ်းပေါ်သို့ မတက်နိုင်၊

"မြစ်ပြန်ပြီ၊ ငါ - ဘာဖြစ်တာပါလိမ့်"

လက်နှစ်ဖက်သည် ပုတ်နှုတ်ခမ်းကို ဆုပ်ကိုင်နိုင်ပါလျက်နှင့် ကိုင်ရာတွင် ဝင်လာခဲ့ချေ၊ အားမဝင်သောလက်သည် ကိုယ်ခန္ဓာကြီးကို ဆွဲတင်မရှိ၊ သို့ဖြစ်သောကြောင့် မောင်မြ အံကို ကြိတ်သည်၊ အသက်ပြင်း ပြီး ခုန်တက်၏၊

မောင်မြမှာ အားခွန်ဗလ မရှိတော့ပါ၊

အလွယ်တကူ ရောက်နိုင်သော ပုတ်နှုတ်ခမ်းပေါ်သို့ မရောက်ပါ၊ ပုတ် တွင်သာ ရှိနေသည်၊ သို့ကြောင့် အခြားနည်းကို ရှာဖွေသည်၊ ပုတ် ပေါ်သို့ ခုန်တက်၍မရလျှင် ခြေဖြင့်ကန်ပြီးတက်မည်၊ ဟုတ်ပြီ၊ နှုတ်



www.burmeseclassic.com

www.burmeseclassic.com

ခမ်းကို လက်နှစ်ဖက်ဖြင့် ကိုင်ထားသည်။ ခြေထောက်နှစ်ချောင်းက ပုတ်နံရံကို ကန်ပြီးတက်သည်။

မောင်မြသည် ပုတ်နံရံကို ကန်တတ်၍ကား ရပါ၏။ သို့ရာတွင် နှုတ်ခမ်းပေါ်တွင်မနေနိုင်၊ အပြင်ဘက်သို့လိမ့်ကျသည်၊ ထို့ကြောင့်ဖမ်းထိန်းလိုက်ရာအားလွန်ပြီးပုတ်တွင်းသို့ကျလာသည်၊ စပါးစေ့တွေခံနေသောကြောင့်အနာတရမဖြစ်ခြား ထောင်းခနဲ ထ,လာသည့် စပါးမှုန့်၊ စပါးမှော်များကြောင့် ချက်ချင်းထ,ရပ်ရ၏။

"ဟာ – ဘာဖြစ်ရတာတုံး"

ဒူးနှစ်လုံးက တဆတ်ဆတ်တုန်သည်၊ လက်နှစ်ဖက်ဖြင့် ဖမ်းဆုပ်ချုပ်ကိုင်ထားပါလျက်က မငြိမ်သက်၊ စပါးမှုန့်ကိုလည်း မခံနိုင်သောကြောင့် မျက်နှာကို မော့ထားရသည်၊ သို့ကြောင့် လာရင်းကိစ္စ မြန်မြန်ပြီးစေရန်အတွက် ဂုန်နီအိတ်ကို စမ်းသည်၊ မတွေ့၊

စပါးထည့်ရန် တမင်ယူလာသော ဂုန်နီအိတ် မတွေ့၊ ဘယ်ရောက်သွားပါလဲ၊ လက်စုပ်ဖြင့် ကျုံးမည်လော၊ မောင်မြစိတ်ပျက်သွားသည်၊ သည်မျှ... တတ်လျှော့တတ်လျှင် ကိုယ့်အပြစ်ကိုယ်ခံဆိုကာ ပုတ်အပြင်သို့ပြန်ထွက်... နှုတ်ခမ်းကို ဆုပ်၏၊ ဂုန်နီအိတ်ကို ကိုင်မိ၏၊

မောင်မြ ဝမ်းသာ၏၊

ဝမ်းသာသော်ခြား အမောက မပျောက်၊

အသက်ပြင်းပြင်းရှူသည်၊ စပါးမှုန့်များကြောင့် ရှူ၍မရ၊ ထို့ကြော... ထ,အရပ်တွင် လက်နှိပ်ဓာတ်မီးရောင်ကို မြင်ရ၏၊ မောင်မြ၏ဦးခေါင်း... လက်ရှိ သူဝင်နေသော ပုတ်တမျှကြီးမားသွား၏၊

"ဝါ – ဘာလုပ်ရပုံ"



လက်နှိပ်ဓာတ်မီး မီးရောင်အောက်တွင် ကြောင်တောင်ကြီး ရပ်နေမည်လား၊ ပုန်းရင်း ခိုရင်း တိမ်းရန် ရှောင်ရန် ကြိုးစားမည်လား၊ မီးရောင်အောက်တွင် ငြိမ်နေပါက မျက်စိမှောက်တတ်၏၊ ပြေးလွှားလှုပ်ရှားပါက မြင်သာထင်သာ၏၊ မောင်မြ မည်သို့လုပ်မည်နည်း၊

လက်နှိပ်ဓာတ်မီးသည်ကင်းလှည့်သူတို့၏မီးရောင်ဖြစ်မည်၊ မောင်မြကို သဲသဲကွဲကွဲ မြင်သွားဟန်မတူ၊ သို့သော် မောင်မြ မလှုပ်ရဲ၊ မီးရောင်ပျောက်သွားခြင်းမှာ မိမိကို လာရောက်ဖမ်းဆီးရန် လှုစုခြင်းလော၊ အရေးထဲတွင် ရင်လည်းခုန်၊ နားလည်း လေထွက်လာလေ၏၊

"ခုန်ကွာ – ခုန်ကွာ"

မောင်မြသည် မှောင်ထဲတွင် စမ်းသပ်တွေ့ရှိသော ဂုန်နီအိတ်ကို အနားလုံးက အဝဖွင့်သည်၊ စပါးပုံအခြေသို့ ကပ်လိုက်စဉ် ဖြူဖြူအရာကြီး ဝုန်းခနဲကျလာ၏၊ မောင်မြမှာ ထိုင်ရာမထ၊ သတိလစ်မတတ်ဖြစ်သွားပြီးမှ သတိပြန်လည်လာ၏၊

"ညောင်"ခနဲမြည်ကာ ခုန်တက်သွားသောကြောင်ကို မောင်မြစိတ်ဆိုးပုံမှာ ပြင်းထန်လွန်း၏၊ ဆဲလည်းဆဲ၊ လက်ဖြင့်လည်း ထုသော်ခြား မမီလိုက်၊ ကြောင်သည် ပုတ်နှုတ်ခမ်းပေါ်မှတစ်ဆင့် ခုန်ချသွားပြီ၊ မောင်မြမှာ ဘာမျှမလုပ်နိုင်၊ ရင်အခုန်ပျောက်ရန် မနည်းကြိုးစားရသည်၊

သည်စပါးမရလျှင် ဘာမျှရှေ့ဆက်၍မရ၊

သို့ကြောင့် ဂုန်နီအိတ်ထဲသို့ စပါးစေ့တွေကို ယက်သွင်း၏၊ သုံးလေးပြည်သားခန့် ယက်သွင်းအပြီးတွင်း မောင်မြထ,ရပ်၏၊ မွန်လွန်းသဖြင့်ထ,ရပ်ခြင်း ဖြစ်သည်၊ အသက်ရှူပြီး ထပ်မံယက်ပြန်သည်၊ ယက်ရင်းကလည်း မောင်မြသည် အိတ်ကို စုပြီးမ,ကြည့်၏၊



www.burmeseclassic.com

www.burmeseclassic.com



" မြွေများကလည်းလမ်းပေါ်တွင် အေးဆေးစွာ သွားနေသူကိုသာ ကိုက်၏။ ချုံထဲသို့ ပြေးဝင်လာသော သူခိုးကိုကား မြွေမဆိုထားဘိ။ ကင်းမလက်မည်းသော်မျှ မကိုက်သည်မှာ အံ့ဩစရာ ကောင်းသည်ဟု မောင်မြ ထင်မိ၏။ "

နစ်တင်းမျှအရတွင် အယက်အကျုံးကို ရပ်လိုက်သည်၊ ဂုန်နီအိတ်ထဲတွင် စပါးနစ်တင်းမျှ ရောက်နေပြီ၊ မောင်မြ၏ အားခွန်ဗလမှာ ဤမျှကိုပင် နိုင်ပါမည်လား၊ မနိုင်လည်းရအောင်သယ်ရမည်၊ သူခိုးလက်စံနှင့်မကြာခဏ မတွေ့လို၊ မတတ်သာ၍ ထိုလူနှင့် ဆက်သွယ်ရခြား မောင်မြသည် သူခိုးလက်ခံနှင့် မဆက်ဆံလို၊

— ☠ —

သူခိုးလက်ခံ၏အမည်မှာ ကိုအေးဖြစ်၏၊

ကိုအေးနှင့်မောင်မြတို့မှာ သင့်မြတ်မှု မရှိကြချေ၊ ကိုအေးသည်မောင်မြ အထက်ကမောင်လှနှင့်ရွယ်တူဖြစ်၏။ မောင်လှ၊ မောင်မြတို့ကကျောင်းစာကို ရနစ်တန်း၊ ရှစ်တန်းမျှတတ်ကြ၏၊ ကိုအေးတို့ညီအစ်ကိုကား သေစာရှင်စာမျှသာ တတ်ကြ၏၊

ယင်းသို့ကွာခြားသော်ငြား ကိုအေးတို့သည် မောင်မြတို့ကို အရာရာကို လိုက်လံတုပ၏၊ မောင်မြတွင် ငွေကြေးအခက်အခဲ ရှိနေမှန်းသိသဖြင့် "စပါး ရောင်းချင်ရင် အချိန်မရွေးလာခဲ့" ဟု မောင်မြကို ပြော၏၊ မောင်မြတို့စပါးကို ပျက်စီးစေလို၍ ဖြစ်သည်၊

— ☠ —

သို့သော် မောင်မြက ကိုယ့်စပါးကျီကို ကိုယ်မဖောက်၊ "မောင်မြရယ်၊ ကြည့်လိုက်စမ်းပါကွာ" ဟုအပ်သွားသော ဘထွေးတို့စပါးပုတ်ကိုကြံစည်သည်၊ ခရီးသွားရန် ငွေလိုနေသည်မှန်ငြား စပါးကျီက အခိုးရ မလွယ်ချေ၊ စပါးကျီသော့ ရှာရမည်၊ ဝင်ရဦးမည်၊ ထွက်ရဦးမည်၊

သို့ကြောင့် မောင်မြသည် စပါးလေးငါးရာရှိသော စပါးကျီကို ပစ်ပြီး စပါး လေးငါးဆယ်သာရှိသော ဘထွေး၏စပါးပုတ်ကိုရန်ရှာခြင်းဖြစ်သည်၊ ထိုစပါး များကို နေ့အချိန်တွင် ယူသွားပြီး ရောင်းလျှင်လည်း အပြစ်ပြောကြမည် မဟုတ်၊ သို့ပါလျက်နှင့် ခိုးသည်၊ ထိုသို့ခိုးသောကြောင့်လည်း ရင်ခုန်သည်၊ နားလေထွက်သည်၊

အသက်ကိုမှန်အောင်ရှူရင်း မောင်မြသည် ဂုန်နီအိတ်ကို ထမ်း၏၊ စပါး နစ်တင်းကို အသာကလေး ထမ်းနေကျ မောင်မြသည် ယခုမထမ်းနိုင်၊ မြေ နစ်ချောင်းပေါ်တွင် ကိုယ်ကို ရပ်၍မရ၊ သို့ဖြစ်၍ မောင်မြမှာ ထိုင်ပြီး နားရ သည်၊ အတုန်အဆတ် အမောအဟိုက်ပြေမှ ပုတ်အပြင်သို့ ထွက်နိုင်၏၊ သို့ သော် ပုတ်အပြင်တွင် မောင်မြထိုင်ရပြန်၏၊ မိသွားသော်လည်း ထောင်မကျ နိုင်သော ခိုးမှုအတွက် မောင်မြရင်ထဲတွင် တဒိန်းဒိန်းမြည်နေပြန်သည်၊





www.burmeseclassic.com

www.burmeseclassic.com

အဝင်လမ်းက ပေါ့ပါးသွက်လက်ပြား၊ မောင်မြ၏အထွက်လမ်းမှာ မချော မွေ့ပါ။ သားရေဖိနပ်စီးထားပါလျက် ဆူးက စူး၏။ ခြေဖဝါးကို မထိုးရသော အခါ ခြေဖမိုးကို ခြစ်၏။

"သူတစ်ပါးပစ္စည်း ခိုးချင်တဲ့ကောင် - ဒါလောက်တော့ ခံပေါ့"

ပြောသာပြောရပြား ရင်နုန်၊ နားလေထွက်ရုံသာမက မောင်မြခမျာမှာ မေးချင်းပင် ရိုက်နေပြီ။

"ဒုက္ခပါလား။ နှစ်ခုမပျောက်ခင် - နောက်တစ်ခုပါ တိုးလာပါကလား"

မောင်မြ၏ရေရွတ်စကားက သူရောက်ရှိနေသောနေရာ၏အန္တရာယ်ကို ဖော်ပြနေ၏။ ခိုးရန် ဝင်လာစဉ်က "ခိုးမည်" ဟူသောစိတ်ကြောင့် ရင်တဒိန်း ဒိန်းခုန်ကာ နားထဲက လေထွက်ခဲ့၏။ ထို့နောက် လူကောင်းတစ်ယောက် ရှိမနေရမည့်နေရာနှင့် အချိန်ကာလကြောင့် ရင်ခုန် နားလေထွက်အပြင် မောပန်းခြင်းပါ ရောလှောက်ခဲ့၏။

ထိုနေရာများမှာ ကိုယ့်စိတ်က ချောက်ချားသောကြောင့် ဖြစ်ပွားသော တုန်လှုပ်မှုများ ကြောက်ရွံ့မှုများ ဖြစ်သည်။ ယခု မြွေအကြောက်ကြောက်၊ ဆူးအရှရှ အစူးစူးဖြင့် လမ်းသို့ ထွက်လာပြီး ကြောက်ရမည့်သူ ယခင်ထက် များလာသောကြောင့် မေးပါတုန်လာပြီ။

═ ═

လူသွားလူလာရှိသောလမ်းသို့ မောင်မြ ရောက်လာပြီ၊ အချိန်မတော် စပါးအိတ်ကြီး ထမ်းလာသောသူ့ကို မည်သူက လူကောင်းထင်ပါမည်နည်း။ "ကိုယ့်ပစ္စည်းကိုထမ်းလာတာပါ" ဟု ဆင်ခြေပေးဦး၊ အချိန်အခါမဟုတ်သည့် အတွက် အထင်မှားခံရမည်သာ။



သို့ဖြစ်၍ မောင်မြမှာ မည်းမည်းမြင်လျှင် လမ်းဘေးချုံထဲသို့ ပြေးဝင်ရ၏။ နှစ်ယောက်တစ်တွဲ၊ သုံးတစ်တွဲ၊ လုံးချင်း စသည်ဖြင့် သွားကြပြန်၏။ ထိုသူတွေက လူတွေမို့ ရှောင်ရမည်၊ သို့သော် နွားကြီးတစ်ကောင်ကို လူထင်ပြီး ပုန်းမိသည်ကိုကား မောင်မြ မကျေနပ်။

ပုန်းရ အောင်းရ၊ ရှောင်ရ တိမ်းရခြင်း မြွေများကလည်း လမ်းပေါ်တွင် အေးဆေးစွာ သွားနေသူကိုသာ ကိုက်၏။ ချုံထဲသို့ ပြေးဝင်လာသော သူခိုးကိုကား မြွေမဆို ထားဘိ၊ ကင်းမလက် မည်းသော်မျှ မကိုက်သည်မှာ အံ့ဩစရာ ကောင်းသည်ဟု မောင်မြ ထင်မိ၏။

ကိုအေးတို့တဲတွင် မီးရောင်မရှိ။

"ကိုအေး - ကိုအေး"

တဲနားသို့ကပ်ပြီး မောင်မြတိုးတိုးခေါ်၏။ ကျယ်ကျယ်ခေါ်မိ၍ တဲနီးချင်း တွေ နိုးလာကာ စူးစမ်းသော် ခိုးထုပ်ခိုးထည်ဖြင့် ကားကားကြီး အမိခံရချေ တော့မည်။

"ကိုအေး - ဗျို့ - ကိုအေး"

ထူးသောအသံ ထွက်မလာပြား၊ တံခါးမှု ပွင့်လာ၏။

"စပါး လာပို့တာဗျ"

"ဘယ်နှတင်းတုံး"

"နှစ်တင်း ကျော်မယ်ထင်တာပဲ"

"ပိုက်ဆံမရှိဘူးကွ"

"ယော - ဒုက္ခပါကလား"

မောင်မြမှာ စပါးတွေပြန်ယူသွားရန် မဖြစ်၊ ပြန်ယူသွားပြီး သွန်ပစ်ရန်မှာ သာ၍မဖြစ်။

"ခင်ဗျားက အချိန်မရွေးဆိုလို့ ယူလာတာဗျာ"

www.burmeseclassic.com

"ဆယ့်နှစ်ကျပ်ပဲ ရှိတယ်ကွ"

"ဟိုကသည်က ချေးငှားပြီး နှစ်ဆယ်တော့ ပေးဗျာ"

ကိုအေး ခေါင်းကုတ်သည်၊ စပါးအိတ်ကို ယူသွားသည်၊ မောင်မြမှာ နာရီဝက်ခန့် ခြင်ကိုက်ခံပြီးမှ ငွေ(၁၅)ကျပ်သာ ရ၏။

"ညနေကမှ မြေဩဇာဖိုး ပေးလိုက်ကြရတာကွ"

ညကြီးသန်းခေါင် ဖြစ်၏၊ ခိုးရာပါပစ္စည်း ဖြစ်၏၊ သူတို့လုပ်သမျှ ခံရသည်၊ တန်ဖိုးဟဲ့ဟု မောင်မြရင်ထဲက ကြုံးဝါးသံကိုကား မည်သူမျှကြားမည် မထင်။

➳ ဆင်ဖြူကျွန်း အောင်သိန်း


စာမူရှင်များသို့

မရွေးချယ်သောစာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ၍ မိတ္တူ ပွားထားကြပါရန်။

အယ်ဒီတာအဖွဲ့
သည်းထိတ်ရင်ဖို မဂ္ဂဇင်း


# ကျွန်တော် လူလည်ကြီး



www.burmeseclassic.com

www.burmeseclassic.com

ရပ်ကွက်၏ ရေဆိုးမြောင်းဘေးတွင်နေထိုင်သော စာရေးသူသည်ခြံကျယ်ကြီးတွင် စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်နေရာမှ နောက်ဆုံး အုန်းသီးများ ခူးခွတ် ရောင်းရာမှ အရှုံးပေါ်လာပုံကို ..

**ကျွန်တော်**ငယ်စဉ်ကပင် စိုက်ပျိုးရေးကို ဝါသနာပါသည်။ ထို့ကြောင့် ကျယ်ဝန်းလှသော ကျွန်တော်တို့ သမိုင်း(အုတ်ကျင်း) ခြံကြီးထဲတွင် သီးပင် စားပင်၊ ရာသီပင်၊ ပန်းအလှပင်များ အစုံစိုက်သည်။ ငှက်ပျောပင်၊ သရက်ပင်၊ ပိန္နဲပင်၊ ကတ္တီပါ သီးပင်၊ အုန်းပင်များကို ခြံစည်းရိုးတွင်စိုက်ပြီး စံပယ်ပန်း ပင်နှင့် ရာသီ၊ သီးနှံပင်များကိုတော့ ခြံအလယ်တွင် သူ့ အခင်းနှင့်သူ စိုက်သည်။ ထို့ကြောင့် ကျွန်တော်တို့ခြံထဲ အလည်အပတ်လာသူများ စိတ်အလွန်ချမ်းသာကြသည်။

ထို့အပြင် မာလကာပင်၊ တမာပင်၊ ရွှက်လှပင်၊ ပိုးစာ ပင်၊ ဥနဲပင်၊ ပေပင်၊ ထန်းပင်ပေါက်ကလေးများလည်း ရှိသဖြင့် (၇)ရက်သားသမီးများ ယတြာချေရန် လာတောင်း ကြသည်မှာလည်း နေ့စဉ်ပင်။ အမေက ခြေဆိပ်၊ လက်ဆိပ် အလွန်ကောင်းသည်။ (၇)ရက်သားသမီးများ ယတြာချေလိုလျှင် ပြည့်စုံစေရန် အိမ်ပတ်ဝန်းကျင်၌ သီးပင်၊ ဥသျှစ်ပင်၊ တံတိုင်းမွှေးပင်၊ ဆောင်တော်ကူးပန်းပင်နှင့် သရင်းကြီး၊ လင်းနေ၊ မိတ်သလင်း၊ နန္ဒင်း၊ ပိတ်ချင်း၊ သဘော်ပင်နှင့် ဆတ်သွားဖူးပင်များကို စိုက်ပျိုးထားရာ အလွန်အောင်မြင်သည်။ ကျွန်တော်က သစ်ခွပန်း ဝါသနာပါ၍ သစ်ခွမျိုးစုံလည်း စိုက်ပျိုးထားသေးသည်။

ကိုကိုကြီးနှင့် မမကြီးက အစိုးရဝန်ထမ်း၊ ကျွန်တော်နှင့် ညီလေးက ကျောင်းသား၊ အိမ်စားစရိတ် တစ်ဖက်တစ်လမ်းက ကာမိစေရန် မိဘများက စံပယ်ပန်းခင်းနှင့် ရာသီသီးနှံများ (ဥပမာ - ချဉ်ပေါင်၊ ရုံးပတီ၊ ပန်းဂေါ်ဖီ၊ မုန်လာ၊ မုန်ညင်း၊ နံကိုဥများစိုက်၍ နေ့စဉ်ဝင်ငွေရသလို ကျွန်တော်နှင့် ကိုကိုကြီးကလည်း အမေရိကန်ဥကြက်မများ (၆၀၀)ခန့် မွေးထားသဖြင့် မိသားစုဝင်ငွေက လုံလောက်ပါသည်။ ကျောင်းမသွားမီ စောစောထ၍ ပန်းပင်များ ရေလောင်း၊ ကြက်မများ အစာကျွေး၊ ဥကောက်၊ သန့်ရှင်းရေးလုပ်ရသည်က ကျွန်တော့်တာဝန်။ အိမ်မှာ အလုပ်ကြမ်းသမား။ ကျောင်းသွားတော့လည်း သူဌေးသားလို ကျွန်တော် အဆင်းရှိရှိနေနိုင်ပါသည်။

ကျွန်တော်တို့ခြံအနောက်ဘက်တွင်ဧည်ပင်ကြီးနှစ်ပင်နှင့်စိုင်သရက်ပင်ကြီးတစ်ပင် ရှိသည်။ ဧည်ပင်ကြီးမှာအမိကရဧည်ပင်ကြီး လူကြီးသုံးလေးဖက်စာ ပင်စည်ရှိသည်။ အခက်အလက်၊ အရွက်ဝေပြီးအရိပ်ကောင်းလှသဖြင့် ငှက်ပေါင်းစုံ နားခို၍ ဧည်သီးစားကြသလို ကျွန်တော်တို့ခြံနီးချင်းကလေးများကတော့ ဧည်ပင်ကြီးအရိပ်ခို၍ ကျောင်းက ပြန်လာသည်နှင့် ဆော့ကစားကြသည်၊ စာကျက်ကြသည်။

ကျွန်တော်တို့ခြံ အနောက်ဘက်တွင် ရေကန်ကြီး ရှိသည်။ အုတ်ကျင်းကန်ကြီးဟုခေါ်သည်။ မိဘများပြောစကားအရရန်ကုန်မြို့ကြီးတည်ဆောက်ရာတွင် အင်္ဂလိပ်အစိုးရက စနစ်တကျ ကောင်းမွန်သော ရွှံ့စေးရှာရာ အုတ်




www.burmeseclassic.com

www.burmeseclassic.com

ကျင်းမြေကို သဘောကျသဖြင့် တူးယူပြီး အုတ်ဖုတ်ကြောင်း၊ ယခုနေ ရန်ကုန်ကမ်းနားလမ်းနှင့် ဗိုလ်ချုပ်ဈေးတစ်ဝိုက်တွင် ဒေါင်လိုက်စီထားသော အုတ်မည်းကြီးများမှာ ဤအုတ်ကျင်းကန်ကြီးမှရသောရွှံ့မြေဖြင့် အုတ်ဖုတ်၍ သုံးထားခြင်းဖြစ်ကြောင်း သက်သေပြကြသည်။

အုတ်ကျင်းကန်ကြီးမှာ တော်ဝင်ကန်ကြီး ဖြစ်ပါသည်။ ၁၉၄၉ - ခုနှစ် သမိုင်းရှည်မှုနှင့်အထည်စက်(ယခုတပ်မတော်အထည်ချုပ်စက်ရုံ) ဆောက်လုပ်တော့ရေဆိုးများစွန့်ပစ်၍ရေမြောင်းကြီး ဖောက်သည်။ ရေမြောင်းကြီးမှာ ကျွန်တော်တို့ခြံနှင့် သူကြီးဦးဘိုးသင်းခြံကိုဖြတ်၍ အုတ်ကျင်းကန်ကြီးထဲ စီးဝင်သည်။ ရေဆိုးမြောင်းကြီးဟုဆိုသော်လည်း ချည်ဆိုးဆေးရေများနှင့်



လွတ်လပ်ရေးရပြီးစ ၁၉၄၉–ခုနှစ်၊ ပါလီမန်ခေတ်မှသည် အိမ်စောင့်အစိုးရခေတ်၊ တော်လှန်ရေးအစိုးရ၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ခေတ်၊ နဝတ၊ နအဖခေတ်၊ ယခု ဒီမိုကရေစီခေတ်အထိ ရေတွက်ပါက ရေဆိုးမြောင်းကြီး၏သက်တမ်းမှာ (၆၆) နှစ်အထိ ရှည်ကြာခဲ့ပါပြီ။ ယခင်ခေတ်များက သဘာဝရင့်သော ရေဆိုးမြောင်းကြီးကို မည်သူတစ်စုံတစ်ယောက်ကမှ မျက်စောင်းမထိုးကြ။ အပြစ်မဆိုကြပါ။ ယော့–ယခု ဒီမိုကရေစီခေတ်လက်ထက်ကျခါမှ

အခြားသန့်ရှင်းရေးသုံးသောရေများကို တစ်လဲစီ စွန့်ပစ်သဖြင့် အမြဲတမ်းရေမြောင်းကြီးအား ဆေးကြောထားသလို သန့်ရှင်းနေသည်။

ထို့ကြောင့် ကျွန်တော့်ဖခင်နှင့် ကိုကိုကြီးက ရေမြောင်းကြီးအား ထုတ်ဆည်၍ ရေတံခါးလုပ်ပြီး ရေဆိုး(ဆိုးဆေးရည်) လာပါက ရေတံခါးဖွင့်၍ စွန့်ထုတ်ပြီး ရေရိုးရိုးလာပါက ရေတံခါးပိတ်၍ သို လှောင်ပြီး စိုက်ပျိုးခင်းအား ရေလောင်းသည်။ ယခင်က မာလကာပင်များ ဝိုင်းနေသည့် ရေတွင်းကြီးထဲမှ ရေကို မောင်းဒလက်ဖြင့် ရေငင်ပြီး ရေပန်းကရားတပ်၊ လေးထောင့်သံဖြူပုံး (၂)လုံး (တစ်ထမ်း)ဖြင့် အခေါက်ပေါင်း (၁၀၀)ကျော် လောင်းရသည်။ သီးပင်၊ စားပင်၊ စံပယ်ပန်းပင်များက တစ်နေ့တစ်ကြိမ်သာ ရေလောင်းရသော်လည်း ရာသီပင် အထူးသဖြင့် ပန်းဂေါ်ဖီ၊ မုန်လာ၊ မုန်ညင်းပင်များက မနက်ညလောင်းမှ ရေလုံလောက်ပါသည်။ ပင်ပန်းသော်လည်း နေ့စဉ်လုပ်ဖြစ်သဖြင့် ကျန်းမာရေးလေ့ကျင့်ခန်းသဖွယ် ဖြစ်သည်။ ရေမြောင်းကြီးအထဲမှ ရေကို ထုတ်ဆည်၍ အဆင်းအတက် လှေခါးထစ်လုပ်ပြီး ရေထမ်းခပ်တော့ အချိန်တုန်သက်သာသည့်အပြင် ရေတွင်းမှ ရေမငင်ရတော့သဖြင့် အလွန်သက်သာသည်။ အလျင်က (၄)နာရီခန့်ကြာ ရေငင်လောင်းရသော်လည်း ယခုတော့ (၂)နာရီခန့်အချိန်တစ်ဝက်နှင့်စိုက်ခင်းတစ်ခုလုံး ရေလောင်းနိုင်သည်။ သတိထားရသည်ကတော့ ရေခပ်လောင်းပြီးသည်နှင့် တစ်ကိုယ်လုံး ဆပ်ပြာဖြင့် စင်ကြယ်စွာဆေးပြီး ရေတစ်ဝချိုးရန်ဖြစ်သည်။ ရေဆိုးမြောင်းဟု ဆိုထားသဖြင့် ရေကောင်းမဟုတ်သည်ကတော့ အမှန်ပင်ဖြစ်သည်။

ဆယ်စုနှစ်ပေါင်းများစွာကြာတော့ အုတ်ကျင်း၊ ရေသေကန်ကြီးမှာ ရေပုပ်ကန်ကြီးဖြစ်လာသည်။ ရေဆိုးထုတ် အင်္ဂတေရေမြောင်းကြီးကတော့ ခိုင်ခံ့ဆဲ၊ ရေဆိုးများ စီးဆင်းဆဲ။ ထိုအတူ အုတ်ကျင်းကန်ကြီးမှာ တိမ်ကောလာပြီး ကိုင်းပင်၊ ချုံပင်များပေါက်သလို ကန်ကြီးထဲ၌ မြေဖို့၍ ကျူးကျော်အိမ်များ တည်ဆောက်လာကြသည်။ အမှတ်(၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်ဟုခေါ်တွင်သော ကျွန်တော်တို့ရပ်ကွက်မှာ လူနေထူထပ်စည်ကားလာပြီး အိမ်၊ မြေခြံဈေးကလည်း အလွန်ကြီးမားနေပါတော့သည်။





www.burmeseclassic.com

www.burmeseclassic.com

လွတ်လပ်ရေးရပြီးစ ၁၉၄၉ - ခုနှစ်၊ ပါလီမန်ခေတ်မှသည် အိမ်စောင့်အစိုးရခေတ်၊ တော်လှန်ရေးအစိုးရ၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ခေတ်၊ နဝတ၊ နအဖခေတ်၊ ယခုဒီမိုကရေစီခေတ်အထိ ရေတွက်ပါက ရေဆိုးမြောင်းကြီး၏ သက်တမ်းမှာ (၆၆)နှစ်အထိ ရှည်ကြာခဲ့ပါပြီ။ ယခင်ခေတ်များက သဘာရင့်သော ရေဆိုးမြောင်းကြီးကို မည်သူတစ်စုံတစ်ယောက်ကမှ မျက်စောင်းမထိုးကြ၊ အပြစ်မဆိုကြပါ၊ ယော့ - ယခုဒီမိုကရေစီခေတ်လက်ထက်ကျခါမှ (၁၃)ရပ်ကွက်အတွင်း နေထိုင်ကြသော အုတ်ကျင်းကန်ကြီးထဲ ကျူးကျော်အိမ် ဆောက်သူများနှင့် သီရိမြိုင်ရပ်ကွက်အတွင်းမှာ နေထိုင်သူအချို့ကပါ ဖရေဆိုးမြောင်းကြီးအားတားပိတ်ပင်ပေးရန်၊ ရေလမ်းလွှဲရန် တောင်းဆိုနေကြပါပြီ။ ထိုအထဲ၌ မဟာဆွေလမ်းတွင် နေထိုင်သော ကျွန်တော့်သူငယ်ချင်း စိန်ဝင်းလည်း ပါသည်။ တစ်နေ့တွင် သူက ကျွန်တော့်အိမ်သို့လာသဖြင့် လက်ဖက်ရည်သောက်ရင်း စကားပြောရန် ဆိုင်သို့ ထွက်ခဲ့ကြသည်။

"ကိုသိန်းဝင်း - ခင်ဗျားတို့ ရေမြောင်းကြီးအနားမှာနေပြီး ဘာရောဂါမှ မရဘူးလား"

"မရပါဘူး - သူငယ်ချင်းရယ်၊ ကိုယ်တို့မွေးကတည်းကနေလာတာပါ"

"အေးဗျာ - ခင်ဗျားတို့အိမ်က ရေမြောင်းကြီးနဲ့ နည်းနည်းလှမ်းပြီး မိလ္လာစွန့်ပစ်ဖို့(Service)ကျင်းလည်း ကိုယ်ပိုင်တူးထားတော့ ပြဿနာမရှိပေမဲ့ နိုင်ရွှေဝါလမ်းတစ်လျှောက်အိမ်တွေက အညစ်အကြေးနဲ့ မိလ္လာပိုက်တွေကို ရေမြောင်းကြီးထဲ သွယ်ချထားကြတော့ ဓာတုဗေဒဆိုးဆေးရေတွေနဲ့ပေါင်းပြီးကန်ကြီးထဲမှာ အနည်ထိုင်၊ အဲ့ဒီရေတွေက ကျွန်တော်တို့ဘက်ပါလျှံထွက်လာတော့ အတော်ဆိုးသဗျာ"

* * *

"ဘယ်လိုဆိုးတာလဲ - သူငယ်ချင်း"

"အိမ်အောက်မှာ ရေဆိုးရေညစ်တွေ အောင်းနေတော့ အနံ့အသက်လည်း မကောင်းဘူး။ ခြင်.ယင် ပေါပြီး ရောဂါရတာပေါ့။ ကျွန်တော့်အိပ်ခန်းက ရေထဲမှာ ဆောက်ထားတာ။ အရင်က ဘာမှမဖြစ်ဘူး။ အခု သုံးလေးနှစ်မှာ ကျွန်တော့် ဆီးကျိတ်ရောဂါ၊ အဆုတ်ရောဂါ၊ နလုံးရောဂါဖြစ်ချင်နေတယ်၊ ရောဂါဖြစ်ရခြင်းဇစ်မြစ်ကို အရင်က စဉ်းစားမရဘူး။ အခုမှ သဘောပေါက်လာတယ်။ ခင်ဗျားသိတဲ့အတိုင်း ကျွန်တော်က TAXI ကားမောင်းတယ်၊ မနက်စောစောထ ကားထွက်ပြီး မိုးချုပ်မှ အိမ်ပြန်ကားသိမ်း၊ ညစာစားပြီး ထိုးအိပ်တာ၊ အဲ့ဒါ မနေ့တစ်နေ့ကမှ ကျွန်တော် သတိထားမိတယ်၊ ရေစပ်စပ်ပြတင်းပေါက်နားမှာ ချိတ်ထားတဲ့ ကားသော့ဟာ နီကာယ်တွေကွာပြီး ကြေးဝါရောင်တောင် မပေါ်တော့ဘဲ မည်းချိတ်နေတာပဲ၊ အဲ့ဒီတော့မှ အိမ်အောက်က ရေဆိုးရေပုပ်ကြောင့်လို့ သတိထားမိတော့တယ်၊ ကျွန်တော်ရောဂါဖြစ်တာလည်း ဒါကြောင့်နေမှာပဲ"

"ဖြစ်နိုင်တာပေါ့၊ အဲ့ဒါ - ဘယ်သူ့အပြစ်လဲ - သိလား"

"အထင်အရှားပဲဗျာ၊ တစ်ရပ်ကွက်လုံး သိပါတယ်၊ ချည်မျှင်စက်က ထွက်တဲ့ ရေပုပ်ရေဆိုးတွေကြောင့်ပေါ့"

"အင်း - တစ်ဝက်မှန်တယ်၊ တစ်ဝက်မှားတယ်လို့ ပြောရမယ် ထင်ပါရဲ့၊ ခင်ဗျားတို့ ခြံဝယ်တုန်းက ရေတစ်ဝက်၊ ကုန်းတစ်ဝက် မဟုတ်လား၊ မြေဖို့တော့ ဘာကြောင့် ခြံထဲ မြေအပြည့်မဖို့တာလဲ၊ နောက်ပြီး ခြံက ကျယ်လျက်သားနဲ့ အိမ်ကို တစ်ဖက်မြေမာပေါ်မှာ မဆောက်ဘဲ ရေတစ်ဝက်၊ ကုန်းတစ်ဝက်ဆောက်တာလဲ၊ နောက်ပြီး - တစ်အိမ်လုံးသုံးတဲ့ အဝီစိရေတွင်းကို ကုန်းပေါ်မှာမတူးဘဲ ဖို့မြေပေါ်မှာ တူးတာလဲ၊ အဝီစိရေတွင်းတူးရင် မိလ္လာကျင်းနဲ့တောင် အနည်းဆုံး (၁၀)ပေကွာတူးရမတဲ့၊ အခုတော့ - ခင်ဗျားတို့က ရေဆိုးကန်ကြီးထဲလည်း နေသေး၊ ရေဆိုးကန်ကြီးကို မကောင်းဘူးလို့ အပြစ်ပုံချနေသေးတယ်၊ ဒီမှာနေလာတာ ခင်ဗျားတို့က အရင်လား၊ ရေဆိုးကန်ကြီးက အရင်လား၊ ရေဆိုးကန်ကြီးက လွတ်လပ်ရေးမရခင် အင်္ဂလိပ်လက်ထက်ကတည်းက ရှိနေခဲ့တာ၊ ရေဆိုးထုတ်မြောင်းကြီးကတော့ ၁၉၄၉ - ခုနှစ်လွတ်လပ်ရေးရခါစကတည်းက တည်ဆောက်ခဲ့တာ၊ ကျွန်တော်တို့ထက်တောင် အသက်ကြီးသေးတယ်"





www.burmeseclassic.com

www.burmeseclassic.com

"အေး - အဲ့ဒါဆို ကိုသိန်းဝင်း ပြောချင်တာက ဘာလဲ"

"ကိုယ့်အပြစ်နဲ့ ကိုယ်ပဲလေ။ ဒီခေတ်ကျခါမှ ခင်ဗျားတို့တောင်းဆိုလာတာမဟုတ်လား။ စက်ရုံတာဝန်ရှိသူတွေကလည်း ရေလမ်းလွှဲဖို့လုပ်နေကြပါတယ်။ အရင် သားရေစက်ရုံဘေး၊ သမိုင်းချောင်းကလေးထဲအထိ ရေမြောင်းတူးပြီး စမ်းသပ်နေပါတယ်။ ဟိုဘက်က ပါရမီလမ်းမကြီးကို ဖောက်ထွင်းပြီး ပိုက်တွေချ၊ မြောင်းတူးလုပ်ရမှာ။ သမိုင်းဘက်က မြေကမြင့်တော့ ရေမစီးနိုင်ဘူး။ အခက်တွေ့နေကြတယ်လေ"

"ခင်ဗျားက ဘယ်ပါတီကလဲ၊ ဒါမှမဟုတ် အစိုးရဘက်ကလား၊ ခရိုနီလား"

"ဟဲ - ဟဲ - ဘယ်ကမှမဟုတ်ဘူး။ ကိုယ်က တစ်ဦးတည်းထောင်ထားတဲ့ပါတီခေါင်းဆောင်လည်းကိုယ်ပဲ၊အဖွဲ့ဝင်လည်းကိုယ်တစ်ယောက်တည်းပဲ။ ပါတီမှတ်ပုံတင်ကြေး မပေးရအောင်လို့လေ - ဟား - ဟား - ဟား"

"ကဲ - အကောင်းပြောစမ်းပါဗျာ။ ကျွန်တော် - ဘယ်လိုဆက်လုပ်ရမလဲ၊ အကြံပေးစမ်းပါ"

"အကောင်းဆုံးအကြံပေးရရင်တော့ မင်းတို့အိမ်ကို ကုန်းမြင့်ဘက် ရွှေ့ဆောက်ရင် ဆောက်၊ ဒါမှမဟုတ် အခု အိမ်အောက်ကို မြေကြီးအပြည့်ဖို့၊ အဝီစိရေကိုလည်း သန့်မသန့် စစ်ဆေး၊ မသန့်ဘူးဆိုရင် ကုန်းမြင့်ဘက် ရွှေ့ပြီး တွင်းအသစ်တူး။ အဲ့ဒါတွေမလုပ်ရင် ရောဂါမျိုးစုံဝင်ပြီး ဆေးကုသတဲ့စရိတ်ကသိန်းသန်းချီကုန်မယ်။လူလည်းနာမယ်၊တစ်ယောက်တည်းအတွက်ပြောတာမဟုတ်ဘူးနော်၊တစ်မိသားစုလုံးအတွက်ပြောတာ"

"အေးဗျာ - ကျေးဇူးတင်ပါတယ်၊ ခင်ဗျားအကြံဉာဏ်ကောင်းပါတယ်။ အိမ်တော့ ရွှေ့မဆောက်တော့ပါဘူးဗျာ၊ အကုန်အကျ များလိမ့်မယ်၊ အိမ်အောက်နဲ့ ခြံထဲ အပြည့်မြေကြီးဖို့တော့မယ်ဗျာ၊ သောက်သုံးရေကိုလည်း ကျန်းမာရေးဌာနမှာ အခပေးပြီး စမ်းသပ်ပါ့မယ်ဗျာ၊ မသန့်ရင်တော့ ခင်ဗျားပြောသလို အဝီစိတွင်းကို ကုန်းမြင့်ဘက် ရွှေ့တူးရုံပေါ့လေ"



ကျွန်တော် - ကိုကျော်စိန်ဝင်းနှင့်လမ်းထိပ်လက်ဖက်ရည်ဆိုင်တွင် တွေ့ဆုံစကားပြောကြပြီး လူစုခွဲ၍ကျွန်တော့်အိမ်သို့ပြန်ခဲ့ပါသည်။ ရေဆိုးမြောင်းကြီးနံဘေးလမ်းသွယ်ကလေးမှအတွင်းအိမ်ဝင်ခဲ့စဉ်ရေမြောင်းကြီးအတွင်းရှိ ဆိုးဆေးရေများ၏အနံ့က အတော်စူးရှစွာ ဆိုးဝါးနံစော်နေပါသည်။

အိမ်ခြံထဲရောက်တော့ မရောက်တာ တစ်လခန့်ရှိနေပြီဖြစ်တော့ အိမ်အနောက်ဘက် စိုက်ပျိုးရေးခြံကို သတိရလာပြီး သွားကြည့်မိတော့သည်။

"အလို - ဘယ်လိုဖြစ်ပါလိမ့်"

စိုက်ပျိုးရေးခြံလေးအတွင်း၌စိုက်ထားသော သဘော်မျိုးကောင်းအပင်အရွက်လိပ်၍တွန့်ကာ အသီးကင်းများ ကြွေကျနေသည်။ ခြံစည်းရိုးအနီးအလေ့ကျပေါက်သော မြို့ဖျက်ခရမ်း(ခရမ်းကစော့)ရုံမှာ အရွက်များလိပ်၍ ဝါထိန်နေသည်။ ခရမ်းချဉ်ပင်များ ခြောက်၍သေနေပြီး ရေငတ်၍လော၊ မဟုတ်ပါ၊ မြေအစိုဓာတ် ကျန်သေး၍မြက်ပင်များစိမ်းလန်းနေပါသေးသည်၊ ရွက်လိပ်ပိုး၊ ပျပိုးများကြောင့်ဖြစ်ပါလိမ့်မည်။ နောက်တစ်ဖန်ခြံကွက်အလယ်ခေါင်တွင် အလေ့ကျပေါက်နေသော သဘော်မဲဇလီပင်နှင့် ဝိစပ်ပင်များ မှာ ဆေးပင်များဖြစ်ကြ၍ ပိုးမစား၊ ပိုးမကိုက်နိုင်ပါ၊ ယခုသော် အရွက်များ အတွန့်လိပ်၍ သေဆုံးခါနီးပုံစံ ဖြစ်နေသည်၊ ရွက်လိပ်ပိုးကြောင့် မဟုတ်ဘဲ အဘယ်ကြောင့်ဖြစ်ရသနည်း။ ရွက်လိပ်ပိုးကြောင့်ဆိုလျှင် မျိုးမတူ၊ ကွဲပြားသောအပင်များနှင့်ဆေးပင်များကိုမကူးစက်နိုင်ပါ၊ ကျွန်တော် အကြံအိုက်၍ တွေဝေငေးမောနေမိစဉ် လမ်းထိပ်ရေဆိုးမြောင်းကြီးတစ်ဖက်ကမ်း ဓာတ်မြေဩဇာကိုဒေါင်အားငှားရမ်း၍ပစ္စည်းများထားသော မာလာမြိုင် လယ်ယာသုံးဆေးကုမ္ပဏီမှ မန်နေဂျာ ကိုထွန်း ရောက်လာသည်။

"ဟဲလို - စာရေးဆရာကြီး - ဘာတွေငေးပြီး ဘာတွေတွေးနေတာလဲ"

"အဲ - အတော်ပဲ - ဘော်ဒါကြီးရေ့၊ ဒီမှာကြည့်စမ်းပါဦး။ ကျွန်တော့်စိုက်ခင်းတော့ ပျက်စီးသွားပြီ၊ ဘာကြောင့်လဲ အဖြေရှာပေးပါဦး"

"ရွက်လိပ်ပိုး၊ အဲ - မဟုတ်ဘူး၊ ပျပိုးလည်းမဟုတ်ဘူး။ ရောဂါပိုးအသင့်ထင်တယ်၊ အဲ - မှန်းစမ်းပါဦး။ ဘာနံ့လဲ - ဓာတုဗေဒဆေးအနံ့ပဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပ့ါဗျာ၊ ဟိုရေဆိုးမြောင်းကြီးအထဲက စက်ရုံကလာတဲ့ ချည်ဆိုးဆေးအနံ့ပါ"

"အင်း - အဲ့ဒီအနံ့ကြောင့်ပဲဖြစ်မယ်၊ သစ်ပင်တွေက အနံ့ဆိုး(ကာဗွန်ဒိုင်အောက်ဆိုက်)ကို ရှူတယ်၊ ဒါကြောင့် ထိတာ၊ ဒီသစ်ပင်တွေက အနံ့ဆိုးကိုစုပ်ယူလို့ ခင်ဗျားတို့လူတွေကို မထိတာ၊ သတိတော့ ထားနေပါဗျာ၊ ဒီဓာတုဗေဒဆေးနံ့က ကျန်းမာရေးအတွက် မကောင်းဘူးဗျ"

ကိုထွန်းက ခေါင်းယမ်းပြီး သူမျက်နှာမူရာ အုန်းပင်ပေါ်သို့ လှမ်းကြည့်ပြီး -

"ဒီအုန်းပင် အသီးနည်းလှချည့်လား၊ အဲ - စာရေးဆရာကြီး"

"ခင်ဗျားအုန်းပင်ခေါင်ညွန့်ခြောက်ပြီးအသီးတန်းလန်းနဲ့သေတော့မယ်ဗျ၊ စောင့်ကြည့်ပါဦး"

ကျွန်တော် မော့ကြည့်မိတော့ ယခင် အလွန်သီး၍ အလွန်အသီးကြီးသောအုန်းပင်မှာ အုန်းသီးလေးငါးလုံးသာတင်ပြီး ခေါင်ညွန့်က တွန့်လိမ်ပိုးဝင်နေသည်၊

"ဟိုက် - သွားပါပြီ၊ ဒီအုန်းပင်က အုန်းထရံမျိုးဗျ၊ အသီးကြီးပြီး အသားထူတယ်၊ အဆီပါပေါ့တော့ အလှူအတန်းတွေမှာ အုန်းနို့ခေါက်ဆွဲ၊ အုန်းထမင်းချက်ရင် အလွန်ရအသာရှိတာ၊ မြစ်ဝကျွန်းပေါ်ဘက်သွားရင်း ကျွန်တော် တကူးတက မျိုးယူလာတာကို ကျွန်တော့်အမေက စိုက်ထားတာ"

"အင်း - အုန်းပင်ဆိုတာ ဖြစ်ထွန်းလာရင် အလွန်အသက်ပြင်းတာ၊ အခုတော့ - အုန်းပင်ထွားထွားကြီး ပိုးဝင်ပြီ၊ နမြောစရာဗျာ၊ ကဲ - ဒီလိုလုပ်၊ ကျွန်တော်ပြန်ရင် ဆရာလိုက်ခဲ့၊ ဂိုဒေါင်မှာ ပိုးသတ်ဆေးနဲ့ မှိုသတ်ဆေး၊ ဂျပိုးတွေနှိမ်နင်းတဲ့ဆေးနဲ့ သစ်ပင်အားဆေး၊ မြေသြဇာတွေရှိတယ်၊ ကျွန်တော် ပေးလိုက်မယ်၊ ရလိုရငြားပေ့ါ၊ အဲ့ဒီဆေးတွေမထိုးရင်တော့ ခင်ဗျား အပင်တွေသွားပြီ"

"လုပ်စမ်းပါဦးဗျာ၊ ရလိုရငြားပေ့ါ၊ အရင်က စိုက်ပျိုးလာတာ တစ်ခါမှ ဒီလိုမကြုံဖူးပါဘူးဗျာ"



သူငယ်ချင်းကျော်စိန်ဝင်းကို အပြစ်တင်၍ ပညာပေးဆရာလုပ်ခဲ့သော ကျွန်တော်လည်း ခံနေရပြီ ဖြစ်ပါသည်၊ သစ်ပင်များတောင် ဤသို့ဤနယ်ဖြစ်နေပါလျှင် ကျွန်တော်တို့ ရေဆိုးမြောင်းကြီးအနားနေလူတွေရော မည်သို့ဖြစ်နိုင်သနည်း၊ ကျွန်တော်လည်း အထူးကုထံပြေး၍ အမြန်ဆုံး ဆေးစစ်ကြည့်ရပါဦးမည်၊ ဤသည်မှာ ဓာတုဗေဒဆေးအနံ့များကြောင့် ဖြစ်နိုင်ခြေအလွန်များပါသည်၊ ဤနေရာ၊ ဤအိမ်တွင် ကျွန်တော် နေထိုင်လာခဲ့သည်မှာ မွေးကတည်းက ယခုအသက် (၆၀)ကျော်သည်အထိ ဘာရောဂါမျှ မဖြစ်ခဲ့၊ အထက်တွင် ဖော်ပြခဲ့သလို ရေမြောင်းရေဖြင့် တွေ့ထိပြီး ပန်းပင်များကိုပင်နေ့စဉ် ရေလောင်းခဲ့ဖူးပါသည်၊ ယခုမှ မည်သို့ဖြစ်သည်မသိ၊ စနစ်ပြောင်းသလို ဆိုးဆေးရေတွေလည်း ပြောင်းသွားပြီထင်ပါရဲ့၊ ဤဆိုးဆေးရေများကို နမူနာယူ၍ ကျန်းမာရေးဌာနသို့ပို့ပြီး စစ်ဆေးရပေဦးမည်၊

ထိုနေ့က ကိုထွန်းထံမှ ဆေးများယူပြီးအပြန် အုန်းပင်တက်သမားနှင့်တွေ့၍ အုန်းပင်နှစ်ပင်အား တက်ခိုင်းရသည်၊ ပိုးဝင်သောအုန်းပင်က အုန်းသီး(၆)လုံးခန့်သာရသော်လည်း ရေမြောင်းနှင့်ဝေးသောအုန်းပင်က အလုံး(၂၀)ခန့် ရသည်၊ အုန်းပင်တက်ခမှာ တစ်ပင်(၁၀၀၀)ကျပ်၊ နှစ်ပင်(၂၀၀၀)ကျပ်၊ အုန်းပင်တက်ခကျေစေရန် အုန်းသီးများကိုဈေးပေါပေါ၊ တစ်လုံး(၂၀၀)ကျပ်ဖြင့် ရောင်းချရာ အိမ်အနောက်ဘက်တွင် နေထိုင်သော အမျိုးကြီး ဒေါ်စန်းအဆွမ်းကျွေးရန်တဲ့(၅)လုံးဝယ်တော့(၁၀၀၀)ကျပ်ရသည်၊ အရည်သောက်တစ်လုံးအား အဆစ်တောင်း၍ပေးရသေးသည်၊ သူမက စပ်စုတတ်ပြီး အဆဲသန်၍ ကြောက်ရသည်၊

ဒေါ်စန်းညီမ ဒေါ်သန်းကလည်း သူ့အစ်မဝယ်သလို အားကျမခံ (၅)လုံးဝယ်ရာ (၁၀၀၀)ကျပ်ရပြန်သည်၊ အုန်းပင်တက်ခ အရင်းကျေပေပြီ၊ ထိုအချိန် ရပ်ကွက်အတွင်း အိမ်တကာလည်၍ ပစ္စည်းမျိုးစုံ အိမ်ခြံမြေအကျိုးဆောင်ပွဲစားကြီး ဒေါ်ပန်းမြိုင်လည်လည်း ရောက်လာပြီး -

"မောင်သိန်းဝင်း - အစ်မကိုကြွက်မြီးကောင်းတဲ့အုန်းသီးတစ်လုံးလောက်ရောင်းပါလား၊ ဈေးပိုပေးပ့ါမယ်၊ နောက်ပြီး - အိမ်ကကလေးတွေအုန်းသီးကို



www.burmeseclassic.com

www.burmeseclassic.com

ထန်းလျက်နဲ့စားဖို့ အသားထူတဲ့အုန်းသီးတစ်လုံးလည်း လက်ဆောင်ပေးနော်"

"ဟုတ်ကဲ့ - အစ်မကြီး၊ ဈေးထဲမှာ ကြွက်မြီးကောင်းတဲ့ ဆွဲအုန်းဆိုရင် တစ်လုံးကို (၇၀၀)ကျပ်ကနေ (၁၀၀၀)ကျပ်အထိ ပေးရပါတယ်၊ အစုလျှော့ဈေးနဲ့ ပေးပါ့မယ်၊ ကြွက်မြီးကောင်းတဲ့ဆွဲအုန်းကို (၃၀၀)ကျပ်ပဲ ပေးပါ၊ တစ်လုံးလည်း အဆစ်ပေးပါ့မယ်"

"ကျေးဇူးပဲ - မောင်လေး"

ကျွန်တော် အုန်းပင်တက်ခ (၂၀၀၀)ကျပ် အရင်းပြန်ရသည့်အပြင် ဒေါ်ပန်းမြိုင်လည်ထံမှ ငွေ(၃၀၀)ကျပ်ပင် အမြတ်ကျန်သည်၊ အုန်းသီးက ဒေါ်စန်း၊ ဒေါ်သန်းညီအစ်မနှစ်ဦးနှင့် ဒေါ်ပန်းမြိုင်လည်ကိုရောင်းရာ (၁၄) လုံးကုန်ချေပြီ၊ ကျန်အုန်းသီးများအထဲမှ ကျွန်တော့်ထုံးစံအတိုင်း မြို့တွင်းရှိ အိမ်ဌာများ၊ အစ်မကြီး ဒေါ်အေးလှိုင်နှင့် တူတော်မောင် တိုးတိုးအိမ်သို့ဝေရာ (၄) လုံး ကုန်သွားပြန်သည်၊ ထိုစဉ် ရပ်ကွက်အတွင်းမှ ဒေါ်သန်းကုန်စုံဆိုင်က အုန်းသီးချသည်ဟု သတင်းကြားသဖြင့် ကွမ်းယာထဲ အုန်းကြော်ထည့်၍ ရောင်းရန် လာဝယ်ပြန်ပါသည်၊

"သားရေ - အုန်းသီးချတယ်ဆို၊ ဘယ်နလုံးကျန်သေးသလဲ၊ အမေတို့ ကွမ်းယာဆိုင်မှာ အုန်းသားကြော်ပြီး ကွမ်းရာအချို့ထဲ ထည့်ရောင်းဖို့ ရှိသလောက် ရောင်းကွယ်"

"အမေ - ကျွန်တော့်အိမ်စားဖို့နှစ်လုံးလောက်တော့ ချန်ထားချင်တယ်၊ ချတာ(၂၆)လုံး၊ ရောင်းတာ(၁၄)လုံး၊ ဝေတာက (၄)လုံးဆိုတော့ (၁၈)လုံး၊ ကျွန်တော် အိမ်စားဖို့ (၂)လုံးချန်ထားရင် (၆)လုံးပဲ ပိုတော့တယ်၊ တစ်လုံး (၂၀၀)ကျပ်နဲ့ပဲ ယူသွားပါ - အမေ၊ ဈေးထဲမှာ တစ်လုံး(၅၀၀)ကျပ်လောက် ပေးရပါတယ်၊ ရပ်မျိုးရပ်ဆွေတွေဆိုတော့ လျှော့ရောင်းတာပါ"

"အေးကွယ် - သာဓု၊ သာဓုပါ၊ အမေတို့ဆိုင်က ဆိုင်ကြီးမိသားစုလည်း များတယ်၊ (၆)လုံးနဲ့ မရဘူး၊ ခွဲစားကြမှာနဲ့ (၁၀)လုံးလောက် လိုချင်တာ၊



အဲ့ဒါကြောင့် - သားတို့အိမ်လည်း လူနည်းပါတယ်၊ ကျန်တဲ့(၈)လုံးအကုန်ပဲ ရောင်းလိုက်ပါ၊ ရော့ - ဒီမှာ (၁၆၀၀)ကျပ်၊ ဆိုင်ကို အရောက်ပို့ပေးဦးနော်"

"ဟုတ်ကဲ့ပါ - အမေ၊ ကျွန်တော် အရောက်ပို့ပေးပါ့မယ်"

အိမ်ကလည်း အုန်းသီး မကြိုက်ကြသဖြင့် ကျွန်တော် အကုန်ရောင်းလိုက်ပါသည်၊ တစ်နာရီခန့်ကြာတော့ အမေသန်း ပြန်ရောက်လာသည်၊

"မောင်သိန်းဝင်း - မင်းအုန်းသီးတွေက အရည်သောက် ဖွန်းခြစ်တွေပဲ၊ အသားထုတ်ကြော်လို့ မရဘူး၊ တစ်လုံးရနိုးနိုးနဲ့ ခွဲလိုက်တာ၊ အရင့်မရဘူး၊ အဲ့ဒါ - ဈေးဝယ်လာသူတွေနဲ့ အိမ်သားတွေ ဝိုင်းစားကြတာ ကုန်ပြီ၊ အဲ့ဒါ ပိုက်ဆံ (၁၆၀၀)ကျပ် ပြန်ပေးပါ"


"ဟုတ်ကဲ့ - အမေ၊ ကျွန်တော်လည်း အုန်းသီးကို အနုအရင့် သိပ်ခွဲခြားတတ်တာမဟုတ်ဘူး၊ ရော့ - (၁၆၀၀) ကျပ် ပြန်ယူပါ"

ထိုသတင်းကိုကြားတော့ အုန်းသီးဝယ်သွားသော ဒေါ်စန်း၊ ဒေါ်သန်းညီအစ်မနှင့် ဒေါ်ပန်းမြိုင်လည်တို့ ရောက်လာကြပြီး ငွေပြန်တောင်းကြသဖြင့် ပြန်ပေးလိုက်ရသည်၊ ကျွန်တော် ဆရာသော်တာဆွေ၏ ဒန့်သလွန်သီးရောင်းသော ဇာတ်လမ်းကို ငယ်စဉ်က ရေဒီယိုမှာ နားထောင်ဖူးသည်၊ ကျွန်တော့် အုန်းသီးရောင်းသော ဇာတ်လမ်းက သူ့ထက် ဆိုးပါသည်၊ ဆရာသော်တာဆွေက နယ်မှအပြန် လက်ဆောင်ရလာသော ဒန့်သလွန်သီးများကို ရောင်းခြင်းဖြစ်သည်၊ ကျွန်တော်ကတော့ အုန်းပင်တက်ခ (၂၀၀၀) ကျပ် ဆုံးသည့်အပြင် အမေသန်းကွမ်းယာဆိုင်သို့ အုန်းသီး (၈)လုံး အခေါက်ခေါက် အခါခါ ပို့ပေးရသဖြင့် လူမှာ ဖတ်ဖတ်မော၍ ကျန်ခဲ့တော့သတည်း၊

➳ ထောင်မှူးကြီး သိန်းဝင်း

www.burmeseclassic.com

www.burmeseclassic.com



ရဲမြတ်တင်

ပညာတတ် အသိဉာဏ်ကြွယ်ဝသည့်
သားအဖနှစ်ယောက် ဓိမိတို့ဇနီးများအပေါ်
ထားရှိသည့် ချစ်ခြင်းမေတ္တာတရားအပေါ်
မှုင့်လင်းစွာ တင်ပြထားသည့် ..

**ထိုနေ့နံနက်**မိုးလင်းလင်းချင်းပင် သတင်းထူးတစ်ခုက မြို့ပေါ်သို့ ပျံ့နှံ့သွားသည်။ လူ့သတင်းလူချင်းဆောင်ဟူသောဆိုရိုးစကားအတိုင်းတစ်ဦးမှတစ်ဦးလက်ဆင့်ကမ်းသယ်ဆောင်သွားသောထိုသတင်းကတစ်ခဏအတွင်းမှာပင်တစ်မြို့လုံးသို့ လွှမ်းခြုံမိသွားသည်။

သတင်းအပြန့်မြန်ဆန်လှပုံကိုထောက်၍ထိုသတင်းက သာမန်သတင်းမျိုးမဟုတ်မှန်း သိသာလျက် ရှိသည်။ မှန်သည်၊ ကြားရသူတိုင်း ရင်တုန်လှုပ်ရှား၊ ချောက်ချားထိတ်လန့်ဖြစ်ကြရသော ထိုသတင်းက အခြားမဟုတ်ပါချေ၊ ဤမြို့၏ဆေးရုံအုပ်ကြီးလည်းဖြစ်၊ မြို့ထောင့်ကမ္ဘာ အေးစေတီ၏ ဂေါပကအဖွဲ့နာယကကြီးလည်းဖြစ်သူ ဆရာဝန်ကြီး ဒေါက်တာသိန်းမြင့်ဝင်း၏ဇနီး ဒေါ်ခင်မကြီး

www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက် ယမန်နေ့ညက နေအိမ်၌ပင် ထုပ်တန်းပေါ်ကြိုးဆင်လျက် မိမိကိုယ်ကိုယ် အဆုံးစီရင်သွားသောသတင်း ဖြစ်နေသောကြောင့်ပင်တည်း။

— ♥ —

"မနေ့ညက တစ်မြို့လုံး မီးပျက်တယ်လေ၊ ဒုန်းခနဲ အသံကြီးကြားလို့ အိမ်သားတွေက ထပြီး ဓာတ်မီးနဲ့ ထိုးကြည့်လိုက်တော့ ဒေါ်ခင်မကြီးကို လည်ပင်းမှာ ကြိုးတန်းလန်းနဲ့ ကြမ်းပြင်ပေါ် လဲနေတာ တွေ့ရသတဲ့၊ လူ့ဝိတ်ကို မနိုင်လို့ အပေါ်က ကြိုးပြတ်ကျသွားတဲ့သဘောပဲ၊ အချိန်ကတော့ ညနစ်နာရီလောက် ရှိပြီတဲ့ – ကိုယ့်လူရဲ့"

"ဒေါ်ခင်မကြီးကလည်း ဝဝကြီးဆိုတော့ ဒီလိုပဲဖြစ်မှာပဲ၊ နို့ – အဓိက အကြောင်းရင်းကတော့ သူ့ယောက်ျားကြောင့်ပဲ မဟုတ်လား၊ ဟိုကောင်မလေးကိစ္စလေ ..."

"ဒါပေါ့ – ဒါပဲ ဖြစ်ရမှာပေါ့၊ ဘိုးတော်က ကောင်မလေးနဲ့ ငြိနေတာ ကြာလှပြီပဲ၊ ဒါက တစ်မြို့လုံး၊ တစ်နယ်လုံး သိနေတဲ့ကိစ္စပဲ၊ ဒေါ်ခင်မကြီးကိုယ်တိုင်လည်း သိတယ်၊ သိပေမဲ့ – သူကလည်း ဘယ်လိုမှ ဝင်တားလို့မရဘူး၊ ဟိုနှစ်ယောက်ကလည်း ဘယ်လိုမှ နောက်မဆုတ်တော့ဘူး၊ ဒါနဲ့ ဒေါ်ခင်မကြီးက သူ့ဘာသာ ကြိတ်ဆွေးနေရတာပေါ့၊ ခုတော့ – ဘယ်လိုမှ စံနိုင်ရည်မရှိတော့တဲ့အဆုံး သူ့ဘာသာ ကိစ္စတုံးပစ်လိုက်တဲ့သဘောပဲ"

"အင်း – အူနကျွဲခတ်ခံရတဲ့ ဝေဒနာမျိုးကလည်း တော်တော်ကြောက်စရာ ကောင်းတာပါပဲလား၊ ဆရာဝန်ကြီးကလည်းဗျာ – ကိုယ့်မှာ သားကြီးသမီးကြီးတွေနဲ့ ...၊ နည်းနည်းပါးပါးတော့ ထောက်ထားဖို့ ကောင်းတာပေါ့၊ ခု – သူနဲ့ဖြစ်တဲ့ကောင်မလေးကလည်း သူ့သမီးအရွယ်လောက်ကလေးပဲ ရှိဆို ..."



"သမီးအရွယ်လောက်ကလေး ဆိုပေမယ့် သမီးမှမဟုတ်ဘဲဗျ၊ ဖိုနဲ့မပဲ၊ ဖောက်ပြန်ချင် ဖောက်ပြန်မှာပဲ၊ ဘယ်ပြောလို့ရမလဲ၊ ကောင်မလေးက သူနာပြုတက္ကသိုလ်ကျောင်းဆင်းတဲ့၊ ကျောင်းဆင်းပြီးပြီးချင်း သူ့ဆေးခန်းမှာပဲ အကူအဖြစ် ခေါ်ထားတာတဲ့၊ ကျောင်းတက်နေတုန်းကလည်း ဆရာဝန်ကြီးကပဲ စရိတ်စက ထောက်ပံ့ပေးခဲ့တာလို့ ဆိုတယ်၊ ကျုပ်တော့ မမြင်ဖူးပါဘူး၊ သူများတွေ ပြောတာကတော့ ကောင်မလေးက တကယ့်အနိုပ်စားကလေးတဲ့၊ မော်ဒယ်တွေတောင် ရှုံးလောက်ဆိုကိုး ..."

"အေးဗျာ – အားလုံးချုပ်လိုက်တော့ – ခင်ဗျားပြောတာ မှန်ပါတယ်၊ ချိတ်ချိတ်ချင်း တွေ့မှတော့ ချိတ်မိတော့တာပေါ့၊ ယောက်ျားဆိုတာ – ဘယ်လောက် အသက်ကြီးကြီး – ဒီကိစ္စမျိုးမှာ ဖွဲတစ်ဆုပ် မနိုင်မှ လျှော့တယ်လို့တောင် ဆိုရိုးရှိသမို့လား၊ ဒါနဲ့ – ဆရာဝန်ကြီးက သူ့မိန်းမအလောင်းကို ရင်ခွဲစမ်းပို့ ကိုယ်တိုင်အုပ်ဆက်ဖွင့်ပြီး သွေးအေးအေးနဲ့တောင် စစ်ချက်ယူလိုက်သေးတယ်ဆိုကိုးဗျ၊ တော်တော်တတ်နိုင်တဲ့သူနော်"

"ဟုတ်ပါ့ဗျာ – တကယ့်လူပါပဲ"

— ♥ —

"တစ်မြို့လုံး စိတ်ဝင်စားနေတဲ့သတင်းဆိုတော့ – မေးကြည့်ရဦးမယ်၊ ဘိုတလောက ဆရာဝန်ကြီးကတော် – ကိုယ့်ကိုယ်ကိုယ် သတ်သေသွားတဲ့ အမှုက ပြီးသွားပြီလား ရှင့်၊ ဘယ်လိုဆက်ဖြစ်သွားလဲ"

"အမှုကတော့ ပြီးသွားပါပြီ၊ ရဲက အမှုကို ပိတ်လိုက်ပြီး အမှုကို မြန်မြန်ပိတ်ပေးဖို့ ဆရာဝန်ကြီးကလည်း မေတ္တာရပ်ခံတယ်လို့ ပြောတာပဲ၊ အမှုရဲ့ သေမှုသေခင်းအရလည်း ဘယ်သူ့ပယောဂမှ မပါဘူးလေ၊ သူ့ဘာသာ စိတ်ညစ်ပြီး သေကြောင်းကြံသွားတာပဲ၊ ဒါနဲ့ – ရဲက လူသေမှုအဖြစ်နဲ့ပဲ အမှုကို ပိတ်လိုက်တယ်တဲ့"

www.burmeseclassic.com



ထိုအခိုက် နောက်ဖေးဘက်မှ
အိမ္မနှင့်ဖြိုး၏စူးစူးဝါးဝါးအော်ဟစ်လိုက်သံက
ရုတ်တရက်ထွက်ပေါ်လာသည်။
ဆရာဝန်ကြီးက လန့်ဖျပ်သွားသည်။
အသံလာရာ နောက်ဖေးဘက်သို့
လှမ်းကြည့်လိုက်ရာ အိမ္မနှင့်ဖြိုးက ပါးစပ်မှ
'လူ–လူ' ဟုအော်ကာ ကြောက်အား
လန့်အား ပြေးလာနေသည်ကို
တွေ့လိုက်ရသည်။ **99**

"ဆရာဝန်ကြီးနဲ့ ဟိုကောင်မလေးကိုရော – နည်းနည်းပါးပါး ခေါ်စစ်တာလေး၊ ဘာလေး မလုပ်ဘူးတဲ့လား၊ တကယ်ဆို – သူတို့ကြောင့် ဟိုက ဒီလိုလုပ်သွားတာလေ"

"သူတို့ကြောင့်တော့ သူတို့ကြောင့်ပဲ၊ ဒါပေမဲ့ – သူတို့ချင်း သဘောမျှလို့ တိတ်တိတ်ပုန်းဖြစ်နေကြတဲ့ကိစ္စကို ဘယ်လိုလုပ်သွားစစ်ဆေးလို့ရမလဲ၊ တရားမှ မဝင်တာ၊ ခုတော့ – သူတို့နှစ်ယောက်ကလည်း အားလုံးပေါ်တင်ဖြစ်သွားပါပြီ၊ ဆရာဝန်ကြီးရဲ့ဆေးခန်းမှာ တပူးတွဲတွဲနဲ့ ခပ်ပြောင်ပြောင်ပဲတဲ့"

"ဒါပေါ့ – ဒါပေါ့၊ သူတို့အတွက် လမ်းက ရှင်းသွားပြီဆိုတော့ ဒီလိုပဲဖြစ်လာမှာပေါ့၊ နို့ – ဒါနဲ့ – ဆရာဝန်ကြီးရဲ့သားသမီးတွေက သူတို့အမေ သေရတဲ့အပေါ် တော်တော်မကျေမချမ်း ဖြစ်နေကြတယ်ဆို"



"ဟုတ်ပါ့ရှင် – ဘယ်ကျေနပ်ပါ့မလဲ၊ ဘယ်သားသမီးမဆို – မိစုံဖစုံနဲ့ ကြည်သာရွှင်ပျနေရတာကိုပဲ လိုလားကြတာပဲလေ၊ ခုကိစ္စမှာ – သူတို့အမေက တစ်ဖက်သတ် စိတ်ဆင်းရဲပြီး သေသွားရတာဆိုတော့ ဘယ်ဖြေနိုင်ကြပါ့မလဲ၊ သူတို့အမေ ရက်မလည်ခင် – ကျောင်းတွင်းကနေ အိမ်ကိုပြန်ရောက်ကြတော့ သူတို့က ဒိုတစ်လုံး ရယ်တစ်လုံးနဲ့ အဖေလုပ်တဲ့သူကို ပြစ်တင်ကြ၊ ရှုပ်ချကြတယ်ဆိုပဲ၊ အထူးသဖြင့် – ဆေးကျောင်းတက်နေတဲ့အငယ်ဆုံးသားတဆို ဒေါသတွေ အရမ်းပေါက်ကွဲပြီး သူ့အဖေနဲ့ဖြစ်နေတဲ့ ဟိုကောင်မလေးကိုအတင်းလိုက်သတ်ပါ့မယ်တွေ၊ ဘာတွေတောင်ဖြစ်နေလို့ နီးရာလူတွေက ဝိုင်းဆွဲထားကြရသတဲ့"

"အင်း – တရားကျစရာ သိပ်ကောင်းတာပဲနော်၊ မိသားစုက ပြည့်ပြည့်စုံစုံနဲ့ အရာရာငြိမ်းချမ်းနေတဲ့ဥစ္စာ၊ အဲဒီအမှောင်ဝင်လာတာနဲ့ အားလုံးကျွမ်းထိုးမှောက်ခုံ ဖြစ်သွားရတော့တာပဲ၊ သိပ်ကြောက်စရာကောင်းတဲ့အမှောင်"

"ဟုတ်ပါ့ – ယောကျ်ားတွေများ – ဒီအမှောင်ထဲ ဝင်မိပြီဆိုမှဖြင့် စုံလုံးကန်းတော့တာပဲ၊ တကယ့်ကို ဘာမှမမြင်တော့ဘူး၊ ရှက်ရမှာ၊ ကြောက်ရမှာ၊ ငဲ့ရမှာ၊ ထောက်ရမှာ ဆိုတာတွေမှန်သမျှ အကုန်လုံး ချွတ်ခြုံကျတော့တာပဲရှင်"

— ❦ —

နောက်ခြောက်လခန့်အကြာ ...၊

ဆရာဝန်ကြီး ဒေါက်တာသိန်းမြင့်ဝင်းနှင့် သူ့ဆေးခန်းမှ သူနာပြုဆရာမ အိမ္မနှင့်ဖြိုးတို့ တရားရုံး၌ လက်ထပ်လိုက်ကြသောသတင်းအား မြို့လူထုက ထပ်မံ၍ ကြားသိကြရသည်၊

ထိုသို့လက်ထပ်ပြီး မကြာမီမှာပင် အသစ်ဝယ်ထားသော အိမ်ဆီသို့ ဆရာဝန်ကြီးက သူ့မယားငယ်နှင့်အတူ ပြောင်းရွှေ့သွားသည်၊ မူလနေအိမ်

www.burmeseclassic.com

ကြီးကိုမူ အစ်မဖြစ်သူ ဒေါ်ညိုခင်အား အပ်နှံထားခဲ့သည်။ ဒေါ်ညိုခင်မှာ အပျို ကြီးတစ်ဦးဖြစ်ပြီး မောင်ဖြစ်သူ၏မိသားစုနှင့်အတူ အစဉ်တစိုက် နေထိုင် လာခဲ့သူ ဖြစ်သည်။

မကြာမီ ... နွေရာသီကျောင်းပိတ်ရက်သို့ရောက်၍ ဆရာဝန်ကြီး၏သား သမီးများက ပြန်လည်ရောက်ရှိလာကြရာ ဒေါ်ညိုခင်ကပင် တူ၊ တူမများကို ကြိုဆိုပြီး လက်ခံသမှု ပြုခဲ့ရပေသည်။ ဆရာဝန်ကြီးမှာ အိမ်သစ်သို့ ဇနီးသစ် ကလေးနှင့်အတူ ခွဲသွားခဲ့သော်လည်း သားသမီးများ၏ နေရေးထိုင်ရေးကိစ္စ အားလုံးကိုမူ ပြည့်စုံစွာ စီမံပေးထားခဲ့လေသည်။ ထို့ပြင်မက လိုအပ်သည်များ ရှိပါကလည်း သူ့ထံသို့ မည်သူမဆို အချိန်မရွေး လာရောက်နိုင်ကြကြောင်း ကိုပါ မှာကြားထားခဲ့လေသေးသည်။

တစ်ည ... ဆရာဝန်ကြီးတို့လင်မယား အိပ်ရာမဝင်သေးခင်အချိန်။

ဧည့်ခန်းတွင် ဆရာဝန်ကြီးက စာအုပ်တစ်အုပ်ကိုဖတ်လျက်ရှိသလို အိမွန်ဖြိုးကလည်း တီဗွီရှေ့တွင်ထိုင်လျက်ရှိသည်။ ခေတ္တအကြာတွင် အိမွန်ဖြိုး က တစ်ချက်မျှ သမ်းလိုက်ကာ မျက်လုံးများကိုပါ လက်ဖြင့် ပွတ်သပ်လိုက် သည်။ ထို့နောက် - ထိုင်ရာမှထကာ နောက်ဖေးခန်းဘက်သို့ လျှောက်သွား သည်။ ဆရာဝန်ကြီးက သူမကို တစ်ချက်ငဲ့ကြည့်ပြီး စာကိုသာ ဆက်ဖတ်နေ သည်။

ထိုအခိုက် နောက်ဖေးဘက်မှ အိမွန်ဖြိုး၏ စူးစူးဝါးဝါးအော်ဟစ်လိုက်သံ က ရုတ်တရက်ထွက်ပေါ်လာသည်။ ဆရာဝန်ကြီးက လန့်ဖျန့်သွားသည်။ အသံ လာရာနောက်ဖေးဘက်သို့လှမ်းကြည့်လိုက်ရာ အိမွန်ဖြိုးက ပါးစပ်မှ "လူ - လူ" ဟုအော်ကာ ကြောက်အားလန့်အား ပြေးလာနေသည်ကို တွေ့လိုက်ရသည်။



ဆရာဝန်ကြီးက ရုတ်ခြည်း ထ,ရပ်လိုက်သည်။ အံဆွဲထဲက ခြောက်လုံး ပြူးကိုပါ လျင်မြန်စွာ ထုတ်ယူလိုက်သည်။ အိမွန်ဖြိုးကိုလည်း အိပ်ခန်းထဲ ဝင်နေရန် ညွှန်ပြလိုက်သည်။ ထို့နောက် - သူက သေနတ်ကိုကိုင်ရင်း နောက် ဖေးခန်းဘက်သို့ ချဉ်းကပ်သွားလိုက်သည်။

နောက်ဖေးခန်း နှစ်ခန်းစလုံး ဘာမျှထူးခြားမှုမရှိ။ သို့နှင့် မီးဖိုခန်းနှင့် ရေချိုးခန်းဘက်သို့ လှမ်းကြည့်လိုက်ရာ ရေချိုးခန်းထဲမှ ရိပ်ခနဲ လှုပ်ရှားသွား သော အရာတစ်ခုကို သူ လှမ်းမြင်လိုက်ရသည်။

"ဟေ့ - ဘယ်သူလဲ။ အေးအေးဆေးဆေး ထွက်ခဲ့နော်။ ပစ်ထည့်လိုက်ရ မလား"

ခပ်မာမာ လှမ်းအော်လိုက်သည်။ ထိုအခါ ရေတိုင်ကီနောက်တွင်ပုန်းနေ သောလူတစ်ယောက်က အကွယ်မှနေ၍ ထွက်လာသည်။ မီးရောင်အောက် တွင် ခေါင်းငိုက်စိုက်ချကာ လက်တစ်ဖက်ကို နောက်ပစ်ထားသော ထိုသူအား တွေ့လိုက်ရသည်နှင့် ဆရာဝန်ကြီးက သေနတ်ကိုင်ထားသောလက်ကို အောက်သို့ချလိုက်သည်။ သက်ပြင်းတစ်ချက်ကိုပါ ချလိုက်သည်။

"ဟင်း - ကျော်ကျော်မျိုး - မင်း - ဘာလို့ ဒီလိုလုပ်ရတာလဲ"

ပါးစပ်ကမေးရင်း လူကပါ ရှေ့တိုးသွားလိုက်သည်။ တစ်ဖက်လူကမူ ဘာမျှမပြန်မဖြေဘဲ ငြိမ်မြဲငြိမ်နေသည်။ မျက်နှာကလည်း မှုန်ကုတ်ပြီး တင်း မာနေသည်။

"ပြစမ်း - မင်းလက်ထဲက ဘာလဲ - ငါ့ကို ပေးစမ်း"

နောက်ပစ်ထားသော လက်ကို လှမ်းကိုင်လိုက်သည်။ လက်ထဲက အရာ ဝတ္ထုကိုပါ သိမ်းယူလိုက်သည်။ ထိုအရာဝတ္ထုက (၆)လက်မခန့်ရှည်သော ဓားမြှောင်တစ်ချောင်း။

"ကြည့်စမ်း - ဓားမြှောင်ပါလား။ မင်း - ဒါနဲ့ - ဘာလုပ်မလို့လဲ"

www.burmeseclassic.com

"ဟုတ်တယ် - ကျွန်တော် - အဖေ့မိန်းမကို သတ်ပစ်မလို့"

"ဟင် - မင်းတော်တော်မိုက်ပါလား။ ဒီခြံထဲကိုရော ဘယ်လိုလုပ်ဝင်လာခဲ့သလဲ"

"ဟို - ဘောစကိုင်းပင်အောက်မှာဆိုင်ကယ်ရပ်ထားတယ်။ အဲဒီဆိုင်ကယ်ပေါ်ကနေ ခြံစည်းရိုးကိုကျော်ပြီး ဝင်ခဲ့တာ"

"ဟူး - တော်တော်မိုက်တဲ့ကောင်ပဲ၊ ကဲ - လာ - မင်း - ငါနဲ့လိုက်ခဲ့"

အဖေက ရှေ့ကသွား၊ သားက နောက်မှလိုက်ကာ အိမ်တွင်းမှတစ်ဆင့် ပန်းခြံထဲ ဆင်းသွားကြသည်။ အိမ်မှန်ဖြိုးက စေ့ထားသော တံခါးကြားမှ မျက်လုံးအပြူးသားနှင့် ချောင်းကြည့်နေသည်။

ပန်းခြံထဲက ခုံတန်းတစ်ခုပေါ်တွင် ထိုင်မိကြသည်။ ထို့နောက် ဆရာဝန်ကြီးက စကားစ,သည်၊ သူ့အသံကိုတော့ အတတ်နိုင်ဆုံး တမင်ပျော့ထားသည်။

"ကဲ - ငါ့သား - အဖေ့ကိုပြောပြစမ်း။ မင်း - ဘာဖြစ်လို့ဒီလောက်တောင် အငြိုးကြီးရတာလဲ"

"ကြီးမှာပေါ့၊ ကျွန်တော် လုံးဝမကျေနပ်ဘူး၊ အမေ့အတွက် လက်စားမချေရသေးသမျှ ဘယ်တော့မှ မကျေနပ်နိုင်ဘူး"

ပြောရင်းငိုချလိုက်သည်။ ဆရာဝန်ကြီးက သည်းခံပြီး စောင့်ပေးသည်၊ ပြီးတော့မှ -

"မင်းက မဆိုင်တဲ့သူကို သွားပြီးဒုက္ခပေးချင်တာကိုးကွ၊ ကဲ - ပြောစမ်း၊ မင်း - ဘာကြောင့် သူ့ကို သတ်ချင်ရတာလဲ"

"ဘာကြောင့်ရမလဲ၊ သူဖြို့ခွဲလို့ - သူခလောက်ဆန်လို့ ကျွန်တော်တို့ မိသားစု ဒီလိုဖြစ်ရတာပဲဟာ၊ အမေသေရတာလည်း သူ့ကြောင့်ပဲဟာ"

"အဲဒါ - မင်းမှားတာ၊ တကယ်အပြစ်ရှိတာကငါကွ - ငါ၊ သူ - မဟုတ်ဘူး၊ ဒီအတ်လမ်းကို စ,တဲ့သူက - ငါ၊ ဒါကြောင့် မင်းအမေအတွက် မကျေနပ်လို့ သတ်ချင်ရင် ငါ့ကိုသာ သတ်ရမှာ"

"အဖေ့ကိုတော့ ဘယ်သတ်လို့ရမလဲဗျ၊ ရဲကြီးမှာပေါ့၊ ဘာပဲပြောပြော သူ့အပြစ်လည်း ပါတာပဲ၊ သူသာ ဣန္ဒြေရရနဲ့ တည်တည်တံ့တံ့နေခဲ့ရင် သူ့အလုအပတွေနဲ့လည်း အဖေ့ကို မဖြူဆွယ်ခဲ့ရင် ဒီလိုဖြစ်စရာအကြောင်း ရှိပါ့မလား"

"ကဲပါ - မင်းပြောသလို - သူ့မှာလည်း အပြစ်ရှိတန်သလောက် ရှိတယ်ပဲ ထားပါ၊ ဒီကိစ္စမှာ ငါလည်း အပြစ်ရှိတယ်၊ သူလည်း အပြစ်ရှိတယ်၊ ပြီးတော့ ပြောကြကြေးဆိုရင် မင်းအမေမှာလည်း အပြစ်ရှိတယ်ကွ - သိရဲ့လား"

"ဗျာ - အမေ့မှာလည်း အပြစ်ရှိတယ် - ဟုတ်လား"

"သိပ်ဟုတ်တာပေါ့ကွ၊ မင်းအမေက ငါ့စကားကို ဘယ်တော့မှ နားမထောင်ခဲ့ဘူး၊ ကျန်းမာရေးလိုက်စားဖို့ ငါချပေးတဲ့ အစီအစဉ်တွေကို ဘယ်တော့မှ လက်မခံဘူး၊ ဒီတော့ - သူ့ခန္ဓာကိုယ်ကြီးက ပျက်စီးချင်တိုင်း ပျက်စီးလာတယ်၊ ပုံဆိုးပန်းဆိုးကြီးဖြစ်လာတယ်၊ ရောဂါသည်ကြီးဖြစ်လာတယ်၊ မင်းလည်း ဆရာဝန်လောင်းတစ်ယောက်ပဲ၊ ဒါတွေ သိပြီးသားပဲ၊ မိန်းမတစ်ယောက် ကျန်းမာရေးနဲ့ မညီညွတ်တာဟာ သွေးသားမညီညွတ်လို့ပဲ၊ သွေးသားမညီညွတ်တဲ့မိန်းမဟာ ဘယ်နည်းနဲ့မှ လင်သားအပေါ် အိမ်ထောင်ရေးဆန္ဒ မဖြည့်စွမ်းနိုင်ဘူး၊

ဒီတော့ - ငါက ကျန်းမာရေးလည်း လိုက်စားသလို သွေးသားလည်းညီညွတ်တယ်ကွ၊ သွေးသားက တောင်းဆိုတဲ့ အာရုံခံစားမှုတွေကိုလည်း ငါက ခံမင်ချင်သေးတယ်၊ မင်းအမေက ဘက်မညီဘူး၊ ဘက်မညီတော့ ငါ့မှာ တင်

www.burmeseclassic.com

www.burmeseclassic.com

ဘီးထဲလှိမ့်နေရသလိုဖြစ်နေတယ်။ငါကမနေနိုင်ဘူးကွ - မနေနိုင်ဘူး။ကာလအကန့်အသတ်မရှိအောင့်အည်းပြီးကြိတ်မှိတ်မနေနိုင်ဘူး၊ ငါပြောတာ - မင်းသဘောပေါက်လား"

"ဘာပဲပြောပြော - ကိုယ်တစ်သက်လုံး လက်တွဲလာတဲ့သူကို ဒီကိစ္စတစ်ခုထဲနဲ့ မျက်နှာလွှဲခဲပစ်လုပ်တာကတော့ ဘယ်လိုမှအဓိပ္ပာယ်မရှိဘူးအဖေ"

"ဟ - ငါက မင်းအမေကို မချစ်ဘူးလို့များ မင်းထင်နေသလား၊ ချစ်တာပေါ့ကွာ - သိပ်ချစ်တာပေါ့၊ ကိုယ်တစ်သက်လုံး ပေါင်းသင်းလာတဲ့ကိုယ့်ဝယ်ချစ်ကို သိပ်ချစ်တာပေါ့၊ချစ်ပေမယ့် - ဒီကိစ္စက နစ်လမ်းသွားဖြစ်နေတယ်ကွ၊ ငါပြောခဲ့သလို သူက သူ့ကျန်းမာရေး ငြိမ်သွားပြီ၊ ငါက မငြိမ်သေးဘူး - မငြိမ်နိုင်သေးဘူး၊ မငြိမ်တော့ - ဟိုဟာကို အလိုရှိသေးတယ်၊ ရချင်သေးတယ်၊ ရချင်သေးတော့ - သူ့ဆီက မရရင် - ရတဲ့သူဆီ ငါယူရမှာပဲ၊ အဲဒါကို သူက ခွဲခြားပြီး သိမသွားတာ၊ ငါပြောချင်တာက - သူ့ကိုချစ်တာကတခြား၊ ဟိုကိစ္စက တခြားလေ ...၊

မိန်းမတွေမှန်သမျှ - အဲဒီအချက်နဲ့ပတ်သက်ပြီး သဲသဲကွဲကွဲမသိကြတာများတယ်ကွ၊ သူတို့က အဲမြဲတမ်းပူးတွဲပြီး စဉ်းစားတတ်ကြတယ်၊ ကိုယ့်ကိုချစ်ရင် - ကိုယ့်ကိုပဲ အသိအမှတ်ပြုမယ်ဆိုတဲ့ အယူအဆကြီးကိုပဲ တစ်ထစ်ချကိုင်စွဲထားကြတယ်၊ဒီကိစ္စနဲ့ပတ်သက်ပြီး ဘဝမှာ လိုအပ်ရင် - ရက်ရက်ရောရော ဖွဲ့ပေးတတ်ရတယ်ဆိုတာကို သူတို့ လုံးဝလက်မခံဘူး၊ ဒါကြောင့်လည်းပဲ - ယောကျ်ားလုပ်သူက ဒီကိစ္စ - တခြားကို သွားကျူးလွန်မိတာနဲ့ - သူတို့ကို ပ.ထားခဲ့ပြီဆိုပြီး သူတို့ကို စုံကန်သွားပြီဆိုပြီး တစ်ခါတည်း ထင်ပစ်လိုက်ကြတော့တာပဲ၊ တချို့ကျတော့ - တစ်ယောက်တည်းကြိတ်ပြီးခံစား၊ မခံစားနိုင်တော့ တဲ့အဆုံး မင်းအမေလုပ်သလိုမျိုး လုပ်ပစ်လိုက်ကြတော့တာပဲပေါ့"



"အဖေပြောသလိုဆို - တစ်လင် တစ်မယားစနစ်တို့၊ တစ်ဦးနဲ့တစ်ဦး အိမ်ထောင်ရေး သစ္စာရှိဖို့တို့ ဆိုတာတွေက ဘာမှမလိုတော့ဘူးဆိုတဲ့ သဘောပေါ့ ..."

"နိုး - နိုး - လုံးဝမဟုတ်ဘူး၊ ငါ - ဒီသဘောနဲ့ ပြောတာ မဟုတ်ဘူး၊ ဒီမှာ ယောကျ်ားကွ၊ တတ်နိုင်ရင် - မိန်းမကြိုက်သလောက် ယူလို့ရတယ်၊ တရားဝင်လည်း ခွင့်ပြုထားတယ်၊ အရေးကြီးတာက ပွင့်လင်းမှုရှိဖို့ပဲ၊ ငါ အခုပြောနေတာအဲဒီကိစ္စပဲ၊မင်းအမေသာလက်ခံမယ်ဆိုရင်ငါကမိန်းမနစ်ယောက်ကို တစ်ပြိုင်တည်း ပေါင်းလိုက်ရုံပေါ့ကွ"

"အဖေက အမေ့ကို တိုင်ပင်ခဲ့သေးလို့လား - ခွင့်တောင်းခဲ့သေးလို့လား"

"ဟင့်အင်း - အဲဒီလိုမလုပ်ခဲ့ဘူး၊ လုပ်လည်း အလကားပဲ၊ ဘာမှအရာဆင်မှာမဟုတ်ဘူး၊ ငါပေါင်းလာခဲ့တဲ့ ငါ့မိန်းမပဲ၊ သူ့အကြောင်းကိုငါအသိဆုံးပေါ့၊ ဒီကိစ္စမျိုးအတွက် အူတိုတဲ့နေရာမှာ သဝန်ကြောင်ပြီး သဘောထားသေးတဲ့နေရာမှာ သူက နစ်ယောက်မရှိဘူးကွ၊ ဒါကြောင့် - ငါ့ဘာသာပဲ ဆက်ထိမ်နေခဲ့တာ၊ တကယ်တော့ - အများထင်သလို - သူ့ကိုဒီပုံစံမျိုးဖြစ်သွားစေဆိုတဲ့စေတနာမျိုး ငါ့မှာ မရှိခဲ့ပါဘူးကွာ၊ သူ မရှိမှ အေးမယ်ဆိုတဲ့စိတ်မျိုး၊ အိမ်မြင် ငါးကင်ပစ် ဆိုတဲ့စိတ်မျိုး ငါ့မှာ မရှိခဲ့ရိုးအမှန်ပါ၊ သူ ငါ့ချစ်သူပဲလေ၊ သူ - ဒီလိုလုပ်သွားတော့ ငါကြေကွဲခဲ့ရတာ အမှန်ပဲ"

ပြောရင်း အသံက တိမ်ဝင်သွားသည်၊ ရင်ထဲ၌ပင် လှိုက်လှိုက်လှဲလှဲ ဖြစ်ဟန်တူသည်၊ သားဖြစ်သူက ငြိမ်ကျသွားသည်၊ စကားတစ်ခွန်းမျှမပြောတော့ဘဲ ပန်းခြံရှေ့ကိုသာ ငေးကြည့်နေသည်၊ အတန်ကြာသော် - ဆရာဝန်ကြီးက သားဖြစ်သူ၏ပခုံးပေါ် လက်တစ်ဖက်တင်ကာ နိဂုံးချုပ်အနေနှင့် ပြောလိုက်သည်၊

"မင်း ငယ်သေးတယ်၊ အခု - အဖေပြောတာတွေကို အတော်အတန်နားလည်ကောင်း နားလည်နိုင်ပေမယ့် အပြည့်အဝတော့ နားမလည်နိုင်သေး



www.burmeseclassic.com

www.burmeseclassic.com

ဘူး။ အချိန်စောင့်ရဦးမယ်။ ဟုတ်တယ် – အချိန်တစ်ခုထိရောက်အောင်စောင့်ရလိမ့်ဦးမယ်။ အဓိက,ကတော့ – မင်းမှာ အတွေ့အကြုံရော၊ အတွေးအခေါ်ပြည့်ဝလာပြီဆိုတဲ့နေ့ အဖေ့အပေါ်မင်းအလိုလိုနားလည်လာလိမ့်မယ်။ ခွင့်လည်းခွင့်လွှတ်လာနိုင်လိမ့်မယ်။ ခုတော့ – မင်းလုပ်စရာရှိတာကိုဖြောင့်ဖြောင့်တန်းတန်းဆက်လုပ်ပါ။ ကျောင်းမှန်မှန်တက်၊ စာကြိုးစား၊ လိုတာ အဖေ့ကိုပြော။ တခြား ဘာမှအာရုံမရောက်နဲ့ – ဟုတ်ပြီလား၊ ကဲ – သွားပေတော့"

— ❦ —

နောက် နှစ်ပေါင်းသုံးဆယ်အကြာ ...။

သတင်းစာကြီးတစ်စောင်၌ သတင်းထူးတစ်ပုဒ်က ပါရှိလာလေသည်။ ထိုသတင်းမှာ အလွန့်အလွန် ထူးခြားလှသောသတင်းမျိုး မဟုတ်သော်ငြားနှလုံးသားရေးရာအတွက် လူသတ်မှုကျူးလွန်မိသော သတင်းတစ်ပုဒ်ဖြစ်နေရာ အညီသတင်းကိုမှ သည်းခြေကြိုက်လေ့ရှိသည့်အချို့သော သတင်းစာဖတ်ပရိသတ်အတွက် စိတ်ဝင်စားစရာသတင်းမျိုးဖြစ်၍ နေလေသည်။ သို့နှင့် ထိုသတင်းနှင့်ပတ်သက်ပြီး သတင်းစာဖတ်သူများအကြားတွင် အမျိုးမျိုးနီးနှောပြောဆို၊ ဝေဖန်ဆွေးနွေးမှုများ ပြုလုပ်၍နေမိကြလေသည်။

သတင်းစာ၌ ဖော်ပြထားသော ထိုသတင်းကို အချုပ်သဘောမျိုး ပြန်လည်တင်ပြရသော် တော်ဝင်ခွဲစိတ်ကုသမားတော်ကြီး တစ်ဦးဖြစ်သူ ဒေါက်တာကျော်ကျော်မျိုးနှင့် သူ၏ဇနီး ဒေါ်သိမ့်သိမ့်စိုးတို့မှာ နှစ်ပေါင်းနှစ်ဆယ်ကျော်မျှအတူတကွပေါင်းသင်းလာကြသောဇနီးမောင်နှံများဖြစ်ကြကြောင်း၊ ဒေါ်သိမ့်သိမ့်စိုးမှာ လွန်ခဲ့သောနှစ်နှစ်ခန့်ကတည်းက ယာဉ်မတော်တဆမှုဖြင့် အောက်ပိုင်းသေပြီး အိပ်ရာထဲ လဲနေရကြောင်း၊ ထူးခြားမှုတစ်ခုမှာ ယခုကဲ့သို့ဒေါ်သိမ့်သိမ့်စိုး ရုတ်တရက်မသေဆုံးမီကျန်ခဲ့သောသုံးလခန့်ကတည်းက ဒေါက်တာကျော်ကျော်မျိုးနှင့်အသက်ခပ်ငယ်ငယ်မိန်းကလေးတစ်ယောက်တို့ငြိစွန်းဖောက်ပြန်နေသောသတင်းမှာထင်ရှားစွာပျံ့နှံ့ထွက်ပေါ်ခဲ့မှုကြောင်း



ထို့ကြောင့် ယခုလို ဒေါ်သိမ့်သိမ့်စိုး ဖြုန်းစားကြီးသေဆုံးရခြင်းအပေါ် ဒေါ်သိမ့်သိမ့်စိုး၏ဆွေမျိုးသားချင်းများက မသင်္ကာစိတ်ဝင်မိကြရကြောင်း၊ သက်ဆိုင်ရာသို့လည်း တိုင်ကြားထားကြကြောင်း၊ ဤတွင် မှုခင်းဘက်ဆိုင်ရာ ဆရာဝန်များက အလောင်းကိုသေချာစွာစစ်ဆေးကြည့်ရာမှ ခင်ပွန်းဖြစ်သူ ဒေါက်တာကျော်ကျော်မျိုးကိုယ်တိုင် ဇနီးဖြစ်သူအပေါ် ဆေးထိုး၍ သတ်ပစ်လိုက်သော မှုခင်းကြီးက ဘွားဘွားကြီးပေါ်လာရတော့ကြောင်း၊ အချစ်သစ်ကလေးအတွက် မိမိ၏ ခရီးရှည် လက်တွဲဖော်တစ်ဦးအား ရက်စက်စွာ သတ်ဖြတ်ခဲ့သည့် ဒေါက်တာကျော်ကျော်မျိုး၏ကံကြမ္မာကို အများက စိတ်ဝင်တစားစောင့်ကြည့်လျက်ရှိကြကြောင်း စသည် စသည် ဖြင့် ရေးသားထားခြင်း ဖြစ်လေ၏။

— ❦ —

ထိုသတင်း ပါလာပြီးနောက် ဆယ်ရက်ခန့်အကြာတွင် ဖြစ်သည်။

ရဲစခန်းရှေ့သို့ကားတစ်စီး ထိုးဆိုက်ရောက်ရှိလာသည်။ ကားပေါ်မှအရပ်မြင့်မြင့်၊ ခါးကိုင်းကိုင်းနှင့် အသက်ရှစ်ဆယ်ကျော်အရွယ် အဘိုးကြီး တစ်ယောက် ဆင်းလာသည်။ အဘိုးကြီးက ရုံးတွင်းသို့ဝင်ကာ တာဝန်ရှိသူအား သတင်းပို့လိုက်သည်။ တာဝန်ကျ ရဲအရာရှိက လိုအပ်သည်များ မေးမြန်း၍ မှတ်ပုံတင် စာရင်းရေးသွင်းကာ အဘိုးကြီးအား ခေါ်ဆောင်သွားသည်။ ထို့နောက် အဘိုးကြီး တွေ့လိုသူနှင့် တွေ့ဆုံခွင့်ပေးလိုက်သည်။

မကြာမီ သားအဖနှစ်ဦးက သံတိုင်များခြားလျက် မျက်နှာချင်းဆိုင်မိသွားကြသည်။ အပြင်ဘက်မှ အဘိုးကြီးမှာ အငြိမ်းစား ဆရာဝန်ကြီး ဒေါက်တာသိန်းမြင့်ဝင်းဖြစ်ကာ အချုပ်ခန်းတွင်းမှလူကား ဇနီးဖြစ်သူကိုဆေးထိုးသတ်မှုကျူးလွန်ခဲ့သူ ဒေါက်တာကျော်ကျော်မျိုးပင်။



www.burmeseclassic.com

www.burmeseclassic.com

"ဘယ့်နှယ်လဲ – ငါ့သား – အဆင်ပြေရဲ့လား။ သတင်းကြားကြားချင်း မလာနိုင်တဲ့အတွက်တော့ အဖေ့ကို ခွင့်လွှတ်ပါကွာ"

"ရပါတယ် – အဖေ။ အဖေလည်းအသက်ကြီးပြီပဲ၊ နေလို့ရော ကောင်းရဲ့လား"

"အေး – မဆိုးဘူး ဆိုပါတော့ကွာ"

စကားစ ပြတ်သွားသည်။ နှစ်ယောက်သား တိတ်ဆိတ်နေမိကြသည်။ အတန်ကြာမှ အဘိုးကြီးက သက်ပြင်းတစ်ချက်ကို ချလိုက်သည်၊

"ဘာတတ်နိုင်မလဲကွာ ...၊ ဖြစ်ပြီးတာ ဖြစ်ပြီးသွားပြီပဲ၊ အရေးကြီးတာက စိတ်ဓာတ် ပြိုလဲမသွားဖို့ပဲ"

"ရပါတယ် – အဖေ၊ ကျွန်တော် စိတ်နိုင်ပါတယ်၊ လုပ်ရဲရင် ခံရဲပါတယ်"

"နို့ – သတင်းမှာပါသလို မင်းကျူးလွန်တယ်ဆိုတာကရော တကယ် ဟုတ်လို့လား"

"ဟုတ်တယ် – အဖေ၊ ကျွန်တော် တကယ်သတ်ပစ်လိုက်တာ၊ အဲဒီ အကြောင်းလည်း ကျွန်တော် ဝန်ခံလိုက်ပြီးပြီ"

အဘိုးကြီးက မျက်ခုံးနှစ်ဖက်မြင့်တက်သွားသည်၊ သားဖြစ်သူကိုလည်း အံ့အားသင့်စွာ ကြည့်နေမိသည်၊ သူတို့၏တစ်ခွန်းမေး၊ တစ်ခွန်းဖြေစနစ်က လွယ်ကူလွန်း၊ ရိုးရှင်းလွန်းနေသည်ဟုလည်း သူက ထင်နေမိသည်၊

"ကျွန်တော် အဖေ့ကိုလည်း တောင်းပန်ပါတယ်၊ ကျွန်တော် ပြစ်မှားမိခဲ့သမျှအတွက် ခွင့်လွှတ်ပါ – အဖေ"

"ဘာကိုလဲကွ – ဘာအတွက်လဲ"

"ဟိုတုန်းကအဖေ့အပေါ်ကျွန်တော်အထင်လွဲခဲ့တယ်လေ၊ အမေသေတာနဲ့ပတ်သက်ပြီး အဖေ့အပေါ်ကျွန်တော် ဒေါသအလျောက် စွပ်စွဲခဲ့မိတယ် ပြစ်တင်ခဲ့မိတယ်"



"သြော် – ဒါလား"

"ပြီးတော့ – တစ်ဖွတ်ထိုးစိတ်နဲ့ အမေ့အတွက် လက်စားချေဖို့တောင် လုပ်ခဲ့မိသေးတယ်၊ အဲဒါလည်း မှားတယ်၊ အဖေ – အဲဒီညက ပြောခဲ့တဲ့အတိုင်း ခုချိန်မှာ ကျွန်တော် အားလုံးကို နားလည်နေပါပြီ – သဘောပေါက်နေပါပြီ"

"အေးပါကွာ – အဖေက မင်းအပေါ် ခွင့်မလွှတ်နိုင်စရာ မရှိပါဘူး၊ မင်းအဖြစ်နဲ့ ငါ့အဖြစ်ကလည်း သားအဖလို့ မပြောရဘူး၊ တစ်ပုံစံထဲ ဆင်းလာတာပါပဲလား၊ မင်းနဲ့ငါ မတူတာဆိုလို့ တစ်ခုပဲ ပြောစရာရှိတယ်"

အဘိုးကြီးက ဆက်ပြောမလိုလိုနှင့် စကားကို ရပ်ထားလိုက်သည်၊ အတွင်းမှလူက နားစွင့်နေသည်၊ အဘိုးကြီးက ဆေးတံကိုထုတ်ကာ ဆေးတစ်ဆုံဖြည့်သည်၊ မီးညှိသည်၊ ထို့နောက် နှစ်ချက်သုံးချက်ခန့် ရှိုက်လိုက်ပြီးမှ –

"ခုချိန်မှာ – မင်း အရာရာ နားလည်နေပြီဆိုတာ ငါလက်ခံတယ်၊ မင်းလည်း ဘဝအတွေ့အကြုံတွေ ပြည့်ဝနေပြီပဲလေ၊ ဒီတော့ – အတိတ်က ငါ မယားငယ်ယူခဲ့တဲ့အပေါ် မင်းကျေအေးသွားနိုင်ပြီ – ဟုတ်တယ်မလား၊ ဘာကြောင့်ဆို – မင်းလည်း အခု မယားငယ် ထပ်ယူခဲ့တာပဲ၊ မယားငယ်ယူရတဲ့ အကြောင်းရင်းကိုက မင်းမိန်းမက ဒုက္ခိတဖြစ်နေလို့ မင်းနဲ့ ဘက်မညီတော့လို့၊ မင်းဆန္ဒမပြည့်ဝခဲ့လို့၊ မင်း လိုတာ မရခဲ့လို့ – ဟုတ်တယ်မဟုတ်လား၊ ဒီတော့ – ငါဖြစ်သလို မင်းဖြစ်ခဲ့တာပဲ"

"အဖေနဲ့ မတူတာ တစ်ခုရှိတယ်ဆို – အဲဒါက ဘာလဲ"

"အဲဒါက ဘာလဲဆိုတော့ ငါက မယားငယ်ယူပေမယ့် ငါ့မိန်းမကိုတော့ သိပ်ချစ်တယ်ကွ၊ သံယောဇဉ်လည်း ရှိတယ်၊ သူသေသွားတော့ တကယ် စိတ်ထိခိုက်ခဲ့ရတယ်၊ မင်းကျတော့ ဒီလိုမဟုတ်ဘူး၊ မင်းက မင်းမိန်းမကို ချစ်ဘူး၊ မချစ်တဲ့အပြင် သတ်တောင်ပစ်လိုက်သေးတယ်၊ အငယ်အတွက် အကြီးကို ရှင်းပစ်လိုက်တယ်၊ မင်းနဲ့ငါ – အဲဒါ ကွာတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com

ခစ်ခနဲ ရယ်သံတစ်ချက်က အတွင်းမှ ထွက်ပေါ်လာသည်၊ ထိုအသံကြောင့် အဘိုးကြီးက အံ့အားသင့်သွားသည်၊ သူလှမ်းကြည့်လိုက်ရာ သရော်ပြုံးပြုံးနေသော သားဖြစ်သူကို တွေ့လိုက်ရသည်၊

"မင်းက ဘာရယ်တာလဲ"

"အဖေ - လုံးလုံးကိုလွဲသွားပြီ၊ ဒီတစ်ချက်တော့ - အဖေအသိလိုသွားပြီ၊ အဲဒါကြောင့်ပါ"

အတွင်းမှလူကမျက်နှာကိုသံတိုင်နားတိုးကပ်လိုက်သည်၊ ပိုမိုလေးနက်သောအသံဖြင့်လည်း ဖခင်ဖြစ်သူကို ပြောလိုက်သည်၊

"ဒီမှာ - အဖေ၊ အဖေ ထင်တာတွေ မှားနေပြီ၊ ကျွန်တော် သူ့ကို သိပ်ချစ်တယ်၊ ချစ်လို့လဲ ဒီလိုလုပ်ပစ်လိုက်တာ"

"မဖြစ်နိုင်တာကွာ ..."

"ဖြစ်နိုင်တယ် - အဖေ၊ ကျွန်တော် - အဖေ့ကို တစ်ခုမေးမယ်၊ အမေမသေခင် - အဖေနဲ့ အဖေ့မယားငယ်နဲ့ ဖြစ်နေကြတာ ဘယ်နနှစ်လောက်ကြာလဲ"

"သုံးနှစ် - ဟုတ်တယ် - သုံးနှစ်လောက် ကြာတယ်"

"သုံးနှစ်ဆိုတော့ - အတော်ကြာတာပဲ၊ ဒီအတောအတွင်းမှာ အမေကတစ်ကိုယ်တည်းကြိတ်မှိတ်အောင့်အည်းပြီး အတော်ခံစားနေခဲ့ရမှာပဲ"

"အေးပေါ့ - အဲဒီလိုဖြစ်မှာပေါ့"

"ဟုတ်ကဲ့ - အဲဒါထားလိုက်ဦး၊ ကျွန်တော် - အဖေ့ကို တစ်ခုလောက်ထပ်ပြောချင်သေးတယ်၊ မလေ့တစ်ခု ဆိုပါတော့ - အဖေရာ၊ အယူအဆတစ်ခုဆိုပါတော့၊ အဲဒါက ဘာလဲဆိုတော့ - လူတစ်ယောက်ဟာ ရောဂါဝေဒနာရဲ့ဒဏ်ကို အပြင်းအထန် ခံစားနေရတယ်၊ ခံစားရလွန်းလို့လဲ သူကလောကထဲမှာ နေချင်စိတ် မရှိတော့ဘူး၊ မြန်မြန်ဝဋ်ကျွတ်ချင်နေတယ်၊ အဲဒီအခါဘေးမှာရှိတဲ့မိတ်ဆွေတစ်ယောက်ယောက်သို့မဟုတ်ဆွေမျိုးသားချင်းတစ်ယောက်ယောက်က သူ့ကို လက်ရှိဝေဒနာတွေကနေ ကျွတ်လွတ်သွားအောင် လုပ်ပေးလိုက်တယ်၊ ဝေဒနာရှင်ရဲ့ဆန္ဒကိုဖြည့်ဆည်းပေးလိုက်



တယ်၊ အဲဒါဆိုရင် - အဲဒီဓလေ့ဟာ သာမန်အားဖြင့် ဥပဒေနဲ့လည်း ဘောင်မဝင်သလို လူသားမဆန်ရာလည်း ကျနေသလို ထင်ရပေမယ့် လူတချို့က အဲဒါကို လက်ခံကြတယ် - အဖေရဲ့၊ ကျွန်တော်လည်း လက်ခံတဲ့အထဲမှာ ပါတယ်"

"ဒီအကြောင်း - ငါသိပါတယ်၊ တို့ဆေးပညာနယ်ပယ်မှာတောင် ဒါမျိုးလက်ခံပြီး လိုက်လုပ်ပေးနေတဲ့ဆရာဝန်မျိုးတွေ ပေါ်ခဲ့ဖူးပါတယ်၊ မင်းအဓိကဆိုလိုချင်တာက - ဘာလဲ"

"ကျွန်တော်ဆိုလိုချက်က ပေါ်နေပြီလေ၊ ကျွန်တော် - သူ့ကိုချစ်ပါတယ်၊ ချစ်ပေမယ့် - ကျွန်တော်လိုချင်တာက သူ့ဆီက မရနိုင်တော့ဘူး၊ သူ အောက်ပိုင်းသေပြီး အိပ်ရာထဲလဲသွားကတည်းက သူ့ဆီက မရနိုင်တော့ဘူး၊ ဒီတော့ အဖေ့လိုပဲပေါ့၊ သူ့ဆီမရနိုင်တော့ ရနိုင်တဲ့သူဆီက ယူလိုက်မိတယ်၊ စတိုးဆိုင်တစ်ဆိုင်က ကောင်မလေးတစ်ယောက်နဲ့ ကျွန်တော်ဖြစ်သွားတယ်၊ ကောင်မလေးနဲ့ဖြစ်နေပြီးသုံးလလောက်ကြာတယ်ဆိုရင်ပဲ - ဒီအကြောင်းကို သူ့ဆွေမျိုးတွေကတစ်ဆင့် သူ သိသွားတယ်၊ သိသွားတော့ - သူ့မှာ ခံစားရတာပေါ့၊ ကိုယ်တိုင်က အိပ်ရာထဲက မထနိုင်လို့ စိတ်ဆင်းရဲရတာကတစ်မျိုး၊ ကျွန်တော့်သတင်းကြားပြီး သောကရောက်ရတာတစ်မျိုးနဲ့ သူ့မှာ မရှိမဆန်ကို ခံစားနေရတော့တာပေါ့၊

ဒီတော့ - ကျွန်တော် သူ့အတွက် စဉ်းစားတယ် - အဖေ၊ သူ - သူ့ဘဝကို ခါးကြည်းနေမှာ အမှန်ပဲ၊ စက်ဆုပ်နေမှာ အမှန်ပဲ၊ ဆက်ပြီး အသက်ရှင်နေချင်စိတ် မရှိတော့မှာလည်း အမှန်ပဲ၊ ဒါပေမဲ့ - တစ်ဖက်ကကြည့်လိုက်ပြန်တော့ သူကိုယ်တိုင်က နည်းနည်းမှ လှုပ်လို့ရှားလို့မရတဲ့ဘဝမျိုးဖြစ်နေတယ်၊ သူ့ကိုယ်သူ အဆုံးစီရင်ဖို့ဆိုတာလည်း လုံးဝမဖြစ်နိုင်ဘူး၊ ဒါနဲ့ - ကျွန်တော်က သူ့ဖြစ်အင်ကို မကြည့်ရက်နိုင်တော့လို့၊ သူ့ကို ရေရှည်ဝေဒနာမခံစားစေချင်တော့လို့ သူ့ကို သက်သက်သာသာနဲ့ ငြိမ်းအေးသွားအောင်ဆေးထိုးပေးလိုက်ရတာပဲ - အဖေ"



www.burmeseclassic.com

www.burmeseclassic.com

"ဖြစ်တောင့်ဖြစ်ခဲလို့ဆိုရမှာပဲ၊ ဒါပေမဲ့ - ငါကတော့ မင်းအဖြစ်ကို လက်ခံပါတယ်၊ သဘောလည်း ပေါက်ပါတယ်"

"ဒီတော့ - အဖေရာ၊ အဖေနဲ့ကျွန်တော်က ဖြစ်ပုံချင်းတော့ တော်တော်တူပါတယ်၊ ကိုယ့်အိမ်သူအပေါ်မေတ္တာမပျက်တာမှန်ပေမယ့်ဟိုဟာအတွက် အငယ်အနှောင်းထားမိကြတယ်၊ ဒါတွေ အားလုံးတူတယ်၊ ဘယ်နေရာမှာ ကွာသလဲဆိုတော့ - အဖေ့ကြောင့် အမေက သုံးနှစ်လောက် စိတ်ဝေဒနာခံစားသွားရရှာတယ်၊ ကျွန်တော့်မိန်းမကျတော့ ကျွန်တော့်အတွက် သုံးလပဲ ခံစားသွားရတယ်၊ အဖေက အမေ့ကို ကြိုးရှည်ရှည်နဲ့ လှန်ထားသလိုမျိုး လုပ်ခဲ့တယ်၊ ကျွန်တော်ကျတော့ ဒီလိုမလုပ်ဘူး၊ အဲဒါလည်း ကွာတယ်၊

ဒီတော့ - အဖေ့မိန်းမနဲ့ ကျွန်တော့်မိန်းမ သေသွားတာချင်းတူပေမယ့် ကျွန်တော့်မိန်းမက ဝေဒနာခံစားရတဲ့နေရာမှာ ဆယ်ဆလောက် ပိုသက်သာသွားတယ်၊ အဲဒီလိုသက်သာသွားတာကလည်း ကျွန်တော့်ကြောင့်ပဲ၊ ကျွန်တော် လုပ်ပေးလိုက်လို့ပဲ၊ ဒါကြောင့် - အားလုံးချုပ်ကြည့်လိုက်ရင် ကျွန်တော်က အဖေ့ထက် ဆယ်ဆလောက် ပိုသာမနေပေဘူးလား၊ ကိုယ့်ချစ်သူအပေါ် ကြင်နာတဲ့နေရာမှာ၊ စေတနာထားတဲ့နေရာမှာ အဖေ့ထက် အများကြီး ပိုသာမနေပေဘူးလား၊ ကျွန်တော်ပြောချင်တာ - အဲဒါပဲ အဖေ"

စကားအဆုံးတွင် အားလုံးတိတ်ဆိတ်သွားသည်၊ နှစ်ဦးစလုံး ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်သက်နေမိကြသည်၊ အတန်ကြာတော့မှ အဘိုးကြီးက စတင်ကာ -

"အေးလေ - မင်းရှုထောင့်က မင်းအတွေးအခေါ်၊ မင်းခံယူချက်အရ ကြည့်မယ်ဆိုရင် - ဘာမှပြောစရာ မရှိပါဘူး၊ ဘာမှလည်း ငြင်းစရာ မရှိပါဘူး၊ အားလုံးကွက်တိပဲ၊ ငါ့အနေနဲ့ကတော့ - ဒီအသိမျိုးကိုမင်းဆီကနေပြန်ပြီး သင်ယူလိုက်ရသလိုတောင် ဖြစ်မိရပါတယ်"



ဟု ဖြည်းလေးစွာ ပြောလိုက်သည်၊ ထို့နောက် ဆေးတံကိုတပ်၍ တစ်ချက်ရှိုက်သွင်းလိုက်သည်၊ ဆေးတံက ဘာအာနိသင်မျှမရှိတော့မှန်း သိလိုက်ရသည်နှင့် ဆေးဆုံအတွင်းသို့ လက်ညှိုးဖြင့် နှိုက်စမ်းလိုက်မိသည်၊ ထိုအခါ မီးသေနေသည့်အဖြစ်ကို သိရှိလိုက်ရလေ၏၊

ရဲမြတ်တင်

စာမူရှင်များသို့

သည်းထိတ်ရင်ဖိုမဂ္ဂဇင်းတွင် ရွေးချယ်ဖော်ပြခဲ့သောစာမူများ၏ အချို့စာမူရှင်များသည် ဆက်သွယ်ရန် နေရပ်လိပ်စာ မပါရှိခြင်း၊ နေရပ်ပြောင်းရွှေ့သွားခြင်း၊ ဆက်သွယ်စုံစမ်း၍မရရှိခြင်းစသည့် အခက်အခဲများရှိပါသဖြင့် စာမူရှင်များအနေနှင့် လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ စာမူခနှင့် လက်ဆောင်စာအုပ် ထုတ်ယူနိုင်ရန်ဆက်သွယ်မှု ပြုကြပါရန် ပန်ကြားအပ်ပါသည်၊

လေးစားစွာဖြင့်
သည်းထိတ်ရင်ဖိုမဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com

[illegible] အစားအသောက်ကို လောင်းကြေးစားကြေးနှင့်
ပြိုင်စားကြသည်ကို မြင်ဖူးကောင်း၊ မြင်ဖူးကြပါလိမ့်မည်၊
အချို့အစားကြီးသူဘက်က နိုင်သွားသည်လည်း ရှိ၏၊
မယုံလို့ လုပ်စမ်း၊၊ စားစမ်းဟု ပြောသူဘက်က ရှုံးသွားရတာလည်း ရှိခဲ့ဖူး၏၊
အရှုံးအနိုင် ပြိုင်ကြသည့်ကိစ္စများသည် ကောင်းတာလည်းရှိ၏၊
ဒါနှင့်အတူ ဆိုးတာလည်း ရှိကြပါသည်၊
လက်ဝှေ့ထိုးပွဲ အရှုံးအနိုင် မဆိုးပါ၊
လက်ဝှေ့ထိုးသတ်နည်းပညာရဲ့အတိမ်အနက်ကို အနိုင်အရှုံးနှင့် သိရသည်ကို

(သန်လျင်)

# ရှုံးပွဲ



အလောင်းအစားဟူသည်
မည်သည့်အနိုင်အရှုံးဘက်ကိုမှ အကျိုးမပြု
ဆိုးကျိုးကိုသာ ပြုတတ်ပုံကို ဇာတ်လမ်းဇာတ်ကွက်
ဝေဝေဆာဆာဖြင့် ဖတ်ရှုရမည် ..

www.burmeseclassic.com

www.burmeseclassic.com

လွှန်ဆွဲပွဲ ….၊

ရှော့တိုင်တက်ပွဲ ….၊

အားကစားပြိုင်ပွဲ ….၊

စစ်ပြိုင်တိုက်ပွဲ ….၊

အနိုင်အရှုံးရှိရပေမည်။ ဒီပွဲမျိုးက သရေပွဲ ရှိခဲ၏။ သို့သော် သရေပွဲ ရှိခဲ့သည်လည်း ရှိ၏။

အားကစားမှာ သရေကျ၍ ပူးတွဲဆိုတာရှိ၏။

နွားတိုက်ပွဲ ….၊

ကြက်တိုက်ပွဲ ….၊

ကျွဲတိုက်ပွဲ ….၊

လက်လှဲအားစမ်းပွဲ ….၊

အရှုံးအနိုင် ရှိ၏။

အရှုံးအနိုင်နှင့် သရေပွဲတို့သည် ပြိုင်ပွဲတိုင်းမှာ ရှိကြစမြဲ ဖြစ်၏။

ပြိုင်ပွဲဆိုသည်နှင့် သူ့ဘက်ကိုယ့်ဘက် အားပေးသူရှိကြစမြဲ။ ကိုယ့်ဘက်ပဲနိုင်စေချင်သည်။ ကိုယ့်ရပ်ကွက်၊ ကိုယ့်အသင်း၊ ကိုယ့်နိုင်ငံပဲ နိုင်စေချင်သည်မှာ လူ့သဘာဝ ဖြစ်၏။

ကိုယ့်လူဘက်က နိုင်ခဲ့လျှင် ….၊

လက်ပန်းပေါက်ခတ်ကြ၏။ သြဘာလက်ခုပ် အားရပါးရ တီးကြ၏။

ကိုယ့်လူဘက်ကရှုံးလျှင် ဝမ်းနည်းကြ၏။

အသံတွေ တိတ်၏။

တောက်ခတ်ကြ၏။

ပြိုင်ပွဲဆိုတိုင်း ကောင်းသည်တော့ မဟုတ်။

အချို့ပြိုင်ပွဲများက လောဘ၊ ဒေါသ ပါ၏။ မသမာမှုတွေပါ၍ မသမာမှုကြောင့် နိုင်သည်၊ ရှုံးသည်လည်း ရှိ၏။



အဲဒီမသမာမှုတွေကြောင့် ရန်ပွဲဖြစ်ပြီး အမုန်းပွားရတာတွေလည်း ရှိခဲ့ဖူး၏။ အချို့အချုပ်ထောင်ပါ ရောက်ကြ၏။

အထူးသဖြင့် ….၊

အလောင်းအစားပြိုင်ပွဲတွေ ဖြစ်ခဲ့လျှင် ….၊

အချို့….၊

— ☠ —

ကျွန်တော်သည် အထူးအဆန်းဖြစ်ရပ်များကို လေ့လေ့လာလာ ဝါသနာပါသူဖြစ်ရကား ထူးထူးခြားခြား စိတ်ဝင်စားစရာကိစ္စများဟု အသံကြားသည်နှင့် ထိုနေရာမျိုးကို ရောက်သွားလေ့ရှိပြီး လေ့လာကြည့်ရှုတတ်သည်။

တစ်နေ့သောအခါ ထူးခြားသည့်ပြိုင်ပွဲတစ်ခုကို ကြုံခဲ့ရသည်။

"ကိုကြန်တောက ကျွဲချေး(ချီး)တစ်ပုံကို တစ်ထိုင်တည်းကုန်အောင် စားမလို့တဲ့ဟေ့ - ညီမှိုင်းရေ"

"ဟုတ်ရဲ့လား - ကိုဝင်းမောင်ရာ။ ကျွဲချီးပုံတစ်ပုံဆိုတာ ထမင်းစားပန်းကန်ပြားနှစ်ချပ်စာလောက် ရှိတာဗျ"

"ဟုတ်.မဟုတ်တော့မသိဘူး။ လောင်းကြေး၊ စားကြေးပြိုင်စားကြမှာတဲ့။ လာ - ကိုယ်တိုင်မြင်ရင် သိရမှာပဲ - လာပါကွာ"

သို့နှင့် ကျွန်တော်နှင့် ကိုဝင်းမောင်တို့ ကျွဲချေးတစ်ပုံစားပြိုင်ပွဲလုပ်ရာကို ရောက်သွားခဲ့ကြသည်။

ဟုတ်ပါရောလား။

ကိုကြန်တောရှေ့မှာ ဇလုံကြီးနှင့်ထည့်ထားသည်ကား ကျွဲချေးပုံ လတ်လတ်ဆတ်ဆတ်ကြီး စိုစိုရဲရဲရှိလို့။

"ငါ - ဆားတစ်ဖွန်း ထည့်စားမယ်နော် - မောင်ခင်မောင်"



www.burmeseclassic.com

www.burmeseclassic.com

"ထည့်ပါဗျာ၊ ဆားတစ်ဇွန်းမဟုတ်ဘူး၊ ဆားတစ်ယောက်မ ထည့်စားလည်းရတယ်၊ အရေးကြီးတာလင်ပန်းထဲက ကျွဲရေးတစ်ပုံကုန်အောင် စားပြဖို့ပဲ - ကိုကြန်တောရေ"

ကိုကြန်တောဆိုတဲ့လူက အင်္ကျီကျောပြောင်နဲ့ လူကောင်ခပ်သေးသေး၊ အရပ်ပုပုဗျ၊

"လောင်းကြေးပါလား - ကိုဝင်းမောင်"

ကျွန်တော်ကဝိုင်းကြည့်နေတဲ့လူအုပ်ကြားကနေ အနီးရှိကိုဝင်းမောင်ကို မေးလိုက်တော့ -

"ပါတယ်ကွ - ညီမှိုင်းရ"

"ဘယ်လိုပါတာတုံး"

"ကြန်တောက အဲဒီကျွဲရေးတစ်ပုံ တစ်ထိုင်တည်း ကုန်အောင်စားပြနိုင်ရင် တောချက်အရက် ငါးလုံးရမယ်"

"မကုန်ရင်ကောဗျာ"

"မကုန်ရင် ကျွဲရေးစားမည့်ကြန်တောက ကြက်တစ်ပိဿာ ပေးရမယ်တဲ့"

"စားရင်း (ဒါမှမဟုတ်) စားပြီးမှ သေသွားရင် ဘယ်လိုလုပ်ကြမတုံး"

"ဒါက သူတို့အပိုင်းလေ၊ ကြန်တောကလည်း အာမခံနဲ့စားမှာ၊ မသေပါဘူးတဲ့"

ထိုစဉ် -

"ကိုင်း - စပြီးစားမယ် - အသင့်"

အင်္ကျီကျောပြောင်နဲ့ ကိုကြန်တောက ကျွဲရေးတစ်ပုံ ထည့်ထားတဲ့ သံဇလုံရှေ့မှာ ထိုင်လိုက်တယ်၊

ပြီး - သူ့လူ "ဂေါ်လီ" တို့အုပ်စုကို လက်မထောင်ပြလိုက်ရော၊

"ကြန်တောကွ"



"ကြန်တော - ကြန်တော - တဲ့ဟဲ့နော်"

"ရေးစားပြီး အရှယ်ရောက်လာတဲ့ကြန်တောကွ"

"ဟား - ဟား - ဟား - ဟား - ဟား"

"ရှာရှိုးမသားနယ်ကွာ - ကြန်တောကွလို့ပြောရင်ပြီးရဲ့သားနဲ့၊ တယ် - ငါ လုပ်လိုက်ရ"

"ငါတို့လူ ဂုဏ်တက်အောင်ပြောတာပါကွ - မောင်ကြိုင်ရ၊ မင်းကလည်း ရှိုးမှပဲ"

"ကျွဲရေးစားပြတာ ဂုဏ်တက်စရာလား - တော့ရ"

"ဟ - ကြိုင်ရ - ကမ္ဘာပေါ်မှာ ငါတို့လူကြန်တောလို ကျွဲရေးတစ်ပုံ စားပြနိုင်တဲ့လူ ပေါ်သေးလို့လား - လူလွန်မသားရ - ဟင်"

"အေး - ဒါလည်း ဟုတ်တာပဲကွ၊ ဒါ - ကမ္ဘာကျော်မယ့်ကိစ္စကွ"

"စ.စားတော့ဟေ့"

"ကြန်တောကွ - စားထား ငါ့လူရေ"

"ယောက်ျားဘသား - ဝါး - လား - လား - လား"

အော်ဟစ် အားပေးနေတဲ့လူတွေကို ကြန်တောက သွားမည်းမည်းတွေ ပေါ်အောင် ပြုံးပြလိုက်ပြီး ပြိုင်ဘက်တွေ လှမ်းပေးတဲ့ ဆားတစ်ဇွန်းကို လှမ်းယူလို့ ...၊

ဇလုံထဲက ကျွဲရေးပုံပေါ် အသာဖြူးလိုက်သည်၊

ပြီး - ဝိုင်းကြည့်သူများရှေ့မှာ ကျွဲရေးများကို လက်နှင့် အားရပါးရ နယ်လိုက်ရာ (၁၀) မိနစ်ခန့်ကြာသော် ကျွဲရေးတို့အရည်ပျော်ပြီး ခပ်ပျစ်ပျစ်အသွင်ဖြစ်လာလေ၏၊

လူသုံးဆယ်ခန့်အုပ်စုကလည်း အမျိုးမျိုး နောက်ပြောင်အော်ဟစ် အားပေးကြလို့၊



www.burmeseclassic.com

www.burmeseclassic.com

"စားထား - စားထား၊ ဘုန်းကြီးငါးပါး ကြိုပင့်ထားတယ် - ကြန်တောရေ"

"မင်းအိမ်ကို ဆွမ်းခံကြွတဲ့ ဦးဇင်းကြီးအောင်လှိုင်ကိုပါ ငါတို့ ပင့်ထားပြီးပြီကွ"

"ကြန်တော - အားရပါးရစားပော့၊ ခေါင်းဖိုး - ငါတာဝန်ယူသကွ - ဟားဟား - ဟား - ဟား"

အရက်ငါးလုံးလောင်းထားတဲ့ ကိုခင်မောင်တို့၊ ကိုတင်အောင်တို့အုပ်စုကလည်း -

"ကြန်တောက ကြွားပါကွ၊ ဒီကောင် မစားနိုင်ပါဘူးကွ"

"ကွဲ့ချေးကို အရည်ကျအောင် နယ်နေတာဗျ"

"ဒီကောင် - လူလည်တော့ လူလည်ပဲ - ကိုခင်မောင်"

"စောင့်ကြည့်ပါကွာ၊ ကွဲ့ချေးအရည်ပျော်ရော သင်းသောက်နိုင်မှာလားကြည့်"

"ဟုတ်ကဲ့"

ကြည့်နေတုန်းမှာပဲ ဇလုံထဲက ကွဲ့ချေးပုံကြီး နယ်ရင်းကနေ အရည်ပျော်သွားလိုက်တာ ဇလုံထဲမှာ ဟင်းသောက်ပန်းကန်လုံးတစ်လုံးတစ်ဝက်မျှ အရည်ဖြစ်သွားရောဗျာ၊

အဲဒီလို အရည်ဖြစ်သွားတော့မှ ကိုကြန်တောက ဇလုံကို ကိုင်၊ ပါးစပ်တေ့ပြီး မော့သောက်မျိုချလိုက်ရော -

"ဟာ"

"ဟယ်"

"ဟင် - အေ - အော့ - ဝေ့ - ဝေ့"

"ဝေါ - အော့ - ဝေါ"



ဝိုင်းကြည့်နေတဲ့မိန်းမသားအချို့အော့အန်ကုန်ပါရော၊ ဒီမှာ ကိုကြန်တောက ဇလုံနှုတ်ခမ်းပတ်လည်မှာ ကပ်နေတဲ့ ကွဲ့ချေးအရည်ဖတ်စအနစ်တွေကို လက်နဲ့သပ်ပြီး ပါးစပ်ထဲ ထည့်မျိုချပြလိုက်ပြန်ရော -

"အော့ - ဝေ့"

"ဝေါ - ဝေ့ - အေ - ဝေ့"

"ကြန်တောကွ - ကြန်တော"

"ကမ္ဘာကျော် ကြန်တောဟေ့"

"ငါတို့နိုင်ပြီ - ငါတို့နိုင်ပြီဟေ့"

"တို့မြန်မာ နိုင်ပြီ - ဟေ - တို့ငကြန် နိုင်ပြီ"

ကိုကြန်တော ဇလုံကို လူအုပ်ရှေ့မှာလည်း ပြလိုက်သေးရဲ့လေ၊ ဇလုံထဲမှာ ကွဲ့ချေးဖတ်တစ်စ မကျန်ပါဘူးဗျာ၊

အံ့ရောဗျာ၊

အဲဒီနေ့က ကိုကြန်တော နိုင်သွားလို့ ကိုခင်မောင်တို့ အရက်ငါးလုံး ပေးလိုက်ရတယ်၊

ကိုကြန်တောလည်း နာမည်အသစ် ထပ်ရသွားလေရဲ့၊

ကွဲ့ချေးကြန်တောတဲ့၊

— ☠ —

လွန်ခဲ့သည့်နှစ်အတန်ကြာက သတင်းစာထဲမှာ ကြုံကြုံဖန်ဖန် သတင်းတစ်ခု ကြားလိုက်ရလေရဲ့၊

လူ့မစင်(ချေး) ပြိုင်စားရင်း ရင်ပူဗိုက်အောင့်နဲ့ ဆေးရုံရောက်ပြီး မကြာဘူး၊ အသက်သေဆုံးသွားသည့်သတင်း၊

ကြားရ၊ သိရသူတိုင်း အံ့သြလို့မဆုံး၊



www.burmeseclassic.com

www.burmeseclassic.com

တစ်ခါအိန္ဒိယကွမ်းစားဆေးပေါင်းထုပ်တွေပြိုင်စားကြရင်းအသက်သေဆုံးတာလည်း ကြားရသည်။ ဟောကြည့် - ပြိုင်စရာရှားလို့ လူချေးစား ပြိုင်သတဲ့။

ခုတော့ - လူကြားလို့လည်းမကောင်း၊ နတ်သိလို့လည်း မတော်၊ မစင် (ချေး)ဆိုတာ လူစားတဲ့အစာ မဟုတ်၊ ခွေးစားတဲ့အစာ၊

ခွေးစာကို လူစားတော့ … သေပေါ့၊

ပြိုင်ပွဲတဲ့လေ …၊

ကြံကြံဖန်ဖန် ထူးဆန်းတွေလာပြိုင်ပွဲတချို့ကို ကျွန်တော်ကြုံဖူးသည်မှာ မနည်းပါ။

တစ်ခါ အီး(လေလည်)အလုံး(၅၀)ပေါက်ပြိုင်ပွဲကို ကြုံရပြန်၏၊

သူ့အမည်က ကိုငှက်ကြီးတဲ့၊

နာမည်တော့ ပြောင်းရေးလိုက်တာပေါ့၊

သူက (၁၅)မိနစ်အတွင်းအီးအလုံးငါးဆယ် လေလည်ပြမယ်၊ လောင်းကြေး စားကြေးတဲ့၊

ဘယ်သူမှ မယုံဘူးလေ၊

လေလည်တဲ့လေပွပ်ဆေးတို့၊ လျက်စားတို့စားတာတောင်မှ လေလည် (အီးပေါက်)နိုင်ရင် တစ်ခဲနေ့လုံးရှိလှ ဆယ့်လေးငါးလုံးပါ၊

အခု(၁၅)မိနစ်မှာ အလုံး(၅၀)တဲ့၊ ပြိုင်တာပေါ့၊ လောင်းကြတာပေါ့၊

(၁၅)မိနစ်မှာ အီးအလုံးငါးဆယ် မပေါက်နိုင်လို့ရှုံးရင်ငွေ တစ်သောင်း ပြန်လျော်၊

မယုံလို့လောင်းတဲ့ ကိုသောင်းညွန့်ဦးတို့ဘက်ကရှုံးရင် ငွေနစ်သောင်း (၂)ဆ လျော်ကြေး၊

ကိုငှက်ကြီးကို နှစ်ဆ၊ တစ်ဆ စိန်ခေါ်တာပေါ့၊



နောက်နေ့မနက် (၉)နာရီမှာ ကိုခေါင်းတုံးကြီးတို့အိမ်မှာ လူစု၊ လောင်းကြေးထပ်သူတွေပါ စုဝေးပြီး ပြိုင်ကြတယ်၊

ကိုခေါင်းတုံးကြီးတို့အိမ်က ခြေတံရှည်အိမ်တိုင်ကိုးလုံးကို အဝိုင်းသား မြင်ရတယ်ဗျ၊

"ဟောဒီမှာ လောင်းကြေး နှစ်သောင်း"

"ရော့ - ငါရှုံးရင် တစ်သောင်းယူသွား - အားမနာနဲ့"

"ကဲ - ဒါဆို - အများရှေ့မှာ ပေါက်ပြတော့"

"မင်းတို့ လုံးရေ ရေတွက်ထားနော်၊ ကိုင်း - တစ်"

"ဘူ"

"နှစ်"



ဟောဒီခါးစောင်းမှာ လေကြောရှိသကွ။
လူပြိန်းနားလည်အောင် ပြောရရင်
(အီးကြော)ခေါ်တာပေါ့။ အင်္ဂလိပ်ဆရာဝန်
သိ,မသိတော့ ငါမသိဘူး။ ငါ့ဘကြီး
ဆေးဆရာ (မြို့မတောင် - စိန်ဝင်းမောင်)
သင်ပေး၊ ပြပေးလို့ ဒီလေကြော၊
အီးကြောကို သိရတာကွ။ အဲဒါ - နေ့တိုင်း
သတိရတိုင်း စမ်းသပ်နှိပ်ကြည့်ရင်းကနေ
နောင်တော့ လက်ကျမိသွားပြီး
ငါလည်း (လုပ်)စား တော့တာပဲကွာ။
စားပေါက်ချောင်သပေါ့

www.burmeseclassic.com

"ဘူ"

"အမ်မယ် – လာသားဟ"

"လေးငါးလုံးတော့ ရမှာပေါ့ – ငှက်ကြီးရာ"

"ဗြိ"

"ဟုတ်ပဖော့"

"ဘွတ်"

"အလဲ့ – လာသဟ"

"ငါး"

"ဖြောက် – ခုနစ် – ရှစ် – ကိုး – တစ်ဆယ်"

အံ့ဩစရာတော့ ကောင်းသားဗျာ။ ကျွန်တော် တကယ့်လူ့ထူးလူဆန်းတွေနဲ့မှ လာတွေ့နေရသလိုပဲ။

ကြည့်စမ်း – ကိုငှက်ကြီးဟာ တိုင်တစ်လုံးကို သူ့လက်ညှိုးနဲ့တို့ပြီး ညာလက်နဲ့ သူ့ခါးကြောကို ညှစ်လိုက်တိုင်း (ကန်တော့ပါရဲ့ဗျာ) စအိုကနေ (ပိ – ဘွတ် – ဘူ – ဗြိ) စသည့် လေလည်သံ မြည်သွားတာကို မယုံလို့ လောင်းတဲ့သူတွေရော၊ ကျွန်တော်ရော မျက်မြင်ကြုံပြီး အံ့ဩနေရတာပဲဗျာ။ ရယ်လည်း ရယ်ကြပေါ့လေ။

ဒီလိုနဲ့ (၁၅) မိနစ်အတွင်းမှာ ခါးကိုလက်နှင့်ညှစ်လိုက်၊ ဖိလိုက်လုပ်ရင်း အီးအလုံး (၅၀) ပေါက်ပြလိုက်တယ်ဗျာ။

တစ်မိနစ်ကို (၃) လုံးကျပဲဗျ။

အမ်မယ် – အပိုဆိုပြီး (၅) လုံး ပေါက်ပြလိုက်တော့ စုစုပေါင်း (၅၅) လုံး ဖြစ်တော့ကား။

ကိုသောင်းညွန့်ဦးတို့ မယုံလို့လောင်းတဲ့လူစု (၁၅) မိနစ်အတွင်း ငွေနှစ်သောင်း ရှုံးသွားတာ ကျွန်တော့်မျက်မြင်ပါပဲဗျာ။

ကိုငှက်ကြီးက ငွေနှစ်သောင်းကို အကျီအိတ်ထဲ ထည့်ရင်းက ပြောသေးရဲ့ဗျာ။



"နောင် မယုံတဲ့လူရှိရင် ငါးသောင်းတစ်သိန်းကြေး လောင်းလို့ရသဟေ့၊ ခင်းတို့အားလုံး ကျေးဇူးပဲဟေ့၊ ဟောဒါ – နှုတ်ဆက်လုံးလေ"

"ဘူ"

"အေ့ – ဝေါ့"

"တော်တော်ကို ညစ်ပတ်တဲ့လူကြီးဗျာ – ထွီ"

အိမ်ပေါ်က အဆင်းမှာ တစ်လုံးပေါက်ပြလိုက်တော့ ကိုသောင်းညွန့်တို့လူစု နှာခေါင်းပိတ်ပြီး ဆဲကြပါရောလား။

နောက်တစ်နေ့ ကျွန်တော် အီးစပါယ်လစ် ကိုငှက်ကြီးနဲ့တွေ့တော့ မေးရတာပေါ့ဗျာ။

"အစ်ကို ငှက်ကြီး"

"ဘာတုံး – ညီမှိုင်း – ပြော"

"အစ်ကိုလို အီးစပါယ်ရှယ်လစ်ကို ကျွန်တော် မတွေ့ဖူးဘူးဗျာ တယ်ပါ"

"အခုတွေ့ပြီမို့လားကွ"

"မသိလို့ မေးပါရစေ – အစ်ကိုငှက်ကြီးရာ"

"မေးလေ – ဘာမေးမလို့တုံး – မေး"

"အစ်ကို – တစ်မိနစ်ကို လေသုံးခါလည်အောင် ဘယ်လိုလုပ်တာလဲ င်"

"သိရင်၊ နားလည်ရင် လွယ်တယ်ကွ"

"ပြောပါဦး – အစ်ကိုငှက်ရ"

"ဟောဒီခါးစောင်းမှာ လေကြော ရှိသကွ၊ လူပြိန်းနားလည်အောင် ပြောင် (အီးကြော) ခေါ်တာပေါ့၊ အင်္ဂလိပ်ဆရာဝန် သိ,မသိတော့ ငါမသိဘူး၊ ကြီးဆေးဆရာ (မြို့မတောင် – စိန်ဝင်းမောင်) သင်ပေး၊ ပြပေးလို့ ဒီလေ ကြော၊ အီးကြောကို သိရတာကွ၊ အဲဒါ – နေ့တိုင်း သတိရတိုင်း စမ်းသပ်ပြ

www.burmeseclassic.com

ကြည့်ရင်းကနေ နောင်တော့ လက်ကျမိသွားပြီး ငါလည်း (လုပ်)စားတော့တာပဲကွာ။ စားပေါက်ချောင်သပေ့"

"ဒါဆို - ကျွန်တော်လည်း အဲဒီအကြောင်း ပြပေးပါဦးဗျ - အစ်ကိုငှက်ကြီးရ"

"အမ်မာ - မင်းက ငါ့လို လုပ်စားချင်လို့လား"

"မဟုတ်ပါဘူးဗျာ။ လေအောင့်လေချုပ်ရင် လေပုပ်တွေ ထုတ်ပစ်ချင်လို့ပါ"

"အေး - ဒါဆို - ငါပြပေးမယ်"

(မှတ်ချက် ။ ။ သူပြပေး၍ ခါးစောင်းကြောကို လက်မနှင့်ဖိပြီး လေထုတ်သည့် ပညာကို ကျွန်တော် ရသိခဲ့ရပါသည်။ သို့သော် ကိုငှက်ကြီးလို အကြိမ်များစွာ မရပါ။ လေပုပ်များ ထုတ်၍ ရသည်ကိုမူ လက်တွေ့ယုံကြည်ခဲ့ရပါသည်။)

နောင်အခါ ကျွန်တော်သည် သီးမွှေးငှက်ပျောသီးမှည့်နှစ်ဖီး နာရီဝက်တစ်ထိုင်တည်း စားပြသူတစ်ဦးကို မြင်ခဲ့ရ၏။

ငှက်ပျောသီးတစ်ဖီးအကုန်။

မတ်တတ်အရပ်မှာ ဝမ်းဗိုက်ထဲမှ စားပြီးသား ငှက်ပျောသီးများပြန်အန်ပြီး အော်ဟစ်နေသောကြောင့် ဆေးရုံကို အပြန်ပို့ရလေရာ -

ဆေးရုံရောက်ခါတော့ ဆရာဝန်ကြီးက အကြီးအကျယ် ဆူပူကြိမ်းမောင်းတော့၏။

"မင်းတို့ နားမလည်ဘူးလား၊ အသိမရှိကြဘူးလား။ လူ့ရဲ့အစာအိမ်ဟာ အဲဒီလို ငှက်ပျောသီးအမြောက်အမြားစားရင် ဆိုးဆိုးဝါးဝါး ထိခိုက်သွားနိုင်တယ်ဆိုတာ နားမလည်ဘူးလား"

"ကျွန်တော်တို့ ... မှား ..."

"အခန့်မသင့်ရင် ဂျူစကာပုဏ္ဏားလို စားပိုးနင့်ပြီး ဒုက္ခရောက်ရော ..."

"ဟုတ်ကဲ့ - ပါ - ခင်ဗျ"

"နောင် - စားဦးမှာလား"



"မ - မစားတော့ - ပါဘူး ခင်ဗျ"

"ဒါ - ပြိုင်စားကြတာ မဟုတ်လား"

"ဟုတ် - ဟုတ်"

"မပြိုင်ကောင်းတာ မလုပ်ပါနဲ့ကွယ်။ မလုပ်ကောင်းတာလည်း မလုပ်ရဘူး။ မပြိုင်ကောင်းတာလည်း မပြိုင်ရဘူး။ အခန့်မသင့်ရင် အသက်အန္တရာယ် ထိခိုက်သွားရင် အကျိုးနည်းရော ..."

"ဟုတ် - ဟုတ်"

သည့်နောက် အန်ဆေးတိုက်ပြီး အော့အန်စေကာ ငှက်ပျောသီးအစာများကို ကုန်စင်အောင် အန်စေတယ်။ ပြီး - အိမ်သုံးဆား အနည်းငယ်တိုက်ဆေးလိုက်တယ်။

သွေးပေါင် မထိခိုက်စေဖို့လို့ သိရတယ်။

အဲဒီအချိန်ကစပြီး ကြည်သိန်း ဆိုတဲ့ကောင် ငှက်ပျောသီးအဖီးလိုက်မြင်မစားရဲတော့ဘူး။

ယခုချိန်ထိ ဒီကောင်ကြည်သိန်း ရှိနေတုန်းပါပဲ ခင်ဗျား။ ကျွန်တော် ကြားသမျှတော့ ငှက်ပျောသီးကို ပြိုင်စားရင် ဆားနဲ့နယ်ပြီး အရည်ဖြစ်သွားတော့မှာသောက်ရတယ်လို့ ကြားသိရပါတယ်။

သို့သော် မပြိုင်ကောင်းပါဘူးဗျာ။

ပြိုင်ပွဲတိုင်းမှာ နည်းပရိယာယ်ဆိုတာ ရှိတယ်လေ၊ နည်းပရိယာယ်တို့ အချက်အချက်တို့ မသိနားမလည်ပဲပြိုင်ရင် ရှုံးတတ်တာပဲ။

— ☠ —

ကျွန်တော် စံရဖူးတယ်ခင်ဗျ။

တာလသားအရှယ်တုန်းပေါ့ဗျာ။

တာလသားကြီးအရွယ်တုန်းက ကျွန်တော် အရက်ဖြူပုလင်းကြီးတစ်လုံးကို အချိန်အနည်းငယ်အတွင်း ကုန်အောင်သောက်နိုင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဒါကို သူငယ်ချင်းတစ်ယောက်က မယုံဘူး။

မသောက်နိုင်ပါဘူးတဲ့။

ကျွန်တော်က ပြောတယ်၊

အမြည်းကောင်းကောင်းပါရင် အရက်ဖြူတစ်လုံးကို နာရီဝက်အတွင်း တောင် သောက်နိုင်တယ်လို့ပေါ့။

"မင်း တကယ်သောက်မှာလား - ညိုမှိုင်း"

"သောက်မယ် - အောင်ရွှေ၊ မင်း အကုန်စံမှာလား"

"မင်း အလုံးကြီးတစ်လုံး မဟုတ်ဘူး၊ တစ်ပိုင်းမှာပဲ မူးလဲသွားရမယ် ညိုမှိုင်း - ဘယ်နှဲ"

"စိန်လိုက်လေ - တစ်ပိုင်းလောက်ကတော့ စာမဖွဲ့ဘူး - ကြာသလားလို့"

"အပိုင်း" ခေါက်ဆွဲဆိုင်မှာ အရက်ဖြူပုလင်းသေးနှစ်လုံးမှာလိုက်တယ် ပုလင်းလေးနှစ်လုံးဟာ ပုလင်းတစ်လုံးနဲ့ အတူတူပါပဲ၊ အမြည်းကလည်း ဝက်သားသုပ်၊ အစိမ်းကြော်၊ ဘဲကင်နဲ့ ကြံမဆိုင်ဟင်းချိုနဲ့ ...။

အရက်ကို အောင်ရွှေကိုယ်တိုင် သွားယူချပေးတာရယ် -

"အောင်ရွှေ"

"ဘာတုံး - ညိုမှိုင်း"

"အရက်ထဲကို မင်း ဘာထည့်လိုက်သေးလဲ"

"ဘာမှမထည့်ဘူး၊ ဒီအရက်နှစ်ပုလင်းလုံးကို မယုံရင် နောက်ထ ပုလင်းအသစ်နှစ်လုံး ယူပေးမယ်"

"ရတယ် - ဒါပဲ သောက်မယ်"

တိုတိုပြောကြပါစို့ဗျာ၊

အရက်ပုလင်းအသေးတစ်လုံးမကုန်ခင်မှာပဲ ကျွန်တော်မူးပြီး စားပွဲ မှောက်လျက်ကျသွားခဲ့တယ်၊ သူတို့က ကျွန်တော့်အိမ်ကို ဆိုက်ကားနဲ့လို ပို့ပေးသတဲ့၊



နောက်နေ့ အမူးပြေလို့ လူစုံတော့ အရက်တစ်ပိုင်းနဲ့ မူးလဲကျသွားတဲ့ ကျွန်တော့်ကို ဝိုင်းဟားကြတယ်ဗျာ၊

"မင်းက ကြွားပဲ - ညိုမှိုင်းရ၊ ပြောတော့ - အရက်တစ်လုံး ကုန်အောင် သောက်နိုင်သလေ၊ ဘာလေးနဲ့၊ အမြင်မှာတော့ တစ်ပိုင်းနဲ့ အိမ်ပြန်ပို့ပေးရတယ်ဟေ့ - ဟား - ဟား"

"ဟုတ်ရဲ့လားကွာ"

"အားလုံးသာ မေးကြည့် - ကိုယ့်လူ"

"ကိုသောင်းညွန့်"

"ဟေ"

"ကျွန်တော် အရက်တစ်ပိုင်းနဲ့မူးလဲကျသွားတယ်ဆိုတာ ဟုတ်လားဗျ"

"ဟုတ်တယ် - ငါကိုယ်တိုင် မင်းကို ဆိုက်ကားနဲ့ အိမ်အရောက် လိုက်ပို့ ရတယ်"

ကျွန်တော် အရက်တစ်လုံးကို နာရီဝက်သာသာအတွင်း သောက်ခဲ့ဖူးပါ တယ်၊ ပြီးရင် - အေးအေးဆေးဆေး စကားပြောနိုင်ခဲ့ဖူးပါလျက်၊

မနေ့က အရက်တစ်ပိုင်းနဲ့ ဘာကြောင့် မူးပြီးမထနိုင်ရတာလဲ၊

နောင်အခါ ၎င်းအဖြေကို ကျွန်တော် သိခဲ့ရတယ်၊

"မင်း - ဘာကြောင့်အရက်တစ်ပိုင်းနဲ့ မူးလဲကျရတာလဲ - သိလား ညိုမှိုင်း"

"မသိသေးဘူး - ကိုသောင်း၊ ခင်ဗျားသိရင် ပြောပါဦးဗျ"

"နောင် ဘယ်တော့မှ အောင်ရွှေနဲ့ စိန်ခေါ်ပြီး ပြိုင်ပြီး အရက်ကို သောက် မပြနဲ့"

"ဘာဖြစ်လို့တုံးဗျာ"

"သူနဲ့ပြိုင်ရင် မင်းပဲ ရှုံးမှာပဲ"

"ဘာလို့ ကျွန်တော် ရှုံးရတာလဲ"



www.burmeseclassic.com

"မနေ့တုန်းက အောင်ရွှေက မင်းသောက်တဲ့အရက်ပုလင်းဖင်မှာ နားဖာချေး သုတ်ပေးလိုက်တာတဲ့။ မှတ်ထား - အရက်ပုလင်းဖင်မှာ နားဖာချေး သုတ်ပေးလိုက်ရင် အရက်ဟာ ဓာတ်မြင့်ပြီး အစွမ်းကုန်မူးရောတဲ့။

"ဟာ"

— ✻ —

လောင်းကြေးစားကြေးပြိုင်ပွဲအချို့မှာ မမှန်ကန်တဲ့ အပြုအမူတွေရှိမှန်း ကျွန်တော် တဖြည်းဖြည်း အတွေ့အကြုံအရ သိလာခဲ့ရတယ်။

ဒီမှာ နောက်ဆုံးပြိုင်ပွဲတစ်ခုရဲ့ ထူးဆန်းတဲ့ဖြစ်ရပ်ကို ပြောပြချင်တယ် ဗျာ။

အဲဒါ ဂမ္ဘီရလား။

ဓာတုဓာတ်သဘောရဲ့ သက်ရောက်မှုပဲလား။

စာဖတ်သူတို့ စဉ်းစားပေးဖို့ပါပဲ။

သူ့နာမည်က ကိုဝမ်းခေါင်းတဲ့ဗျ။

ဝမ်းဗိုက်အိုးက အတော်ကျယ်တဲ့လူပဲဗျာ။ အစားကလည်း ကြီးမှကြီးပဲ။ လူက အရပ်ပုပု၊ ခေါင်းကြီး၊ နံကားဗိုက်ကျယ်။ အလှူအိမ်မှာ ထမင်းစားရင် ဟင်းလိုက်၊ ထမင်းလိုက်ထည့်တဲ့လူ မေတ္တာပို့ မျက်စောင်းထိုးရတယ်။

တကယ်အစားကြီးတဲ့လူပဲကိုး ဗျ။

လိုက်ပွဲကို ခြောက်ပွဲလောက် လိုက်ရတယ်။

အလှူလက်လန် လက်ဖျားခြေဖျားခါရတဲ့ ကိုဝမ်းခေါင်းတဲ့။

သူကလည်း လူထူးလူဆန်းပဲဗျာ။

ဝက်သားသုံးပိဿာချက်ကို တစ်ထိုင် မိနစ်နှစ်ဆယ်မှာ ကုန်အောင် စားနိုင်တယ်တဲ့။

မျက်မြင်ကိုယ်တွေ့သမားများ အပြောအရ ကိုဝမ်းခေါင်း ဝက်သား သုံး ပိဿာချက် ကုန်အောင်စားတာကို အကြွင်းမဲ့ ယုံကြည်ကြတယ်။



မယုံလို့ လောင်းကြေးစားကြေးပြိုင်ချက်ကျွေးဖူးတော့ မယုံတဲ့လူ လောင်း ကြေးရော၊ ဝက်သားဖိုးရော ပါသွားပါရောလားဗျာ။

ဒါကြောင့် အကြောင်းသိ၊ ဓာတ်သိသူများက ကိုဝမ်းခေါင်းနဲ့ လောင်း ကြေးစားကြေး မပြိုင်ရဲကြဘူး။

သို့သော် ...

ပြိုင်လောင်းချင်တဲ့လူတစ်ဦး တစ်နေ့ပေါ်လာပါရောလားဗျာ။

သူ့နာမည်က ကိုရွှေပြည်သာတဲ့။

ညောင်သုံးပင်ကျေးရွာကို ပြောင်းလာတဲ့လူဗျ။

ပွဲစားလုပ်တယ်လို့ သိရတယ်။

အဲဒီအချိန်တုန်းက ညောင်သုံးပင်သင်္ချိုင်းကုန်းက မပြောင်းရွှေ့သေးဘူး။ နေ့စဉ် မြို့ထဲက နာရေးကိစ္စ အသုဘမှန်သမျှ ညောင်သုံးပင်သင်္ချိုင်းမှာ မြေ မြှုပ်သင်္ဂြိုဟ်၊ မီးသင်္ဂြိုဟ် ဂူသွင်းလုပ်ရတယ်လေ။

သူ (ကိုရွှေပြည်သာ)က ကိုဝမ်းခေါင်း ဝက်သားသုံးပိဿာချက် တစ်ထိုင် မိနစ်နှစ်ဆယ်အတွင်း အကုန်စားနိုင်တာကြားတော့ လောင်းကြေး စားကြေး လုပ်ချင်လို့ ခေါ်လာခဲ့ပါဆိုတာနဲ့။

အကြံအဖန် ခွင်ချက်တဲ့ပွဲစားတွေက ကိုဝမ်းခေါင်းကို ညောင်သုံးပင်က ကိုရွှေပြည်သာဆိုသူရှိရာ ခေါ်လာခဲ့ကြတယ်။ ကိုဝမ်းခေါင်းကလည်း အချဉ် တွေ့ပြီဆိုပြီး ဝမ်းသာလို့။

တွေ့ကြပြီ။

"ကိုဝမ်းခေါင်းလား ခင်ဗျ"

"ဟုတ်ပါတယ်ဗျ - နောင်ကြီးက ကိုရွှေပြည်သာ ထင်ပါရဲ့ဗျ"

"ဟုတ်ပါတယ်ဗျာ၊ ကျွန်တော်ကိုရွှေပြည်သာပါ၊ ကိုဝမ်းခေါင်း ဝက်သား သုံးပိဿာချက်ကို မိနစ်နှစ်ဆယ်အတွင်း ထိုင်ရာမထ၊ အကုန်စားနိုင်တယ် ဆိုတာ ဟုတ်ပါလားဗျ"

www.burmeseclassic.com

"ဟုတ်ပေါ့ဗျာ၊ ဘာလဲ - ကိုရွှေပြည်သာက မယုံလို့လားဗျ၊ မယုံရင်မြိုင်မယ်ဗျာ"

"ကျွန်တော်ကလည်း မှန်တာပြောရရင်မယုံဘူးဗျာ၊ ဝက်သားသုံးပိဿာချက်ဆိုတာ လူ(၅)ယောက် ထမင်းနဲ့စားရင်တောင် အတော်ကိုစားယူရတာကိုး၊"

"မယုံဘူးပေါ့"

"ဟုတ်ကဲ့ - မယုံလို့ လက်တွေ့မြင်ချင်လို့ပါ"

"မယုံရင် လောင်းကြေးတော့ ထည့်ပေါ့ဗျာ"



ဝက်သား(၅)တုံးမြောက်မှာ ကိုဝမ်းခေါင်း စားလို့မရတော့ဘူး။ ဝက်သားက ဝက်သားနံ့ မရဘဲ ထူးထူးဆန်းဆန်း လူသေပုပ်စော်နံ့နေတာပဲ။ လတ်လတ်ဆတ်ဆတ် ဝက်သားဟင်းက လူသေပုပ်နံ့ နံနေတာ အံ့သြစရာ ကောင်းပါတယ်။ ❜❜



"ကျွန်တော် ဝက်သားဖိုး တာဝန်ယူတဲ့အပြင် ငွေတစ်သောင်း လောင်းမယ်ဗျာ"

"မနည်းဘူးလား - နောင်ကြီး ရွှေပြည်သာ"

"ဒါဆို - နှစ်သောင်းဗျာ"

"နှစ်သောင်းခွဲ လုပ်ဗျာ"

"ရွှေငါးကျပ်သား ဝယ်လို့ရနေပြီ - ကိုဝမ်းခေါင်းရ"

"လုပ်ပါဗျာ - ရွှေတစ်ဆယ်သားဖိုး မရှိပါဘူး"

(ထိုကာလက ရွှေတစ်ကျပ်သားမှာ သုံးထောင်ခန့်မျှသာ ရှိ၏)

"ဒါဆိုလည်း နှစ်သောင်းခွဲ လောင်းတယ်ဗျာ၊ ဒါနဲ့ - ဝက်သားသုံးပိဿာက အဖြူထည် ချက်လား၊ အစပ်ချက်လားဗျာ"

"ဝရုတ်သီးထောင်းရင်ကြာတယ် - ကိုရွှေပြည်သာ၊ အဖြူထည် တရုတ်ချက် ပဲငံပြာရည်နဲ့သာ ချက်ပါ"

"ခင်ဗျားရှေ့မှာပဲ ချက်မယ်နော်၊ တော်ကြာ - ဘာညာထင်မှာစိုးလို့ပါ"

"ရတယ် - ပိုကောင်းတာပေါ့ဗျာ"

ဒီမှာ ကိုရွှေပြည်သာက -

"မောင်စိန်ရေ"

"ဗျာ - ဆရာ"

"သွား - ရွာထဲမှာ ဝက်ပေါ်တယ်တဲ့၊ သုံးပိဿာ သွားဝယ်စမ်း၊ ရော့ - ပိုက်ဆံ"

"ဟုတ်ကဲ့ပါ - ဆရာ"

မောင်စိန်ဆိုသူ မကြာပါဘူးဗျာ၊ ဝက်သားတစ်ပိဿာ သုံးတွဲဝယ်လာပြီး ပြတယ်၊

"ကိုဝမ်းခေါင်း"

"ဘာလဲ - ကိုရွှေပြည်သာ"



www.burmeseclassic.com

www.burmeseclassic.com

"ခင်ဗျားတို့လက်နဲ့ပဲ တုံးတစ်ပြီး စိတ်ကြိုက်ချက်ပါဗျာ။ ကျွန်တော်တို့ လက်နဲ့လုပ်ရင် မယုံမှာစိုးလို့ပါ"

"ရတာပေါ့ဗျာ - လာ - ကံကြီး"

"ဗျာ - ကိုဝမ်း"

"မင်းကိုယ်တိုင်ကိုင်ပြီး ငါတို့ရှေ့မှာပဲချက်"

"ဟုတ်"

အားလုံးရှေ့မှာပဲ ကိုကံကြီးက ဝက်သားကို လက်သီးဆုပ်ခန့် အတုံးတုံးပြီး ဆီ၊ ဆား၊ ပဲငံပြာရည်နဲ့နယ်၊ နှစ်ပြည်ဝင်အိုးနဲ့ အုတ်ခဲမီးဖိုပြီး တစ်ယောက်တစ်လက် မီးထိုးကြပေါ့ဗျာ။ အရက်လေး သောက်လိုက်၊ ကိုဝမ်းခေါင်းလူက မီးထိုးလိုက်၊ ကိုရွှေပြည်သာရဲ့လူက မီးထိုးလိုက်ပေါ့။

"မီးတောက်အားက ကောင်းတော့ ခဏလေးနဲ့ ပွက်ပွက်ဆူပြီး ဟင်းအိုးအနံ့ကို သင်းလို့။ ကျက်ခါနီးမှာ ကိုဝမ်းခေါင်းနဲ့ ကိုရွှေသာတို့ အိုးဖွင့်ကြည့်ပြီး မြည်းကြတယ်။

"ရပြီလားဗျ"

"နည်းနည်းလိုသေးဗျ"

"မီးနာနာထိုးမှဗျ"

ကိုရွှေပြည်သာက ပြောရင်းကနေ အိမ်အောက်က ဝါးဟောင်းပိုင်း တစ်ချောင်းယူပြီး မီးထိုးပေးလိုက်တော့ မီးတောက်အား ကောင်းလာပါရောဗျာ။

ဆယ်မိနစ်ခန့်အကြာမှာ ကိုဝမ်းခေါင်းက ဟင်းမြည်းကြည့်တယ်။

"ရပြီဟေ့ - ချပြီး အအေးခံထားလိုက်"

ဝက်သားဟင်းအိုးကို အအေးခံထားတုန်း အနီးမှာပဲ အာလာပ သလ္လာပ ပြောကြ၊ ရယ်စရာတွေ ပြောကြ၊ တဝါးဝါး၊ တဟားဟားနဲ့ပေါ့ဗျ။



နောက် သုံးပင်ရွာက လူအချို့လည်း ဝက်သားသုံးပိဿာချက် တစ်ထိုင်မိနစ်(၂၀)အတွင်း စားပြမယ်ဆိုလို့ အံ့သြပြီး ဟုတ်.မဟုတ် လာကြည့်ကြလို့ဗျာ၊

"ဆရာဝမ်း - အေးသွားပြီဗျို့"

"အေးရင် အိုးလိုက်ယူခဲ့ဟေ့"

ဝက်သားအိုးကြီးကို ဖျာကြမ်းပေါ်မှာ ချလိုက်ပြီး အဖုံးဖွင့်ထားတယ်။ အသားတုံးရော၊ သုံးထပ်သားရောကို စားချင်စရာပဲဗျာ။

"ကျုပ်စားမယ်နော် - နာရီ မှတ်ထား"

"မှတ်ထားတယ်၊ ခင်ဗျား သောက်ရေယူဦးမလား - ကိုဝမ်းခေါင်း"

"မလိုဘူး - ကိုင်၊"

ကိုဝမ်းခေါင်းလက်ငါးချောင်းနဲ့အသားတုံးတစ်တုံးကိုယူပြီး တစ်ချက်နှစ်ချက်ဝါးလို့ မျိုချလိုက်တယ်၊

"ဝမ်းခေါင်းကွ"

"ကြိတ်ထား - ငါ့လူကြီးရေ"

"နိုင်ရင် ကားစင်းလုံးငှားပြီး တစ်နေ့လုံး သောက်မယ်ကွ"

"သုံးပိဿာချက် ကုန်အောင်စားရင် လူမဟုတ်ဘူးကွ"

"ဖုတ်ဝင်နေတာ ဖြစ်မှာပဲ"

"မောင်သန်လျှင် သေပြီးဝင်စားလားမှ မသိပဲ၊ ဒါကြောင့် စားနိုင်တာ နေမှာပေါ့"

"နှစ်တုံး - သုံးတုံး - လေးတုံး"

ဝက်သားငါးတုံးမြောက်မှာ ကိုဝမ်းခေါင်း စားလို့မရတော့ဘူး။ ဝက်သားက ဝက်သားနဲ့ မရဘဲ ထူးထူးဆန်းဆန်း လူသေပုပ်စော် နံနေတာပဲ၊ လတ်လတ်ဆတ်ဆတ် ဝက်သားဟင်းက လူသေပုပ်နံ့ နံနေတာ အံ့သြစရာကောင်းပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com

"ဆက်စားလေကွာ"

"အေ့ - ဝေါ့"

"ဟ - ဝမ်းခေါင်းရ - ဘာဖြစ်တာတုံးဟ"

"ဝေါ့ - အေ့ - ဝေါ့ - ဝေါ့"

ကိုဝမ်းခေါင်း စားရင်းက အော့အန်လိုက်တာ စားထားတဲ့ ဝက်သားတုံး တွေ ပြန်ထွက်လာပါရော။

"ဝမ်းခေါင်း - ဘယ်လိုဖြစ်တာတုံးဟ - ငါ့လူရ"

"အေ့ - ဝေါ့"

နောက် အောက်ဆုံးက အတုံးကို လုန်ပြီးစားကြည့်တယ်။

"အေ့ - ဝေါ့ - ဝေါ့ - အားမလေးဗျာ"

"ကိုဝမ်းခေါင်း - ဘယ်လိုလဲဗျ - ဆက်စားလေဗျာ"

ကိုရွှေပြည်သာက ပြုံးပြီးပေးတယ်။

"တော်ပြီဗျာ - စားလို့မရတော့ဘူး။ ကျုပ် အရှုံးပေးတယ်"

"ဟေ"

"ဟာ"

"ဘာ - ဘာ"

"သွားပါပြီကွာ"

ဝင်ပါလောင်းတဲ့လူတွေ ညည်းကုန်ပါရောလား။ ကိုဝမ်းခေါင်း ရေအိုးက ရေနဲ့ ပလုတ်ကျင်းပြီး အံ့ဩနေရဲ့။

"ခင်ဗျား ကျန်တဲ့ဝက်သားဟင်းတွေ ယူသွားလေဗျာ"

"မယူဘူး"

ဒီမှာ ကိုဝမ်းခေါင်းရဲ့တပည့် ဟင်းချက်ကံကြီးက -

"ကျွန်တော် ယူမယ်"



"ဟော့ကောင် ကံကြီး - ထားခဲ့ - အားလုံး ပြန်မယ်။ ကျုပ် ရှုံးသွားပြီ ကိုရွှေပြည်သာ"

"အေးပေါ့ဗျာ - နောင်ကို မကျေနပ်လို့ပြုပြီး ပြိုင်ချင်ရင် အချိန်မရွေး လာခဲ့ပါ - ကိုဝမ်းခေါင်း၊ ကျုပ်တို့ စောင့်နေပါ့မယ် - နော"

သူတို့ ဆူဆူညံညံနဲ့ ပြန်ထွက်ခဲ့ကြတယ်။

"ကိုဝမ်းခေါင်း - ဘာလို့အန်ရတာတုံး"

"နံလို့"

"ဟင် - နံလို့ - ဘယ်လိုနံတာတုံးကွ"

"ဝက်သားတုံးက လူသေကောင်ပုပ်နံ့ နံလို့ စားမရဘူးကွာ - အေ့"

"ဟင်"

"ဟေ"

"ဟုတ်ရဲ့လား - ဝမ်းခေါင်းရာ"

"ဟုတ်လို့ ငါမစားနိုင်တာပေါ့ကွာ။ လူသေကောင်နံ့ မနံလို့ကတော့ အိုး ပါဝါးစားပစ်တာပေါ့"

"ကံကြီး"

"ဘာတုံး"

"ဟင်းကို မင်းကိုယ်တိုင်ချက်တာ မဟုတ်လား"

"ဟုတ်တယ်လေ"

"မင်း - သူတို့ပေးတဲ့ ပဲငံပြာရည်ကို နမ်းကြည့်ရဲ့လား - ကံကြီးရာ"

"နမ်းကြည့်ပြီးမှ ချက်တာ၊ နယ်တာကွ။ ပဲငံပြာရည်နံ့ပဲ ရတာဥစ္စာ"

"အင်း - မဟုတ်မှလွဲရော သချိုင်းကုန်းနဲ့လည်း နီးနေတော့ အပ,များ ထင်လာရော့လား"

"တောက် - အပွဲပွဲနွှဲလာတာ ဒီတစ်ခါကျမှ ခံရတာ နာတယ်ကွာ"

www.burmeseclassic.com

ပြောရရင် ထိုအချိန်ကစ၍ ကိုဝမ်းခေါင်း အစားပြိုင်ပွဲ သိပ်မလုပ်တော့။

နောင်အခါ လုံးလုံးလျားလျားကို မတော်မဟုတ်တဲ့ အစားပြိုင်ပွဲကို မလုပ်တော့။

အကြောင်းကား ...

— ✠ —

ရွှေပြည်သာသည်လည်း ဝက်သားသုံးပိဿာချက် အစားပြိုင်ပွဲ ပြုလုပ်ပြီး သိပ်မကြာခင် ညောင်သုံးပင်ရပ်ကွက်မှ ပြောင်းရွှေ့သွားခဲ့တယ်။

တစ်နေ့ ရန်ကုန်ပွဲစားတန်းမှာ ကိုရွှေပြည်သာနဲ့ ကျွန်တော်တွေ့လို့ လက်ဖက်ရည်ဆိုင်မှာထိုင်ရင်း ထိုပြိုင်ပွဲအကြောင်းကို ပြောကြရာ -

"ကိုရွှေပြည်သာရယ် - အဲဒီတုန်းက ကိုဝမ်းခေါင်း စားတဲ့ဝက်သားက ဘာကြောင့် လူသေပုပ်နံ့ နံရတာလဲဗျာ ဟင်"

"မသိချင်ပါနဲ့ဗျာ"

သူက မပြောပါ။ မရအရ မေးတော့မှ သူက ပြောရှာတယ်။ သူပြောပုံက ဒီလို။

"အလောင်းအစားလုပ်ရတာဆိုတော့ ဝက်သားဟင်းအိုး ကျက်ခါနီးမှာ ကျုပ်က မီးဖိုထင်းမီးထဲကို လူသေကောင် (အစိမ်းသေ)ရဲ့အရိုးစလေးတစ်ချောင်း သူတို့မသိအောင် ဝါးခြောက်ထဲထည့်ပစ်လိုက်တာကိုးဗျ။ အဲဒီလူသေကောင် အရိုးစမီးခိုးက ဝက်သားဟင်းအိုးထဲ စိမ့်ဝင်သွားတော့ ဝက်သားဟင်းဟာ စားလိုက်တိုင်း လူသေပုပ်နံ့ ရပြီး ခင်ဗျားလူ လုံးဝရှုံးသွားရတာပဲလေ"

ဩော် ... ပြိုင်ပွဲ။

လောင်းကြေးစားကြေးပြိုင်ပွဲ။

အချို့က ရိုးသားစွာ ပြိုင်ကြ။



အချို့တာ မရိုးသားသော မသမာသောနည်းပညာ၊ ပရိယာယ်များနှင့် ကြံစည်ကြ။

အကျိုးတရားတွေ ပျက်စီးကြ။

ဒါကြောင့် လောင်းကြေးစားကြေးပြိုင်ပွဲဆိုရင် စဉ်းစဉ်းစားစား ပြုပြီးမှ ဆော်နေကြာ ...။

အင်း - မပြိုင်ရင် ပိုကောင်းမေ့ါဗျာ။


မှတ်ချက် ။ ။ မရမ်းကုန်းမြို့နယ် (ခ)ရပ်ကွက်မှ ဦးတင့်ထူးကို ကျေးဇူး တင်ပါသည်။)

➳ မောင်ညိုမှိုင်း (သန်လျင်)

စာမူများ
ပေးပို့လိုပါက
အယ်ဒီတာအဖွဲ့
သည်းထိတ်ရင်ဖိုမဂ္ဂဇင်း
အမှတ် (၅၀၁/၅၀၂)၊ (၂/ခ)၊ ပထမထပ်
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

www.burmeseclassic.com

www.burmeseclassic.com



# လူဆိုး လူကောင်း

စိုးဝေ

ထောင်ဆိုသည်မှာ လူဆိုးကို
လူ့ပီသွာဖြစ်အောင် ပြုပြင်ပေးသော
ဌာနကြီးတစ်ခုဖြစ်ကြောင်း စာရေးသူ၏
စေတနာ ဖော်ညွှန်းဝတ္ထုတစ်ပုဒ် ..

**“တောက်ထိန်**”တောက်ထိန် ထောင်က ထွက်လာပြီတဲ့” တစ်ရွာလုံး အုတ်အော်သောင်းတင်းဖြစ်သွားကြတယ်၊ ဒီလူလူဆိုးလူမိုက် ထောင်ထွက်တစ်ယောက် ထောင်က လွတ်လာခြင်းဟာရွာအတွက်လူဆိုးလူမိုက်တစ်ယောက် ရွာကိုပြန်ရောက်လာလျှင် အသက်အန္တရာယ်လုံခြုံရေး စိတ်မချနိုင် ဖြစ်ကြရတယ်။

ရွာကထိန်အလှူပွဲကလည်း မကြာမီ ကျင်းပဖို့ ရက်ပိုင်းမျှသာ လိုတယ်၊တောက်ထိန်အတွက်တော့ အချိန်ကိုက်ပြီး ထောင်က လွှတ်ပေးလိုက်သလိုဖြစ်နေတယ်၊ ရွာကထိန်ပွဲဆိုတာကလည်း နှစ်စဉ်ကျင်းပနေကြတဲ့ရွာ အလှူအတန်းပွဲမို့ ဖျက်သိမ်းပစ်ဖို့ကလည်း မလွယ်ဘူးလေ၊



www.burmeseclassic.com

www.burmeseclassic.com

တောက်ထိန် မိသားစုကတော့ လင်တော်မောင် လူမိုက်ကြီး ထောင်က လွတ်လာပြီဆိုတော့ ဝမ်းသာအားရ ဖြစ်နေကြတယ်။ သူတို့ဘဝအတွက် အားကိုးမှီခိုစရာကြီးမို့ အရင်လိုရွာထဲမှာ အားငယ်စိတ်၊ ကြောက်ရွံ့စိတ်တွေနင့် မျက်နှာငယ်နေစရာ မလိုတော့ဘူး။ ခေါင်းမော့ရင်ကော့ပြီး အားလုံးကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်နိုင်ခဲ့ပြီ။

ဟိုတုန်းကတော့တောက်ထိန် လူသတ်မှုဖြစ်ပြီးထောင်ကျသွားစဉ်ခါက အသတ်ခံရတဲ့မိသားစုတွေဘက်က မကျေနပ်ဖြစ်ပြီး လူကိုမှီရှိုးမှုစ်ချိုးပြော၊ မတူမတန်သလို ဆက်ဆံခဲ့ကြတာကိုခေါင်းငုံ့ခံနေခဲ့ရတယ်။ ရွာထဲက လူတွေ အားလုံးလိုလိုကလည်း မခေါ်မပြောချင်သလို လူသတ်သမားမယားဆိုပြီး ရွံ့မုန်း မုန်းနေခဲ့ကြတယ်။

ခုတော့ ဘာတတ်နိုင်ကြသေးလဲ၊ ငါ့လင် ကိုတောက်ထိန် ထောင်ထဲက လွတ်လာခဲ့ပြီပဲ။ သင်းတို့တွေ ငါတို့မိသားစုအပေါ်နှိမ်ချဆက်ဆံခဲ့သမျှအတိုးချပြီး ထဘီအလံတူပြီး သောင်းကျန်းပြလိုက်ဦးမယ်။ ရပ်ထဲရွာထဲမှာ ငါ့မိသားစုတွေကို အနှိမ်ခံနေရသမျှ စိန်ခေါ်ပြီး ရင်ဆိုင်ယှဉ်ပြိုင်လို့ရပြီ။ အဲဒီလို စိတ်ထဲမှာ ကြုံးဝါးသံနှင့်အတူ မမဲတူတစ်ယောက် ဝမ်းသာပီတိဖြစ်နေရှာတယ်။

တောက်ထိန်ဆိုတာကလည်းထောင်ထဲမဝင်ခင်အချိန်တုန်းကအသက်အရွယ်ငယ်ငယ်ပဲရှိသေးခဲ့တာကိုး။ အသက်သုံးဆယ်အရွယ်မှာ ရွာထဲအရက်မူးပြီး ဆဲဆိုအော်ဟစ်သောင်းကျန်းတတ်သူ၊ လူတကာအပေါ် ထီမထင်တဲ့ ပုံစံနဲ့မိုက်ဂုဏ်ပြနေခဲ့သူ။ ရွာသူရွာသားတွေဆိုတာလည်းလူဆိုးလူမိုက်တစ်ယောက်နှင့်ဖက်ပြိုင်ရန်မဖြစ်ချင်လို့ တတ်နိုင်သမျှ ရှောင်ကွင်းသွားခဲ့ကြတယ်။ ဒါကို တောက်ထိန်က သူ့ကိုရွံ့ကြောက်ကြီးမှန်းသိလို့ ရှောင်ဖယ်သွားတာကိုပဲ အဟုတ်ကြီးထင်နေတယ်။ နေ့စဉ် အရက်ကလေး တမြမြသောက်ပြီး စိတ်ကြီးဝင်နေတယ်။

ရွာထဲမှာဆိုတာလည်းထစ်ခနဲဆိုတောက်ထိန်အရက်မူးမူးပြီးပြဿနာရှာလို့ ရိုက်ခဲ့နက်ခဲ့တဲ့ လူတွေမှာ လူမိုက်နဲ့ဖက်ပြိုင်ရန် မဖြစ်လိုဘဲ သည်း စိတ်မွေးနေကြတယ်။ ရွာလူကြီးဆိုတာလည်းဟိုကလာတိုင်လိုက်၊ ဒီကလာတိုင်လိုက်နှင့်ကြာတော့ တောက်ထိန်ကိုခေါ်ပြီး ထိတ်တုံးခတ်ခဲ့တာပဲ အဖတ်တင်တယ်။

တောက်ထိန်တို့ကတော့ ထိတ်တုံးကလွတ်တာနဲ့ မူးမြဲ ဆိုးမြဲပဲ။ ဘယ်သူ့ကိုမှလည်း ကြောက်ရွံ့ထိတ်လန့်စိတ်မရှိဘဲ စိတ်ထင်ရာ နိုင်းနေတတ်သူဖြစ်တယ်။ တောက်ထိန်မယား မမဲတူဆိုတာကလည်း အသွင်တူလို့ အိမ်သူဖြစ်လာတာထင်ပါရဲ့။

ယောက်ျားလုပ်တဲ့လူ မူးပြီးခိုက်ရန်ဖြစ်ပွားနေရင် လင့်ဘက်က လိုက်ပြီး အမှန်အမှား ဝေဖန်ခွဲခြားနိုင်စွမ်းမရှိဘဲ ကက်ကက်လန်အောင် ရန်တွေ့ရန်ထောင်တတ်တယ်။ မမဲတူအသက်ကလည်း လင်ဖြစ်သူ တောက်ထိန်ထက် ဆယ်နှစ်လောက်ငယ်နေတော့အဆိုးအကောင်း ဘာမှနားလည်တာမဟုတ်ဘူး၊

မမဲတူ ရွာထဲလည်း ငါးရောင်းရာကျွေးပြီး လုပ်ကျွေးနေတဲ့သူပဲ။ ကလေးတာလည်း နှစ်ယောက်ဆိုတော့ မိသားစုဝမ်းစာရေးကို ဒိုင်ခံရှာဖွေကျွေးနေရတယ်၊ လင်ဖြစ်သူ အရက်ဖိုးကို ရှာပေးနေရတာပဲ အဖတ်တင်တယ်။

တောက်ထိန်က ဘာအလုပ်မှမလုပ်ဘဲ မိုးလင်းကမိုးချုပ် တစ်နေကုန် အရက်ထိုင်သောက်နေတာက သူ့ရဲ့နေ့စဉ်ပြုလုပ်နေကျအလုပ်။ တောက်ထိန်ဟာ အရက်ကို နှစ်ခြိုက်လို့ သောက်နေပေမယ့် သွေးဆိုးသူတစ်ယောက်ဖြစ်တယ်။

ဟိုတုန်းက မိဘတွေရှိစဉ်အခါ လှေကလေးတစ်စင်းနှင့် ပိုက်ထောင်ငါးဖမ်းအလုပ်ကို လုပ်ကိုင်ပြီး ဖမ်းမိလာတဲ့ ငါးတွေကိုတစ်ဆင့် ပြန်ရောင်းတန်ရောင်း၊ အိမ်စားဖို့ချန်သင့်တာချန်ပြီး မိဘနှစ်ပါးကို လုပ်ကိုင်ကျွေးမွေးနေခဲ့တယ်၊

ခုတော့ မိဘနှစ်ပါး ဆုံးပါးသွားပြီးနောက်ပိုင်း တောက်ထိန်လည်း လူတောင်းသူကောင်းဘဝကနေ ဆုံးမပဲ့ပြင်မည့်သူမရှိတော့ အလုပ်ပင်ပန်းတာကိုအကြောင်းပြုပြီး အရက်လေးတမြမြ သောက်စားလာတယ်၊

www.burmeseclassic.com

အဲဒီလို မိဘနှစ်ပါးဆုံးပါးသွားပြီး တစ်နှစ်လောက်အကြာမှာ ပင်လယ်ထွက်ပိုင်ထောင်ဖမ်းဆီးမိလာတဲ့ငါးပုစွန်တွေကို မမဲတူကတစ်ဆင့်ခံဖောက်သည်ယူရောင်းပေးရင်း နှစ်ဦးသားငြိစွန်းလာခဲ့ကြတယ်။

အဲဒီတုန်းကမမဲတူ အသက်ရှိလှမှ ဆယ့်ခြောက်၊ ဆယ်ခုနစ်လောက်ပဲ ရှိဦးမယ်။ မမဲတူရဲ့မိဘနှစ်ပါးစလုံးက နာဂစ်မုန်တိုင်းတိုက်ခတ်ခံရတဲ့အထဲမှာ ဆုံးပါးသွားလို့ အဒေါ်က ကြည့်ရှုစောင့်ရှောက်ထားရတယ်။ အရွယ်ရောက်လာတော့ ကမ်းစပ်မှာ တောက်ထိန်ဆီက ငါးပုစွန်တွေကို ဖောက်သည်ယူရောင်းပေးရင်း တစ်ဦးနှင့်တစ်ဦး သံယောဇဉ်ငြိတွယ်ခဲ့ကြတယ်။

အစပထမပိုင်းတော့ တောက်ထိန်က ငါးပုစွန်ပိုက်ထောင်နေရာက ကောင်းရောင်းကောင်းဝယ် လုပ်ကိုင်စားနေခဲ့တာ။ မမဲတူနှင့် အိမ်ထောင်ကျလာခဲ့ပြီး တစ်နှစ်လောက်မှာ သားဦးလေးတစ်ယောက်မွေးဖွားလာတယ်။ ဒီတော့ ပါးစပ်ပေါက်တစ်ပေါက် ထပ်တိုးလာနေပြီလေ။

တောက်ထိန်တစ်ယောက် နေပူမရှောင်၊ မိုးရွာမရှောင် ရာဇဝင်ရှန်းကန်နေရတော့ ပင်ပန်းဆင်းရဲဒဏ်ခံနိုင်အောင် အရက်ကလေး တစ်ခွက်တစ်ဖလား သောက်သုံးနေလာရာက တစ်စတစ်စ အရှိန်မြင့်လာပြီး အရက်ကို မသောက်ရ၊ မနေနိုင်အောင် ဖြစ်လာခဲ့တယ်။ ကြာတော့ အရက်ကျေးကျွန်ဖြစ်ပြီး ယစ်ထုပ်ကြီးဘဝရောက်သွားတယ်။

—※—

တောက်ထိန်အမှုဖြစ်ရတာကလည်း ဘာရယ်မဟုတ်ဘူး၊ ထုံးစံအတိုင်း အရက်သေစာသောက်စားနေကြရင်းဘုံဆိုင်မှာတစ်ယောက်နှင့်တစ်ယောက် အငြင်းအခုံဖြစ်ပြီး စကားပြောဆိုနေရာက အရက်မူးနေသူအချင်းချင်းနဲ့ စကားများ ခိုက်ရန်ဖြစ်ပွားခဲ့ကြတာ။

တစ်ဖက်ကအဖွဲ့ကလည်း လူနှစ်ယောက်တည်းအရက်လာသောက်နေရာက တောက်ထိန်က တစ်ယောက်တည်း အရက်သောက်နေရင်း စကားအချေအတင်ငြင်းခုန်နေရာက လက်ပါလာခဲ့ကြတယ်။ တစ်ဖက်အဖွဲ့က လူနှစ်ယောက်ဆိုတော့ သွေးဆူဆူနှင့် တောက်ထိန်ကို ဝိုင်းပြီး ထိုးကြကြိတ်ကြစဉ်မှာ တောက်ထိန် အလူးအလဲခံနေရတယ်။

နောက်ဆုံးတောက်ထိန်လွတ်ရန်းထွက်ပြီး ပြန်လည်ခုခံနေရင်း အရက်ဆိုင်ထဲက ထင်းခုတ်ဓားမကိုယူပြီး ခုတ်ထည့်လိုက်တာ တစ်ဖက်လူမှာ လည်ပင်းပြတ်လုလု အခုတ်ခံရပြီး သေဆုံးသွားတယ်။ ကျန်တစ်ယောက်ကို လိုက်ခုတ်တော့ ကြောက်ကြောက်နှင့် ထွက်ပြေးရာက လက်မောင်းကိုသာ ခုတ်မိလိုက်ပြီး ထွက်ပြေးလွတ်မြောက်သွားခဲ့တယ်။

အဲဒီဓားခုတ်လူသတ်မှု ကိုယ်အင်္ဂါချို့ယွင်းစေမှုတွေနဲ့ တရားရုံးက ထောင်ဒဏ် ဆယ်နှစ်အမိန့်ချမှတ်ခြင်း ခံခဲ့ရတယ်။ မူလပထမ ထောင်ကျနေစဉ်က နယ်ထောင်မှာထောင်ကျနေရာကရဲဘက်ရွေးချယ်ခံရတော့ ဗဟိုထောင်ကြီးဆီကို ပြောင်းရွှေ့သွားရတယ်။

ဗဟိုထောင်ကြီးထဲကိုရောက်တော့ ထောင်တွင်းလောက (Labour) ခွဲထားပေးခဲ့တယ်။ ထောင်ထဲက အလုပ်ကြီးဘက်ဝင်းမှာရှိတဲ့ စက်မှုလက်မှုဌာနမှာ အလုပ်တာဝန် ချထားပေးခဲ့တာဖြစ်တယ်။ တောက်ထိန်ကို ထောင်ကျအကျဉ်းသားများ အလုပ်လုပ်နေရတဲ့ လက်သမားရုံမှာ တာဝန်ချခဲ့တယ်။

လက်သမားရုံ မန်နေဂျာကြီး ဦးမြင့်စိုးက တောက်ထိန်တို့လို လူသစ်ထောင်ကျတွေကိုအလုပ်ရုံထဲမှာအောက်ခြေသိမ်းကစပြီးသင်ကြားပြသပေးတယ်။ ဟိုတုန်းက နယ်မှာနေခဲ့တဲ့ တောက်ထိန်ဘဝဟာ ဘာမျှမလုပ်တတ်ကိုင်တတ်ဘဲ ဖားရှာငါးရှာဘဝမျိုးနဲ့ပဲ ကျင်လည်နေခဲ့ရတယ်။ ခုတော့ ထောင်ထဲမှာ ထောင်ကျလာတဲ့ အကျဉ်းသားတွေကို အလုပ်အကိုင် အခွင့်အလမ်းရအောင် လက်သမားပညာကို သင်ကြားပြသပေးခဲ့တယ်။





www.burmeseclassic.com

www.burmeseclassic.com

ဒီတော့မှ တောက်ထိန် သဘောပေါက် နားလည်လာခဲ့တယ်။ မိမိတို့လို ပြစ်ဒဏ်ကျခံလာသည့် အကျဉ်းသားများကို ထောင်ထဲက စက်မှုလက်မှုဌာနမှာ နောင်ရေးအတွက် လုပ်ကိုင်စားလို့ရအောင် အသက်မွေးဝမ်းကျောင်းပညာကို အခမဲ့သင်ယူပေးနေပါလားဆိုတာ သဘောပေါက်လာတော့တယ်။

ဘာပဲဖြစ်ဖြစ်၊ တောက်ထိန်ကတော့ အခွင့်အရေးရလာတုန်းအခိုက်မှာ လက်သမားပညာကို အပတ်တကုတ်ကြိုးစားသင်ယူနေတယ်။ မိမိလိုလူဆိုး လူမိုက် လူပေလူတေ တစ်ယောက် ထောင်ကျနေခိုက်မှာ အသက်မွေးဝမ်းကျောင်းပညာတစ်ခုကို ထောင်က စေတနာထားသင်ကြားပေးလို့ဝမ်းမြောက်ဝမ်းသာ သင်ယူနေခဲ့ခြင်း ဖြစ်ပါတယ်။

တကယ်တော့ အကျဉ်းထောင်ဆိုတာ ပြစ်ဒဏ်ကျခံလာကြတဲ့ အကျဉ်းသားတွေကို အကျင့်စာရိတ္တပြုပြင်ပြောင်းလဲပေးပြီး ဝလင်းတန်ဖွံ့ဖြိုးတိုးတက်လာအောင် လေ့ကျင့်ပျိုးထောင်ပေးရာ နေရာဌာန ဖြစ်ပါတယ်။

ထောင်ထဲမှာ နှစ်ရှည်ထောင်ဒဏ်ကျခံလာခဲ့သူတွေအပြင် လောကကို ပြန်လည်ရောက်ရှိသွားသည့်အခါ ကမ္ဘာလောကကြီးနှင့် အဆက်အသွယ်ပြတ်တောက်ပြီး ဘာမျှမလုပ်နိုင်မကိုင်နိုင်ဘဲ ဘဝရပ်တည်ရမှာကို ခက်ခဲကြမှာစိုး၍ထောင်တွင်းစက်မှုလက်မှုဌာနမှပညာရပ်များကို သင်ကြားပေးနေခြင်းဖြစ်ပါတယ်။

ထောင်ကျနေစဉ်အခိုက်မှာ မိမိတို့ ကုန်ဆုံးလွတ်မြောက်ရမည့်အချိန်များကို ထောင်ထဲမှာ အလဟဿမဖြုန်းတီးစေလိုသည့်သဘောနှင့် စက်မှုလက်မှု ဌာနအောက်ရှိ ဖိနပ်ချုပ်လုပ်ငန်း၊ စက်ချုပ်လုပ်ငန်း၊ လက်သမားလုပ်ငန်း၊ ရက်ကန်းလုပ်ငန်းနှင့် သံဖြူလုပ်ငန်း ဌာနအသီးသီးမှာ လေဘာအလုပ် နေရာချထားပေးပြီး သင်ယူတတ်မြောက်စေပါတယ်။

မိမိတို့ဘဝတိုးတက်ကောင်းမွန်လာစေဖို့ အသက်မွေးဝမ်းကျောင်းပညာရပ်တွေကို သက်ဆိုင်ရာအလုပ်ဌာနအလိုက် မန်နေဂျာကြီးနှင့် နည်းပြဆရာများကိုယ်တိုင် ကြီးကြပ်သင်ယူပေးခဲ့တယ်။



ဒီလိုအသက်မွေးဝမ်းကျောင်းပညာရပ်ကိုအပြင်လောကမှာဆိုငွေကြေးတန်ရာတန်ကြေးပေးပြီးမှ သင်ယူတတ်မြောက်နိုင်မှာ ဖြစ်တယ်။ ထောင်ထဲမှာ ဘာသင်တန်းကြေးမှပေးသွင်းစရာမလိုဘဲအလကား သင်ကြားပြသပေးနေတယ်။

တောက်ထိန်ကတော့မိမိဘဝ အနာဂတ်ကောင်းစားရေးအတွက် ထောင်တွင်းမှာ သင်ကြားပေးနေတဲ့ လက်သမားပညာရပ်ကို အားကျိုးမာန်တက် သင်ယူနေတယ်။

ဒါမှလည်းမိမိထောင်ကလွတ်လျှင်ဇနီးသည်မမဲတူနှင့်သားနှစ်ယောက်ကို လူတစ်လုံး သူတစ်လုံးဖြစ်အောင် တင့်တောင်းတင့်တယ် ထားနိုင်မှာဖြစ်တယ်၊ အရင်လိုအရက်သေစာကိုနှစ်နှစ်ခြိုက်ခြိုက်စွဲစွဲလမ်းလမ်းနှင့် သောက်စရာအရက်ကလည်း ထောင်ထဲမှာမရှိတော့ အလုပ်ထဲမှာပဲ အာရုံနှစ်မြှုပ်ပြီး ကြိုးကြိုးစားစား သင်ယူနေလို့ အရက်ပြတ်သလောက် ဖြစ်သွားပြီ။

ယခုလိုတစ်ရွာလုံးက အော့ကြောလန်နေတဲ့တောက်ထိန်တစ်ယောက် လူဆိုးလူမိုက်ဘဝကနေ လူကောင်းသူကောင်း ဖြစ်လာတာကို မည်သူမျှ ဆိုခဲ့ကြဘူး။ ထောင်ဒဏ်ကလည်း နှစ်သက်ရှည်ကြာနေတော့ပတ်ဝန်းကျင်နဲ့ အဆက်ပြတ်နေတယ်။

အမှန်တော့ ဒီလိုဖြစ်ရခြင်းဟာ မကောင်းမှုတစ်ခုခုကို စိတ်ကူးမိ၊ ကြံစည်မိလာခဲ့ရင်လည်း စိတ်ကူးကြံစည်တဲ့ အခြေအနေမှာပဲ ပယ်သတ်ပစ်နိုင်တဲ့အဆင့်ကို ကြိုးစားရပါမယ်။ ဒါကို "အာရတီ" လို့ ခေါ်ပါတယ်။ နောက်တစ်ခုကတော့ မကောင်းမှုတစ်ခုခုကို ကျူးလွန်ဖို့ကြံစည်လာတဲ့အခါမှာ မလွန်ကျူးအောင် စောင့်စည်းနိုင်အောင်လည်း ကြိုးစားရပါမယ်။ ဒါကိုတော့ "ဝိရတီ" လို့ ခေါ်ပါတယ်။

ဒီ "အာရတီနှင့်ဝိရတီ" နှစ်ခုရဲ့သဘောကို ခြုံပြောရရင်တော့ မကောင်းမှုကို ဝေးဝေးမှ အစောကြီးရှောင်ကြဉ်တားမြစ်ခြင်း (သို့မဟုတ်) မနောက်ဖြင့် ရှောင်ကြဉ်တားမြစ်ခြင်းဟာ အာရတီ မည်ပါတယ်။ မကောင်းမှုကို အနီးကပ်ချဉ်းတစ်ပြက် ရှောင်ကြဉ်ခြင်းကို ဝိရတီလို့ ခေါ်ဆိုပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

တောက်ထိန်တစ်ယောက် ထောင်ကလွတ်လာပြီးမိမိရွာဆီသို့ပြန်လာနေစဉ်မှာပဲ ကားပေါ်ထိုင်လိုက်လာရင်း ထောင်ထဲကို ဝင်ခါစ အဖြစ်အပျက်လေးတစ်ခုကိုပြန်လည်မြင်ယောင်လာနေတယ်။ အဲဒီတုန်းက မိမိအပါအဝင်နယ်ထောင်ကပြောင်းရွှေ့လိုက်တဲ့ရဲဘက်အကျဉ်းသားငါးဆယ်လောက်ကိုဗဟိုထောင်ကြီးဆီ ပို့ခဲ့ပါတယ်။

ထောင်ကြီးထဲက ပုံစံခန်းကိုဝင်ရတဲ့အချိန်မှာ နဂိုကကလည်းမိမိကိုယ်တိုင် ရပ်ထဲရွာထဲမှာ တစ်ကိုယ်တော်ရွာ လူမိုက်လုပ်ပြီး မူးရူးသောင်းကျန်းခဲ့စဉ်မှာ ရွာက လူတိုင်းလိုလို ကြောက်ရွံ့နေခဲ့ကြတယ်။ ဒီကြားထဲ လူသတ်ပြီးထောင်ထဲဝင်လာခဲ့တဲ့လူဆိုတော့ အရာရာကိုကြောက်ရွံ့ထိတ်လန့်စရာမလိုဘဲ ရင်ကော့ပြီး ပုံစံခန်းကို ဝင်လိုက်တယ်။

ဒါပေမဲ့ – တောက်ထိန်တွေးထင်ထားသလိုမဟုတ်ဘဲ ထောင်ကြီးက ပုံစံခန်းထဲမှာ ထောင်ဂျပိုး၊ ထောင်သူခိုး လူမိုက်ကြီးတွေ ကြီးစိုးနေတဲ့ နေရာမျိုးမှာ သူ့ထက်သူလူစွမ်းကောင်းကြီးတွေချည်း ဗိုလ်လုပ်ပြီး အုပ်ချုပ်နေတဲ့နေရာ၊ တကယ့်ကို အမိုက်တကော့ ထိပ်ခေါင်တွေချည်း စုဝေးနေခဲ့တဲ့ နေရာဖြစ်ပါတယ်။

ထောင့်အပြင်တန်းမကြောက်ကြတဲ့ဗိုလ်တကာ့ဗိုလ်တွေထဲကမှအမိုက်ဆုံးတစ်ယောက်ကို တန်းစီဘွဲ့ပေးပြီး ပုံစံခန်းကို အုပ်ချုပ်နိုင်းထားတော့ တောက်ထိန်တို့လိုရွာလူမိုက်တစ်ယောက်လောက်ကိုဖျင်းတောင်ဖျင်းသေးတယ်။

ဒါကြောင့်လည်း ပုံစံခန်းထဲမှာ ပုံစံသင်ကြားပြသနေတာကို ထိမတင်သလို ပုံစံနဲ့ သွေးတိုးသွားစမ်းတော့ ပုံစံခန်းလူကြီးဖြစ်တဲ့ တန်းစီးကိုယ်တိုင် ပညာပေးဆုံးမလိုက်တာကို အလူးအလဲ ခံလိုက်ရတယ်။

ထောင်ထဲမှာအနေမတတ်ရင်အသေရပ်သွားမယ်ဆိုတာ တောက်ထိန်နားလည်သဘောပေါက်သွားတယ်။ မိမိက အရက်ကလေးဝင်လာမှ သွေးဆူကြွလာပြီး တစ်ရွာလုံးကို ဗိုလ်ကျစိန်ခေါ်ဝံ့ခဲ့တာ၊ နုတော့ အရက်မသောက်မစားဘဲ လူလူချင်းစိန်ခေါ်ထိုးကြိတ်ဝံ့တဲ့ ထောင်လူမိုက်တွေကိုမြင်မှ ထောင်ထဲမှ ငါ့ထက်မိုက်တဲ့လူစား အများကြီးပါလားဆိုတာ သဘောပေါက် လက်ခံသွားခဲ့တယ်။ ဒီကတည်းက တောက်ထိန် ဦးကျိုးသွားပြီး လူဆိုးလူမိုက်ဘဝကြီးကို စွန့်လွှတ်သွားခဲ့တယ်။

အကျဉ်းထောင်က ချမှတ်တဲ့ထောင်စည်းကမ်းတွေ၊ ထောင်ဥပဒေတွေကို လေးစားလိုက်နာခံယူကျင့်သုံးသွားခဲ့တယ်။ ထောင်ဆိုတာ “ပုံစံ” ဆိုတဲ့ စကားလေးနှစ်လုံးနှင့် တစ်ထောင်လုံးကို ငြိမ်ဝပ်ပိပြားသွားအောင် အုပ်ချုပ်နိုင်စွမ်းရှိပါသလားဆိုပြီး စည်းမျဉ်းစည်းကမ်းထောင်ထဲမှာပဲ သေသေဝပ်ဝပ်နေထိုင်သွားခဲ့တော့တယ်။

နုတော့ပြစ်ဒဏ်စေ့ရောက်လို့တောက်ထိန်ထောင်ကနေ လွတ်မြောက်ခဲ့ပြီး၊ ထောင်ထဲကနေ ထွက်လာရာလမ်းတစ်လျှောက်မှာ ပတ်ဝန်းကျင်တစ်ခုလုံး တိုးတက်ပြောင်းလဲမှုနှုန်း မြင်တွေ့ခဲ့ရတယ်။ မိုးမျှော်တိုက်ကြီးတွေ၊ ကုန်တျော်တံတားကြီးတွေ၊ မြစ်ကူးတံတားကြီးတွေနှင့် လှပဝေဆာနေတာကို တွေ့မြင်ခဲ့တယ်။

ဟိုတုန်းက တောက်ထိန် ရွာကနေ မြို့တက်သွားရင် လှည်းမောင်းပြီးဖြစ်ဖြစ်၊ တစ်နေ့လုံးမှ တစ်စီးသာ ပြေးဆွဲနေတဲ့ လော်လီကားကြီးကိုပဲ အားထားစီးနေရတာ၊ နုတော့ အဲယားကွန်းတပ်ထားတဲ့ လေအိတ်ကားကြီးတွေ ဥဒဟိုပြေးဆွဲလို့ အဆင့်မြင့်နေပြီ။

တောက်ထိန်တို့ နေထိုင်တဲ့ ဧရာဝတီတိုင်းဆိုတာ မြစ်တွေ၊ ချောင်းတွေ ပေါများလွန်းတဲ့ဒေသမို့ သဘော်၊ သမ္ဗန်လောက်သာ အားထားသွားနေရာကနှောင်းကာလဆိုမိုးသက်လေပြင်းတိုက်တဲ့ဒဏ်ကိုအလူးအလဲခံကြရတယ်၊ တစ်ခါတစ်ရံ အသက်အန္တရာယ်ပါ ဆုံးရှုံးသွားသည်ထိ ကြုံတွေ့ခဲ့ကြရတယ်။

နုတော့ အဝေးပြေးကားဂိတ်ကနေ လေအိတ်ကားကြီးကို စီးလာပြီး ဧရာဝတီမြစ်ပြင်ပေါ်မှာ ဖြတ်ကျော်ဆောက်ထားတဲ့ ဗိုလ်မြတ်ထွန်းတံတားကြီးကို ကျော်လွန်လိုက်သည်နှင့် ဧရာဝတီတိုင်းထဲက မြို့ကြီးမြို့ငယ်တွေဆီ ဥဒဟိုသွားလာလို့ ရနေခဲ့ပြီ။

www.burmeseclassic.com

ဒါကြောင့်တောက်ထိန်တစ်ယောက် မိမိနေထိုင်ရာဒေသဆီကိုပြန်လာ ကာ လေအိတ်ကားကြီးကိုစီးပြီး ပြန်လာနေခြင်း ဖြစ်ပါတယ်၊ ပုသိမ်မြို့တမှ တစ်ဆင့် မိမိနေထိုင်ရာ သဲဖြူရွာဆီ ကားတစ်ဆင့်စီးပြန်ရမှာ ဖြစ်တယ်၊ တောက်ထိန်နေထိုင်ခဲ့တဲ့ သဲဖြူရွာလေးမှာလည်း အစစအရာရာ တိုးတက် ပြောင်းလဲနေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရတယ်၊

"ကိုရင်တောက်ထိန် - ရှင်ထောင်က တကယ်လွတ်လာခဲ့ပြီနော်"

"ဒါပေါ့ - မဲတူ - ငါထောင်ကနေ လွတ်လွတ်ချင်း ရွာကိုပဲ တန်းပြန်လာ တာ၊ အရင်လို နှစ်ညအိပ်ခရီးမဟုတ်တော့ဘဲ နေ့ချင်းပြန်လာလို့ရတယ်ဟ"

"ဒါပေါ့တော် - အရာရာဟာပြောင်းလဲတိုးတက်နေပြီ - ရှင်ကော၊ ဪ ဒါနဲ့ - ရှင်လည်း ခရီးပန်းလာလို့ ဗိုက်ဆာနေမယ်၊ ကျွန်မအိမ်မှာ ချက်ပြုတ် ပြင်ဆင်နေတုန်း ရှင်လည်းရွာထိပ်ကဘုံဆိုင် သွားသောက်နေဦးနော်"

"ငါ အရက်လုံးဝမသောက်တော့ပါဘူး - မဲတူ"

"ရှင်"

"ဟုတ်တယ် - မိန်းမ၊ ငါထောင်ထဲဝင်သွားကတည်းက အရက်ပြတ်သွား ပြီ၊ ခု စိတ်သစ်လူသစ်နဲ့ ငါ့ဘဝကို ပြုပြင်ပြောင်းလဲလာခဲ့ပြီ"

"အမလေး - ကိုတောက်ထိန်ရယ် - ရှင့်လို ဂဇော်သမားစစ်စစ်ကြီးက အရက်မသောက်တော့ဘူး၊ ပြတ်သွားပြီဆိုတဲ့စကား ကြားလိုက်ရတော့ ကျွန်မ ဖြင့် အရမ်းဝမ်းသာလိုက်တာပဲရှင်"

"အေးပါ - မိန်းမရယ်၊ နင်တို့သားအမိတွေ ငါမရှိတုန်းဒုက္ခရောက်ခဲ့သမျှ ဟောဒီငါ့ခွန်ငါ့အားနဲ့ထောင်ထဲက သင်ယူတတ်မြောက်လာခဲ့တဲ့လက်သမား ပညာနဲ့ တစ်သက်လုံး လုပ်ကျွေးသွားမယ်"



"နေပါဦး - ဘယ်လိုဘယ်လို - ထောင်ကျသွားတဲ့လူက ရှင့်ကို ဘယ်သူ က ဘာပညာတွေများ သင်ပေးမာမို့လဲ"

"ဒီမှာ မဲတူ - ငါတို့လို ထောင်ကျအကျဉ်းသားတွေကို ထောင်အာဏာ ပိုင်တွေက ထောင်ထဲက စက်မှုလက်မှုဌာနမှာအသက်မွေးဝမ်းကျောင်းပညာ တွေကို သင်ကြားပေးလိုက်တယ်"

"ဟင် - ဟုတ်လား"

"ဟုတ်တယ် - မဲတူ၊ ထောင်ထဲက လက်သမားဌာနမှာ ငါ လက်သမား ပညာကို ကောင်းကောင်းသင်ယူတတ်မြောက်လာလို့ ဟောဒီ ငါ ဘို့တဲအိမ် လေးကိုလေအကာမိုးအကာကြံ့ကြံ့ခံနိုင်အောင်ငါကိုယ်တိုင်ပြန်လည်ပြင်ဆောက် ပေးမယ်"

"ဪ - ကိုတောက်ထိန်ရယ် - ရှင်ထောင်ကျသွားတာကိုပဲကျေးဇူးတင် ဦးမယ်၊ ခုလို လက်သမားပညာ တတ်မြောက်လာရုံမကဘဲ စိတ်နေ စိတ် ထားတွေပါ ပြောင်းလဲပြီး လူကောင်းသူကောင်းတစ်ယောက်ဖြစ်လာတာ မြင်ရလို့ အရမ်းဝမ်းသာတာပဲ"

"အဲဒါပေါ့ - မဲတူရယ် - ပျက်အစဉ်ပြင်ခဏဆိုတဲ့ စကားပုံလိုပေါ့၊ ဝါးကို ချက် ဝါးမြက်၊ လူကိုဖျက် အရက်တဲ့ ဟိုတုန်းက သောက်စားမူးယစ်ပြီး ဆိုး သွမ်းလာခဲ့သမျှ ခုတော့ ထောင်က ပြုပြင်ပြောင်းလဲပေးခဲ့လို့ ဘဝမှာ တန်ဖိုး ရှိတဲ့လူတစ်ယောက်လို နေထိုင်သွားမှာပါဟာ"

တောက်ထိန်တစ်ယောက် ထောင်ထဲက ထွက်သွားပြီးကတည်းက ဆေးလာကြီးအကြောင်းကို ကောင်းကောင်းနားလည်သွားခဲ့တယ်၊ မိမိတစ် ချိန်က မူးယစ်သောက်စား ရမ်းကားနေချိန်မှာ ရွာထဲမှာ လူအားလုံးရဲ့အော့ ကြောလန် ဖြစ်ခဲ့ရတယ်၊

ခုတော့ ရွာကထိန်ပွဲ မြိမ့်မြိမ့်သဲ ဆင်နွှဲကျင်းပနိုင်ဖို့ ရွာလူကြီးဆီ ထောင်မှ လွတ်လာပြီဖြစ်ကြောင်း သတင်းပို့ပြီး ရွာမှာ ကောင်းကောင်းမွန်မွန်နေထိုင်

www.burmeseclassic.com



ဟား–ဟား

တော်တော်ရယ်စရာကောင်းတဲ့ကောင်ပဲ။
ခွေးပါးစပ်က နတ်စကားထွက်လို့။
မင်း အရက်သောက်နေတုန်းက
ဟိုလူ့ရစ်လိုက်၊ ဒီလူ့ရစ်လိုက်နဲ့
ပြဿနာရှာတတ်တဲ့ကောင်က
ခုမှ သူတော်ကောင်းယောင်
ဆောင်မနေစမ်းပါနဲ့ကွာ။

သွားမှာကို ကတိပေးခဲ့တယ်။ ကထိန်ပွဲမှာ အသုံးပြုမယ့် ပဒေသာပင် တည် ဆောက်နေတဲ့ တိုင်တွေကို သစ်ဖြင့် တိုင်းဖြတ်ဆောက်လုပ် ကူညီပေး တယ်။

ယခုလို တောက်ထိန်တစ်ယောက် ထောင်က ထွက်လာပြီး အရင် ဆိုးသွမ်းမိုက်မဲမှုမျိုး မတွေ့မြင်ရသောအခါ ယုံကြည်စိတ်ချလာပြီး ဟိုအိမ် ဘာပစ္စည်းလေး လုပ်ပေးပါဦး၊ ဒီအိမ်က အိမ်သစ်ကလေးပြင်ဆောက်ပေး ပါဦးနှင့် လက်မလည်အောင် လုပ်နေရတယ်။

ဒီလို လက်သမားဆရာကြီး ဦးတောက်ထိန်အဖြစ် လေးလေးစား ဆက်ဆံလာကြတာကိုမြင်တော့ ထောင်ထဲမှာ သူ့ဆရာ ထောင်မှူးကြီး စကားများကို ပြန်ကြားလာနေတယ်။



"တောက်ထိန် – မင်းလည်း မကြာခင် ထောင်က လွတ်တော့မှာပဲ။ ဒီတော့ အရင်လို သောက်သောက်စားစား လူရမ်းကားတစ်ယောက်လို မနေပဲ ထောင် ထဲမှာ ပြုပြင်ပြောင်းလဲပေးလိုက်ပြီး မိုက်ကြေးမိုက်ပြစ်တွေအားလုံး ခဝါချပြီး လူကောင်းသူကောင်းတစ်ယောက်ဖြစ်အောင် ဆက်လက်ပြီး ထိန်းသိမ်း နေထိုင်သွားစေချင်တယ်။ လူတစ်ယောက်ရဲ့ဘဝတန်ဖိုးဆိုတာ ပတ်ဝန်းကျင် ကလည်း ပြုပြင်ပြောင်းလဲပေးလို့ မရဘူးကွာ။ လူတစ်ယောက်ရဲ့တန်ဖိုးကို ဘာနဲ့ဆုံးဖြတ်မလဲ။ ရာထူးဌာနန္တရ၊ ငွေကြေးဥစ္စာ၊ ပညာ၊ အောင်မြင်ကျော် ကြားမှု၊ အခြံအရံတွေနဲ့ တိုင်းတာမလား။ ဒါတွေနဲ့ တိုင်းတာလို့မရပါဘူး။ လူ တစ်ယောက်ရဲ့ ဘဝတန်ဖိုးကို သီလ၊ သမာဓိ၊ ပညာဆိုတဲ့ သိက္ခာသုံးပါးနဲ့ပဲ တိုင်းတာရမှာပေါ့။ လူတစ်ယောက်ဟာ သိက္ခာသုံးပါးနဲ့ ပြည့်စုံနေခဲ့ရင် ဘဝ မှာ တန်ဖိုးရှိနေမှာပါကွာ"

အဲဒီလို အလုပ်ဘက်ဌာနမှူးကြီး ထောင်မှူးကြီး ဦးစိုးဝေရဲ့ဆုံးမစကား တွေကို မြေဝယ်မကျ နားထောင်လာခဲ့တယ်။ သူ့ဆရာ မှာကြားလိုက်သော စကားနှင့်အညီ လက်တွေ့ကျင့်ကြံနေထိုင်လာခဲ့ခြင်း ဖြစ်ပါတယ်။

လူ့ဘဝမှာ ကောင်းကောင်းမွန်မွန် နေထိုင်သွားမယ်လို့ စိတ်ကောင်း လုံးကောင်းမွေးပြီး ပြုပြင်နေထိုင်ခဲ့သော်လည်း ပတ်ဝန်းကျင်အသိုင်းအဝိုင်း ကြားမှာ အတိတ်က အရိပ်မည်းကြီးက ထက်ကြပ်မကွာ လိုက်ပါနှောင့်ယှက် လာခဲ့တယ်။

အဲဒါကတော့ တစ်နေ့ရွာထဲက အိမ်တစ်လုံးကိုအသစ်ပြန်ဆောက်ပေးဖို့ အလုပ်လက်ခံထားသောကြောင့် ရွာထိပ်က သစ်စက်မှာ လိုအပ်မည့် သစ် အချောင်းအရေအတိုင်း ခွဲပေးရန်မှာခဲ့ပြီး အိမ်ကိုပြန်လာနေစဉ် –

"ဟေ့ကောင် – အရက်သမား – လာလေကွာ။ တစ်ခွက်လောက် လာချ ဦး။ ဘာလဲ – ထောင်ထဲရောက်သွားပြီးထဲက တစ်ခါတည်း ကြောက်ချေး ပါပြီး အရက်ကို မသောက်ရဲတော့တာလား"



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော် မသောက်တော့ပါဘူး၊ အရက်ဖြတ်လိုက်ပြီ"

"ဟား - ဟား - တော်တော်ရယ်စရာကောင်းတဲ့ကောင်ပဲ၊ ခွေးပါးစပ်က နတ်စကားထွက်လို့မင်းအရက်သောက်နေဆာန်းက ဟိုလူ့ရစ်လိုက်၊ ဒီလူ့ရစ်လိုက်နဲ့ပြဿနာရှာတတ်တဲ့ကောင်က ခုမှ သူတော်ကောင်းယောင်ဆောင် မနေစမ်းပါနဲ့ကွာ"

တောက်ထိန်သစ်စက်ကို သစ်မှာစရာရှိတာမှာပြီးပြန်အလာမှာ အရက်ဆိုင်နားက ဖြတ်ပြန်လာမိတာ မှားပြီဆိုပြီး နောင်တရနေတယ်၊ ဒီလိုအရက်သမားအုပ်စုတွေနဲ့ ဟိုတုန်းက သောက်ဖော်စားဖက်တွေမို့ အတူတူ သောက်နေခဲ့ကြတယ်၊

ခုတော့ဒီအရက်သမားအုပ်စုနှင့်ပက်ပင်းတိုးနေတော့ရှောင်ကွင်းသွားဖို့ ခြေလှမ်းပြင်လိုက်တယ်၊ ဒါကို အရက်သမား အုပ်စုထဲက တစ်ယောက်က မကျေနပ်ဖြစ်ပြီး ဝိုင်းထဲကထလာကာ လက်ထဲမှာ အရက်ထည့်ထားတဲ့ ဖန်ခွက်ကိုကိုင်လျက် အနီးကို ချဉ်းကပ်လာနေတယ်၊

တောက်ထိန်ရဲ့ လက်တစ်ဖက်ကို အတင်းဆွဲယူပြီး ဖန်ခွက်ကို ပါးစပ်နားသို့ ကပ်ထည့်မယ်အလုပ်မှာ တောက်ထိန်က ဖန်ခွက်ကို လက်ပြန်ရိုက်ဖယ်လိုက်စဉ် -

"ဟေ့ကောင် -မင်း - ဘာလုပ်ပါးဝတာလဲကွ"

"ကျုပ်မှ အရက်မသောက်တော့လို့မသောက်တာ၊ ဘာဖြစ်လို့အတင်းလာတိုက်ရတာလဲ"

"မင်းက အရက်သမားသိက္ခာကျတဲ့ကောင်မို့ ခုလိုတိုက်တော့ ဘာဖြစ်လဲ၊ တော်တော်လုပ်ပါးဝတဲ့ကောင် - ကဲကွာ"

"ခွပ်"

ရုတ်တရက်အရက်သမားဖြစ်သူက ဒေါသပေါက်ကွဲသွားပြီးတောက်ထိန်ရဲ့ မျက်နှာဆီ လက်သီးပြင်းပြင်းတစ်ချက် ထိုးလိုက်တာကြောင့် မြေပြင်ပေါ် ဖင်ထိုင်လဲကျသွားခဲ့တယ်၊



အဲဒီလိုထိုးလိုက်တဲ့အရှိန်နှင့် ဖင်ထိုင်လဲကျသွားစဉ်မှာ ထင်းချောင်းတစ်ချောင်းပေါ်ကို လက်ထောက်မိလျက်သား ဖြစ်သွားတယ်၊

တောက်ထိန် စိတ်ထဲမှာ နာကြည်းသွားတဲ့မေးရိုးကို ဆုပ်ကိုင်ကြည့်ရင်း ဒေါသ ထောင်းခနဲ ဖြစ်ပေါ်လာတယ်၊ ချက်ချင်း လဲကျနေရာကနေ လူးလဲထလိုက်ပြီး လက်ထဲမှ ထင်းချောင်းစကို စုံကိုင်ကာ အရက်သမား၏ဦးခေါင်းကို ရိုက်ခွဲပစ်ဖို့ကြံရွယ်လိုက်စဉ်မှာပဲ -

"ဒေါင် - ဒေါင် - ဒေါင် - ဒေါင်"

ဆိုတဲ့ရှာကင်းတဲဆီက သံချောင်းခေါက်လိုက်သံဟာ တောက်ထိန်ရဲ့ သတိသမ္ပဇဉ်ကိုထိန်းလိုက်သလိုဖြစ်သွားတယ်၊ တစ်ချိန်တည်းမှာ သူ့ဆရာထောင်မှူးကြီးရဲ့ဆုံးမပဲ့ပြင်စကားတွေ နားထဲမှာ အလိုလို ကြားယောင်လို့လာနေတယ်၊

ဒါကြောင့် အမှားတစ်ခုကို မကျူးလွန်မိခင်မှာ ကာယကံ၊ ဝစီကံနှင့် ရှောင်ကြဉ်လိုက်ခြင်းဟာ ဝီရိယဗိရိယမြည်တယ်ဆိုတာ သဘောပေါက်သွားတယ်၊ မိမိဘဝကိုလူကောင်းသူကောင်းတစ်ယောက်ဖြစ်လာအောင်ကြိုးစားနေချိန်မှာ ဘဝမှာ တန်ဖိုးမရှိတဲ့ အရက်သမားတွေနှင့် ဖက်ပြိုင်ရန်ပြုမနေတော့ဘဲ အာယာတတရားကိုမျိုသိပ်လျက် လက်ထဲမှာ ကိုင်ဆုပ်ထားတဲ့ထင်းချောင်းကို အဝေးဆီ လွှင့်ပစ်လိုက်ပါတော့တယ်၊

ထို့နောက် အခင်းဖြစ်ပွားရာနေရာကနေ ခြေလှမ်းကျဲကြီး လှမ်းပြီး မိမိနေအိမ်ဘက်ဆီဦးတည်လျှောက်လှမ်းသွားနေတယ်၊ နောက်ဘက်မှာတော့ မိမိနှင့် တစ်ချိန်တစ်ခါက အတူတူတွဲခဲ့ကြပြီး သောက်ဖော်စားဖက် အရက်သမားအုပ်စုကတော့ ပါးစပ်အဟောင်းသားနှင့် အံ့ဩကျန်ရစ်နေခဲ့တော့တယ်၊

တကယ်တော့ လူကောင်းမဟုတ်တဲ့လူတွေကို ကောင်းအောင်ပြုပြင်ရတာကတော့ အခက်ဆုံးဖြစ်ပါတယ်၊ ခွေးမြီးကောက် ကျည်တောက်စွပ်ဆိုသလိုပဲ၊ လူရှေ့သူရှေ့မှာမဟုတ်ဘဲ ဆိတ်ကွယ်ရာမှာဖြစ်ခဲ့ရင် ဒီမဟုတ်

www.burmeseclassic.com


တစ်ရှိန်အခြေအနေပေးနေခဲ့ရင် သူတို့ရဲ့ဖြောင့်ဟန်ဆောင်ထားတဲ့စိတ်တွေ၊ အပြုအမူတွေဟာ ဖြောင့်မတ်မှန်ကန်မှု မရှိတော့ဘူး။

လူတော်ဆိုတာကတော့ မိမိတို့၏လုပ်ငန်းဆောင်တာ၊ တာဝန်ယူရတဲ့နေရာ၊ မိမိလုပ်ကိုင်ရတဲ့လုပ်ငန်းခွင် စသည်တို့နှင့် သက်ဆိုင်ရာတို့ကို စီမံကွပ်ကဲနိုင်သူ၊ တာဝန်ယူ ဖြေရှင်းနိုင်တဲ့အရည်အချင်းရှိသူများကို ခေါ်ပါတယ်။

လူကောင်းဆိုတာ သက်ဆိုင်ရာကျင့်ဝတ်သီလကို လုံခြုံခြင်း၊ လူ့စည်းကမ်း၊ လူ့ဥပဒေများကို လူ့မျက်ကွယ်မှာပင်ဖြစ်စေ မရှိုးဖောက်ဘဲ စောင့်ထိန်းနိုင်ခြင်း၊ ဖြောင့်မတ်မှန်ကန်ခြင်းဆိုတဲ့အချက်တွေနဲ့ ပြည့်စုံတဲ့သူ ဖြစ်ပါတယ်။

အမှန်တော့ - လူတော်ဖြစ်ရန် ကြိုးစားအားထုတ်ဖို့က လွယ်ကူစေပြီး လူကောင်းဖြစ်အောင် ကြိုးစားအားထုတ်ဖို့အတွက်က မလွယ်ကူပါဘူးဆိုတာကို မီးမောင်းထိုး တင်ပြလိုက်ရခြင်း ဖြစ်ပါတယ် ခင်ဗျာ။

➳ စိုးဝေ




www.burmeseclassic.com

www.burmeseclassic.com

ဆောင်းလေကာကို
စိတ်ကုန်နေသော လူမိုက်ကြီးတစ်ယောက်နှင့်
ပတ်ဝန်းကျင် လူ့လောကကို လုံးဝယုံကြည်ခြင်းမရှိသော
အပယ်ခံ မိန်းကလေးတစ်ယောက်တို့ မိုးသည်းသည်း
အောက်တွင် ဆုံစည်းမိကြသောအခါ ..

မိုးရွာနေသည်၊ သဲသဲမဲမဲပင်၊ လေတိုက်နေသည်၊ ပြင်းပြင်း
ထန်ထန်ပင်၊ မိုးသည် ဖဝါးခနဲ ဖဝါးခနဲ ထိုးသွန်ရွာနေ
လေသည်ဝူးခနဲ ဝါးခနဲ သိမ့်ဇွေတိုက်ခိုက်နေ၏၊ လေထ
ထန်၊ မိုးသည်းသည်းအချိန်တွင် သူတစ်ယောက်တည်
အိမ်ထဲမှာ အရက်သောက်နေ၏၊

ည၊ ည၏အနက်ရှိုင်းဆုံးကာလ၊ သန်းခေါင်ယံ၊

သုံးနှစ်တာမျှ လူသူကင်းကွာထားခြင်း ခံရသော
အိမ်လေးမှာ ရွဲရွဲစိုနေသည်၊ မိုးယိုတာရော၊ တိုက်ရိုက်
တာရော၊ ပက်တာရော၊ အမိုးအကာတို့ပြဲပေါက်ပြတ်
နေသလို၊ အခင်းအဆက်တို့သည်လည်း ကျိုးပျက်ဆွေ
မြည့်နေပြီးအိမ်ကလေးမှာ တစ်ချက်တစ်ချက် သိမ့်ခါသွ
သည်၊ လေနှင့် လွင့်ထွက်ပြီး မိုးရေနှင့် မျောပါမည်လာ
ထင်နေရသည်၊



သူသည် မိုးလွတ်ရာနေရာ ရွေးမရခဲ့၊ သူ့ကိုယ်မှာလည်း စိုစွတ်မှုတွေ
မကင်း၊

သုံးနှာရီလောက်ကြီး သဲသဲမဲမဲ ရွာခဲ့သည့်မိုး၊ သုံးနာရီလောက်ကြီး ပြင်း
ပြင်းထန်ထန် တိုက်ခဲ့သည့်လေ၊ အပြင်မှာ မြောင်းတွေ ရေလျှံပြီး လမ်းတွေ
ရေမြှုပ်ကုန်ပြီလား၊ အိမ်တွေ သစ်ပင်တွေလည်းပြိုကာ လျှပ်စစ်မီးတွေပြတ်
တောက်ကုန်ပြီလား မသိ၊

သူကတော့ ဘာမှသတိထားနေပုံမရ၊ ဘာမှဂရုစိုက်နေပုံမရ၊ ပေကျံ
ညစ်ပတ်နေသော စားပွဲပေါ်တွင် လက်ဆွဲမီးအိမ်တစ်လုံး ထွန်းထားသည်၊
သည်စားပွဲပေါ်တွင် ဓာတ်ဆူပုလင်းနှစ်လုံး၊ ဖန်ခွက်ပဲ့ကြီးတစ်လုံး၊ ပဲကြီး
လှော်တစ်ပန်းကန်၊ ဆေးလိပ်ထည့်ထားသည့်ခွက်နှင့် မီးခြစ်တစ်လုံး၊ ဒါတွေ
နှင့်သာ သူ ထိတွေ့နေ၏၊

လက်ရန်းတစ်ဖက်ပြုတ်ကုလားထိုင်တွင် ထိုင်နေ၏၊ မိုးရေစက်တွေက
သူ့ဝန်းကျင်တွင် ကျလျက် ရှိနေ၏၊ သူ့မျက်နှာ ရေ့တည့်တည့်စားပွဲပေါ်တွင်
လည်း တပေါက်ပေါက်ကျလျက် ဖြာစဉ်နေသေးသည်၊

ပုလင်းတစ်လုံးပြိုလဲသွားခဲ့ပြီဖြစ်သည်၊ နောက်တစ်လုံးတောင် စတင်
နေပါပြီ၊ ဖန်ခွက်ထဲသို့ လောင်းသွန်ငှဲ့လိုက်ပြန်၏၊

လက်ဆွဲမီးအိမ်ဘေးတွင် အသွားတွေ လက်နေသည့် ပစ်မားသုံးချောင်း
ကိုတစ်ချက်တစ်ချက် သူစိုက်ကြည့်တတ်သည်၊ ဒါက သူ့အတွက် အရေးကြီး
သည်၊ မျက်နှာအနည်းငယ်နီပြီး သူရီဝေဝေရှိနေသည်၊ ပုလင်းနှစ်လုံးလောက်
မကုန်ပဲနှင့်တော့ ရေချိန်ကိုက်သူ မဟုတ်ပါ၊ အသက်က (၃၅) နှစ်၊ အသားက
ညိုညို၊ ဆံပင်က တိုတို၊ အလုံးအထည်က ထောင်ထောင်မောင်းမောင်းကြီး၊
ညစ်ညစ်ထပ်ထပ်ရှိနေသော မျက်နှာကြီးက သားရိုင်းကြီးတစ်ကောင်လို ခက်
ထန်ကြမ်းကြုတ်လှ၏၊ မာကြောခိုင်ခန့်လှ၏၊

သူ အလိုမကျဖြစ်နေသည်၊ မကျေမနပ်ဖြစ်နေသည်၊ မျက်နှာမှာ သုန်
မှုန်ရှုံ့နေသည်၊ အရက်ခွက်ကိုကောက်ကာ စိတ်မရှည်စွာ တစ်ခါတည်း မော့

www.burmeseclassic.com

ကျိုက်ပစ်လိုက်၏၊ ရေအကူနှင့် သောက်လေ့မရှိ၊ ထို့ခန့် တံထွေးဆောင့်ထွေးလိုက်ကာပဲကြီးလော့်တစ်ဆုပ်ကိုကောက်စားပစ်လိုက်သည်၊ပြီးတော့ဆေးလိပ်မီးညှိသည်၊

ပစ်ချလိုက်သောမီးခြစ်သည် ပစ်မားတစ်ချောင်းနှင့် တိုက်မိကာ မားရောင်က လှုပ်ခတ်ဝင်းပြက်သွားသည်၊ သူ့မျက်လုံးတွေကို လာဟပ်သည်၊ ပစ်မားသုံးချောင်းဆီ သူ့မျက်လုံးများက ရောက်သွားပြန်သည်၊

"မားကျော်အံ့တဲ့လား"

ဒီစကားလုံးက သူ့ပါးစပ်မှ ဇိတ်စဉ်ထွက်သွားသည်၊

လူဆိုးလူမိုက်ဆိုသူတွေက ခေါ်ဝေါ်အသိအမှတ်ပြုထားကြသော သူ့နာမည်ဝိသေသကို သူသည် တွန့်မဲ့မဲ့ တစ်ချက်ပြုံးလိုက်သည်၊

သူ့မျက်နှာက မှုန်ညစ်စွာ လှုပ်ခတ်နေပြန်သည်၊ သူ့စိတ်တွေ မငြိမ်သက်၊ ရှုပွက်ချင်နေသည်း

— ၉ —

"မားကျော်အံ့ဆိုတဲ့အကောင်က ဘာကောင်မို့လဲ၊ ကြီးကြီးကျယ်ကျယ်လုပ်လို့ ..."

သူသည် သည်နေ့ပင် ထောင်က ထွက်ခဲ့သည်၊ ထောင်က ထွက်တာတော့ ရှစ်ကြိမ်မြောက်ပြီထင်ရဲ့၊ အချုပ်ထဲဝင်ရတာတော့ မှတ်တောင်မမှတ်မိတော့၊ သို့ကြောင့်လည်း နာမည်ကြီးပြီးရင်း ကြီးနေရသည်၊ ထောင်တို့၊ အချုပ်တို့ဆိုတာက လူဆိုးလူမိုက်တွေ၏သိက္ခာထပ်ရာအရပ်တွေလေ၊ သည်တစ်ခါ ထောင်ထဲက ပြန်လာပြီး သူ့စိတ်တွေ တစ်မျိုးဖြစ်၍နေသည်၊ ပျော်ရွှင်လိုစိတ်လည်းမရှိ၊ ဝင့်ဝါလိုစိတ်လည်းမရှိ၊ ထောင်ထဲကပါလာသောအတွေးတွေက လုံးထွေးနောက်ကျိလို့သာနေ၏၊

ထောင်ကို ကြောက်သွားပြီလား၊ ဒါတော့ – မဖြစ်နိုင်၊



"ဘာလဲ – ထောင်ထဲဝင်လိုက်၊ ထွက်လိုက်၊ ဒုစရိုက်တွေနဲ့ ငွေရှာလိုက်၊ သောက်စားသုံးဖြုန်း ပေတေလိုက်၊ နောက် – ထောင်ထဲဝင်လိုက်"

ဘဝကိုပြန်ကြည့်လိုက်တော့ စိတ်ပျက်ပြီးငွေ့စရာ၊ စက်ဆုပ်ရွံရှာစရာ၊ ဘာမှန်းမသိ၊ အရည်အဖတ်မရှိ၊

ဆယ့်နှစ်နှစ်သားလောက်မှာ သူ့ပထွေး၏ခေါင်းကို ရိုက်ခွဲခဲ့ဖူးသည်၊ ဆယ့်နှစ်နှစ်သားလောက်ကတည်းက ကိုယ့်ထက် ငါးနှစ်လောက်ကြီးသော ပထွေး၏သားကို မားနှင့် လိုက်ခုတ်ခဲ့ဖူးသည်၊ အနိုင်ကျင့်ခံရပေါင်းများတော့ သည်းမခံနိုင်ခဲ့၊

သည်တော့မှ ငယ်ပေမယ့် မြွေပွေးလေးမှန်း သိသွားသည်၊ အနိုင်ကျင့်မခံတော့၊ တုံ့ပြန်တိုက်ခိုက်ခြင်းကို နားလည်မှုတစ်မျိုးနှင့် ယုံကြည်ခဲ့သည်၊ အခုကာလဘဝရောက်ရသည်အထိ အဲသည်တုန်းကပင် စခဲ့သည်ထင်သည်၊

ပထွေးခေါင်းကိုရိုက်ခွဲပြီးနောက် အိမ်မှာ နေလို့မရတော့၊ သူတစ်ပါးအိမ်တွင် ထမင်းစားကျွန်ခံဘဝ ကျရောက်ခဲ့ရသည်၊ ငယ်ဘဝသည် လမ်းဘေးက ကျောက်ခဲတစ်လုံးလို အတိုးခံ၊ အတိုက်ခံ၊ အနင်းခံ၊ အနှိမ်ခံ၊

သို့သော် မြေကြီးခဲမဟုတ်သော ကျောက်ခဲ၊ ထိလာလျှင် မာကြောခြင်းဖြင့် အတုံ့အပြန် ခံသွားရလိမ့်မည်၊

ဆယ့်ငါးနှစ်သားအရွယ်လောက်တွင် အမေ သေဆုံးသွားခဲ့သည်၊ အမေမရှိတော့ခြင်းသည် ဘာမှမရှိတော့ခြင်းပင်၊

မန်တိုင်းသင့်၍ လွင့်ခဲ့ရသောသစ်ရွက်၊ အသက် (၂၀) မပြည့်ခင်မှာပင် ထောင်ထဲ ရောက်ခဲ့၏၊

လူကောင်းသူကောင်းတွေလိုလည်း အလုပ်လုပ်ခဲ့ဖူးသည်ပဲ၊ ဆက်ကပ်ဘစ်ခုထဲလိုက်ကာ မားပေါက်သမားအဖြစ် သင်ယူလုပ်ကိုင်ခဲ့ဖူးသေးသည်၊ လက်သမား၊ ပန်းရန်အလုပ်တွေလည်း တတ်သည်ပဲ၊ ကုန်တင်ကုန်ချအလုပ်တွေတောင် မရှောင်ခဲ့၊


www.burmeseclassic.com

www.burmeseclassic.com

ခက်တာက ထောင်ထွက်ဆိုတာကိုပဲ လူတွေက ခလုတ်တိုက်ချင်နေကြသည်။ ကိုယ့်အနေနှင့်လည်း "ငါထောင်ထွက်ကွ၊ ဘယ်ကောင်မှ သောက်ဂရုမစိုက်ဘူး" ရယ်လို့ ပြောရတာကိုပဲ အဟုတ်ကြီး ထင်နေခဲ့ပါ၏။

ထစ်ခနဲဆို ထိုးလိုက် ကြိတ်လိုက်၊ ရိုက်လိုက် နှက်လိုက်ပြီးပြီး၊ ဒုစရိုက်သမားတွေ စုဝေးရာထောင်နှင့် ရင်းနှီးလာတော့ အသိမိတ်ဆွေဆိုတာလည်း ဒါတွေပဲပေါ့။ သည်လောကရောက်တော့ အမိုက်ဆုံးသည်သာ ဂုဏ်အရှိဆုံး၊ အဆိုးဆုံးသာ ဂုဏ်အရှိဆုံး။ ဆိုးသည်ထက်ဆိုး၊ မိုက်သည်ထက်မိုက်ဖို့ဖြစ်လာရပြန်၏။

သူ့အပင်ပန်းခံပြီး မလိုက်တော့ပါ။ သူ့လက်ကလေး လှုပ်လိုက်လျှင် ဓားရောင်လေး လက်သွားမှာကို လူတိုင်း သေမလောက်ပဲ ကြောက်ကြသည်။ သေတတ်သည်ကိုး။

ကိုယ့်လောကနှင့်ကိုယ်တော့ ထိပ်ဆုံးကလူပေါ့လေ။

သတိထားလိုက်မိတော့ လူ့လောကကြီးထဲမှာ မကောင်းဆိုးဝါးတစ်ကောင်အဖြစ် ကျရောက်လျက်သား ရှိနေသည်၊ အကောင်းမကျန်တော့။

သူ ဘယ်သူ့ကိုမှ မတွေ့ချင်ခဲ့၊ အပေါင်းအသင်းသစ်လည်း မရှိ၊ အပေါင်းအသင်းဟောင်းတွေကို သူ သဘောမတွေ့။ သူ့ကိုယ်သူတောင် အလိုမကျနိုင်ပဲ ဖြစ်၍နေ၏။

"ဓားကျော်အံ့ – အဲလကားကောင် – အသုံးမကျဆုံးကောင်"

ဓားတစ်ချောင်းကို ကောက်ယူပြီး စားပွဲပေါ် ဆောင့်စိုက်ချပစ်လိုက်သည်။

ဘာကို မကျေနပ်မှန်း မသိပဲ ဒေါသဖြစ်နေသည်။

သည်းမခံနိုင်လောက်အောင် အထီးကျန်၍လည်း နေ၏။ အကောင်းဆုံးသော အဖော်တစ်ယောက် လိုအပ်လျက်ရှိနေသည်၊ ယောက်ျားတစ်ယောက်အတွက် အကောင်းဆုံးသော အဖော်မှာ မိန်းမတစ်ယောက်ဖြစ်သည်ကို သူ နားလည်၍နေပြန်သည်။

ဟုတ်သည်၊ မိန်းမတစ်ယောက်ကို သူ သိပ်ပြီးတောင့်တနေမိ၏။

— ၆ —



အလိုလိုက စိတ်ရှုပ်ဒေါသဖြစ်နေရသည့်အထဲ မိုးက သည်းနေပြန်ပါပြီ။ လေပြင်းတွေပါ တိုက်နေပြန်ပါပြီ။ အချိန်က ညဉ့်နက်လှပြီ၊ ထီးက မပါ၊ ပါစရာထီးလည်း မရှိခဲ့ပါ၊ ရွှဲစိုကုန်ပြီ၊ ဒုက္ခများကုန်ရပြီ။

သေအောင်သာ ရွာလိုက်တော့မိုး။ လွင့်စဉ်သွားအောင်သာ တိုက်ပစ်လိုက်တော့လေ၊ စိတ်မရှည်နိုင်။

ကန်ထရိုက်တာ ဦးကံစိန်ကိုသာ ဒေါသဖြစ်ရင်း ဇင်မေ ကျိန်ဆဲနေမိပြန်သည်၊ သင်းကြီး အသက်အရွယ်နှင့်မလိုက်အောင် နာဘူးကျလို့။



"တကယ်ပါပဲ။ ဘာမဆိုဖြစ်ကုန်ဖို့ မခဲယဉ်းတော့သော အခြေအနေ။ လူသတ်သမမှ မိန်းမပျက်အထိ ဖြစ်သွားနိုင်သည်။ ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းနေရတာကိုပင် စိတ်မရှည်နိုင်အောင် ဖြစ်ချင်နေသည်။ စိတ်တွေ ပေါက်ကွဲပုံ့ကြဲကုန်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဖင်မေက အုတ်သယ်၊ မဆလာရှက်ရသည့်အလုပ်သမလေး၊ ဦးကံစိန်ဆိုသူကအလုပ်ရှာဖွေလက်ခံသည့်ကန်ထရိုက်တာ၊ ကြီးကြီးမားမားလုပ်ငန်းကြီးတွေတော့ မဟုတ်ပါ။ သူ့ဆီတွင် နေ့စားအဖြစ် ဖင်မေ ဝင်လုပ်ရသည်၊ ဖင်ပုတ်၊ ခေါင်းပုတ်တွေနှင့် အကဲစမ်းခြင်း ခံလာရသောအခါ ဖင်မေစိတ်နှင့်တော့မရ၊ အတည်ယူပါမည်ဟုကြားလူတစ်ဆင့်နှင့်ဆိုလာပြန်သည်၊ မယားငယ်ရာထူးပေးမည်ပေါ့၊ ဘံသရာရှည်နေ၍မဖြစ်၊ ဖင်မေအလုပ်မဆင်းတော့၊ လုပ်ခတွေကိုသာ ရှင်းနိုင်းလိုက်ရတော့သည်၊

တော်တော်နှင့် ရှင်းမပေး၊ နေ့ရွှေ့ညရွှေ့တွေ လုပ်နေသည်၊ သူ့အိမ်ကိုသုံးခေါက်ရောက်ခဲ့ပြီးပြီ၊ သူ့မယားကြီးအိမ်မှာ မနေ၊ တခြားအိမ်တစ်အိမ်မှာစတည်းချနေသည်၊ သည်အိမ်ကိုပဲ လိုက်ရပြန်သည်၊ ညစုနစ်နာရီလောက်ကျတော့လာခဲ့ပါတဲ့၊ အသေအချာမှာထားခဲ့ကြောင်း သူ့လက်တိုလက်တောင်းနိုင်းသည့်ကောင်လေးက ပြောသည်၊

ဖင်မေမှာ ပိုက်ဆံမရလို့က မဖြစ်၊ တခြားအလုပ်ကလည်း မရသေး၊ သုံးလေးဝမ်းကွဲတော်သည့်အဒေါ့အိမ်တွင် နိုကပ်နေရသည့်ဘဝ၊ ပိုက်ဆံမပေးနိုင်လို့ကတော့ အိမ်ပေါ်တက်ရဖို့မလွယ်၊ အဒေါ့ယောက်ျား အရက်သမားကကြည်ဖြူသည်မဟုတ်၊ ဘယ်ကြည်ဖြူမည်လဲ၊ သူ့ခြေတော်တင်တာကိုမှမပဲကိုး၊ အကြမ်းဖက်ပြီး အဓမ္မကြံစည်ဖို့ ကြိုးစားသေးခဲ့ပါ၏၊ သို့သော် အဒေါ့ယောက်ျား သိမ်းထားသော အသွားရှစ်လက်မဓားမြှောင်ကြီးက ဖင်မေ့လက်ထဲ ရောက်နေပြီ၊ ဓားအိမ်ဖွင့်ပြီးစိန်ခေါ်လိုက်ကတည်းက ကီလေသာမျက်လုံးနှင့်တောင် မကြည့်ရဲတော့၊ ကိုယ့်အပေါ်က အငြိုးလုပ်ပြီး အဒေါ်ဖြစ်သူကိုနှိပ်စက်ရှာလို့ရှုည်းနေသည်၊ အဒေါ်ကလည်း တခြားပြောင်းနေဖို့ သုံးလေးခါထက်မနည်း ပြောထားပြီးပြီ၊

စားစရာလည်း ဆန်မရှိ၊ ပြေးစရာလည်း မြေမရှိနှင့်ဒုက္ခပင်လယ်ဝေနေရှိန်။ မလုပ်ဘူးတော့ မထင်လိုက်နှင့်၊ အဒေါ့ယောက်ျားနှင့် အတွေ့အကြုံရှိသွားပြီးနောက် ယောက်ျားတွေရန်က ကာကွယ်ဖို့ အသွားရှစ်လက်မဓားမြှောင်ကြီးသည်သာ အကောင်းဆုံးအဖော် ဖြစ်လာရတော့သည်၊ ကိုယ်နှင့်မခွာဖြစ်တော့၊

တကယ်ပါပဲ၊ ဘာမဆိုဖြစ်ကုန်ဖို့ မခဲယဉ်းတော့သောအခြေအနေ၊ လူသတ်သမမှ မိန်းမပျက်အထိ ဖြစ်သွားနိုင်သည်၊ ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းနေရတာကိုပင် စိတ်မရှည်နိုင်အောင် ဖြစ်ချင်နေသည်၊ စိတ်တွေ ပေါက်ကွဲပုံ့တြကုန်တော့သည်၊

တွေ့သမျှယောက်ျားတွေက ကိုယ့်ကိုဘာများမှတ်နေသည်မသိ၊ ဒါတောင်ကိုယ်က အနေအထိုင်တတ်လွန်းလို့၊ ကင်းကင်းနေလွန်းလို့၊ မဟုတ်လျှင်တော့လား၊

တွေ့သမျှယောက်ျား ဆိုးတွေချည်းပဲတော့ဟုတ်မယ်မထင်၊ ကိုယ့်အပေါ်စေတနာ၊ မေတ္တာတကယ်တမ်းရှိသည့်ယောက်ျားတွေလည်းပါကောင်းပါမည်ဆို၊ ဖင်မေ့မှာ ခံမှန်ဖူးခဲ့ပြီ၊ ယောက်ျားတွေအပေါ်ယုံကြည်ရဲခြင်းမရှိတော့ပါ၊

ယောက်ျားတွေအားလုံး ကိုယ်ရုပ်သွင်ကို လိုချင်တကြီးနှင့် စိတ်ဝင်စားနေကြတာတော့ အမှန်၊

ဖြစ်ပုံများတော့ ပြောမပြချင်၊

ထူးထူးကဲကဲလှသည့် ကိုယ့်ရုပ်ရည်ကိုတောင် မုန်းမိပါသည်ဆိုလျှင်မိန်းမတစ်ယောက်အနေနှင့် ကြီးကျယ်လွန်းရာ ကျမည်လား မသိ၊

သည်ရုပ်ဆင်းကိုအကြောင်းပြုပြီး ကြံစည်စော်ကားခံရလား၊ ခံရခဲ့ မယားငယ်အဖြစ် အဆွယ်ခံရလား၊ ခံရခဲ့၊ ကုန်အောင်ပြောလျှင်မကောင်းသည့်မိန်းမအဆင့်အထိ အကဲစမ်းခြင်းခံရလား၊ ခံရခဲ့၊ ဒုက္ခရောက်နေသောဆင်းရဲနွမ်းပါးအားကိုးရာမဲ့ မိန်းကလေးတစ်ယောက်ကို ပြောဆိုစော်ကားရဲကြသည်ပေါ့၊ သည်သို့သောမိန်းကလေးတစ်ယောက်အနေနှင့် ရုပ်ဆင်းလှပနေသည်က

www.burmeseclassic.com

ပင် အန္တရာယ်ကြီးတစ်ခု၊ သည်အန္တရာယ်ကြီးက ဘဝပျက်သွားနိုင်ပါ၏၊ ကြံ့ခိုင်ထားနိုင်လွန်းလို့။

ဖင်မေ့မှာ အားကိုးအားထားပြုစရာ ဆွေမျိုးသားချင်းလည်း မရှိ၊ အသိမိတ်ဆွေကောင်းလည်း မရှိ၊ လူဖြစ်စကပင် မိဘများ မရှိကြတော့၊ မုဆိုးမ အဘွားလက်ထဲတွင် ကြီးပြင်းလာခဲ့ရသည်၊ ရှစ်တန်းအောင်ပြီးနောက် ကျောင်းဆက်မနေနိုင်၊ အဘွားကိုကူပြီး ခေါက်မုန့်လုပ်ရောင်းခဲ့ရသည်၊

အဘွားက သူမသေခင် မြေးဖြစ်သူ နောင်ရေး စိတ်အေးရအောင်ဆိုပြီး လူတစ်ယောက်နှင့် အိမ်ထောင်ချထားပေးခဲ့ပါ၏၊ ပစ္စည်းရှိသည်ဆိုသော မုဆိုးဖိုကြီးပါဆိုသော အသက်ကြီးကြီး ရုပ်ဆိုးဆိုးလူကြီးတစ်ယောက်နှင့် ဖြစ်သည်၊ သည်တုန်းက ဖင်မေ့မှာ အရွယ်တောင် ကောင်းကောင်းမရောက်တတ်ချင်သေး၊

လောကကြီးအကြောင်း ဖင်မေ မသိနိုင်သေးပါ၊ အဘွားလည်း ရိုးအသူကြီးသာ ဖြစ်သည်၊ အဘွား အပြင်းအထန် နေမကောင်းစဉ် ဒုက္ခပင်လယ်ဝေနေချိန်တွင် ကယ်တင်ရှင်၊ ကျေးဇူးရှင်ကြီးအဖြစ် ဝင်ရောက်လာခဲ့သူကို အဘွားက ယုံကြည်စိတ်ချမှု လွန်ကဲသွားခဲ့ခြင်းဖြစ်သည်၊ ဖင်မေ့မှာ အဘွား သင့်တော်သည်ထင်တာကို မငြင်းဆန်ချင်ခဲ့မိ၊ ဒုက္ခရောက်နေတာကိုပဲ သိသည်၊

ညားပြီးခြောက်လအကြာတွင် သူ့မြေးကိုစိတ်ချစွာ သေဆုံးသွားခဲ့သည်၊ သို့သော် အဘွား သေဆုံးပြီး နောက်သုံးလလောက် မကြာခင်မှာပင် မယားကြီးဆိုသူက ဖင်မေ့အား လင်ခိုးမရယ်လို့ ပါးရိုက်ပါတော့သည်၊

ဖင်မေ့မှာ ပတ်ဝန်းကျင်၏ မေးငေါ့စရာ၊ ရှုတ်ချစရာတွေ ခံရတော့သည်၊ လှည့်ဖြား ပေါင်းသင်းခဲ့သည့်ယောကျ်ားကလည်း အစာဝလို့ ဗြာနေပြန်ပြီ၊

သူများ မယားငယ်ဖြစ်ခဲ့ရပြီး တစ်ခုလပ်ဘဝနှင့် တည့်မတ်တည်ငြိမ်ခဲ့ ခက်အောင် ဖင်မေ့မှာ အခြေယိုင်တော့သည်၊ သည်အနေအထားကြောင့် သူများတွေ၏ မလေးမစားပြုခြင်းတွေ ခံခဲ့ရသည်၊ ယောကျ်ားယုတ်တွေ၏ အကဲစမ်းခြင်းတွေ ခံခဲ့ရသည်၊ ဒုက္ခရောက်၊ အားနည်းနေသူကို စော်ကားရဲဖို့ မခက်ဘူးလေ၊

ချွေးနှင့်ရင်းရသော ရရာကြုံရာကျပန်းအလုပ်တွေနှင့် အကြော်ရောင်း၊ ကုန်စိမ်းရောင်း၊ ခေါက်မုန့်လုပ်နှင့် ပင်ပန်းခက်ခဲစွာ ရှာဖွေစားသောက်ခဲ့ရ၏၊ သည်ကြားထဲ တချို့ယောကျ်ားတွေ၏အန္တရာယ်ကို ရှောင်ကွင်းရတာကလည်း ကြီးစွာသောတစ်ဒုက္ခ၊

နောက်ဆုံး အိမ်လခ မပေးနိုင်၍ မောင်းချခြင်း ခံခဲ့ရသည်၊ ဆွေနီးမျိုးစပ် အနည်းငယ်သာတော်သော အဒေါ်အိမ်တွင် ခိုကပ်နေထိုင်ရသည့်ဘဝကို ရောက်ရတော့သည်၊ အင်း – သည်အိမ်ကလည်း ပြေးတော့မည်၊

ဦးကံစိန် ချိန်းထားသော ညခုနစ်နာရီဆိုသည့်အချိန်ကို တွေးဆမနေနိုင်၊ လာခဲ့ရပြန်သည်၊

အိမ်မှာ ဦးကံစိန် ခိုင်းထားသော ကောင်လေးကိုသာ တွေ့ရသည်၊

"စောင့်နေဖို့ အသေအချာပြောထားပါတယ် – အစ်မ၊ လာမှာပါ"

ကောင်လေးက လက်ဖက်ရည်တွေ၊ မုန့်တွေနှင့် ဧည့်ခံသည်၊ စားလိုစိတ်ရှိသော်လည်း ထမင်းမစားရသေးသည်မို့ ဆာလွန်းသောကြောင့် စားပစ်လိုက်သည်၊

တကယ်တော့ ကိုးနာရီထိုးလောက်မှ ရောက်လာသည်၊ ဦးကံစိန် ရောက်လာသည်နှင့် စောစောက ကောင်လေး ဘယ်ရောက်သွားသည် မသိတော့၊ ဖင်မေ မသိချင်ယောင်ဆောင်ကာ ဣန္ဒြေလုပ်၍သာ နေလိုက်သည်၊ လွယ်ထားသည့် လွယ်အိတ်ထဲကိုသာ ညာဘက်လက် ထည့်ထားလိုက်သည်၊

တောင်ပြော၊ မြောက်ပြောတွေနှင့် ကရုဏာစကားတွေ လေရှည်နေပြန်သည်။ နှစ်ယောက်တည်းရယ်၊ အချိန်မရှိတော့ ဖင်မေ သည်းမခံနိုင်၊





www.burmeseclassic.com

www.burmeseclassic.com

သနားပါသည်ဆိုတတ်သော အပြောချိုချိုနှင့် ကြောင်သူတော် ကြွက်သူခိုး၊ စားနေကျကြောင်ဖား၊ ဆင်းရဲဒုက္ခရောက်နေသည့်အလုပ်သမားလေးတွေကို ငွေကြေးနှင့်မြူဆွယ်၊ သိမ်းသွင်းပြီး အဆီစား အသားမျိုခဲ့ပေါင်း နည်းတော့မည် မဟုတ်၊

"ကဲ - ဦးကံစိန် - ကျွန်မလုပ်ခကို ပေးဦးမှာလား"

တင်းတင်းမာမာဆိုလိုက်တော့မှ လုပ်ခတစ်ရာကျော်ကိုထုတ်ပေးသည်၊ ကောင်းကောင်းပေးသည်မဟုတ်၊ လှမ်းယူလိုက်သောဘယ်လက်ကို ဆွဲယူဆုပ်ကိုင်ထားသည်၊

"တကယ်ပြောတာပါဟာ၊ နင်သာလက်ခံရင် အိမ်ကဟာမကြီးကို ကွာပစ်ပါ့မယ် - တကယ်ပါ"

အတင်းဆွဲထားသည်။ ယောက်ျားတစ်ယောက်၏ခွန်အားကို အသုံးပြုပြီး ဗလက္ကာရကျင့်တော့မှာ သေချာသည်၊ လွယ်အိတ်ထဲထိုးထည့်ထားသော ညာလက်ကို ဇင်မေ ထုတ်လိုက်ရတော့သည်၊ လက်ထဲတွင် ဓားအိမ် အသင့်ချွတ်ပြီးခဲ့သော အသွားရှစ်လက်မဓားမြှောင်ကြီးက အထင်းသား ဝင်းလက်လျက်၊ မရဏရောင်ပြန်ဟပ်နေသည်၊

ဓားကိုမြင်လိုက်တော့မှ အံ့အားသင့်ပြီး ကြောက်လန့်တကြားနှင့်လက်ကို လွှတ်တော့သည်၊

ဇင်မေ ဘာမှမပြောပဲ ထွက်ခဲ့သည်၊ ဘာမှမပြောချင်လောက်အောင် စိတ်ကုန်နေပါပြီ၊ ခေါင်းကိုသာ ခါယမ်းပစ်လိုက်သည်၊

"လောကကြီး မကောင်းတော့ပါဘူး"

— ၅ —

ရပ်ကွက်ထဲရောက်တော့ ဆယ်နာရီ ထိုးလောက်နေပြီ၊ မိုးထဲ လေထဲတွင် လူသူကင်းမဲ့နေပါ၏၊ ပြောက်တိပြောက်ကျား အလင်းရောင် လှဲ့လှဲ့



ကလေးတွေသာ တွေ့ရသည်၊ နဂိုကတည်းက သည်ရပ်ကွက်လမ်းတွေသည် ဖြောင့်ဖြောင့်ဖြူးဖြူး၊ ကျယ်ကျယ်ဝန်းဝန်းတွေ မဟုတ်၊ ကျဉ်းကျဉ်းဆိုးဆိုး ကောက်ကောက်၊ သစ်ပင်ရိပ်တွေနှင့် မှောင်တီမှောင်တောင်၊ မရှင်းမလင်း၊

အခုလိုညဘက်ကြီးတွင်ဘယ်မိန်းမကောင်းလေးကတစ်ယောက်တည်း သွားရဲပါ့မည်လဲ၊ သွားတော့ရော မိန်းမကောင်းလို့ ထင်ကြမည်တဲ့လား၊

ဇင်မေအတွက် တွေးနေလည်း အပိုသာဖြစ်မည်၊ သွားရတော့မည်သာ ဖြစ်သည်၊ ကြောက်ရွံ့အားငယ်စိတ်တွေကို ဖွတ်တင်းရသည်၊ ထမီကို တိုတိုပြင်ဝတ်လိုက်သည်၊ လက်တစ်ဖက်က လွယ်အိတ်ထဲထိုးထည့်ကာ ရင်တွင် ဖက်ပိုက်လိုက်သည်၊

လေပြင်းကပါ တိုက်ခတ်နေသည်မို့မိုးစက်ပေါက်တွေက ကျောက်စရစ်ခဲနှင့် ပစ်ပေါက်နေသလိုပင်၊ အရှိန်ပြင်းစွာ ထိမှန်နေရသည်၊ တစ်ကိုယ်လုံး ကျိန်းစပ်နေသည်၊

မှောင်ရသည့်အထဲ ရပ်ကွက်လမ်းတွေမှာ ရေလွှမ်းနေသေးသည်၊ စမ်းတဝါးဝါးနှင့် ကယိမ်းကယိုင်ဖြစ်ရသည်၊ လဲချင် ပြိုချင်နေ၏၊ ရော်ဘာဖိနပ်ဟောင်းက ပြတ်ထွက်သွားတော့သည်၊ နှစ်ဖက်စလုံး ချွတ်သာပစ်လိုက်တော့သည်၊ ကောက်မနေတော့၊

တစ်ချက်တစ်ချက် ဆောင့်တိုက်လိုက်သောလေက လူမှာ လှန်လဲတော့မလား ထင်ရသည်၊ တချို့လမ်းတွေမှာ လျှပ်စစ်မီးတိုင်မရှိ၊ လျှောက်လှမ်းရခက်လှသည်၊

ချမ်းစိုက်စိုက်တုန်ကာ စိတ်ဆင်းရဲကြီးရသည်၊ အိမ်က ဝေးသေးသည်၊ သည်ညမှ ပြန်ရောက်ပါတော့မလား၊

သည်ရပ်ကွက်က ဒုစရိုက်အမှု နာမည်ကြီးလှသောရပ်ကွက်၊ လူဆိုးလူမိုက် လူရှုပ်လူပွေ များလှသည်၊ ယင်းတို့ ကျက်စားကြသည်၊ ဖဲ၊ အရက်



www.burmeseclassic.com

www.burmeseclassic.com

လောင်းကစား၊ မူးယစ်ဆေးဝါး၊ မိန်းမပျက်အစုံ၊ ဒုစရိုက်အကုန်၊ တွေးရင်း ပိုပြီးကြောက်လာသည်။ ဆက်ပြီး လှမ်းဖို့ပင်ခက်ခက်၊

ကြောက်ကြောက်ထိတ်ထိတ်နှင့်လမ်းတစ်ခုကိုချိုးကွေ့လိုက်သည်တွင် မှိုးသံလေသံတွေကြားမှ လူတစ်စု၏စကားပြောသံလိုလိုကြားလိုက်ရသည်၊ သိပ်မဝေး၊ ခြေလှမ်းသုံးလေးဆယ်လောက်ရယ်၊ ဟုတ်ပါသည်၊ လူတစ်စု၊ ငါးယောက်လောက် ရှိမည်၊ ယောက်ျားတွေ၊

"ဟေ့ - ဟိုမှာ ဆော်လေး တစ်ဇွေထဲပါလား"

သူတို့တွေမြင်သွားကြပြီ - ဘုရား - ဘုရား၊ ရင်တွေဆောင့်ခုန်ပြီး ဇင်မေ့ တစ်ကိုယ်လုံး တောင့်တင်းသွားတော့သည်၊

"ဟေ့ - ဟေ့ - မပြေးနဲ့"

အော်ဟစ်လိုက်သံကြီးက မိုးကြိုးကြီး အပစ်ခံလိုက်ရသည်နှင့်မခြား၊ တစ်ကိုယ်လုံး တုန်တက်လန့်ဖျပ်သွားသည်၊ သို့သော် သည်အော်သံက သတိပေးလိုက်သလိုရှိသွားသည်၊ ဇင်မေ ကြောက်အားနှင့် အတင်းဖွတ်ပြေး တော့သည်၊ နောက်ကလူတစ်သိုက်ကလည်း အတင်းပြေးလိုက်လာသည်၊ အမဲလိုက်ခွေးတွေ၊ သားကောင်မြင်ပြီး သဲသဲမဲမဲအလိုက်ခံရခြင်းမျိုး၊

နဂိုကတည်းက ဆိုးရသည့်လမ်း၊ ရေလွှမ်းခံနေရပြန်တော့ ပြေးချင်တိုင်း ပြေးမရ၊ ဘယ်လောက်ပြေးနိုင်မှာလဲ၊ ပြေးနိုင်သလောက် အားစဲပြေးသည်၊ ရေသံတွေ အုန်းအုန်းထနေ၏၊

သိပ်ပြီးတောင် မကြာလိုက်၊ ရေထဲမြုပ်နေသောအုတ်ခဲပိုင်းကျိုးကို နင်း မိပြီး ဟပ်ထိုးလဲတော့သည်၊ သွားပြီ၊ ဘဝဆုံးပြီ၊

အော်ဟစ်အကူအညီတောင်းသော်လည်း အသံက လည်ချောင်းထဲက မထွက်၊ တော်ရုံအသံလောက်နှင့်လည်း မိုးသံလေသံကြားတွင်ကြားနိုင်လိမ့် မည်မဟုတ်၊ ကြားသည့်တိုင်အောင်လည်း ထွက်ရဲကြလိမ့်မည်မထင်၊

"ဘယ်ပြေးမလဲ - မိရှိုသဲ - ဟဲ - ဟဲ"



အရက်သံကြီးနှင့်ရယ်ပြီး ပခုံးကို ဆွဲကိုင်ခြင်း ခံလိုက်ရသည်၊ သည်တွင် ဘာလုပ်ရမှန်း မသိသော်လည်း တစ်ခုခုကို လုပ်မိလျက်သား ဖြစ်သွားသည်၊

"ဟာ - ဓားနဲ့ ထိုးတယ်ကွ၊ ကောင်မလက်ထဲမှာ ဓား"

ပခုံးကို ဆွဲကိုင်လိုက်သူ၏ ထိတ်လန့်တကြား အော်လိုက်သံကို ကြား လိုက်ရသည်၊ သည်တော့မှ လက်ထဲကဓားကို အမှတ်ရလိုက်သည်၊

ဓားနှင့် အထိုးခံလိုက်ရသူက ထိသွားသောလက်ကို ဆုပ်ကိုင်ပြီး နောက် ဆုတ်သွားသည်၊ ဒဏ်ရာကို ကြည့်သည်၊ တခြားသူတွေကလည်း ဖွတ်ဝင် ဖမ်းရဲဟန်မတူ၊ တန့်သွားကြသည်၊

သည်အခိုက် အခွင့်ယူပြီး ဇင်မေ အတင်းကျုံးရုန်းထရပ်သည်၊ အနီးကပ် နေသည်မို့ သူတို့မျက်နှာတွေကို မြင်ရသည်၊ ရပ်ကွက်ထဲတွင် ရမ်းကားဆိုး သွမ်းနေသည့် လူမိုက်တစ်စု၊ ဇင်မေ့ကို မျက်စိကျနေပြီး အခွင့်သင့်တိုင်း နှောင့်ယှက်စော်ကားနေသူတွေ၊ မိန်းကလေးတွေကို ဖျက်ဆီးပြီး အထိန်း လုပ်နေသူတွေ၊

"ကောင်မက တယ်စွာပါလား၊ ဒီ ... ... ... ကို ဖမ်းကွာ၊ မလွတ်စေနဲ့"

ပြေးနိုင်မှလွတ်မည်၊ မလွတ်စေဦး၊ ပြေးရမည်၊ ဇင်မေ ပြေးပြန်သည်၊

ကြာကြာမပြေးနိုင်၊ ရင်ထဲမှာ လှိုက်ခုန်ပြီး တုန်ခါနေသည်၊ မောနွမ်းကာ အားပျော့နေပြီ၊ ခြေလှမ်းတွေ သယ်မရချင်တော့၊ သင်းတို့မိတော့မည်၊ သင်း တို့တစ်တွေ အရက်တွေမူးနေပြီး ကယိမ်းကယိုင်ရှိနေသောကြောင့်သာ သည် မျှကြာနေခြင်း ဖြစ်သည်၊

သည်အတိုင်းဆက်ပြေးနေလို့မဖြစ်၊ အနီးဆုံးတွေ့ရာအိမ်ရှေ့ကိုပြေးဝင် လိုက်သည်၊

လက်နှင့်ပုတ်ပြီး အော်ခေါ်သော်လည်း အသံက မထွက်၊ ကြောက်ဇော နှင့်တိုးဝင်အလိုက်တွင် ထောင်ပိတ်ထားသော ကျူထရံချပ်က အိမ်ထဲ လှန်ကျ



www.burmeseclassic.com

www.burmeseclassic.com

သွားသည်၊ ဇင်မေလည်း ထိုးတက်လိုက်သောအရှိန်နှင့် ကျူးဖျာချပ်ပေါ်တွင် အရုပ်ကြိုးပြတ် လဲပြိုပြီး အိမ်ထဲ ရောက်သွားတော့၏။

ပြာဝေနေသောမျက်လုံးကို မီးရောင်လာဟပ်သည်မို့ ဇင်မေ အလောတကြီး မော့ကြည့်လိုက်သည်၊ မောဟိုက်လွန်းစွာ လဲပြိုရာမှတော့ မထနိုင်သေး။

ညစ်ပေနေသောစားပွဲပေါ်မှာ ထွန်းထားသည့် လက်ဆွဲမီးအိမ်တစ်လုံး၊ ထောင်နေသောပုလင်း၊ စိုက်နေသောဓားတစ်ချောင်း၊ နောက်ပြီး – မှုန်ထင်းထင်းမျက်နှာကြီး၊ ကုလားထိုင်တစ်လုံးပေါ်မှာ လူတစ်ယောက်ထိုင်နေပါ၏၊ သူ့မျက်နှာရေ့တည့်တည့် မိုးရေတွေက တပေါက်ပေါက်ကျလျက် စားပွဲပေါ် ဖြာစဉ်ကျနေ၏။

မျက်မှောင်တွန့်ကြုတ်ပြီး ကိုယ့်ကို ကြည့်နေသည်၊ မလှုပ်မယှက်၊ ဇင်မေ့မှာ နောက်က လိုက်ပါလာသည့် လူယုတ်မာတစ်သိုက်ကိုပင် မေ့သွားရတော့၏။

– ၉ –

အိမ်ထဲသို့အတင်းတိုးဝေ့ဝင်ရောက်လာသောလူယုတ်မာတစ်စုကြောင့် ဇင်မေ့မှာ အတင်းလူးလဲထလိုက်ရပြန်သည်၊

"သောက် ……… မ ……… နင်တော့လား"

ဓားနှင့် အထိုးခံခဲ့ရသူက အတော်မကျေမချမ်းဖြစ်နေသည်၊ ဒေါသတကြီးနှင့် ဇင်မေ့ကို အတင်းလှမ်းဆွဲသည်၊ သူ့လက်ဖျံမှာလည်း သွေးတွေ အလိမ်းသား၊ ဇင်မေ့က ဓားနှင့်တစ်ချက်တွက်တာ ရှောင်ထွက်ပြီး တိုင်ဘေး ပြေးကပ်လိုက်သည်၊

ဇင်မေ့ဓားကိုင်လက်ကိုအတင်းဝင်ဖမ်းမည်လုပ်စဉ်နောက်တစ်ယောက်က အလောတကြီး ဝင်ဆွဲပစ်လိုက်သည်၊



"မအေ ……… ရဲ့ သိပ်မွှန်မနေနဲ့၊ ဟိုမှာ – မင်းအဖေ – ဓားကျော်အံ့"

သတိပြုမိသွားကြပြီ၊ တုန့်ခနဲ တန့်သွားကြသည်၊ အကိုက်အလိုက်ရဲလှသည့် အမဲလိုက်ခွေးတွေ ကျားတွေ့ပြီ၊ ဖင်သီကာ အမြီးကုပ်သွားသလိုပင်၊

"ဓားကျော်အံ့ဆိုပါလား"

ဇင်မေလည်း ထိတ်ပျာတုန်လှုပ်သွားသည်၊

သည်ရပ်ကွက်တွေ၏ဝန်းကျင်တွင် သည်နာမည်ကို မကြားဖူးသူရှိမည် မထင်၊ လူကို သေချာစွာ မမြင်ဘူးသော်လည်း နာမည်ကြီးလှသည့်လူဆိုး လူမိုက်တို့၏ အဓိပတိလူဆိုးလူမိုက်ကြီး။

"အ – အစ်ကိုကြီးရှိမှန်း မသိလို့ပါ၊ ဘယ်တုံးက လွတ်လာလဲ – အစ်ကို၊ ကျွန်တော်တို့ကို စိတ်မရှိပါနဲ့"

ပိုင်နက်ကျူးကျော်မိ၍အပြစ်ပေးခံရမည်ကိုချောက်ချားနေသည့်အလား၊ ထိတ်လန့်ထစ်အ.စွာ အကျိုးနွံဆိုးသောလေသံနှင့် ပြောသည်၊

"ဒီကောင်မက လိုင်းဝင်နေတဲ့ကောင်မပါ၊ ကျွန်တော်တို့ကို ကလန်ကဆန်လုပ်ပြီး ဓားနဲ့ထိုးပြေးလို့ – အဲဒါ"

သင်းတို့အပြစ်ကိုကာကွယ်နိုင်ဖို့အယုတ်တမာတွေက သူတို့ပထွေးကို မဟုတ်တမ်းတရမ်းစကားတွေနှင့် သံတော်ဦးတင်နေကြသည်၊ အစော်ကား ခံနေရသည်မို့ ဇင်မေ့မှာ မခံမရပ်နိုင်၊

"ဘာ – လိုင်းဝင်နေတာလဲ၊ အဲဒီလိုအမျိုးအစားဆိုရင်ကြက်တောင်လုပ်နေစရာမလိုဘူး ဟေ့၊ သူများမယားငယ်ခံလိုက်တာနဲ့ပြီးတယ်၊ အခုလိုမိုးထဲလေထဲ ပြေးနေစရာတောင် မလိုဘူး၊ ဖိမ်နဲ့ နေနိုင်တယ် – နားလည်လား"

ဇင်မေ အော်ဟစ်ပစ်လိုက်သည်၊

သင်းတို့ပထွေးရှေ့တွင် ရုတ်ရုတ်သဲသဲ လုပ်ရဲပုံမရ၊ ဝေးရာကိုသာ ပြေးချင်နေပုံရသည်၊ သည်အတိုင်းချည်းလည်း ပြေးရဲဟန်မတူ၊



www.burmeseclassic.com

www.burmeseclassic.com

"ဟဲ - ဟဲ - အစ်ကိုကြီး - ပါးစပ်ပေါက်ဝနား အလိုလိုရောက်လာတဲ့ အချောအလှလေးပေါ့ - ဟဲ - ဟဲ"

မင့်မရဲ့မျက်နှာချိုသွေးကာ သွားဖြီးပြသည်။ ဟိုက နုထိစကားတစ်ခွန်းမပြော။ မေးကျူထားသောမျက်လုံးများနှင့်သာ အလိုမကျသလို ကြည့်နေသည်။ သည်အကြည့်နှင့်ပင်လုံ့လောက်နေပါပြီ။ ကျောစိမ့်ထွက်သွားလောက်အောင် အေးစက်မာကြောလှသည့်မျက်လုံး။

သင်းတို့စကားလည်း ဆက်ပြောရဲတော့ဟန်မတူ။ အသက်လည်း ရှူရဲတော့ဟန်မတူ။ ရုတ်တရက် လှည့်လို့တောင်မထွက်ရဲ၊ နောက်ပြန်မသိမသာ ဆုတ်ထွက်သွားကြသည်။ အိမ်ပြင်ရောက်သည်နှင့် ပြေးကြတော့၏။

နှစ်ယောက်တည်း ကျန်ခဲ့တော့သည်။

အခုမှ တကယ့်အန္တရာယ်ကြီးနှင့် ကြုံနေရပြီကို နားလည်လိုက်သည်။ ဝံပုလွေတစ်သိုက်လိုက်လို့ ပြေးခဲ့ရာမှ ကျားရဲကြီးရှေ့မှောက် ဒူးထောက်လဲနေသည့်အဖြစ်။

မိန်းကလေးတစ်ယောက်အတွက် ဘာမဆိုပျက်စီးဆုံးရှုံးဖို့ဖြစ်သွားနိုင်သည့် သားရဲတွင်းကြီးထဲမှာ။

"ဟော - ဟော - သူ ထလိုက်ပြီ"

လွတ်မထွက်နိုင်သည့်သားကောင်အတွက် ကြောင့်ကျမှုမရှိသည့်အေးဆေးမှုမျိုး။ နောက်ပြီးတော့ - တည့်မတ်တည်ငြိမ်စွာ စိုက်ကြည့်ခြင်းတွေ ခံလိုက်ရပြန်သည်။

ဇင်မေ့မှာ သိမ့်ခနဲ ကြက်သီးဖျန်းဖျန်းထသွားသည်။

"ရှင် - ရှေ့တိုးမလာနဲ့နော်"



ချောက်ချားသောစိတ်နှင့် ကယောင်ကတမ်း အော်လိုက်မိသည်။ ခြေတစ်လှမ်းက အလိုလို ဆုတ်မိလျက်သား ရှိသွားသည်။ ခြေတစ်ဖက်က ကြမ်းပေါက်ကျွံတော့မလို ဖြစ်သွားသေးသောကြောင့် ခန္ဓာကိုယ်မှာ ယိုင်သွားသည်။ ဘေးနားကတိုင်ကို အလောတကြီး ကိုင်လိုက်ရသည်။

အန္တရာယ်ကြီးကို မျက်ခြည်အပြတ်မခံရဲပဲ ပတ်ဝန်းကျင်ကို စူးစမ်းမိသည်။ အပေါက်အပြဲ အဆွေးအမြည့်တွေနှင့် မှောင်ဝါးနေသော အိမ်စုတ်ထဲမှာ။ ဆယ့်လေးငါးလှမ်း လှည့်ပတ်ပြေးဖို့ပင်မလွယ်။ ကြမ်းပေါက်ကျွံပြီး မှောက်လျက်လဲဖို့သာ ရှိနေသည်။ အိမ်ပေါက်ဝကိုဖြတ်ပြေးဖို့ဆိုတာလည်း တစ်ချက်ခုန်ဆွဲခံရရုံနှင့်ပင် ကျားလက်ထဲ ယုန်လေးမိသလို ကားခနဲ နေလိမ့်မည်။ ထောက် ...။

မိုးရေတွေ အရွဲသားနှင့် ချွေးတွေပြန်လာသည်။ တစ်ကိုယ်လုံး တုန်ယင်ဘုပ်ခါလျက်ရှိသည်။

အန္တရာယ်ကြီးက ခြေတစ်လှမ်း မရွေ့သေးပါ။ ဟန့်တားလိုက်သံကြောင့်တော့ ဟုတ်မည်မထင်။ မကြည့်ရဲလျက် မျက်လုံးတွေက မခွာဝံ့။ ခြောက်ပေလောက်ရှိသည့် အရပ်ကြီးက မိုးမိုးမတ်မတ်ကြီး ရှိနေသည်။ ဖောင်းပွဝပြဲခြင်းမဟုတ်ပဲ ကြီးနိုင်ကျစ်လစ်သန်မာသည့်ခန္ဓာကိုယ်ကြီးကလည်း တစ်အိမ်လုံးကိုပင် တွန်းလဲဖြိုဖျက်ပစ်ဖို့ ခက်လိမ့်မည်မဟုတ်။ ညစ်ထပ်ထပ်ရှိနေသော မျက်နှာကြီးကလည်း မကောင်းမှုအစုံ၌ အတွေ့အကြုံရင့်ထုံနှင့်ပြီးသလိုသာ ရှိနေ၏။

"ငါ - ဘယ်လိုလုပ်ရမလဲ"

ဘယ်လိုလုပ်ရမှန်းမသိအောင်ကို ခက်နေရသည်။ ဘာမှလုပ်မရမှန်းသိလိုက်သည်နှင့် ထိုင်ပြီးသာ ငိုပစ်လိုက်ချင်တော့သည်။ သို့သော် ဘဝတစ်လျှောက်လုံး နာကြည်းခဲခက်စွာ အလိုမကျဖြစ်ခဲ့ရသည့် ဒေါသများက စက်ဆုပ်စရာအခြေအနေထဲတွင် ရှန်းကြွလာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

စားပွဲပေါ်မှ ပစ်ထားသော ဂျုံးချောင်းဆီမျက်လုံးက ရောက်သွားသည်။ အန္တရာယ်ကြီး၏လှသတ်ပစ္စည်းတွေ၊ သည်းအူတုန်စရာ၊ ကိုယ့်လက်ထဲမှာ ဓားမြှောင်ကြီးကိုသတိရလိုက်သည်။ လူသတ်လို့ရသည့်ပစ္စည်းပဲ၊ လက်ထဲမှဓားမြှောင်ကြီးကို တစ်ချက်ကြည့်လိုက်သည်။ စိတ်ကျေနပ်စရာအပြည့်၊ အသွားရှစ်လက်မနှင့် ချွန်မြ၍နေသည်။ မျက်နှာပေါ်က ဆံပင်တွေကိုခေါင်းဆတ်၍ခါတင်ပစ်လိုက်သည်။ အံကြိတ်ပစ်လိုက်သည်။ လက်ထဲရှိဓားမြှောင်ကြီးကလွဲပြီး တခြားအားကိုးဖွယ်ရာ ဘာမှမရှိ၊ တင်းလွန်းစွာ ဆုပ်ကိုင်ထားသောကြောင့် ဓားကိုင်လက်မှာ တုန်ခါနေသည်။

အန္တရာယ်ကြီးက ခုထိ စကားတစ်ခွန်းမှ မပြောသေး၊ စိုက်ကြည့်နေဆဲ၊ တစ်လှမ်းမရွေ့သေး။ ရပ်နေမြဲ၊ လှုပ်ရှားလွန်းနေသောစိတ်တွေကြောင့် ဇင်မေ နှုတ်ဆိတ်နေ၍မရ။

"သေတာတစ်ခုကလွဲရင် ရှင် ကျွန်မဆီက ဘာမှရမှာမဟုတ်ဘူးနော်၊ မသေရဲဘူးလို့ မထင်နဲ့၊ မသတ်ရဲဘူးလို့ မထင်နဲ့၊ မိဘဆွေမျိုးညီအစ်ကို မောင်နှမနဲ့ပစ္စည်း၊ ဥစ္စာ ဘာတစ်ခုမှရှိတဲ့ကောင်မ မဟုတ်ဘူး၊ ဘာမှမရှိတဲ့ ကိုယ့်ဘဝကိုလည်း သိပ်ခင်တွယ်လှတာ မဟုတ်ဘူး၊ စမ်းချင် စမ်းလိုက်"

အကျပ်အတည်းမှ ခံရခက်မှုများနှင့် စိန်ခေါ်ပစ်လိုက်သည်။ မိုးသံလေသံတို့ကို ဖုံးလွှမ်းသွား၏။ စင်စစ်၌ ကိုယ့်အသံကိုတောင် ပြန်လန့်သွားသည်။

စားပွဲပေါ်က ဓားများဆီ သူ့လက်ကြီးက ဖျတ်ခနဲ ရောက်သွားတော့သည်။

ဇင်မေ့ရင်မှာ ဒိန်းခနဲ ဆောင့်ခုန်သွားသည်။

ဓားရောင်တွေက မျက်လုံးထဲတွင် လျှပ်စီးလက်သွားသည်။ ဘယ်လိုပစ်ခတ်လိုက်သည်ပင် မသိနိုင်ခဲ့၊ မျက်လုံးရှေ့ဝါးလုံးတိုင်မှာ အကွာအဝေးညီစွာ စိုက်ဝင်နေသည့်အဖြစ်ကို ဇင်မေ့မှာ အံ့ဩထိတ်ပျာသွားရသည်။



ဓားကိုတကယ်တမ်းအသုံးချတတ်တဲ့အန္တရာယ်ကြီး၊ ကိုယ့်လက်ထဲက ဓားက ဘာမှမဟုတ်တော့ပါလား၊ သည်မျက်နှာကြီး ကိုယ့်ဘက်လှည့်လာသောအခါ ဇင်မေ မျက်လုံးတစ်ချက်လွှဲမိသေးသည်။ သို့သော် မာန်တင်းကာ ခွတ်မျက်နှာချင်းဆိုင်ပစ်သည်။

သူ့မျက်နှာနှင့် သူ၏အေးဆေးတည်ငြိမ်မှုများက ကိုယ့်ကိုယ်ကိုယ် အလိုလိုသိမ်ငယ်၍ဖိန့်တုန်သွားစေလောက်သည်။ ရပ်ကွက်ထဲက လူဆိုးလူမိုက်ဆိုသူတွေအမြီးကုပ်ပြေးကြရသည်မှာ မဆန်း။ ဓားနှင့်မဟုတ်ပဲ သေနတ်နှင့် ချိန်ခံထားရလည်း တုန်လှုပ်မည့်ပုံစံမျိုး မဟုတ်။

မည်သို့ရှိနေစေ တစ်ခဏအတွင်းမှာပင် ဇင်မေ အနိုင်အမာ ဆုံးဖြတ်ပစ်လိုက်ပြီး ဖြစ်သည်။ ပြုသမျှ နရမည့်အကြောက်တရားတို့နှင့် ဘဝကို ဖြုတ်မျှောမျှောတော့ မခံတော့ပြီ၊ တုံ့ပြန်ခြင်းနှင့် စုန်းစုန်းနစ်သာ ခံတော့မည်၊ ကိုယ့်သေချင်သေ၊ ကိုယ့်မသေသူသေ၊

အရာအားလုံးအပေါ် ဒေါသဖြစ်နေသည်။ အကြောက်တရားသည် ဒေါသမီးတောက်ထဲတွင်ပြာကျသွားပြီ၊ ဘာမဆို ရင်ဆိုင်တုံ့ပြန်ပစ်ဖို့ပဲ၊ တွန်းထိုးတိုက်ခိုက်ပစ်ဖို့ပဲ၊

ဇင်မေ၏စူးရဲသောမျက်လုံးများမှာ လက်ထဲကဓားရောင်နှင့်အပြိုင် ဖိတ်ဖိတ်ထနေသည်။

အံ့ဩဖွယ် ယုန်လေးတစ်ကောင်ကိုတွေ့လိုက်ရသလို အန္တရာယ်ကြီး၏ မျက်နှာမှာ တစ်ချက်တွန့်ကျုံ့သွားသေးသည်။ မှေးစင်းသောမျက်လုံးများနှင့် ကြည့်ပြန်သည်။ ပြီးနောက် - ထောင်ထားသောပုလင်းကို ဖျတ်ခနဲဆွဲယူကာ စားပွဲစောင်းနှင့် ဆတ်ခနဲ ရိုက်ခွဲပစ်လိုက်သည်။

ဒိုင်းခနဲ အသံနှင့်အတူ ပုလင်းကွဲတွေ ပြန့်ကြဲသွားသည်။ ထိုသည်နှင့်အတူ စူးရှသောအရက်နံ့ဆိုးကြီးကလည်း ပြန့်ထွက်လာသည်။ လက်ထဲမှ



www.burmeseclassic.com

www.burmeseclassic.com

ပုလင်းထက်ပိုင်းပြတ်၏၊ အစွယ်ချွန်ကြီးများကလည်း ရှောက်ချားစရာကောင်း
အောင် ချွန်မြနေ၏။

သည်ဟန်ပန်က လက်နက်ချ အညံ့ခံဖို့ ခြိမ်းခြောက်ပစ်လိုက်တာလား။

လုပ်မနေနဲ့တော့၊ ကြောက်လို့လည်း ထူးလာမှာ မဟုတ်သည့်ဘဝတွင်
ထူးလို့လည်း ကြောက်မလာတော့၊ ဖင်မေ နှုတ်ခမ်းကို တွန့်မဲ့ပစ်လိုက်သည်၊

ချွန်မြဖိတ်လက်နေသော ပုလင်းထက်ပိုင်းပြတ်ကြီးကိုကိုင်ဆကာ စကား
ပြောလာသည်၊

"အေး - ငါလည်း ဘာမှမရှိတဲ့တစ်ကောင်ကြွက်ပဲ၊ ဒါပေမဲ့ - ငါ့ဘဝက
ငါခင်တွယ်တယ်၊ ငါမသေချင်သေးဘူး၊ ထောင်ထဲမှာလည်း ငါမနေချင်ဘူး
သူများနည်းတူ သားနဲ့မယားနဲ့ အိုးနဲ့အိမ်နဲ့ ငါနေချင်တယ်၊ ငါ့ဘဝကို ထိန်
သိမ်းပေးမယ့်မိန်းမတစ်ယောက် လိုနေတယ်၊ အဲဒါ - နင်ပဲဖြစ်လိမ့်မယ်၊ နင့်
ကို ငါ ပထမဆုံး တွေ့နေရပြီ၊ နင်လက်ခံရင် ငါ့ဘဝ အစစဖို့ပဲ၊ နင်လက်မ
ဘူးဆိုရင် ထွက်သွားတော့"

အောင်မြင်နိုင်ခုံသောအသံကြီးနှင့်ပြတ်သားစွာ ပြောသည်၊ ပုလင်းပြတ်
ကြီးကို လွှင့်ပစ်လိုက်သည်၊ တစ်စုံတစ်ခုသောအရာကြီးကို လွှင့်ပစ်လိုက်
သလိုမျိုးပင်၊ အလိုချင်ဆုံးသောအရာကို ဆန္ဒပြင်းစွာကြည့်သလို ဖင်မေ့
တစ်ချက်စိုက်ကြည့်သည်၊ ပြီးတော့ - တစ်ချက်လှည့်သွားသည်၊ ကြည့်လည်
ထပ်မကြည့်တော့၊ စကားလည်း မဆက်တော့၊ လက်ရန်းတစ်ဖက် ပြုတ်
ကုလားထိုင်ကြီးပေါ်မှာ အပေါက်ဝကို မျက်နှာမူပြီး ထိုင်နေတော့သည်၊

ဖင်မေ့မှာ အံ့အားကြီးတသင့် ဖြစ်သွားရသည်၊

အနိုင်အထက် ဗလက္ကာရပြုဖို့ အစပျိုးသည့်စကားမျိုးလည်း မဟုတ်
ရမ္မက်ထွေပြားသည့် မာယာလှည့်စားသောစကားမျိုးလည်း မဟုတ်၊ သေ
သားကို သွေးအေးအေးနှင့် တောင်းဆိုလိုက်သောစကားမျိုးလည်း မဟုတ်



အကြီးဆုံးသောအန္တရာယ်ကြီးလို့ ထင်ထားရသူက ဘဝကို ခင်တွယ်တယ်
ဆိုပါလား၊ ပြုပြင်တည်ဆောက်ဖို့ ရှိနေတယ်ဆိုပါလား။ နောက်ပြီးတော့
ကိုယ့်ကိုတဲ့၊

လူဆိုးလူမိုက်ကြီးဆိုသူဆီမှ အကြီးမားဆုံးသောသတ္တိကြီးတစ်ခုကို
တွေ့လိုက်ရသလိုပင်၊

ဖင်မေ ဘာပြန်ပြောရမှန်း မသိတော့၊

သူငယ်ချင်း မောင်မှိုင်းလွင်သို့
အမှတ်တရ

➳ မိုးကျော့


စာ ပေ ရှင် များ သို့
မရွေးချယ်သော ခါမှုများကို ပြန်လည်ပေးဖို့
မည်မဟုတ်ပါ၍ မိတ္တူ မွားထားကြပါရန်။
အယ်ဒီတာအဖွဲ့
သည်းထိတ်ရင်ဖို ဝတ္ထုရင်း


www.burmeseclassic.com

www.burmeseclassic.com

**ထမ်းနှဉ်းရော**ကောင်းသည့်က မခင်ဖွေး၏ညီမလေး မခင်အေးအား ဂျပန်စစ်သားတစ်ဦးက အဓမ္မကျင့်သွားသည်ဟူသောသတင်းပင် ဖြစ်၏။ ဤသတင်းမှာ ကျွန်ုဖတော် စခန်းသို့ပြန်၍ ရောက်ရောက်ချင်း အောင်မြင့်က ဆီးကြိုပြောခြင်းဖြစ်သည်။ ထိုသတင်းကြောင့် မျက်လုံးများပြာ၍ သွားသည်။ သို့တစေ၊ ရုတ်တရက် သူတို့ဆီသို့ မသွားနိုင်သေးပါ။

ဗိုလ်ကြီးခင်မှာ အထက်မှ ဆက်သားလာသောကြောင့် ယိုးဒယားဘက်သို့ အမြန်ဆုံး ထွက်ခွာသွားရမည့်အကြောင်း နံနက်ပိုင်းတွင် သိလာရ၏။






www.burmeseclassic.com

www.burmeseclassic.com

အမှန်တော့ဗိုလ်ကြီးခင်ကိုယ်တိုင်က အချို့သော အကြောင်းအရာများကို မပြောရေ။ တစ်ခုစီစဉ်ပေးသွားသည်မှာကား အဘဦးထွန်းရုံတို့အား တစ်လတစ်ကြိမ် ပြန်၍လဲသော ဂိုဒေါင်ခေါ် အလုပ်သမားတပ်တွင် ထည့်ပေးပြီး မုဒုံနှင့်အနီး တံခွန်တိုင်ရွာကြီးသို့ ပြောင်း၍နေရန် ဖြစ်၏။

တံခွန်တိုင်ရွာကြီးမှာ ကျွန်တော်တို့၏ တော်လှန်ရေးပြောက်ကျားတပ်ဖွဲ့များ ရှိနေပြီဟု သိရသည်။ တံခွန်တိုင်ရွာပင်မကဘဲ မော်လမြိုင်နှင့် သံဖြူဇရပ်အကြား ရှိဖအောက်ရွာ၊ မိန်ကနိမ်ရွာ၊ ကမာဝက်၊ ကလော့သော့ စသော ရွာကြီးများနှင့် ရွာကလေးများတွင် ဗိုလ်ကြီးခင်တို့ဘက်မှ ပြည်သူ့အရေးတော်ပုံပါတီနှင့် ကွန်မြူနစ်ပါတီတို့မှ လျှို့ဝှက်စွာ ပြောက်ကျားတပ်ဖွဲ့များ ဖွဲ့စည်းထားရှိနေပြီဟု သိရပါသည်။

အထူးသဖြင့် သခင်စံခင် (မုဒုံရဲမှူး)၊ နောက် မုဒုံမြို့ပိုင်အဖြစ် ကိုဝင်းသိန်း (အာရှလူငယ်တိုင်းမှူး)၊ အရေးပိုင် သခင်လင်းကြီးတို့နှင့် လက်ရုံးတပ် ဗိုလ်ချုပ်သခင်စတို့က ဂျပန်တော်လှန်ရေးအတွက် လျှို့ဝှက်စွာ စီစဉ်နေကြောင်း သိရ၏။

ပြီး – မိမိတို့လျှို့ဝှက်ပြောက်ကျားများကိုလည်း လက်ရုံးတပ်ခေါ်ရွေးတပ်များအတွင်း သွင်း၍ ရာထူးကြီးပေးခြင်း၊ ပြောက်ကျားတပ်သားများ စုဆောင်းခြင်းများကို ပြုလုပ်လျက် ရှိနေပါသည်။

ဤသို့ တနင်္သာရီတိုင်း တော်လှန်ရေးခေါင်းဆောင်များအား အထက်မှ ညွှန်ကြားနေသူများမှာ သခင်မြနှင့် သခင်သန်းထွန်းတို့ဖြစ်ပြီး သခင်သန်းထွန်း၏ညီ အာရှလူငယ် အထွေထွေအတွင်းရေးမှူး ကိုညီလေးသည်ပင် မော်လမြိုင်၊ မုဒုံသို့ လျှို့ဝှက်စွာ ရောက်ရှိနေသည်ဟူသော သတင်းကို ကျွန်တော့်အား ကိုအောင်သန်းက ပြောပြခဲ့ပါလေသည်။

ထိုနေ့ညနေတွင် ကျွန်တော်နှင့် ကိုအောင်သန်းသည် အနန်းကွင်းရွာသစ်ကလေးသို့ ဗိုလ်ကြီးခင် မသွားခင် ရောက်လာသည်။



မခင်အေးမှာ ကျွန်တော်တို့ မျက်နှာမကြည့်ရဲတော့ဘဲ အခန်းတွင်း အောင်းကာ ရှိနေသည်။ မခင်မွှေးက ဖြစ်သမျှအကြောင်း ပြောပြသည်။

သူတို့ညီအစ်မ ရေခပ်သွားစဉ် နဂါးစကီးခေါ် ဂျပန်တပ်ကြပ်နှင့်တွေ့ပြီး မခင်အေးအား အတင်းဆွဲခေါ်သွားခြင်းဖြစ်၏။ ထိုအချိန်တွင် မနီးမဝေးမှ ဦးမဲကြီးနှင့် အဖော်တစ်ဦး ပါလာသော်လည်း မည်သည့်အကူအညီမှ မပေးပေ။ နောက်ဆုံး နဂါးစကီးနှင့်ပါလာသော ဂျပန်စစ်သားတစ်ဦးက သူ့အားဖမ်းဆီးရန် လိုက်ပြန်ရာ တောထဲ ဝင်ပြေးသောကြောင့်သာ လွတ်ခဲ့ရကြောင်း မျက်ရည်စက်လက်ဖြင့် ပြောပြပေ၏။

"ဒါဟာ ခွေးသား ငမဲကြီးလက်ချက်ဗျ။ ကျုပ်မကျေဘူး။ သင်းတို့ကို တစ်နည်းနည်းနဲ့ မသတ်ရဘဲ ကျုပ်မနေဘူး"

ကိုအောင်သန်းက ထိုသို့ ဒေါသတကြီး ကြိမ်းဝါးသလောက် အဘဦးထွန်းရုံကား အံကြိတ်၍ ရှိနေရှာသည်။

ဤသို့ပင် ကိုလှဖေနှင့်ကိုဘကျော် စသော အညာသားအချို့ကလည်း မကျေမနပ်ဖြစ်နေသည်။ ဒေါသလည်း ထွက်နေကြသည်။

ထိုနေ့ည ပြန်လာသောအခါဝယ် ရုတ်တရက် အမှောင်ရိပ်များ ဖုံးလွှမ်းနေသော ဝါးရုံအောက်မှ လူသုံးယောက် ထွက်လာကာ လျှပ်တစ်ပြက် ဝင်ရောက်ရိုက်သည်။

ကျွန်တော်တို့မှာ အစစ သတိထားလာသည့်အတိုင်း လက်ထဲတွင် ဝါးရင်းတုတ်ရှည်များ ကိုင်ဆောင်လာလေရာ ရုံခနဲ မည်းခနဲ ခုန်လွှားလာချိန်မှာပင် ကြို၍ရိုက်ပစ်လိုက်ရသည်။ ကိုအောင်သန်းလည်း ကျွန်တော်ကဲ့သို့ပင် သတိရှိသူဖြစ်ရာ သူ့လက်ချက်နှင့် တစ်ဦးလဲကျကာ ကျန်တစ်ဦးမှာ ထွက်ပြေးသွားခဲ့ပေ၏။

လဲကျသွားသော လူနှစ်ယောက်အား အလင်းရောင်တွင် ဆွဲယူကြည့်ရာ ဦးမဲ၏တပည့်မိုက်ခဲများဖြစ်သော လက်ကောက်ဘသိန်းနှင့် သွားခေါငမဲတို့ ဖြစ်နေပေ၏။

www.burmeseclassic.com

www.burmeseclassic.com

"တောက် - အလုပ်သမားချင်း သွေးကွဲအောင်လုပ်ပေးတဲ့ ငမဲရဲ့တပည့်တွေဗျ။ ခွေးသားတွေ တစ်ခါတည်းရိုက်သတ်တာကောင်းမယ်၊ ဘယ့်နှယ်လဲ"

"မလုပ်ပါနဲ့ဗျာ။ ဒီကောင်တွေ ကျုပ်တို့လက်ချက်နဲ့ တော်တော်နာနေပါပြီ"

"ကျုပ်နမ စော်ကား၊ ကျုပ်တို့ကို သတ်ဖို့ကြံတဲ့ အကောင်ကြီးကို ကျုပ်မကျေဘူး"

ထို့နောက်တွင် လက်ကောက်ဘသိန်းနှင့် သွားခေါ်ငမဲတို့အား နွယ်ကြိုးများဖြင့်တုပ်၍ သတိရအောင် ပြုလုပ်ရသည်၊ သတိရလာသောအခါတွင် သူတို့မျက်နှာ အတော်ကလေး ကြောက်ရွံ့ထိတ်လန့်နေချေသည်၊

ကျွန်တော်တို့ကား သူတို့ကို ဖမ်းဆီး၍ ရုံးတင်အပြစ်ပေးနိုင်သည့်ပုလိပ်များ မဟုတ်လား၊

"ခွေးသားတွေဖော်စမ်း၊ ထွက်ပြေးတာဦးမဲကြီး မဟုတ်လား၊ ဟော့ကောင် ဘာအတွက်ကြောင့် ကြောင်လုပ်နေသလဲ"

ကိုအောင်သန်းက ဒူးဖြင့် မျက်နှာကိုဆောင့်၍ ပစ်တိုက်လိုက်သောကြောင့် လက်ကောက်ဘသိန်းမှာ "အမယ်လေး" ဟုအော်ကာ မြေပေါ်လဲကျသွား၏။

"ပြောစမ်း - ဟော့ - ငမဲ"

ဤတွင် သွားခေါ်ငမဲမှာ ကြောက်ရွံ့စွာ စတင်ဖော်တော့သည်၊

"ကျွန်တော်တို့ကို ချမ်းသာပေးပါ - ဆရာရယ်၊ ဒါဟာ ဦးမဲအပြစ်ပါ။ ကျွန်တော်တို့ကိုခိုင်းလို့ ကြောက်ပြီးလုပ်ရတာပါ"

"နဂါးစကီ - မတရားလုပ်တာထဲမှာ မင်းတို့လည်း ပါတယ်မဟုတ်လားကွ"

ကိုအောင်သန်းက လက်ဝါးဖြင့် ဂုပန်ရိုက်နည်း မျက်ခွက်ဖြတ်ရိုက်ကာ မေးလိုက်သောကြောင့် ငမဲမှာ -



"ဟုတ် - ဟုတ်ပါတယ်၊ အဲ - အဲ - ကျွန်တော်တို့ မပါပါဘူး။ ဦးမဲလုပ်တာ ... ဦးမဲက ဆရာတို့ညီမတွေအကြောင်းပြောပြီး နဂါးစကီကိုပြခဲ့တာပါ ဆရာ"

"အေးပေါ့ကွာ။ နိုင်တဲ့လူနဲ့ ကပ်ပြီးလုပ်တော့ ခံရဦးမှာပေါ့၊ ဒါပေမဲ့ - မင်းတို့နဲ့ မင်းတို့ဆရာကို ရုံးတင်ရမယ်"

ရုံးဟု ပြောလိုက်သည်နှင့် တစ်ပြိုင်နက် လက်ကောက်ဘသိန်းတို့မှာ ... တုန်အောင် ကြောက်သွားကြ၏။ စခန်းရုံးတွင် စခန်းအုပ်ချုပ်ရေးမှူးကြီး ဖြစ်သော ခွေးဘီလူးနှင့် သူ့လက်အောက် ယိုရှိဒါးတို့ ထစ်ယောက်ယောက် ... နေတတ်၏။ ပြီး - စခန်းမှူးကြီးများဖြစ်သော ဗိုလ်ကြီးခင်နှင့်ဦးကြွယ်စသော သူတို့ရှိလေရာ သူတို့အဖို့ သက်သာလှမည် မဟုတ်ချေ။

နောက်ဆုံး ကျွန်တော်တို့နှစ်ဦးက ငမိုက်သားနှစ်ကောင်အား ဦးမဲ၏ ... တားနားမထောင်ဘဲ ဦးမဲကြီး ကြံစည်သမျှနှင့် အခါအခွင့်ရသော် ဦးမဲကဲ့သို့ သတ်မာသောလူတစ်ယောက်ကို တတ်နိုင်သလောက် ဤစခန်းမှ ပယ်ထုတ် ... ရမည့်အကြောင်း သူတို့အား သိမ်းသွင်းရင်း ပြောရ၏။

"စိတ်ချပါ ခင်ဗျား၊ ကျုပ်တို့ သူ့စကား ဘယ်တော့မှ နားမထောင်တော့ ပါဘူး"

"ကောင်းပြီ၊ ခင်ဗျားတို့ကို ရုံးတင်ရင် ဒါဟာ သေဒဏ်ပဲ၊ ဒီတော့ ကျုပ်တို့က ခင်ဗျားတို့အသက်ကယ်လိုက်ပြီ၊ ခင်ဗျားတို့ကလည်း ကျုပ်တို့အပေါ်မှာ ဘာဝန်သိသိ သစ္စာရှိကြပါ"

ဤသို့ ကိုအောင်သန်းက ပြောလိုက်သောကြောင့် လက်ကောက်ဘသိန်းနှင့် ငမဲတို့မှာ ဝမ်းသာအားရဖြင့် "ကျွန်တော်တို့ ကတိပေးပါတယ် ဆရာလေး။ ဦးမဲစကား နားထောင်မိခဲ့လို့ အခုလို ဒုက္ခဖြစ်တာပါ" ဟု အသက်လေးဆယ် ကျော်ကျော် လက်ကောက်ဘသိန်းက ဝန်ခံစကား ပြောကြားလိုက်၏။

လက်ကောက်ဘသိန်းမှာ ထောင်သုံးကြိမ်လောက် ကျဖူးသော ... လက်ကောက်ဟုခေါ်ခြင်းဖြစ်သည်၊ (ထောင်ထဲသို့ နှစ်ကြိမ်ရောက်ဖူးသော



www.burmeseclassic.com

www.burmeseclassic.com

သူအား ထောင်ရေဝပြီး ထောင်အကြောင်း သိနေသဖြင့် လက်ကောက်ဟု ခေါ်ခြင်းဖြစ်၏။)

(၃)ရက်ခန့်တွင်ဗိုလ်ကြီးခင်မှာလျှို့ဝှက်သောအကြံအစည်ဖြင့်ယိုးဒယားဘက်သို့ ထွက်မသွားခင် ကျွန်တော်တို့အား သတိဝီရိယနှင့် နေထိုင်ရန် အထပ်ထပ်မှာကြားသွား၏။

အထူးသဖြင့် ဆက်သားများထံမှလာသောစာကို ဂျပန်များလက်ထဲသို့ မရောက်ရန်အရေးကြီးကြောင်းကိုဗိုလ်ကြီးခင်ကကျွန်တော်နှင့်ကိုအောင်သန်းတို့အား အထပ်ထပ်မှာကြားခဲ့လေ၏။

ဗိုလ်ကြီးခင် ခရီးမထွက်မီကလေးတွင် အဘဦးထွန်းရုံနှင့် ဇနီးဒေါ်ပန်းမြသမီး မခင်မွှေး၊ မခင်အေးတို့အား တံခွန်တိုင်ရွာကြီးသို့ပို့ရန်အတွက် ကိုလှဖေအား တာဝန်ပေးလိုက်တော့သည်။

ကိုလှဖေအားလည်း ထိုရွာရောက်သည်နှင့်တစ်ပြိုင်နက် လျှို့ဝှက်သော ပြောက်ကျားစခန်းတွင် သွားရောက်တာဝန်ယူနေရမည့်အကြောင်းကိုပါ အမိန့်ပေးလိုက်ပါ၏။

ထို့ကြောင့်လည်း ဂျပန်များ၏ဘေးရန်မှလွတ်ရန်အတွက် အလုပ်တာဝန် ပြီးစီးကြောင်း လက်မှတ်များကို ထုတ်ပေး၍ စခန်းမှူးဂျပန်များ မသိအောင် တောလမ်းမှနေကာ ကရင်အမျိုးသား လမ်းပြများဖြင့် အဘဦးထွန်းရုံတို့အား ကိုလှဖေက ခေါ်ဆောင်ကာ ခေါ်၍သွားစေရပါသည်။

"အစ်ကိုရေ - မြန်မြန်ပြန်လာပါနော်"

မခင်မွှေး၏ ပုလဲသွယ်မျက်ရည်စက်ကလေးများနှင့်မှာသံက ကျွန်တော်၏ရင်ကို နင့်သွားစေရတော့၏။

— ❀ —



ကံကြမ္မာသည် ကျွန်တော်တို့ဘက်တွင် အမြဲတမ်းရှိနေခြင်း မရှိပါချေ။

မှန်သည်၊ အနန်းကွင်းစခန်း၌ကျွန်တော်တို့အလုပ်သမားများဝမ်းရောဂါ၊ ကျောက်ရောဂါများဖြစ်ပေါ်နေသဖြင့် နောက်ဆုံးတွင် အပလုံစခန်းသို့ပို့လိုက်ပါသည်။

အပလုံကား ကရင်နှင့်မွန်ရွာကလေးဖြစ်ပြီး အဲပလုံရွာပြီးသော် အပလိုင်ဟု၍ ရွာတစ်ရွာ ရှိသေး၏။ သို့သော် ထိုရွာများတွင် ရွာသူရွာသားများ မရှိတော့ဘဲ တောထဲဝယ် ရွာသစ်ထောင်ကာ ဂျပန်များ၏ဘေးရန်မှ လွတ်ကင်းရန် နေထိုင်ကြ၏။

ထိုအပလုံရွာကလေးသို့ ပြောင်းရွှေ့ခဲ့စဉ် မီးရထားလမ်း တံတားများကို လေယာဉ်က ဗုံးကြဲဖျက်ဆီးမှုနှင့် ရထားလမ်းခွဲအချို့ ဖောက်ရန်အတွက် အင်္ဂလိပ် - ဩစတြေးလျစစ်သုံ့ပန်းတို့အား ဂျပန်စစ်သားများကြမ်းကြမ်းတမ်းတမ်း ခိုင်းစေပုံများမှာ ကြောက်စရာ ကောင်းလှပါချေသည်။

အင်္ဂလိပ် စစ်သုံ့ပန်းများအား သစ်ပင်ကြီးများကို လှဲဖြတ်ရာတွင် မပြတ်တာ ဂျပန်များက ရိုက်နှက်ခြင်း၊ ပြီး - သစ်တုံးများကို လှည်းများပေါ်တင်ကာ နွားအစား ဆင်များဖြင့် ရှေ့မှဆွဲ၍ ချောက်ထဲသို့ ဆွဲချရာဝယ် အင်္ဂလိပ် မဟာမိတ်စစ်သုံ့ပန်းများကို လှည်းပေါ်တွင် အစီးခိုင်းကာ လိုက်ပါစေခြင်း၊ ဤသို့ လိုက်ရာတွင် ဆင်များက တောင်အောက်ချောက်တွင်းသို့ ဖင်ထိုင်ချကာ ဆင်းသဖြင့် လှည်းများ ထိုးကျစဉ် အင်္ဂလိပ်စစ်သုံ့ပန်းများ ချောက်တွင်းသို့ ကျ၍ အသေဆိုး သေကြခြင်းပင် ဖြစ်တော့၏။

အမှန်တော့ အင်္ဂလိပ်စစ်သုံ့ပန်း၊ မဟာမိတ်စစ်သုံ့ပန်းများအား ညှဉ်းပန်း၍ သတ်နေခြင်းနှင့် မခြားလှပါချေ။

ထိုစခန်းတွင် ကျွန်တော်တို့မှာ ကရင်အမျိုးသား အင်္ဂလိပ်စပိုင်ကြီးဖြစ်သော စောယုရှုးတပည့် စောမဲဒိုးဆိုသူက စခန်းမှူးဖြစ်နေသဖြင့် ပို၍အသွင့်အလွန်ရနေကြလေ၏။

www.burmeseclassic.com

သို့တစေ၊ မကြာလှပါချေ။ အင်္ဂလိပ်နှင့်ဒတ်(ချ်)၊ ဩစတြေးလျစစ်သားများအား လျှို့ဝှက်စွာ နိုးထုတ်မှုကို ဂျပန်ကင်ပေတိုင်များက ဖမ်းဆီးလိုက်ပါသည်။

တစ်ဆက်တည်းမှာပင် စောမဲဒိုးက အခွင့်အရေး ပေးသည်ဟု ယူဆရသောအလုပ်သမားခေါင်းဆောင်များအား ဆက်လက်၍ဖမ်းဆီးရာတွင်ကျွန်တော်တို့ပါ ဖမ်းဆီးခံလိုက်ရသည်၊ ထို့နောက် အနန်းကွင်းစခန်းသို့ ပို့လိုက်ပါတော့သည်။

တိုက်ဆိုင်မှုကား ဗိုလ်ကြီးခင်မှာ ယိုးဒယားဘက်မှ ပြန်လာလာချင်းပင်ဖြစ်၏၊ ဗိုလ်ကြီးခင်ကိုလည်းအနန်းကွင်းစခန်းအရောက်ဖမ်းဆီးလိုက်ပြန်ပါသည်။

စောမဲဒိုးအား အကြီးအကျယ် ရိုက်နှက်စစ်သော်လည်း ကျွန်တော်ကိုအောင်သန်းတို့ကိုကား အနည်းငယ်သာ စစ်ဆေးကြည့်သည်၊ ကျွန်တော်တို့က အလုပ်တာဝန် ပေးသည့်အတိုင်း မှန်ကန်စွာလုပ်၍ စောမဲဒိုးက အခွင့်အရေးပေးကြောင်း၊ အခြားသောသစ္စာဖောက်စပိုင်လုပ်ငန်းများမသိကြောင်းဟူ၍ ပြော၏။

နောက်ဆုံး ဂျပန်ကင်ပေချင်းပင် စကားများကြသည်၊ စကားများသောအကြောင်းအရာမှာ ကျွန်တော်တို့အား မော်လမြိုင် ကင်ပေအချုပ်စခန်းသို့ပို့ရေး၊ မပို့ရေးဖြစ်ရာ ကျွန်တော်နှင့်ခင်မင်သော လမ်းဘက်ဆိုင်ရာ ဂျပန်ဗိုလ်ကြီးတစ်ဦးက "ဗိုလ်ကြီးခင်နှင့် ကျွန်တော်သည် လုပ်ငန်းတွင် ရိုးသားစွာလုပ်သူဖြစ်ကြောင်း" ဟူ၍ ထောက်ခံပြောဆိုရာ –

"မင်း ဘာသိလဲ၊ မင်းဟာ အင်ဂျင်နီယာ၊ လမ်းလုပ်တာပဲသိတယ်၊ သူဘာကောင်လဲဆိုတာ မင်းသိရဲ့လား၊ မင်းဟာ တင်နော်ဟေကာရဲ့အမိန့်ကိုရှိသေရင် တို့လုပ်တာတွေဟာ တင်နော်ဟေကာအတွက် လုပ်နေတယ်ဆိုတာ မင်းယုံကြည်စမ်း၊ အခု – ထွက်သွားပါ"



ထိုသို့ ရုံးခန်းအတွင်းမှ ဂျပန်လမ်းဘက်ဆိုင်ရာဗိုလ်ကြီးအား မောင်းထုတ်ရာတွင် အထက်ပါအတိုင်းပြောသောစကားကြောင့် ဂျပန်လမ်းဘက်ဆိုင်ရာဗိုလ်ကြီးမှာ မျက်ရည်များပင် စီးကျလာရသည်။

ဂျပန်စစ်သားများအဖို့တင်နော်ဟေကာ ဘုရင်မင်းမြတ်အား ဘုရားတစ်ဆူကဲ့သို့ ကိုးကွယ်ယုံကြည်လိုက်နာသူတွေဖြစ်၍ လုပ်ငန်းမှန်သမျှတင်နော်ဟေကာ ဘုရင်မင်းမြတ်အတွက်ဟု ဂျပန်စစ်ဝါဒီ စစ်ဘီလူးများကဂျပန်တပ်မတော်အား ပုံသွန်းထားပေသည်။

ထို့ကြောင့်လည်း ဂျပန်စစ်ဗိုလ်ကြီးမှာ မိမိထက် ရာထူးငယ်သော ဂျပန်ကင်ပေတိုင်ဗိုလ်များ၏စကားကိုနားထောင်လိုက်ရပြီး တင်နော်ဟေကာအားဘုရားပါ မရှိမသေရာ ကျနေသဖြင့် အတော်ပင် စိတ်ထိခိုက်သွားဟန် တူပါချေတော့၏။

ကျွန်တော်တို့အား အနန်းကွန်းစခန်းမှတစ်ဆင့် မော်လမြိုင်မြို့သို့ ဂျပန်စစ်သားအစောင့်ဖြင့်ပို့ကာ မော်လမြိုင် ရောက်ရောက်ချင်း ကင်ပေတိုင်ဌာနချုပ် ပြုလုပ်ထားသည့် မော်တင်လိန်းကျောင်းကြီးသို့ ပို့လိုက်ပါ၏။

မော်တင်လိန်းကျောင်းကြီးကား ဂျပန်တို့က ဖမ်းဆီးလာသူမှန်သမျှညှဉ်းဆဲသတ်ဖြတ်ရာ ဗဟိုစခန်းကြီးတည်း။

သည်တစ်ခါတော့ ကျွန်တော့်မှာ မပြန်လမ်း သွားရပြီဟုသာ တွက်မိကာဘုရားသခင်၏ ဂုဏ်ကျေးဇူးကိုသာ အောက်မေ့ရပါချေ၏။

ရထားပေါ်တွင် ဗိုလ်ကြီးခင်နှင့်အတူ လိုက်ပါလာရသဖြင့် ဗိုလ်ကြီးခင်ကမည်သို့မျှမပြောရန် မျက်နှာရိပ်ဖြင့် ပြောဆိုခဲ့သည်။

ထူးခြားသည်ကား ဗိုလ်ကြီးခင်၏ ဂျပန်စစ်ဝတ်စုံ၊ ဓားနှင့် ပစ္စတိုသေနတ်များကို မသိမ်းဆည်းချေ၊ ကျွန်တော်တို့ကဲ့သို့ ကြိုးတုပ်ခြင်းလည်း မခံရပါချေ။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့မှာ မော်တင်လိန်း အချုပ်ခန်းတွင် သွင်းသွင်းချင်းပင် စစ်ဖိနပ်ဖြင့်ဆောင့်၍ ကန်သွင်းခြင်းအပြင် လက်ပြန်ကြိုးတုပ်ကာ ထားခြင်းဖြစ်၏။

ထိုနေ့ညစာအတွက် ဆိုသည်မှာ စဉ်းစားလို့မရချေ။ ကျွန်တော့်ကို ချုပ်ထားသောအချုပ်ခန်းမှာ (၁၀)ပေခန့်ရှိသော အခန်းကလေးဖြစ်ပြီး ကွန်ကရစ်ကြမ်းပြင်တွင် အုတ်နီခဲကလေးနစ်လုံးသာ တွေ့ရ၏။ ကြမ်းပြင်ဝယ် စွန်းထင်းနေသော သွေးကွက်တစ်ကွက်ကိုလည်း တွေ့ရ၏။



ကျွန်တော်တို့ ဖြတ်လာရသော အခန်းများရှိ
အကျဉ်းသားတိုင်း အင်္ကျီမရှိကြပေ။ မျက်နှာများ ဖူးရောင်နေ၏။
အချို့အကျဉ်းသားများ၏မျက်နှာတွင် မီးလောင်ဖုကြီးများကဲ့သို့
အဖုကြီးများ ပေါက်လျက်ရှိနေသည်ကို ကြောက်မက်ဖွယ် တွေ့ရ၏။
အချို့သောအကျဉ်းသားများကား ခေါင်းမွေးများ မရှိကြ။
အကျဉ်းသားတိုင်းပင် အရိုးပေါ်အရေတင်လျက် ရှိနေကြ၏။



အခန်းပြတင်းတံခါးမှာ သံတိုင်များဖြင့် ကာထားလေသည်။ ကျွန်တော်သည် ခါးရိုးအနည်းငယ်နာနေသည်။ ထို့နောက်တွင်မူ ပြတင်းတံခါးမှနေ၍ တော်တတ်ရပ်ကာ ကြည့်လိုက်မိ၏။

ကျွန်တော်၏မျက်လုံးများသည် ပြူးကျယ်သွားပေ၏။ မှန်သည်၊ ဗိုလ်ကြီးခင်သည် ကျွန်တော်တို့ကို ချုပ်ထားသော ကျောင်းတိုက်ကြီးဘေးရှိ မြေကွက်လပ်၌ရှိသော ခြေတံရှည်ခွေးခြေပေါ်တွင်ထိုင်လျက် ရှိနေ၏။

သူ၏ခြေထောက်များသည် မြေပေါ်တွင် မထိချေ။ သူ၏စစ်ယူနီဖောင်းများနှင့် ပစ္စတိုသေနတ်ကလည်း ယခုအတိုင်းပင် ရှိနေ၏။

ကျွန်တော်တို့၏ပြတင်းပေါက်နှင့်တည့်တည့်တွင် တွေ့နေသောကြောင့် အံ့အားသင့်နေမိ၏။ သို့စေကာမူ ကျွန်တော်တို့အား ဗိုလ်ကြီးခင်ကတွေ့ရမည် မဟုတ်ပါချေ။ အဘယ့်ကြောင့်ဆိုသော် ပြတင်းပေါက်သံတိုင်များကို သံဆူးကြိုးများ ကာထားလျက် သံတိုင်စိုက်ထားသည့် ခြေရင်းတစ်ပေခန့်ရှိ အုတ်ခုံပေါ်တွင်ကား ပုလင်းကွဲများကို စိုက်ထားခဲ့ပေ၏။

ထို့ကြောင့်လည်း အပြင်သို့လက်ထုတ်ရန်လည်း မဖြစ်သလို၊ ထွက်ပြေးရန်ကား စဉ်းစား၍မရသောအဖြစ်ပင် ဖြစ်၏။ ဂျပန်လက်နက်ကိုင်စစ်သားနှစ်ဦးစီက အတွင်းအုတ်ရိုးတစ်လျှောက် ကင်းလှည့်ပတ်လျက် ရှိနေသည်ကို တွေ့ရ၏။

ကျွန်တော်သည် ဗိုလ်ကြီးခင်အား အသံပြု၍ အချက်ပေးရန် ကြံသော်လည်း ကိုအောင်သန်းက ကျွန်တော့်အား စကားမပြောရန်၊ မပြောနဲ့-မပြောနဲ့ ဟု ခပ်တိုးတိုး သတိပေးလိုက်လေသည်။

ဗိုလ်ကြီးခင်အား ဂျပန်များက အခြားသော အဖမ်းခံ မျိုးချစ်လူငယ်များနည်းသူများကဲ့သို့ ပြင်းပြင်းထန်ထန် နှိပ်စက်ခြင်းကိုမပြုဘဲ ပညာရှိနှိပ်စက်နည်းဖြင့် နှိပ်စက်ခြင်းပင်ဖြစ်ရမည်ဟု ထင်မိပါ၏။ ထိုနည်းမျိုးကား ကျွင်ကြီးကျင်ငယ် စွန့်ခြင်းကို မပြုရချေ။



www.burmeseclassic.com

www.burmeseclassic.com

ပြီး - တစ်နေ့လုံးထိုကဲ့သို့အထိုင်ခိုင်းထားပေမည်၊ မည်သည့်အချိန်အထိ ဗိုလ်ကြီးခင်သည် ဤခွေးခြေပေါ်ဝယ် ထိုင်နိုင်ပါမည်နည်း။

အကယ်၍ ကြာရှည်စွာ မထိုင်နိုင်သောအချိန်တွင်ကား ထိုခြေတံရှည် ခွေးခြေပေါ်မှ တစ်ရှိန်ထိုး မြေပေါ်သို့ ထိုးကျသွားပေလိမ့်မည်၊

မကြာမီ ကျွန်တော်တို့၏ အခန်းသံတံခါးကို ဂျပန်စစ်သားတစ်ဦးက လာ၍ဖွင့်ပေးသည်၊ ဤတွင် ဂျပန်လက်နက်ကိုင် အစောင့်စစ်သားက ကျွန်တော်တို့အချုပ်ခန်းရှေ့တွင် မတ်တတ်ရပ်နေပေ၏၊ ထို့နောက်ဝယ် ဂျပန်တပ်ကြပ်ကြီးတစ်ဦးသည်တံတောင်ခန့်ရှိသော တုတ်တစ်ချောင်းကိုကိုင်ကာ ရောက်လာ၏၊

ကျွန်တော်တို့အား အခန်းထဲတွင်ပင် ချည်ထားသည့်ကြိုးများကို ဖြုတ်ပေးကာ အပြင်သို့ ခေါ်ခဲ့၏၊ တံခါးဝတွင် တုတ်တိုကို ကိုင်ထားသည့် ဂျပန်တပ်ကြပ်ကြီးမှာ မျက်မှန်နှင့်ဖြစ်၏၊ သူ၏စစ်ယူနီဖောင်း ဝဲဘက်အကျီအိတ် အထက်တွင် ဂျပန်စာလုံးများဖြင့် ရေးထားသည်ကို တွေ့ရ၏၊

သူသည် ဂျပန်စစ်တပ်၏စစ်သတင်းထောက် ကင်ပေအဖွဲ့ဝင် လက်မှု တစ်ဦးဖြစ်၏၊ သူ၏မျက်လုံးများက ကျွန်တော့်အား မီးရောင်ကဲ့သို့ တောက်စွာ ကြည့်နေ၏၊

"တိနိ - တိနိ"

သူ့အဖော် ဂျပန်လက်နက်ကိုင်စစ်သားကို ပြောရင်းက ကျွန်တော်တို့ အား မျက်နှာထား ခပ်တင်းတင်း စိုက်ကြည့်နေ၏၊

သံတံခါးမှ ထွက်မိသောအခါတွင် အခြားအခန်းများမှ "အမယ်လေးဗျ" ဟူသော ဝမ်းခေါင်းသံကြီးပါသည့် ကြောက်မက်ဖွယ်အသံကို ကြားရ၏၊

"တိနိ - တိနိ"

ဂျပန်စစ်တပ်ကြီးကပြောရင်းရုတ်တရက်ကျွန်တော်၏ရှေ့မှအောင်သန်း ၏မျက်နှာကို ညာလက်ဝါးဖြင့် ဖြတ်ကာ ရိုက်လိုက်၏၊ ကိုအောင်သန်းမှာ အလစ်ခံလိုက်ရသဖြင့် ယိမ်းယိုင်ထွက်သွား၏၊



"ဖြန်း" ဟူသောအသံက ဟိန်းထွက်သွားပေ၏၊ ကျွန်တော်သည်ပင်ဘုန်း လှုပ်သွားရ၏၊ ကျွန်တော့်အားလည်း ထိုတုတ်ကိုင်တပ်ကြပ်ကြီးကပင်တအား ကုန်လွှဲ၍ပါးကို ရိုက်လိုက်၏၊ ကျွန်တော်က အတွေးသတိထားနေပြီး အံသွား များကို ကြိတ်နေလိုက်သောကြောင့် ဖြန်းခနဲမြည်သံနှင့် ပါးပြင်မှာ ပူ၍သွား တော့၏၊

သည့်နောက်တွင်ကား ကျွန်တော်တို့၏ကျောပြင်ပေါ် ပြင်းထန်သော တုတ်ချက်တစ်ချက်စီ ကျလာပြန်၏၊ ကျောကုန်းတွင် ဖောင်းခနဲအသံ ပေါ် အာကာ ပြင်းထန်သည့်နာကျင်ခြင်းက အဆမတန် ပေါ်လာသည်၊

ဂျပန်များသည် ကျွန်တော်တို့ကို စစ်ဆေးရာသို့ ခေါ်သွား၏၊ အမှန်တော့ ကျွန်တော်တို့အား ပါးရိုက်ခြင်းနှင့် တုတ်စာကျွေးလိုက်ခြင်းသည် ပထမဆုံး အတ်တည့်စမ်းလိုက်ခြင်းသာ ဖြစ်ပုံရ၏၊

သည့်နောက်မှာတော့ ကျွန်တော်တို့နှစ်ဦးကို ကျဉ်းမြောင်းသောအခန်း များကိုဖြတ်၍ခေါ်သွား၏၊ ကျွန်တော်တို့ဖြတ်လာရသော အခန်းများရှိအကျဉ်း သားတိုင်း အင်္ကျီမရှိကြပေ၊ မျက်နှာများ ဖူးရောင်နေ၏၊ အချို့အကျဉ်းသားများ ၏မျက်နှာတွင် မီးလောင်ဖုကြီးများကဲ့သို့ အဖုကြီးများ ပေါက်လျက်ရှိနေသည် ကို ကြောက်မက်ဖွယ် တွေ့ရ၏၊ အချို့သောအကျဉ်းသားများကား ခေါင်းမွေး များ မရှိကြ၊ အကျဉ်းသားတိုင်းပင် အရိုးပေါ်အရေတင်လျက် ရှိနေကြ၏၊

"အမယ်လေးဗျ"

အော်ဟစ်လိုက်သော မချိမဆံ့ဝေဒနာ ခံစားနေရသည့်အသံများက မှန် န်ကြီး ပေါ်ထွက်လာခဲ့လေ၏၊

မကြာမီ ကျွန်တော်တို့သည် ငရဲခန်းကြီးတစ်ခန်းကို ရောက်လာ၏၊ ထို အခန်းတွင် မီးတရဲရဲနှင့် မီးဖိုတစ်ဖိုအပြင် သံချောင်းများကို မီးဖုတ်နေသော အင်္ကျီမရှိသည့်ဂျပန်စစ်သား တုတ်တုတ်ဝဝနှစ်ဦးနှင့် အခြားသောဂျပန်များ ဦးတော့ - အညှဉ်းဆဲခံအကျဉ်းသားများ ရှိနေ၏၊



www.burmeseclassic.com

www.burmeseclassic.com

ဂျပန်လူသတ်ကောင် လက်မရှဲ့ကြီးများက "ဂေါ်ကုရုဆပ်" ဟု ဦးညွတ်ကာ ဂျပန်တပ်ကြပ်ကြီးအား အလေးပြုလိုက်ကြ၏။

ကျွန်တော်သိလိုက်ပြီ။ (တိမိ) ဆိုသည်မှာ ရန်သူဟူ၍ ခေါ်၍ (ဂေါ်ကုရုဆပ်) ဆိုသည်မှာ မညည်းဆဲမီ၊ အသတ်မခံရမီတွင် နှုတ်ဆက်လိုက်သော စကားဖြစ်၏။

"ဂေါ်ကုရုဆပ်" (အသင်တို့ မောရာက ပြန်လာသလား)

"အနတ္တတိမိ ဟာတ်ရှိနေး"

"ဟိုက် - ဟိုက်"

ကျွန်တော့်မှာ အတော်ကလေး တုန်လှုပ်သွားမိပါ၏။ ဂျပန်တပ်ကြပ်ကြီးက "သင်၏ရန်သူ လုံသလား" ဟု မေးလိုက်ရာ လက်မရှဲ့ကြီးဂျပန်များက ဟိုက် - ဟိုက်ဟု ဖြေလိုက်ကြ၏။

အမှန်တော့ "တို့ရန်သူကိုလုသွားအောင် လုပ်နိုင်သလား" မေးလိုက်ခြင်းဖြစ်၏။

ထို့ကြောင့် ကျွန်တော်တို့အား ယခုထက်ပို၍ လုသွားအောင် မီးနှင့်မျက်နှာကို ထိုးပစ်လိုက်ရမလား၊ သို့မဟုတ် တလိမ့်တုံးဝယ်တင်ကာ လိမ့်လိုက်ရမလား၊ ရေနွေးဖြင့် ပြုတ်ပစ်လိုက်ရမလားဟူ၍ အမိပွာယ်ပေါက်နေ၏။

— ✿ —

နောက်ထပ်အမိန့်သံ စောင့်ရင်းက ဂျပန်များသည် ကျွန်တော်တို့၏ မျက်နှာကို အရုပ်ဆိုးစွာဖြင့် ကြည့်နေတော့သည်။ ကျွန်တော်တို့ကို ခေါ်လာသော တပ်ကြပ်ကြီးနှင့် အစောင့်စစ်သားများသည် အခန်းပတ်ဝန်းကျင်ကို လှည့်၍ကြည့်နေ၏။

တစ်ကိုယ်လုံးတွင် အဝတ်အစားမရှိကြသော အကျဉ်းသားများမှာ ... ယောက်ထက်မနည်း ရှိနေ၏။ လူနှစ်ယောက်အား လက်ကောက်ဝတ် ...



ကြိုးဖြင့်ချည်၍ ထုတ်တန်းတွင်ရှိ စက်သီးဖြင့် လူတစ်ရပ်ခန့်အမြင့်သို့ ဆွဲတင်ထားပေ၏။

လူတစ်ရပ်ခန့်အမြင့်တွင်ရှိနေသော အကျဉ်းသားများ၏ တစ်ကိုယ်လုံးဝယ် သွေးသံရဲရဲ တွေ့ရ၏။ ကိုယ်လုံးများမှ အရေခွံများ ကွာကျနေ၏။ တစ်ယောက်သော အကျဉ်းသားမှာကား မျက်လုံးပျက်စီးနေပုံရ၏။ မျက်လုံးမှထွက်သော သွေးများသည် တစက်စက် ထွက်ကျနေ၏။

လက်မရှဲ့ဂျပန်စစ်သားဝဝကြီးတစ်ဦးက မီးဖိုပေါ်တွင် အငွေ့တထောင်းထောင်းရှိနေသော ရေနွေးကြိုထားသည့် လက်ဆွဲဒန်ချိုင့်ကြီးထဲမှ ရေနွေးများကို နို့ဆီခွက်တပ်ရေမှုတ်ဖြင့်ခပ်ကာ ကြိုးဖြင့် ဆွဲထားခြင်းခံရရှာသော အကျဉ်းသားတစ်ဦး၏ကိုယ်ပေါ်သို့ ပက်လိုက်၏။

"အမယ်လေးဗျ"

"ဒေါ်ရေတော နန္ဒား"

ဂျပန်စစ်သား လက်မရှဲ့ကြီးက အော်ဟာစ်ရင်း နောက်ထပ်ရေနွေးဖြင့် ပက်လိုက်ပြန်သည်။

အလွန်တရာနာကျင်လှသော ဝေဒနာကို ခံစားနေရရှာသည့် အရှုပ်သမားတစ်ဦးမှာ လူးလန့်ကာ အော်လိုက်၏။ ကြာရှည်စွာ ကြိုးချည်ဆွဲထားခြင်းခံရသဖြင့် လက်မောင်းကြီးများ ရှည်၍လာသည်ဟုထင်ရပြီး နံရိုးများသည် ငေါငေါကြီး ပေါ်ထွက်လျက် ရှိ၏။

သူတို့နှစ်ဦးသည် အသက်မကြီးလှသေးချေ။ အလွန်ဆုံးရှိလှမှ အသက် (၂၀) ခန့်လောက်ပင် ထင်ရ၏။ နှစ်ဦးစလုံးပင်လျှင် ဦးခေါင်းများ ငိုက်စိုက်ကျနေချေသည်။ နှစ်ဦးစလုံး သတိ မရတစ်ချက်၊ ရတစ်ချက်ဖြစ်ဟန်တူ၏။

ဂျပန်လက်မရှဲ့ကြီးက ကျန်သောအကျဉ်းသားကိုလည်း ဤပုံစံတိုင်း ရေနွေးဖြင့် ပက်လိုက်ရာ "အား" ခနဲ အော်သံထွက်လာ၏။ ခပ်တောတော ဦးခေါင်းငိုက်စိုက်ဖြစ်နေသောသူများမှာ ဦးခေါင်းထောင်လာ၏။



www.burmeseclassic.com

www.burmeseclassic.com

ဂျပန်တပ်ကြပ်ကြီးသည် ကျွန်တော်၏ရှေ့တွင်ပင် ရုတ်တရက် တိုင်တွင် ဆွဲ၍ ချည်ထားသည့်ကြိုးကို ဖြေပေးလိုက်၏။ အပေါ်မှ ကျလာသူအား ဖြည်းဖြည်းသက်သာ ကျပါစေဟူသောသဘောမျိုးမရှိ။ ခပ်တင်းတင်း ပြန်ဆွဲကာ ကြမ်းပေါ်သို့ ရုတ်တရက် လွှတ်ချလိုက်၏။

ထို့ကြောင့် ကြမ်းပြင်ပေါ်သို့ ဝုန်းခနဲ ကျပြီးသော် ခွေလိမ့်သွားကာ လုံးဝသတိမရတော့ဘဲ ရှိသွား၏။ ဒါကိုပင် ဂျပန်တပ်ကြပ်ကြီးက မျက်နှာကို ဖိနပ်ဦးဖြင့်ကော်ကာကြည့်လျက် ကျန်နေသောလူကိုလည်း ကြိုးဖြုတ်ပေးလိုက်ပြန်၏။

ထိုလူမှာလည်း ကြမ်းပြင်ပေါ်သို့ ဝုန်းခနဲ ထိုးကျပြီးသော် လိမ့်သွားကာ သတိမေ့နေ၏။ တစ်နေရာတွင်ကား လူနှစ်ယောက်ကို ကားစင်ကဲ့သို့ တိုင်တွင်ကြိုးချည်ထားပေ၏။ ထိုလူနှစ်ယောက်အား အဝတ်အစားများ ချွတ်ထားကာ ဝမ်းဗိုက်တွင်ဒဏ်ရာကြီးများရလျက်သွေးများကျနေ၏။ အခြားနှစ်ယောက်ကို နံရှည်ပေါ်တွင် အအိပ်နိုင်းကာ ကြိုးများဖြင့် ချည်ထား၏။ သူတို့မှာလည်း အဝတ်မရှိချေ။ ထိုသူတို့၏မျက်နှာမှာ ဖူးဖူးရောင်နေပြီး ခြေသားလုံးများတွင် အရေခွံများလန်ကာ သွေးများ စီးကျနေပေ၏။ အခြားနှစ်ယောက်ကိုကား လူတစ်ရပ်ကျော်ကျော်ရှိတိုင်တွင်ကြိုးဖြင့် ချည်ထား၏။ တိုင်ထိပ်ဝယ် သံချွေဖြင့် ဆွဲထားသော သံပုံးထက်ပိုင်းပြတ်တစ်လုံး ဆွဲထား၏။

တိုင်တွင် အချည်ခံထားရသောလူမှာ ဦးခေါင်း လုံးဝမလှုပ်နိုင်အောင် လည်ပင်းတွင် သားရေပတ်တစ်ချောင်းနှင့် နဖူးတွင် သားရေပတ်တစ်ချောင်း ပတ်ကာ စည်းထား၏။

သံပုံးထက်ပိုင်းပြတ်မှ ရေတစ်စက်စီ မိနစ်ခန့်ခြားလျက် ဦးခေါင်းပေါ်သို့ ကျနေလေရာ "အမယ်လေးဗျ" ဟူသော ဝမ်းခေါင်းသံကြီးဖြင့် ရေပေါက်ကျလေတိုင်း အော်ဟစ်လိုက်၏။

ထိုကဲ့သို့ ရေစက်ချကာ အညှဉ်းဆဲခံရသောသူမှာ အသက်အားဖြင့် (၄၀)နီးပါးခန့်ရှိသော လူကြီးတစ်ဦး ဖြစ်၏။



သူသည်ရေစက်ကျတိုင်းကျတိုင်းပင်တုန်လှုပ်စွာအော်ဟစ်လိုက်သည်။ အင်မတန်မှ မချိမဆံ့ ခံစားနေရသောအဖြစ်ပင်။ ထိုကဲ့သို့ အညှဉ်းဆဲခံရသူအဖို့ ရေစက်ကလေးတစ်စက်သည် သူ၏ဦးခေါင်းအား ကြီးမားလှသော တူကြီးဖြင့် အချက်မှန်မှန် ထုနက်ခြင်း ခံနေရသည်နှင့် မခြားအောင် ရှိနေမည်မှာ မလွဲပါပေ။

ထိုအဖြစ်ကို မြင်ရလေ ကျွန်တော့်မှာ ပိုတုန်လှုပ်မိပါ၏။ ထိုလူကြီးသည် ရေတစ်စက်ကျတိုင်း အော်ဟစ်ပုံမှာ ဝမ်းဗိုက်ကြီးများ ရှုပ်သွားကာ နံရိုးများသည် အပြိုင်းပြိုင်း ပေါ်လာသည့်အထိ ဖြစ်ပါ၏။

ဂျပန်စစ်ဘီလူးတို့ ညှဉ်းပန်းနှိပ်စက်ခြင်း ခံစားနေရသော ပြည်သူတို့၏ အဝကို မြင်ရလေ၊ ကျွန်တော်၏ဒေါသစိတ်များက ပိုမိုကာကြီးမားလာရလေဖြစ်၏။ တစ်ဖန် ဒေါသစိတ် ကြီးမားလာရသကဲ့သို့ပင် ကျွန်တော်တို့လည်း ထိုအဖြစ်မျိုး မည်သည့်အချိန်တွင် ခံစားရပါမည်နည်းဟုတွေးကာ ရင်တွင်းဝယ် ဒိန်းဒိန်း လှုပ်ရှားသွားရပြန်ချေ၏။

သို့တစေ၊ ဂျပန်တပ်ကြပ်ကြီးက ကျွန်တော်တို့အား မျက်ခြည်မပြတ် အတဲစတ် ကြည့်ရှုနေလေသောကြောင့်ပင် မိမိတို့ကိုယ်ကို အလွန်အမင်း ကြောက်လန့်သောအသွင်ဖြင့် ဟန်ဆောင်ကာ နေကြရ၏။

"အမယ်လေး - မာစတာရယ်၊ ကျွန်တော် လူကောင်းပါဗျာ - ဟီး - ဟီး။ ကျွန်တော် - မာစတာခိုင်းတာတွေကို ရိုးရိုးသားသားလုပ်ခဲ့တဲ့ ဟန်ချိုပါ မာစတာရယ် - ဟီးဟီး - ဟီး"

ရုတ်တရက် ကိုအောင်သန်းတစ်ယောက်မှာ စိတ်နောက်ရှုးသွားလေသလားဟုထင်ရအောင်အော်ဟစ်ကာ ဂျပန်တပ်ကြပ်ကြီး၏ခြေသလုံးများကိုဖက်၍ ငိုကြီးချက်မဖြင့် ပြောလိုက်ပေ၏။

ဂျပန်တပ်ကြပ်ကြီးသည်ပင် ရုတ်တရက် ကြောင်၍သွားတော့၏ ... င်လက်မရွံ့ကြီးဖြစ်သော ဂျပန်စစ်သားကြီးများသည်ပင် ကြောင်၍ ...



www.burmeseclassic.com

www.burmeseclassic.com

ပြီးမှပင် "ခူးဒါး ဗားကဲရိုး" ဟုအော်ရင်း ရုတ်တရက် ခြေထောက်နှင့် ကန်ပစ်လိုက်သောကြောင့် ကိုအောင်သန်းမှာ လိမ့်၍သွား၏။ တစ်ဖန် ဆောင့်ကြောင့်ထိုင်ကာ ဂျပန်တပ်ကြပ်ကြီးအား ဦးအကြိမ်ကြိမ် ရှိခိုးလိုက်ပြီးနောက်တွင် "ကျွန်တော် လူကောင်းပါ - မာစတာရဲ့ ကျွန်တော် ဟန်ချူပါ။ ကျွန်တော် ရွေးတပ်ထဲမှာအလုပ်ကိုရိုရိုသေသေလုပ်တဲ့လူတစ်ယောက်ပါ - မာစတာရဲ့" ဟုပြောလိုက်သဖြင့် ဂျပန်တပ်ကြပ်ကြီးကိုယ်တိုင်ပင် တဟားဟား ရယ်မောနေပြန်၏။

ကျွန်တော့်မှာ ကိုအောင်သန်းအား အာရှလူငယ်တစ်ဦးလည်းဖြစ်ကာ လျှို့ဝှက်သော ကေဒါစည်းရုံးရေးမှူးတစ်ဦးလည်းဖြစ်သဖြင့် အထင်ကြီးနေရာမှ ယခုလို ရူးသွပ်သကဲ့သို့ဖြစ်သွားရသည်ကို အတော်ပင် အံ့အားသင့်နေမိရ၏။

ဂျပန်စစ်သားလက်မရှုကြီးက ကိုအောင်သန်း၏ကိုယ်လုံးကို ဆွဲမြှောက်ကာ "ခူးဒါး" ဟုပြောလျက် ပါးကို ဘယ်ပြန်ညာပြန် ရိုက်ပစ်လိုက်ပြန်၏။

ကိုအောင်သန်းမှာ တစ်ကိုယ်လုံးတုန်ကာ အော်နေသေး၏။ မျက်လုံးလည်းပြူးနေ၏။ ဂျပန်တပ်ကြပ်ကြီးမှာ ပထမတော့ ဟန်ဆောင်နေသည်ဟု ထင်ခဲ့သော်လည်း ယခုအခါတွင် တကယ်ပင် ကြောက်ရွံ့တုန်လှုပ်ကာ ရုတ်တရက် နလုံးသွေးရပ် သေသွားမှာစိုးရိမ်လာသလား မသိချေ။ တအားအော်လိုက်ပြီး ငရဲခန်းကြီးမှ အပြင်သို့ ခေါ်သွားပြန်၏။

သည်တစ်ခါတော့မှ ကျွန်တော်တို့အား အမှုစစ်ဆေးသောဌာနသို့ ခေါ်သွား၏။ ကျွန်တော်တို့နှစ်ဦးအား မေးမြန်းရာတွင် စကားပြန်မထားဘဲ မြန်မာလို လူရည်လည်သော ကင်ပေတိုင်ဗိုလ်က မေးခြင်းဖြစ်၏။

ထိုရုံးတွင် နာမည်ကြီးသော ဗိုလ်မော်တာဆိုသူမှာ ဂျပန်ဘိုးတုတ်ပင် ဖြစ်သည်။ မည်သူသည် ဗိုလ်မော်တာမှန်း ကျွန်တော် မသိပါချေ။ စစ်ဆေးသောဗိုလ်မှာ အရပ်ဝတ်သောင်းဘီနှင့် ရှပ်ဖြူအင်္ကျီဝတ်ကာ ဆံပင်တိုအညှပ်ထားပေ၏။

ကိုအောင်သန်းက တုန်လှုပ်သောအသံဖြင့် "မာစတာ ကျွန်တော် အလုပ်သမားခေါင်းဆောင်တစ်ဦးပါ။ ကျွန်တော် အားကြီးအလုပ်ရှိသေပါတယ် မာစတာ၊ ကျွန်တော်အလုပ်ကြိုးစားလုပ်ပါတယ် - မာစတာ" ဟုတွင်တွင်ကြီး ထပ်၍ပြောနေပြန်၏။

"ခူးဒါး"

စစ်ဆေးသော ဂျပန်ကင်ပေတိုင်ဗိုလ်မှာ ဒေါသများ ထွက်လာသလား မသိ၊ အော်ဟစ်လိုက်ကာ ကိုအောင်သန်း၏ပါးကို ဖြန်းခနဲ ချလိုက်၏။

ထို့ကြောင့် ကိုအောင်သန်းမှာ ငြိမ်၍သွား၏။ သို့တစေ၊ တစ်ကိုယ်လုံး ခိုက်ခိုက်တုန်ဖြစ်ကာနေသေး၏။ ခေါ်လာသော ဂျပန်တပ်ကြပ်ကြီးက ကျွန်တော်တို့အား ကြည့်၍ပြောလိုက်၏။

"ဒီကောင်တွေဟာ သိပ်ကြောက်တတ်တာပဲ။ ဟိုကောင်က ငရဲခန်းပြတာနဲ့ သေတော့မလောက် ဖြစ်သွားတယ် - မာစုရေ"

ဂျပန်လို ပြောလိုက်ခြင်း ဖြစ်၏။

စစ်ဆေးသူ ဂျပန်ဗိုလ်က ကျွန်တော်တို့အား သေသေချာချာကြည့်၍ "အောင်သန်းက" ဟု မေးလိုက်၏။

"ဟုတ် - ဟုတ်ပါတယ်"

ကိုအောင်သန်းက အလျင်ဖြေလိုက်၏။

"ခင်ဗျား အလုပ်သမား ဟန်ချူလား"

"ဟုတ်ပါတယ် - မာစတာ၊ ကျွန်တော် အလုပ်ကို ကြိုးစားလုပ်ပါတယ်"

"ခင်ဗျား - ဗိုလ်ကြီးခင်အကြောင်း အများကြီးသိတယ်၊ ခင်ဗျားကို အားကြီးအခွင့်အရေး ပေးတယ်မဟုတ်လား"

"ကျွန်တော်က အလုပ်ကို ကြိုးစားလို့ပါ - မာစတာရဲ့၊ ကျွန်တော်က အလုပ်ကို မာစတာတွေ ချီးကျူးခံခဲ့ရတဲ့လူပါ - မာစတာရဲ့"

www.burmeseclassic.com

"ခင်ဗျား – ဗိုလ်ကြီးခင်အကြောင်း ဘာသိလဲ"

"ကျွန်တော်တို့အပေါ် အုပ်ချုပ်တဲ့ဗိုလ်ကြီးပါ။ အလုပ်လုပ်နိုင်းပါတယ်။ ကျွန်တော့်ကို အလုပ်ကြိုးစားလို့ ဟန်ချို ပေးပါတယ် – မာစတာရဲ့"

"ခင်ဗျား စစ်သားလုပ်ဖူးသလား"

"ကျွန်တော် စစ်သား မဟုတ်ပါဘူး – မာစတာရဲ့၊ ကျွန်တော် လယ်လုပ်ပါတယ် – လယ်သမားပါ"

"ခင်ဗျား – ဗိုလ်ချုပ်အောင်ဆန်း သိသလား"

"ကျွန်တော် မသိပါဘူး၊ ကြားဖူးတော့ ကြားဖူးပါတယ်"

"ဒေါက်တာဘမော်ရော သိသလား"

"ကြားဖူးပါတယ် – မာစတာရဲ့"

ကိုအောင်သန်းအား ဆက်လက်ကာ စစ်ဆေးပြီးသော် ကျွန်တော့်ကို စစ်ဆေးပြန်၏။

"ခင်ဗျား ဂျပန်စကား တတ်တယ်လို့ ပြောပါလား"

"ကျွန်တော် ဂျပန်ကျောင်းမှာ နေခဲ့ပါတယ် – မာစတာ"

"ဘယ်ကျောင်းလဲ"

"ရန်ကုန်ဘုရားလမ်းက ကျောင်းမှာ သင်ခဲ့ပါတယ်"

"ဆရာကရော ..."

"မောကိုစံပါ – မာစတာ"

"ရွေးတပ်ထဲ ဘာပြုလို့ဝင်သလဲ"

"ဝင်တာမဟုတ်ပါဘူး – မာစတာ၊ ကျွန်တော် မော်လမြိုင် အစ်ကို့ထံ... အလာမှာ ဖမ်းပြီးခေါ်သွားတာပါ၊ ကျွန်တော်လည်း အလုပ်ကို ကြိုးစား... ပါတယ်"

"ဗိုလ်ကြီးခင်အကြောင်း ခင်ဗျားဘာသိလဲ"

"သူဟာ ဂျပန်မာစတာတွေအပေါ်မှာ ရှိသောတယ်၊ အလုပ်ကို ကြိုး... တယ်၊ ကျွန်တော်တို့လို အလုပ်ကြိုးစားတဲ့လူတွေကို ဟန်ချို ပေးပါတယ်"



"မင်းဟာ ဗမာ့တပ်မတော်ထဲမှာ ဝင်ခဲ့ဖူးတယ် မဟုတ်လား"

"ကျွန်တော် မဝင်ခဲ့ပါဘူး"

"ရှုးဒါး – ခင်ဗျား လိမ်တယ်"

"ကျွန်တော် မာစတာတို့ တက်လာတုန်းက ငယ်ငယ်ရှိပါသေးတယ်၊ အင်္ဂလိပ်တွေရှိတဲ့နေရာကို လမ်းပြခဲ့ဖူးသူပါ – မာစတာ၊ ကျွန်တော့်ကိုမောရိဘူတိုက်က ဗိုလ်ကြီးကဝါမိက သိပ်ပြီးချစ်ပါတယ်"

အမှန်တော့ ကျွန်တော်သည် ဘီအိုင်အေတွင် ကျွန်တော်တို့နှင့်အတူ တွဲကာ တိုက်ခဲ့သော ဗိုလ်ကြီးကဝါမိအား မှတ်သားမိကာ ပြောလိုက်ခြင်း ဖြစ်၏။

ထို့နောက်တွင်ကား စစ်ဆေးသော ဂျပန်ဗိုလ်သည် မှတ်တမ်းများကို ကြည့်၍ အတော်ကြာ စဉ်းစားနေပါ၏။

"မင်းနဲ့အထက်က ဘွန်တိုက်ချို မတည့်ဘူးဆိုပါလား"

"ကျွန်တော့်ကို သူ့တပည့်တွေနဲ့အတူ ရောင်းရိုက်ပါတယ်၊ သူဟာ ...ကြီးပါ၊ သူက အလုပ်မလုပ်ပါဘူး၊ ကျွန်တော်တို့က လမ်းကြီးပြီးအောင် ကြိုးစားလုပ်ပါတယ်၊ ကျွန်တော်တို့တောင် ဝမ်းရောဂါဖြစ်လို့ မနည်းကြီး ကု...သေးတယ်"

"ဗိုလ်ကြီးခင်က မကြာခဏခေါ်သွားတယ်မဟုတ်လား"

"ဟုတ်ပါတယ် – မာစတာ၊ သူက ဟန်ချိုတွေထဲမှာ အလုပ်ကြိုးစားတဲ့ ...ချစ်ပါတယ်၊ သူက ဒီလမ်းကြီးပြီးရင် အင်္ဂလိပ်တွေကို အပြတ်တိုက်နိုင် ...လို့ ပြောပါတယ်၊ ဒါကြောင့် – အလုပ်ကို နားလည်အောင်ခေါ်ပြီး သွားခဲ့ ...တယ်"

...တော်က ဂျပန်စကားဖြင့် ပြောလိုက်ခြင်းဖြစ်၏၊ ထို့နောက်တွင်... ...တော်တို့အား အခြားအခန်းတစ်ခန်းထဲသို့ ခေါ်သွားစေပြန်ပါ...

www.burmeseclassic.com

သို့တစေ၊ ဖမ်းခေါ်လာချိန်ကလောက်တော့ ကျွန်တော်တို့အား တွန်းထိုးရိုက်နက်ခြင်း မရှိပါချေ။

— ❀ —

ကျွန်တော်တို့ရောက်ရှိနေသောအချုပ်ခန်းမှာ ပထမအချုပ်ခန်းပင်ဖြစ်ပါသည်၊ ကျွန်တော်တို့ရောက်ရှိသောအချိန်တွင် ဗိုလ်ကြီးခင်မှာ ခွေးခြေကလေးပေါ်ဝယ် ထိုင်နေရတုန်းပင် ဖြစ်ပါ၏။

သို့တစေ၊ ဗိုလ်ကြီးခင်မှာ ယခုအထိ ဣန္ဒြေမပျက်သေးပါချေ။

"ခင်ဗျား တော်တော်သတ္တိကြောင်တဲ့လူဗျာ"

ကျွန်တော်က ခပ်တိုးတိုးဖြင့် ပြောရ၏။

"ဘာ – သတ္တိကြောင်ရမှာလဲ၊ ကျုပ်ဟန်ဆောင်ကောင်းလွန်းလို့ရဲခန်းထဲက မြန်မြန်ထွက်ရတာ နားလည်လား"

ထို့နောက်တွင်ကား ကျွန်တော်နှင့် သူသည် ပါးစပ်ပိတ်လိုက်ကြ၏၊ မှန်သည်၊ စစ်ဖိနပ်သံတစ်သံကို ကြားရသောကြောင့် ဖြစ်၏။

သည်နောက်မှာတော့ ဂျပန်စစ်သားတစ်ဦးသည် ကျွန်တော်တို့အားလာ၍ကြည့်ပြီး ပြန်ထွက်သွား၏၊ သူကား အစောင့်စစ်သားပင် ဖြစ်၏။

သည်နောက်မှာတော့ အော်ဟစ်ညည်းညူသံများကသာ ကျွန်တော်တို့နားထဲသို့ စိတ်မချမ်းမြေ့စွာ ဝင်ရောက်လာတော့၏။

ထိုနေ့ညအဖို့ ကျွန်တော်တို့တစ်တွေမှာ မည်သည့်အစာအာဟာရကိုမျှ မစားသောက်ရဘဲ တံတွေးကို မျိုချကာ အိပ်စက်လိုက်ရ၏၊ သို့တစေ၊ သန်းခေါင်ကျော်အချိန်တွင်ကား ကြောက်စရာကောင်းသော အော်ဟစ်သံကြီးကြောင့် လန့်နိုးလာပြန်၏။

ကျွန်တော်က လျင်မြန်စွာထ၍ကြည့်လိုက်၏၊ မြင်ရသည်မှာကားဗိုလ်ကြီးခင်မှာ ဦးခေါင်းငိုက်စိုက်ဖြင့် ထိုင်နေတုန်းတည်း၊ သို့တစေ၊ သူ့ရှေ့မှန်း





ဂျပန်စစ်သားသည် ထိုဦးခေါင်းပြတ်ကြီးရှိရာသို့ လာကာ ဦးခေါင်းပြတ်ကြီးအား ခြေထောက်ဖြင့် ဘောလုံးကန်သကဲ့သို့ ကန်၍ကန်၍သွား၏။ ခပ်စောစောက ဓားဖြင့် ခုတ်လိုက်၍ ဦးခေါင်းပြတ်ထွက်သွားသော အကျဉ်းသား၏ ကိုယ်ခန္ဓာကြီးမှာ ရုတ်တရက်လဲမကျသေးဘဲရှိနေရာ ဦးခေါင်းပြတ်သွားသည့် လည်ပင်းငုံးတိတိနေရာမှ သွေးများ ဒလဟော ပန်းထွက်နေ၏။

မဝေးတွင် လူတစ်ယောက်အား ဂျပန်စစ်သားနှစ်ဦးက ခေါ်သွားပြီးသော် ထိုဂျပန်နှစ်ဦး ထိုင်ချလိုက်သောအခါမှာတော့ ဂျပန်တစ်ဦးက မတ်တတ်ရပ်ကျန်နေသော အကျဉ်းသား၏ဦးခေါင်းအား ဂျပန်ဓားရှည်ဖြင့် ပိုင်းဖြတ်လိုက်သည်ကို တွေ့ရ၏။

အကျဉ်းသား၏ဦးခေါင်းပြတ်ကြီးသည် လွင့်စဉ်ထွက်သွားကာ ဗိုလ်ကြီးခင်၏ရှေ့မနီးမဝေးတွင် ဖုတ်ခနဲကျလာ၏။

ထို့ကြောင့်ဗိုလ်ကြီးခင်သည်ပင် ရုတ်တရက်တုန်လှုပ်သွားသည်ကို တွေ့ရပေ၏၊ ထိုဦးခေါင်းပြတ်ကြီးကားကျွန်တော်တို့ပြည်သူ့ပြောက်ကျားရဲဘော်များထဲမှ ရဲဘော်တစ်ဦး၏ ဦးခေါင်းပြတ်လော၊ သို့တည်းမဟုတ် အခြားလူ



www.burmeseclassic.com

www.burmeseclassic.com

ရေးအတွက် ခေါင်းဆောင်မှုပေးနေသော တို့ဗမာသခင်တစ်ဦးဦး၏ ဦးခေါင်း ပြတ်လေလာဟူ၍ မသိချေ။

ဂျပန်စစ်သားသည် ထိုဦးခေါင်းပြတ်ကြီးရှိရာသို့လာကာ ဦးခေါင်းပြတ်ကြီးအား ခြေထောက်ဖြင့် ဘောလုံးကန်သကဲ့သို့ ကန်၍ကန်၍သွား၏။ ခပ်စောစောက ဓားဖြင့် ခုတ်လိုက်၍ဦးခေါင်းပြတ်ထွက်သွားသော အကျဉ်းသား၏ ကိုယ်ခန္ဓာကြီးမှာ ရုတ်တရက်လဲမကျသေးဘဲရှိနေရာ ဦးခေါင်းပြတ်သွားသည့် လည်ပင်းငုံးတိတိနေရာမှ သွေးများ ဒလဟော ပန်းထွက်နေ၏။

ပြီးမှ - ဂျပန်စစ်သားတစ်ဦးက ထိုခေါင်းမရှိသော ကိုယ်ကြီးကို တွန်းလှဲလိုက်၏။ ဦးခေါင်းပြတ်ကြီးအား ဘောကန်သကဲ့သို့ လှိမ့်ကန်သွားခဲ့သော ဂျပန်စစ်သားသည် ကုန်းမြင့်ကလေးပေါ်သို့ ကန်ပို့ပြီးနောက် မြေများကို ခြေထောက်ဖြင့်ယက်ကာ ဖို့လိုက်လေ၏။

ကျွန်တော်သည် ထိုအဖြစ်ကို မြင်ပြီးနောက် မျက်လုံးများကြောင်ကာ အိပ်မရတော့ချေ။ ဤသို့အိပ်မရသည့်ကြားက "အမယ်လေး - အမယ်လေးဗျ ကြောက်ပါပြီဗျ - သေပါပြီဗျ" ဟူသော အော်သံ၊ "ဟေ့ - မင်းတို့သတ်ပေမယ့် ငါ့ဝိညာဉ်က မသေဘူးဟေ့။ မင်းတို့ကိုကလဲ့စားချေပြမယ် - ခွေးဂျပန်တွေ။ မင်းတို့တွေအားလုံးကို တို့ရဲဘော်တွေက တို့အစား ကလဲ့စားချေပြလိမ့်မယ်ကွ - အား - အား - အား" ဟူသော နောက်ဆုံးအော်သံနှင့်အတူ တိတ်ဆိတ်ငြိမ်သက်သွားပေ၏။

ဂျပန်များကား တော်လှန်ရေးရဲဘော်တစ်ဦးအား နောက်ဆုံးဖတ်သိမ်းခန်းသို့ ပို့လိုက်ကြပြီ ဖြစ်လေသည်။

ကျွန်တော်သည် ဂျပန်များ၏ ရက်စက်သော ညှဉ်းပန်းမှုအောက်မှ ခံရင့်ရင့် ရင်ဆိုင်သွားခဲ့လေသော ရဲဘော်တစ်ဦး၏အသံကို ကြားယောင်ကာ စိတ်ဓာတ်များပင် တက်ကြွလာရ၏။



"သင်းတို့ ဂျပန်ဖက်ဆစ်တွေကို ငါလွတ်တဲ့အချိန်မှာ ကလဲ့စားချေပြ လိုက်မယ်ကွ"

ဤသို့ ဝမ်းထဲမှကြိမ်းဝါးလိုက်ရင်းက လက်သီးများကို ဆုပ်လိုက်မိပါ၏။

— ၉ —

နံနက်မိုးလင်းသောအချိန်တွင် ကျွန်တော်တို့ကို ခေါ်ထုတ်ပြန်၏။ ခေါ်[illegible]တ်သော ဂျပန်မှာ ဂျပန်တပ်ကြပ်ကြီးဖြစ်သည်။

"ခင်ဗျားတို့နော - ဒီမှာ အလုပ်ကောင်းကောင်းလုပ်ပါ"

ထိုစကားကြောင့် ကျွန်တော်တို့မှာ ဝမ်းသာသွားရ၏။ မှန်သည်၊ ဂျပန်[illegible]ာ ကျွန်တော်တို့အား အကျဉ်းသားများ၏ သေးအိုး၊ ချေးအိုးများကိုယူကာ [illegible]၍ပစ်စေ၏။ ပြီးတော့ အခန်းများထဲဝင်ကာ တံမြက်စည်းလှဲစေ၏။

သို့တစေ၊ ဂျပန်စစ်သားလက်နက်ကိုင်တစ်ဦးက ကျွန်တော်တို့၏နောက် [illegible]ခွဲလိုက်နေ၏။

ကျွန်တော်တို့ကို ဂျပန်ကင်ပေများက အနည်းငယ် သံသယရှင်းသွား[illegible] ဘင်ပေရုံးမှာပင် အလုပ်လုပ်နိုင်ခြင်း ဖြစ်ပေသည်။

ညသို့ဖြစ်စေ၊ ကျွန်တော်တို့မှာ ဂျပန်တို့၏ရက်စက်မှုအောက်မှ ရှုံးသော [illegible]သော်လည်း အနိုင်အစေဘဝသို့ ပြန်၍ရောက်နေရ၏။ ထိုနေ့နံနက် [illegible]ကြီးခင်အား ရုံးခန်းတွင်းသွင်းကာ စစ်ဆေးသည်ကို တွေ့ရသည်။ ပြီး [illegible]ဆိုင်နေသောနေရာသို့ ခေါ်သွားပြီး အထိုင်ခိုင်းထားပြန်လေသည်။

[illegible]န်စစ်သားများကျွေးသော ထမင်းမှာ ထမင်းတစ်ဆုပ် ရေတစ်မှုတ် [illegible]

[illegible]တော်တို့က လင်ဗန်းတစ်ချပ်တွင် ထမင်းဆုပ်ကလေးများထည့်ကာ [illegible]သားများ၏အခန်းတိုင်းသို့ တစ်ဆုပ်စီ လိုက်ပေးရ၏။ ပြီး - ရေ[illegible] [illegible]ပေးရ၏။



www.burmeseclassic.com

www.burmeseclassic.com

ဂျပန်စစ်သားက ရိုင်ဖယ်ကိုင်ကာ နောက်မှပါ၏။ ရေတစ်ခွက်၊ ထမင်းတစ်ဆုပ်ထက် ပိုပြီးလျှင် အကျဉ်းသားများကို မပေးရ၊ ပေးသော် "ခူးဒါး" ဟု အော်ကာ ပါးရိုက်ခြင်းခံရ၏။

များသောအားဖြင့် အဖမ်းခံရသူများတွင် သခင်လင်း၊ သခင်စံခင် ကိုဝင်းသိန်း စသော မျိုးချစ်တော်လှန်ရေးခေါင်းဆောင်များနှင့်ဗမာ့တပ်မတော် ရဲဘော်များ၊ ဗိုလ်များ၊ တော်လှန်ရေးကို ကူညီအားပေးသော ပြည်သူပြည်သားများအထိ လူပေါင်း(၁၀၀)ကျော် ဖမ်းဆီးထားခဲ့ကြောင်း သိရပေ၏။

ဤသို့သိရခြင်းမှာလည်း ဖမ်းဆီးထားခြင်းခံရသော တော်လှန်ရေ ရဲဘော်အချင်းချင်း ပြောဆိုသံကြောင့် ဖြစ်ပါသည်။

အချိန်ကား ၁၉၄၅ – ခုနှစ်၊ မတ်လဖြစ်လျက် ဂျပန်များကို တော်လှန် ဗမာ့တပ်မတော်မှ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်ကာ တပ်ဖျောက်သွ ပြီဟု သိရ၏။

ဤသို့သိရခြင်းမှာ ဂျပန်အစောင့်မသိခင် အဖမ်းခံ၊ အညှဉ်းဆဲခံ လက်နှစ်ဖက်စလုံး အဖြတ်ခံထားရသော မသေမရှင်ဖြစ်နေသည့် ရဲဘေ တစ်ဦးက အော်ဟစ်ပြောခြင်းကြောင့် သိရခြင်းဖြစ်၏။

"တို့တပ်မတော်တွေ တပ်ဖျောက်ပြီဟေ့၊ မင်းတို့ ခွေးဂျပန်တွေလည သေဖို့ပြင်ထားကွ"

ထိုရဲဘော်သည် အော်ဟစ်ရင်းက အုတ်နံရံကို ခေါင်းဖြင့်ဆောင့် သူ့ကိုယ်သူ သတ်သေသွားပေ၏။

ဂျပန်တို့အား ယခုအခါတွင် တစ်ပြည်လုံးက တော်လှန်တိုက်ပွဲဝင် ပြီကိုလည်း ကျွန်တော်တို့ တဖြည်းဖြည်းသိလာရ၏။

မှန်သည်။ ကျွန်တော်တို့နှစ်ဦးသည် ထမင်းဆုပ်များနှင့်ရေများကိုယူ အညှဉ်းဆဲခံဖမ်းထားသူများဖြစ်သော သခင်ခေါင်းဆောင်များကို သွ



ပို့လေတိုင်း လျှို့ဝှက်စွာ ဂျပန်မမြင်အောင် ထမင်းဆုပ်ကို ပို၍ ... တဖြည်းဖြည်းနှင့်လည်း ရင်းနှီးလာခဲ့ပါလေသည်။

ဂျပန်များက ကျွန်တော်တို့အား ဖမ်းဆီးလာရာမှ ယခုအခါတွင် အပြစ်မရှိဟုထင်သဖြင့်လွှတ်ကာ ထမင်းနှင့်ရေများပို့နိုင်ခြင်း၊ အကျဉ်းသားအခန်းများတွင်းဝင်ကာ တံမြက်စည်းလှည်းရခြင်းအကြောင်းကို အဖမ်းခံ အာရှလူငယ်ခေါင်းဆောင်နှင့် သခင်များကို လျှို့ဝှက်စွာ ပြောကြားရ၏။

"အေး – ဒါပေမဲ့ – မင်းတို့နှစ်ယောက် သတိထား။ သူတို့က မင်းတို့ကို ဒီလိုနိုင်းပြီး ဘယ်လိုများဆက်သွယ်မလဲလို့ တိတ်တိတ်ကြည့်နေလိမ့်မယ်၊ သတိထား"

သခင်လင်းကြီး၏မျက်နှာကို ဂျပန်များက ရိုက်နက်ထားသောကြောင့် ...ရောင်နေ၏။ ပြီး – သွားများပါကျိုးနေကာ ကြာပွတ်ဒဏ်ကြောင့် တစ်ကိုယ် ...လုံး သွေးသံရဲရဲ ဖြစ်နေ၏။

အပေါ်အကျီမရှိဘဲ ကွန်ကရစ်ကြမ်းပြင်တွင် သည်အတိုင်းပင် ပစ်ထား... သခင်လင်းကြီးကို အခြားခေါင်းဆောင်များနှင့် အတူမထားဘဲ သီးသန့် အချုပ်ခန်းကလေးထဲတွင် ဂျပန်များက ထည့်ထားခဲ့ပေ၏။

အချို့သခင်ခေါင်းဆောင်များကိုမူ ရေနွေးဖြင့် မျက်နှာကို ပက်ထားကာ ...တ်များကို ရေနွေးဖြင့် စိမ်လိုက်ခြင်းကြောင့် လက်သည်းများ ကွာပြီးသော် ...ရောင်နေပေ၏။

အာရှလူငယ်တိုင်းမှူးကြီး ကိုဝင်းသိန်းမှာ အကျီအဝတ်အစားများချွတ်ကာ သူ၏အချုပ်ခန်းထဲဝယ် လက်ကောက်ဝတ်ကိုကြိုးဖြင့် ချည်၍ တွဲလောင်း ဆွဲထားပေ၏။ ဂျပန်များက ဝင်ရောက်ရိုက်နက်ကာမေးတိုင်း ဂျပန်များကို အော်ဟစ်ကာရိုနေ၏။ သို့တစေ၊ ဂျပန်များက ရက်စက်စွာ မျက်နှာကို မီးတုတ်ဖြင့် မီးမြှိုက်ခဲ့ရာ "အား – အား" ဟုအော်ကာ တွန့်လိမ်နေပေ၏။



www.burmeseclassic.com

www.burmeseclassic.com

မျက်နှာတွင်မည်းသွားကာ တစ်ခဏချင်း ဖူးရောင်လျက် အသားရေများ ကွာကျကုန်တော့၏။

ထိုသို့ ညှဉ်းဆဲခြင်းများကို ကျွန်တော်တို့ ထမင်းသွားပို့တိုင်း တွေ့ရ၏။ အမှန်တော့အလွန်အကျွံအနှိပ်စက်ခံထားရသောအာရှလူငယ်ခေါင်းဆောင်များနှင့် သခင်ခေါင်းဆောင်များကား လုံးဝပင် ထမင်းမစားနိုင်ပြီ။

ကျွန်တော်တို့မှာလည်းနေ့တွင် လုပ်စရာရှိသည်များကို လုပ်ရပြီးသော် ညပိုင်းတွင်မူ အချုပ်ခန်းတစ်ခန်းတွင် သော့ခတ်ကာ လှောင်ထားခြင်း ခံရ၏။ ကျွန်တော်တို့ နောက်ထပ်ပြောင်းရွှေ့အိပ်ရသောအိပ်ခန်းမှာ မော်တင်လိန်းကျောင်းကြီး၏အောက်ထပ်ရှိ လူသတ်ကျင်းတည်ရာနှင့် ကပ်နေပေ၏။

ထို့ကြောင့်ပင် ညတိုင်း ခေါ်ထုတ်ကာ သတ်နေသော အကျဉ်းသမားများကို တွေ့နေရ၏။ ပြီး - ဗိုလ်ကြီးခင်မှာလည်း (၃)ရက်လုံးလုံး ပထမထိုင်သော ထိုင်ခုံမှာပင် ထိုင်လျက်တွေ့နေရ၏။ အလျင်ကလောက်တော့ မလန်းဆန်းတော့ချေ၊ တဖြည်းဖြည်း ခါးကိုင်းကျနေပေပြီ၊ (၃)ရက်မြောက်နေ့ ညနေစောင်း (၅)နာရီတွင် ကျွန်တော်တို့ကို အချုပ်ခန်းထဲသို့ ပြန်သွင်း၏။ ဤသို့ အချုပ်ခန်းထဲသို့ ပြန်သွင်း၍ ပြတင်းပေါက်မှ ကြည့်လိုက်မိသည်နှင့် ဂျပန်ကင်ပေနှစ်ဦးက သခင်ခေါင်းဆောင်တစ်ဦးအား ညှပ်၍ လူသတ်ကျင်းဆီသို့ ခေါ်လာပေ၏။

"ခင်ဗျား ဖော်ပြောပါ၊ ပြောက်ကျားစခန်း ဘယ်မှာလဲ"

"ကျုပ် မသိဘူး"

"သခင်ခေါင်းဆောင်တွေ ဘယ်မှာပုန်းနေသလဲ - ပြောပါ"

"မသိဘူး"

"ခင်ဗျားပြောရင် မသတ်ဘူး"

"ကျုပ်မှမသိတာ၊ မပြောနိုင်ဘူး"



ဂျပန်ကင်ပေနှစ်ဦးက တရွေ့ရွေ့တွဲကာ ညှပ်၍ လူသတ်ကျင်းတည်ရာ ကုန်းမြင့်ကလေးဆီသို့ ခေါ်လာ၏။

လူသတ်ကျင်းနှင့် ကျွန်တော်တို့အချုပ်ခန်းမှာ ပေ(၂၈)ခန့်သာ ကွာပါမည်၊ ထို့ကြောင့်လည်း ထင်ထင်ရှားရှား မြင်ရ၊ ကြားရ၏။

လူသတ်ကျင်း၏အနီးတွင် ကင်းတဲကလေး ရှိ၏၊ ထိုတဲတွင် ဂျပန်စစ်သားအရပ်မြင့်မြင့်၊ ထောင်ထောင်မောင်းမောင်းနှင့်အစောင့်တစ်ဦး ရှိသည်၊ ထိုဂျပန်အစောင့်သည် ဂျပန်ဓားရှည်ကို ညာဘက်ပခုံးပေါ်ထမ်း၍ မားမားကြီး မတ်တတ်ရပ်နေ၏။

တဖြည်းဖြည်းနှင့် သခင်ခေါင်းဆောင်အား ခေါ်မြန်းလာသော ဂျပန်နှစ်ဦးသည် လူသတ်ကျင်း တိမ်တိမ်ကလေးထိပ်ရောက်သော် မတ်တတ်ရပ်လိုက်ကြ၏။

ဤတွင် ဓားရှည်ထမ်းထားသော ဂျပန်စစ်သားအရပ်မြင့်ကြီးက ခြေစုံရပ်ကာ ဦးခေါင်းညွှတ်၍ "ဂေါကုရဆပ်" ဟု ပြောလိုက်၏။

"ဟိုက် - ဂေါကုရဆပ်" ဟု ဂျပန်ကင်ပေများကလည်း ပြန်ပြောကာ အကျဉ်းသားသခင်အား "မှန်မှန်ပြောပါ" ဟု မေးနေ၏။

ဓားကိုင်ထားသော ဂျပန်လက်မရှုံ့ကြီးမှာလည်း မားမားရပ်နေ၏၊ ထိုသတ်မရှုံ့ကြီးသည်ပင် ကျွန်တော်တို့ပြည်သူပြောက်ကျားခေါင်းဆောင်များနှင့် တပ်မတော်ရဲဘော်များ၊ အာရှလူငယ်ခေါင်းဆောင်များ၊ သခင်များကို ဘယ်လောက် ခေါင်းဖြတ်ကာ သတ်ခဲ့ပြီးသည်ကို မသိနိုင်ပါချေ၊

ကျွန်တော်တို့မှ အချုပ်ခန်းတွင်းမှ အသည်းတယားယားဖြင့် ကြည့်နေ [illegible]

"ခင်ဗျားပြောရင် မသေဘူး"

"ကျုပ် မသိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com

သခင်ခေါင်းဆောင်ကားဖွဲကြီးလှပါ၏၊ တော်လှန်ရေးရဲဘော်များအပေါ် သစ္စာရှိလှပါ၏၊

"ခင်ဗျား မှန်မှန်ပြောပါ၊ ခင်ဗျားတို့သခင်ထဲက ဖွင့်ပြောနေပြီ"

ထိုအချိန်တွင် မတ်တတ်ရပ်ကာ မေးနေတုန်း၊ ဂျပန်အစောင့်ကလည်း ဂျပန်ဓားရှည်ကိုထမ်း၍ သတိအနေအထား ရပ်နေတုန်းပင်၊

"ဘယ်သူလဲ - ကျုပ်တို့အထဲမှာ သစ္စာဖောက် မရှိပါဘူး"

"ဟဲဟဲ - သခင်ထဲကပေါ့ကွ"

"မယုံဘူး - မယုံဘူး"

"ခင်ဗျား ဖွင့်ပြောပါ"

"ကျုပ် မသိဘူး"

ထိုသို့ သခင်ခေါင်းဆောင်က ပြောလိုက်ပြီးရှိန်ဝယ် သခင်ခေါင်းဆောင်၏ဘေးမှ ဂျပန်ကင်ပေစစ်သား(၂)ဦးသည် ရုတ်တရက်ပင် "ကိရိုု" ဟုအော်လိုက်ပြီး ထိုင်ချလိုက်၏၊

သို့စတ္တန့်ပိုင်းကလေးအတွင်းမှာပင် ဓားရှည်ထမ်းကာ မတ်တတ်ရပ်နေသော ဂျပန်လက်မရွံ့စစ်သားကြီးသည် လေထဲဝယ် ဓားမြှောက်ကာ တစ်ဦးထီးတည်း မတ်တတ်ရပ်ကျန်ခဲ့သော သခင်ခေါင်းဆောင်၏လည်ပင်းအား ဓားဖြင့် ခုတ်ပိုင်းချလိုက်၏၊

သခင်ခေါင်းဆောင်၏လည်ပင်းမှ ဦးခေါင်းကြီးသည် ရုတ်တရက် ပြုတ်ထွက်လွင့်စဉ်သွားသည်၊

ကိုယ်ခန္ဓာကြီးမှာ ရုတ်တရက် လဲကျမသွားပေ၊ နောက်မှ တွန့်ချလိုက်ရ၏၊ လွင့်သွားသော ဦးခေါင်းပြုတ်ကြီးမှာ ကျွန်တော်တို့အချုပ်ခန်းနှင့် တည့်တည့် လျက်တွင် ကျလာသောကြောင့် ကြည့်လိုက်ရာ မျက်လုံးများပြူးကာ မျက်တောင်များ ခတ်နေသည်ကိုပင် ကျွန်တော် တွေ့လိုက်ရသဖြင့် ရင်ထဲဝယ် ဒိန်းခနဲ ဆောင့်သွားပါချေ၏၊



ဂျပန်ကင်ပေ စစ်သားတစ်ဦးက ပြေးလာပြီးသော် သခင်ခေါင်းဆောင် ဦးခေါင်းပြုတ်ကြီးကို စစ်ဖိနပ်ဖြင့် ဘောကန်သကဲ့သို့ ကျင်းရှိရာ ကန်သွားသည်၊

သွေးများကား အိုင်ထွန်းလျက် ကျန်နေပါချေပြီတကား၊

— ❀ —

ဂျပန်ဖက်ဆစ်စစ်သားများ၏ရက်စက်မှုသည် အတိုင်းအဆ တာမရှိအောင် ရက်စက်လွန်းသည်၊

ကျွန်တော်နှင့် ကိုအောင်သန်းအား လူသတ်ဖို့အတွက် ကျင်းများတူးခိုင်းသည်၊ ထိုကျင်းများတွင် လူ့သေအလောင်းများကို တစ်လောင်းပြီး တစ်လောင်း ထပ်၍ထပ်၍ မြှုပ်ခဲ့သည်၊

ညတိုင်းညတိုင်းပင် အကျဉ်းသားအချို့ကို ဂျပန်စစ်ကားများဖြင့် ခေါ်ထုတ်သွားကြ၏၊ ဤသို့ခေါ်ထုတ်သွားခြင်းမှာလည်း အကျဉ်းသားများအတွက် လွတ်မြောက်သောနယ်မြေသို့ ပို့လိုက်ခြင်းသာဖြစ်၏၊ လွတ်မြောက်သော နယ်မြေဟု ခေါ်နေခြင်းမှာ ဂျပန်ကင်ပေအရာရှိ ဗိုလ်မောင်မောင်က သခင်ခေါင်းဆောင်များအား "ခင်ဗျားတို့ကို လွတ်မြောက်သောနယ်မြေဆီ ပို့ပေးမယ်" ဟု ပြောလေ့ရှိသည်၊ လွတ်မြောက်သောနယ်မြေဆိုသည်မှာ လူ့ဘဝ အပြီးအပိုင် တစ်ခါတည်း ထွက်မြောက်သွားခြင်းသာ ဖြစ်သည်၊

ဗိုလ်ကြီးခင်အား တစ်နေ့သော နံနက်(၈)နာရီတွင် စစ်ကားဖြင့် အပြင်သို့ခေါ်ထုတ်သွားခဲ့လေသည်၊ ကျွန်တော်တို့မှာ ဗိုလ်ကြီးခင်အတွက် အလွန်စိတ်မကောင်းဖြစ်၍ သတ်ရန်ခေါ်ထုတ်သွားလေသလောဟု စိုးရိမ်နေပေ၏၊ ထိုသို့ခေါ်ထုတ်သွားသောနေ့မှာပင်လျှင် လူတစ်ယောက်အား ဂျပန် ကင်ပေတိုင်များက ကြိုးများဖြင့်တုပ်ကာ ဖမ်းဆီးလာပေ၏၊



www.burmeseclassic.com

www.burmeseclassic.com

ထိုသူ၏မျက်နှာမှာ ဖူးဖူးရောင်နေသောကြောင့် မည်သူမည်ဝါဟူ၍ပင် မသိနိုင်ပါချေ။ သူ့အား ချက်ချင်းပင်လျှင် ငရဲခန်းသို့ ပို့လိုက်သည်။ ငရဲခန်းထဲတွင်ကား မည်မျှရက်စက်နေသည်တော့မသိချေ။ အလွန့်အလွန်နာကျင်လှသောဝေဒနာကြောင့် အော်ဟစ်လိုက်သည့်အသံတစ်သံကို ကြားရသည်။

ထို့နောက်တွင်ကား ထိုလူအား ငရဲခန်းထဲမှ ဂျပန်ကင်ပေနှစ်ဦးတခြေထောက်နှစ်ချောင်းကိုင်ကာ တရွတ်တိုက်ဆွဲလာ၏။ ထိုလူဝင်လာစဉ်က အကျီလုံချည်အပြည့်အစုံဖြစ်သော်လည်း ယခုအခါ မရှိတော့ချေ။ လက်နှစ်ဖက်စလုံးအား ရက်စက်စွာ မီးမြှိုက်လိုက်ပုံရသဖြင့် မီးလောင်ဖုကြီးများနှင့် အရေခွံများကွာကာ သတိမေ့လာပေ၏။

ဂျပန်ကင်ပေစစ်သားနှစ်ဦးတို့သည် ထိုလူအားခွေးသေကောင်လင်းတဆွဲသလို ဆွဲယူလာခဲ့ပြီးနောက် ကျွန်တော်တို့ကိုထားသော အချုပ်ခန်းနှင့်မျက်စောင်းထိုးအခန်းတွင်းသို့ တံခါးဖွင့်ကာ ပစ်သွင်းလိုက်တော့၏။ သည်နောက်တော့ တံခါးကို ပြန်ပိတ်ကာ တဟားဟားရယ်မောလျက် ထွက်သွားကြသည်။

ထိုသူအားကြည့်ကာ ကျွန်တော်တို့မှာ စိတ်မသက်သာလှအောင် ခံစားနေရ၏။ အချုပ်ခန်းတစ်ခန်းမှ "ရဲဘော်တစ်ဦး တိုးလာပြီဟေ့" ဟု အော်လိုက်သေး၏။

ကျွန်တော်တို့ကို အချုပ်သားများအား ထမင်းကျွေးချိန်မှ အခန်းတံခါးဖွင့်ပေးပြီးသော် ကင်ပေတိုင်ဌာနချုပ်အတွင်းရှိထမင်းဖိုမှ ထမင်းထည့်ထားသော လင်ဗန်းများ ယူခဲ့ရသည်။ ထမင်းချက်သော စားဖိုမှူး ဂျပန်စစ်သားထကြီးသည် ထမင်းများကို သူကိုယ်တိုင် လက်ဖြင့် ဆုပ်၍ဆုပ်၍ပေးကာ စေတနာ သဒ္ဓါ ရက်ရောစွာဖြင့် ဆားကလေးကိုပါ ဖြူးပေးလိုက်သေး၏။

ထိုထမင်းဆုပ်များကား လူတစ်ယောက်အား ထမင်းတစ်ဆုပ်စီ ပေး မည်ဖြစ်၏။ မှတ်မိသလောက် ထမင်းဆုပ်ပေါင်း (၇၅) ဆုပ်မျှဆုပ်၍ ပေး



သည်။ ကိုအောင်သန်းက ရေပုံးကိုဆွဲ၍လိုက်ရ၏။ ဂျပန်အစောင့်စစ်သားတနောက်မှလိုက်လာသည်။

အခန်းတစ်ခန်းလျှင် လူ(၃)ယောက်မှ (၅)ယောက်အထိ ချုပ်ထား၏။ နံနက်စာ ထမင်းတစ်ဆုပ်နှင့် ညစာထမင်းဆုပ်တစ်ဆုပ်သာ ရကြ၍ အဘယ်မျှလောက် ဆာလောင်မွတ်သိပ်နေကြမည်ကိုတွေးကာ ရင်ထုမနာ ဖြစ်နေရသည်။ ကျွန်တော်တို့ကိုယ်တိုင် ထမင်းတစ်ဆုပ်သာ စားရသော်လည်း အခွင့်အရေးရသောအခါတွင်ကား ထမင်းတစ်ဆုပ် ပို၍စားသောက်ရ၏။

နံနက်(၈)နာရီမှာစစ်ကားဖြင့် ခေါ်ထုတ်သွားလေသော ငလိကြီးခင်အားဂျပန်များက သတ်လိုက်လေပြီလောဟုလည်း တွေးတောနေမိသည်။ ထမင်းဆုပ်များ လိုက်လံပေးရသောအခါမှပင် ပိုမိုစိတ်ထိခိုက်မိတာ ဝမ်းနည်း၍ဆုံးပါချေ။

မှန်သည်။ ထမင်းဆုပ်များကိုလိုက်လံပို့ရစဉ်ဝယ် "ဗျို့-ကိုအောင်သောင်းဘော်တော်ခံလိုက်ရပြီလား။ စိတ်မပျက်နဲ့ဗျို့ ကျုပ်တို့လည်း ခင်ဗျားလိုပဲ။ အခုနေအခါမှာမြန်မြန်သေသွားရင်မြန်မြန်ကောင်းလေပဲ" ဟုတစ်ဖက်သော အချုပ်ခန်းမှ ပြောလိုက်သကဲ့သို့ -

"ဟုတ်တယ် - ဝင်းသိန်း။ ဒါထက် - တို့ရဲဘော်တွေသစ္စာရှိတာ ဝါတော့ ဝမ်းသာတယ်ကွာ"

"စိတ်သာချ - ကျုပ်တို့အားလုံးဆီက သူတို့စကားတစ်လုံးမှတော့ ရမှာမဟုတ်ဘူး။ မျက်လုံးတစ်လုံးပဲ ဖောက်လို့ရကြမယ်။ ကျုပ်မျက်လုံးတော့ ညထဲက အဖောက်ခံလိုက်ရပြီ"

"အင်း - ကျုပ်လက်လည်း မကောင်းတော့ပါဘူး။ အခုနပဲ မီးထဲတို့ဖုတ်ပြီးတာထိုးထည့်လိုက်လို့လက်နှစ်ဖက်စလုံး တံတောင်ဆစ်ကနေပြီးအသားတွေကြွကျကုန်ပြီ။ အခု - သွေးတွေ တော်တော်ထွက်နေပြီဗျ။ ကျွတ် - ကျွင်းဘော်တော်ခံရတယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com

"ဒါ - အစရှိသေးတယ်ဗျာ၊ ဒါထက် - လုံချည်ပါသေးရဲ့လား၊ ပါရင် ကြီး ကွင်းလုပ်လိုက်တာပေါ့"

"ဘယ်ပါတော့မလဲဗျာ"

"အင်း - ဟုတ်သားပဲ၊ လုံချည်အင်္ကျီပေးထားရင် ကျုပ်တို့ မြန်မြန်သေသွားကြမှာ စိုးရိမ်တယ်ဗျ၊ ဒါကြောင့် အားလုံးချွတ်ထားတယ်"

ကျွန်တော်တို့မှာ ထိုစကားများကို ကြားရသောကြောင့် စိတ်မချမ်းသာအောင် ဖြစ်နေရ၏၊ တစ်ဖန် ထိုကိုအောင်သောင်းမှာ ပြည်သူ့ပြောက်ကျားခေါင်းဆောင် တပ်ရင်းမှူးဖြစ်ကာ အာရှလူငယ် တိုင်းမှူးကြီးဖြစ်သော ကိုအောင်သောင်းပင် ဖြစ်လေသလောဟု စိုးရိမ်မကင်း ဖြစ်ကြရသည်၊

နောက်ဆုံးအစောင့်ဂျပန်စစ်သားက "အဘိမ္မော စကားများများ မပြောပါနဲ့" ဟု ပိတ်လိုက်သောအခါမှပင် စကားနေးသွား၏၊ သို့တစေ၊ ဆက်လက် ပြောမြဲပြောနေသည်၊

ကျွန်တော်တို့က ထမင်းဆုပ်များကိုပေးနေစဉ် "အာရှတိုင်းမှူးကြီးလား" ဟု အခြားအခန်းများက မေးကြရာ "ဟုတ်တယ်၊ အာရှတိုင်းမှူးကြီး ကိုအောင်သောင်းဗျ" ဟု ကိုဝင်းသိန်းက တစ်ဖက်သောအခန်းသို့ ပြန်ပြောလိုက်သောကြောင့် -

"အာရှတိုင်းမှူးကြီး ကိုအောင်သောင်း - ရောက်လာပြီဟေ့"

"ရဲဘော်ကြီးကို အလေးပြုပါတယ်ဗျို့"

"အလေးပြုပါတယ်ဗျို့"

အခန်းတိုင်း အခန်းတိုင်းရှိ နိုင်ငံရေးအချုပ်သားအားလုံး၏ ဆူညံသော အသံများက ပေါ်ထွက်လာကြ၏၊

အင်္ကျီလုံချည် လုံးဝမရှိဘဲ အရိုးပေါ် အရေတင်နေသော နိုင်ငံရေး အချုပ်သားတစ်ဦးက သံတိုင်ကို လက်ဖြင့် တဂျိုင်းဂျိုင်းဆွဲကာ "တိုင်းမှူးကြီး ကိုအောင်သောင်းအား အလေးပြုပါတယ်" ဟု အော်နေရာ ဂျပန်စစ်သားအစောင့်သည် ပြေးသွားကာ "နူးဒါးတာကဲရိုး" ဟူ၍ ဆဲရေးလိုက်ပြီးသော် သေနတ်ဒင်ဖြင့် သံတိုင်ကြားမှနေ၍ အော်ဟစ်နေသော နိုင်ငံရေးအချုပ်သားအား ဆောင့်ထိုးလိုက်၏၊

ထိုနိုင်ငံရေးအချုပ်သမားမှာလည်း အားခနဲအော်ကာ အချုပ်ခန်းတွင်းသို့ လဲကျသွားရှာပါလေတော့သည်၊

ထိုနေ့လောက် စိတ်မချမ်းသာဖြစ်ရခြင်းများကို ကျွန်တော့်ဘဝတွင် တွေ့ရသေးချေ၊

သခင်လင်းကြီး၏အခန်းဆီသို့မရောက်မီ အညှဉ်းဆဲခံနေရသော သခင်များ အာရှလူငယ်ခေါင်းဆောင်များ အခန်းသို့ ကျွန်တော်တို့သွားကာ ထမင်းဆုပ်များ ပို့သော်လည်း ထမင်းများ မစားနိုင်ကြတော့ချေ၊

သခင်လင်းကြီးအခန်းသို့ရောက်သောအခါတွင်ကား သခင်လင်းကြီးကို တွေ့ရတော့ချေ၊

ကျွန်တော်တို့၏ရင်များသည် ဟာခနဲ ဖြစ်သွားရချေသည်၊

"သွားရချေပြီ" ဟုသာ တွေးလိုက်မိသလို တစ်နည်းအားဖြင့် ဝမ်းသာသွားမိသေး၏၊ ဤသို့ဒုက္ခခံစားနေရမည့်အစား မြန်မြန်သာ ဇီဝိန်ချုပ်သွားရခြင်းက ပင် မကောင်းပါလား၊

အခြားသော အချုပ်ခန်းများသို့ ကူးပြောင်းခဲ့ရာ မနေ့က တွေ့ခဲ့ရသော သခင်စံခင်၏အခန်းတွင် သွေးကွက်ကြီးကသာလျှင် ကျွန်တော်တို့အား နှုတ်ဆက်နေပါချေတော့၏၊

ကျွန်တော်တို့၏ခြေလှမ်းများ ယိမ်းယိုင်သွားကာ မျက်လုံးများပင် ပြာ၍ သွားရသည်ဟု ထင်မိပါချေ၏၊

— ✽ —





www.burmeseclassic.com

www.burmeseclassic.com

တစ်ညတွင် သံတံခါးများကိုဖွင့်၍ ဂျပန်ကင်ပေစစ်သားများက ကျွန်တော်တို့နှစ်ဦးအား ခေါ်သွား၏၊ ထို့နောက်တွင်ကား ကားတစ်စင်းပေါ်သို့ တင်၍ ခေါ်သွားပြန်၏၊

သည်တစ်ခါတော့မှ ကျွန်တော်တို့နှစ်ဦးကို မော်လမြိုင်ထောင်ကြီးသို့ ပို့လိုက်ခြင်းဖြစ်သည်၊

အထူး ကုသိုလ်ကံကောင်းခြင်းကား သေပြီဟု ယူဆလိုက်ရသော ဗိုလ်ကြီးခင်တို့နှင့် အိပ်ဆောင်တစ်ဆောင်တည်း၊ အိပ်ခန်းကြီးတစ်ခန်းတည်း နေရာရထားခြင်း ခံရသောကြောင့်ဖြစ်၏၊

ကျွန်တော်တို့က ဝမ်းသာအားရဖြင့် ဂျပန်ကင်ပေဌာနချုပ်ဖြစ်သော တင်လိန်းကျောင်းကြီးတွင် တွေ့ရသည့် သခင်လင်းနှင့် သခင်စံခင်အကြောင်း အာရှလူငယ်တိုင်းမှူးကြီး ကိုအောင်သောင်းတို့အကြောင်းကို ပြောပြသည်၊

"ဒီထောင်ထဲမှာ ကိုအောင်သောင်းတို့ကိုထားပြီးမှ ကင်ပေတိုင်အချုပ်ခန်းကို ခေါ်သွားတာကွ၊ ပြီးတော့ - သခင်လင်းကြီးကို လှိုင်းဘွဲ့တလယ်ရွာ ပို့ထားတာ၊ သူက မော်လမြိုင်ပြန်လာတော့ အဖမ်းခံရတာပေါ့ကွာ၊ သူ့အခု တောင်ပေါ် တရုတ်ကျောင်းထဲကို ပြောင်းပြီး ချုပ်ထားတယ်လို့ အခုပြောင်းလာတဲ့ အချုပ်သားသစ်တွေက ပြောတယ်ကွ"

"ဟုတ်လား - ဗိုလ်ကြီး၊ ဒီလိုဆို - သေရျင်မှ သေဦးမှာပေါ့နော်"

"ဒါတော့ - ဘယ်သိမလဲကွာ"

ဗိုလ်ကြီးခင်က ခပ်ညည်းညည်း ပြောလိုက်သည်၊ ပြီးတော့ - ကျွန်တော်တို့ကို အဖမ်းခံနေရသော ကျောင်းဆရာ ဆရာသက်ပြင်၊ ကိုမောင်မောင်နှင့် မိတ်ဆက်ပေးသည်၊

အခန်းတွင်းဝယ် စုစုပေါင်း(၁၃)ဦး ရှိပြီးလျှင် ဂျပန်ကင်ပေတိုင်၏ ညှဉ်းပန်းမှုကြောင့် ရုပ်ပျက်ဆင်းပျက်ဖြစ်လာသူများနှင့် လုံးဝအညှဉ်းပန်း မခံရသူများဟူ၍ ရောပြွမ်းလျက် ရှိနေပါ၏၊



ကျွန်တော်တို့မှာ ကံကောင်းထောက်မ၍ ဗိုလ်ကြီးခင်နှင့် လာရောက်တွေ့ရခြင်းဖြစ်ရာ စကားများကို တစ်ညလုံး ပြောမပြီးအောင် ဖြစ်နေပါချေသည်၊

ထိုနေ့ညတွင်ကား ထူးထူးခြားခြားပင် အင်္ဂလိပ်ဗုံးကြဲလေယာဉ်ပျံများက တစ်အုပ်ပြီးတစ်အုပ် လာရောက်ဗုံးကြဲနေပါ၏၊

ဗုံးအချို့သည် ကျွန်တော်တို့ထောင်ကြီးတွင်းသို့ ကျလေရာ ကျွန်တော်တို့အိပ်ဆောင်ကြီးမှာ သွက်သွက်ခါသွားပါချေ၏၊

ကျွန်တော်တို့မှာ ဂျပန်ဖက်ဆစ်များ၏ ညှဉ်းဆဲခြင်းဖြင့် မသေဘဲ အင်္ဂလိပ်ဗုံးကြဲလေယာဉ်ပျံများ၏အက်ကြောင့် သေကုန်မည်လားဟုပင် စိုးရိမ်ကာမိပါ၏၊

လေယာဉ်ပျံတစ်အုပ်ပျံသွားသောအခါတွင် ကျွန်တော်တို့မှာ အိပ်မရဘဲ ထိုင်၍စကားပြောကြပြန်သည်၊ သည်တစ်ခါတော့မှ ဗမာ့တပ်မတော်တပ်များအား တော်လှန်တိုက်ခိုက်နေခြင်း၊ သခင်များနှင့် အာရှလူငယ်မှန်သမျှကို ဂျပန်များက ဖမ်းဆီးနေခြင်းများအကြောင်းပင် ဖြစ်၏၊

တစ်ဖန် ဂျပန်များအား ဗမာ့တပ်မတော်နှင့် ပြည်သူ့ပြောက်ကျားများက တနင်္သာရီတိုင်းတွင် ရုတ်တရက်တိုက်ခိုက်ဖို့ မလွယ်ကြောင်း ဖြစ်၏၊

အထက်ဗမာပြည်တွင် တိုက်ပွဲဖြစ်နေသဖြင့် ဂျပန်တပ်များ ပြိုထင်းနေသရာ များသောအားဖြင့် တနင်္သာရီတိုင်းသို့ တရွေ့ရွေ့ စုလာခြင်း ဖြစ်၏၊

ရန်ကုန်တွင် ရှိနေသော ဒေါက်တာဘမော်အစိုးရမှာလည်း ယခုအခါ ထိုသို့ ပြောင်းရွှေ့လာကြောင်းလည်း ပါဝင်သည်၊

ဤအထဲတွင် တရင်းနှင့်တကွ တင်ပြသော ဗိုလ်ကြီးခင် စကားများမှာ အလွန်မှတ်သားစရာ ကောင်းနေပါချေသည်၊

၁၉၄၂ - ခုနှစ်တွင် ဗမာပြည်မှာ ဂျပန်တပ်ရင်းပေါင်း တပ်မကြီး (၄)တပ်ကြီး (ဟာရာရှိ) ဘူတိုက်ခေါ်အမှတ် (၁၅) တပ်မ၊ တရုတ် - မြန်မာလမ်းကြောင်း တိုက်ပွဲဝင်နေသော "တာစု" ခေါ်အမှတ်(၅၆)တပ်မ၊ ရန်ကုန်နှင့် မြစ်ဝကျွန်း



www.burmeseclassic.com

www.burmeseclassic.com

လမ်းတွင် တာဝန်ယူ တိုက်ပွဲဝင်နေသော အမှတ်(၁၈) (ဒီကုဓေါ်)တပ်မ… ရခိုင်တွင် တာဝန်ကျနေသော အမှတ်(၃၃) "ယမိ" ခေါ်တပ်မ၊ မြစ်ဝကျွန်းပေါ်… တွင် တာဝန်ကျနေသော (ထာထေး)ခေါ်အမှတ်(၄၅)တပ်မအပြင် ၁၉၄၃ နှစ်… ကုန်ခါနီးတွင် တပ်မ(၇)နှင့် ယန္တရားတပ်များ ရောက်လာရာ ထိုတပ်များအား (ဟာရာရှိ)ဟူ၍ စုပေါင်းခေါ်ထား၏။

တစ်ဖန် ၁၉၄၄၊ ဒီဇင်ဘာနှင့် ၁၉၄၅၊ ဖေဖော်ဝါရီလမှာပင် တပ်မဟာ(၃) ဖွဲ့ရောက်လာပြန်၏။ ထိုတပ်မဟာများမှာ အမှတ်(၁၅၊ ၂၈၊ ၃၃)တပ်ပေါင်း… များဖြစ်၏။ ပြီး – ယန္တရားတပ်(၂)တပ်မှ(၃)တပ်အထိ တိုးလာကာ ထိုတပ်… များမှာ အမှတ် ၁၀၊ ၇၂၊ ၂၄ ယန္တရားတပ်များဖြစ်၍ စုစုပေါင်း တပ်မကြီး (၁၂) တပ်မျှ ရှိနေကြောင်းပင် ဖြစ်၏။

ထိုနေ့နံနက်ပိုင်းတွင်ကား ရုတ်တရက် အင်္ဂလိပ်ဗုံးကြဲလေယာဉ်များ… ထပ်မံတိုက်ခိုက် ဗုံးကြဲပြန်လေရာ ကျွန်တော်တို့သည်ပင် ဝပ်နေရာမှ လွင့်… သွားပေ၏။

မီးခိုးများ မှောင်နေသောအိမ်ခန်း၊ အိမ်ဆောင်နှင့်အတူ အုတ်ရိုးကြီး… ပွင့်ထွက်နေသည်ကို တွေ့ရ၏။

"ဟေ့ကောင်လေးတွေ – မြန်မြန်လာကြ"

ဗိုလ်ကြီးခင်သည် ကျွန်တော်တို့ကိုခေါ်၍ ပြေးထွက်တော့၏။ ကျွန်တော်… တို့လည်း ဗိုလ်ကြီးခင်၏နောက်မှ ပြေးလိုက်ကြသည်။

လွတ်ရမည့်အရေးအတွက် ဘာကိုမျှဂရုမထားနိုင်ပါချေ။ လေယာဉ်… တွေကလည်းဝဲနေသည်။ မိုးကပင်မလင်းသေး။ ကျွန်တော်တို့နောက်မှ… ကျောင်းဆရာ ကိုသက်ပြင်းနှင့် တိုမောင်မောင်တို့ ပြေးလိုက်လာကြ၏။

ထောင်ကြီးမှလွန်ကာ လမ်းကြိုလမ်းကြားများကိုဖြတ်၍ ပြေးလာ… သည်။ မကြာမီ လမ်းတစ်လမ်းသို့ရောက်ကာ အိမ်တစ်အိမ်အတွင်းသို့ … ဝင်ကြ၏။



ထိုအိမ်ကား လူတစ်ယောက်တလေမျှ မရှိတော့ချေ။

"ကဲ – မဖြစ်ဘူး။ ပြည်သူ့ပြောက်ကျားစခန်းရှိတဲ့တံခွန်တိုင်ရွာကို ပြေးကြမယ်"

ဗိုလ်ကြီးခင်က ပြောလိုက်၏။

ထိုအချိန်က မော်လမြိုင်နှင့် သထုံကြားရှိ အပေါင်မြို့နယ်၊ ဒေးဗလိန်းရွာတွင် ပြည်သူ့ပြောက်ကျားတပ်ဌာနချုပ် ဖွင့်ထားခဲ့ပါလေသည်။

သို့တစေ၊ ကျွန်တော်တို့မှာ မုဒုံနှင့်မော်လမြိုင်ကြားရှိတံခွန်တိုင်ဘူတာဆိုက် ရွာကြီးအရှေ့ဘက် ပြည်သူ့ပြောက်ကျားစခန်းသို့ သွားကြရမည် ဖြစ်ပါသည်။

မိုးမလင်းမီတောလမ်းစခန်းရွာများမှပြေးလာစဉ်တွင်လမ်းဝယ်ကိုလှဖေ ခေါင်းဆောင်သော ဗိုလ်ဝင်းမောင်အုပ်ချုပ်သည့် ပြည်သူ့ပြောက်ကျားတပ်ရင်း (၁၀၆)တက်လာသည်ကို တွေ့ပါ၏။

ကျွန်တော်တို့နှင့်ဗိုလ်ဝင်းမောင်တို့တွေ့ဆုံသောနေရာမှာ ဖအောက်ရွာအရှေ့ဘက်ဖြစ်သည်။ အားလုံးပင် ဝမ်းသာမဆုံးကြပါ။

ဗိုလ်ဝင်းမောင်တို့ ချီတက်လာခြင်းမှာ သထုံဘက်မှ ဖြတ်လာကြခြင်း ဖြစ်သည်။ အမှန်တော့ အာရှလူငယ်အထွေထွေအတွင်းရေးမှူးကြီးဖြစ်သော ကိုညီလေးအား သထုံတွင် ဖမ်းမိကာ သထုံအရှေ့နောင်ကုလားတောရွာတွင် အသတ်ခံရသည်ကို ကယ်ဆယ်ရန် သွားခဲ့သည်။ သို့တစေ၊ သတ်ပြီးနေပြီ ဖြစ်၍ ပြန်လှည့်လာရာ မုဒုံအရှေ့တွင် သခင်နှင့် အာရှလူငယ်များအား တွင်းခေါင်း (၇၅)ကျင်း အတူးခိုင်း၍ သတ်ဖြတ်ရန် လည်ပင်းထိ မြေမြှုပ်ထားကြောင်း၊ ထို့ကြောင့် ကယ်ဆယ်ရန် အပြင်းအထန် ချီတက်နေရကြောင်းပင် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် ကျွန်တော်တို့မှာ ပြည်သူ့ပြောက်ကျားတပ်ရင်း(၁၀၆)နှင့် ပေါင်း၍ မုဒုံဆီသို့ အပြင်းချီတက်ကြရပြန်သည်။

မုဒုံအရှေ့ယာကွင်းဝယ် အာရှလူငယ်နှင့်သခင်ခေါင်းဆောင်များကိုကား အသက်ရှင်လျက် ကျွန်တော်တို့ မမိရေတော့။ ဂျပန်ဖက်ဆစ်ဘီလူးများတဦးခေါင်းသာ ဖော်ထားပြီး ကိုယ်လုံးအား မြေမြှုပ်ထား၍ မျိုးချစ်ခေါင်းဆောင်များကို ကားဖြင့်နင်းကာ ရက်စက်စွာ သတ်ပြီးလေပြီတကား။

ထို့ကြောင့် ကျွန်တော်တို့မှာ လျှို့ဝှက်စွာ စခန်းပြုလုပ်ထားသည့် ပြည်သူ့ပြောက်ကျားစခန်း တောတွင်းသို့ ရောက်လာရတော့သည်။

ကိုလှဖေမှာ ထိုစခန်းတွင် တာဝန်ခံဗိုလ်တစ်ဦးဖြစ်နေကာ ကျွန်တော့်အား စခန်းရှိ တဲတစ်တဲဆီသို့ ခေါ်သွားခဲ့၏။

"ခင်ဗျားကို စောင့်နေတဲ့အမျိုးသမီးတစ်ဦးကို ကျွန်တော်ပြမလို့ပါ ကိုအောင်နိုင်"

"ဘယ်သူများပါလိမ့်ဗျာ"

ကျွန်တော်ကားမယုံရဲယုံရဲဖြစ်နေပေ၏။ ခေါ်သွားသောတဲတစ်တဲရှေ့သို့ ရောက်သည်နှင့် တစ်ပြိုင်တည်းမှာပင် ကျွန်တော်၏မျက်ခုံးများ မြင့်သွားရ၏။

မခင်မွှေး ....။

ဟုတ်ပေသည်။ မသေလို့တွေ့ရသော မခင်မွှေး၊ ယခုတော့ လက်ထဲဝယ် (၃)လသားကလေးနှင့် တွေ့ရသောအဖြစ်၊

မခင်မွှေးကလည်း ကျွန်တော့်အား မျက်လုံးကြီးပြူးကာ စိုက်ကြည့်နေပြီးမှ "ကိုအောင်နိုင် - အမယ်လေး - ကိုအောင်နိုင်ရယ်၊ တွေ့မှတွေ့ပါဦးမလား လို့" ဟုပြောကာ ကျွန်တော့်ထံ ပြေးလာသည်၊

ကျွန်တော်ကလည်း သူမ၏ကိုယ်လုံးကလေးအား ဖက်ထားမိသည်၊ မခင်မွှေးသည် ကလေးအား လက်နစ်ဖက်ဖြင့်ထွေးရာမှ ကျွန်တော်၏ ရင်ခွင်ကျယ်ပေါ်သို့ ဦးခေါင်းကလေးတင်ကာ မျက်ရည်များ သွန်ချနေတော့၏။



"ဒါ - သူ့ညီမ မခင်အေးကလေးဗျ။ ဂျပန်ခွေးမျိုးက မတရားလုပ်လို့ရတာလေ - ကိုအောင်နိုင်"

"ဒါဖြင့် - မခင်အေးကရော"

"ချောင်းရေထဲခုန်ဆင်းပြီး သေသွားပြီဗျာ။ အပြစ်မရှိတဲ့ကလေးကိုတော့ ထားခဲ့ပါတယ်။ သမီးစိတ်နဲ့ ဒေါ်ပန်းမြလည်း သေရှာပြီ။ အဘဦးထွန်းရုံပဲ ကျန်ပါတော့တယ်ဗျာ"

ကိုလှဖေက ပြောနေချိန်တွင် အဘဦးထွန်းရုံ ရောက်လာသည်၊ ပို၍ အိုမင်းသွားသည်ဟု ထင်လိုက်ရ၏။

"မောင်အောင်နိုင် - မောင်အောင်နိုင်၊ အဘတို့ ဆုတောင်းချက် ပြည့်ပါပြီကွယ်။ မင့်နမကလည်း မင်းအတွက် ညရော နေ့ရော ဆုတောင်းနေရှာပါတယ်"

အဘဦးထွန်းရုံက ဤသို့ပြောကာ မျက်ရည်များ စီးကျနေရှာပါသည်။

"ကဲ - ငိုမနေပါနဲ့တော့ - မွှေးရယ်၊ မောင်ကြီးတစ်ယောက်လုံး ရှိနေပြီမဟုတ်လားကွယ်။ စစ်ပြီးတာနဲ့ ကိုယ်လည်းအညာကို လိုက်ခဲ့ပါ့မယ်၊ ဟုတ်လား"

ကျွန်တော်က မခင်မွှေး၏မေးစေ့ကလေးကိုဆွဲ၍ ပြောလိုက်ရသည်၊ မခင်မွှေးသည် မျက်ရည်အပြည့်မျက်နှာဖြင့် မော့လာကာ ပြုံးပန်းပွင့်များ ဖွင့်လာရှာပါသည်၊

"လူတွေ သေနေရတဲ့စစ်ကြီးကို မောင်ကြီး မမုန်းဘူးလားဟင်"

"အို - မုန်းပါသော်တော - မွှေးရယ်၊ ဒါကြောင့် - မြန်မြန်ပဲ စစ်ကြီးပြီးဖို့နဲ့ ငြိမ်းချမ်းပါစေလို့ ဆုတောင်းနေရတယ်လေ"

ကျွန်တော်တို့ စကားပြောနေချိန်ဝယ် ကိုလှဖေကား အဝေးသို့ ထွက်သွားတော့သည်၊

www.burmeseclassic.com

www.burmeseclassic.com

သို့အနိုက် "ရဲဘော်တွေ - တန်းစီကြ" ဟူသော ပြည်သူ့ပြောက်ကျား တာဝန်ခံ ဗိုလ်ဝင်းမောင်၏အသံက ပေါ်ထွက်လာပါသတည်း။

➳ မြဝတီ


## စာမူရှင်များသို့

သည်းထိတ်ရင်ဖိုမဂ္ဂဇင်းတွင် ရွေးချယ်ဖော်ပြခဲ့သောစာမူများ၏ အချို့စာမူရှင်များသည် ဆက်သွယ်ရန် နေရပ်လိပ်စာ မပါရှိခြင်း၊ နေရပ်ပြောင်းရွှေ့သွားခြင်း၊ ဆက်သွယ်၍မရနိုင်ခြင်းစသည့် အခက်အခဲများရှိပါသဖြင့် စာမူရှင်များအနေဖြင့် လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ စာမူခနှင့် လက်ဆောင်စာအုပ် ထုတ်ယူနိုင်ရန်ဆက်သွယ်မှုပြုကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

လေးစားစွာဖြင့်
သည်းထိတ်ရင်ဖိုမဂ္ဂဇင်း




လင်မယားနှစ်ယောက်
တစ်ပြိုင်တည်း အသတ်ခံခဲ့ရော အမှုကို
ခြေရာခံလိုက်ကြရာမှ နောက်ဆုံးတွင် ..

**ရန်ကုန်တိုင်း** မြောက်ပိုင်းခရိုင်အတွင်း တောင်မြောက်တန်းလျက်ရှိ သောပြည်လမ်းမကြီး၏တစ်နေရာ၌အရှေ့ဘက်ပဲခူးမြို့ ဆီမှကွေ့လိမ်တိုးထွက်လာသောမြေနီလမ်းကြီးတစ်လမ်း သည်ပြည်လမ်းမကြီးကိုမေးတင်ဦးတိုက်လျက် ရှိသည်၊ ထိုလမ်းကို "ကျွဲကုန်းလမ်း" ဟုခေါ်ဝေါ်ကြသည်၊ တောင် ခြေအနီး ကျွဲကုန်းကျေးရွာသို့ပြည်လမ်းဆီမှ ဦးတည်နေ သောကြောင့် ဖြစ်သည်၊ ပြည်လမ်းမကြီးမှ အရှေ့ဘက် မိုင်ဝက်ခန့်အတွင်း ကျွဲကုန်းလမ်း တစ်ဖက်တစ်ချက် တွင် လူနေအိမ်ခြေမရှိဘဲ လယ်ကွင်း၊ ယာကွက်များသာ ရှိကြသည်၊ လယ်ကွင်း၊ ယာကွက်များကိုလွန်သော် ပေါင်း ရာနှင့်ရှိ၍ ကျယ်ဝန်းသောသစ်ကြီးဝါးကြီးများ ဆိုင်းလျက် ရှိကြသည့် စိုက်ပျိုးရေးဥယျာဉ်ခြံကြီးများ တည်ရှိကြသည်၊



ဥယျာဉ်ခြံကြီးများအကြားတွင် မည်သည့်သီးနှံမျှ စိုက်ပျိုးခြင်း မပြုဘဲ လူနေအိမ်သက်သက်သာရှိသော ခြံကြီးများလည်း ရှိကြသည်၊ လူနေအိမ် သက်သက်သာရှိသော ခြံဝင်းကြီးများကပင်လျှင် အနည်းဆုံး (၁၀) ဧကခန့် ကျယ်ဝန်းကြရာ တစ်အိမ်မှ တခြားအိမ်တစ်အိမ်သို့ ခေါ်မကြား၊ အော်မကြား လောက်အောင် ဝေးကွာလျက် ရှိကြသည်၊ မြို့ပြနှင့် ဝေးရာမှာ တိတ်ဆိတ် အေးချမ်းစွာ နေလိုသူများ နှစ်သက်တတ်ကြသည့် ပတ်ဝန်းကျင်မျိုးပင် ဖြစ် သည်၊ ထိုနေရာမျိုးမှာ မထင်မှတ်သော ရောမရာဇဝတ်မှုကြီးများ ပေါ်ပေါက် တတ်ပါသည်၊

ပြည်လမ်းမကြီးမှ အရှေ့ဘက်အရပ်သို့ ဦးတည်ခွဲထွက်လာသော "ကျွဲ ကုန်းလမ်း" အတိုင်း (၁) မိုင်ခန့် လာခဲ့လျှင် လမ်း၏ညာဘက်ထိပ်ဆုံးမှာ လေးရှားပိတောက်ပင်များ၊ သရက်ပင်များနှင့် ဝါးနက်ဝါးရုံများ အုံ့ဆိုင်း လျက်ရှိသော ခြံဝင်းကြီးတစ်ဝင်းကို တွေ့ရမည်၊ ထိုခြံဝင်းကြီးသည် (၂) ဧက လောက် ကျယ်ဝန်းပြီး သံဆန်ခါစည်းရိုး ပတ်လည်ကာရံထားသည်၊ ခြံဝင်း အလယ်လောက်တွင် သွပ်မိုးနှစ်ထပ်တိုက် ခပ်သေးသေးတစ်လုံးရှိပြီး ဗိသုကာ လက်ရာ ပုံစံမှာ နေရာဒေသနှင့်လိုက်ဖက်စွာ ရိုးတာတာနှင့် တောဆန်သည်၊ သက် တမ်းနှစ်(၂၀) ခန့် အိုမင်းခဲ့ပြီဖြစ်သော တစ်ပတ်ရစ်တိုက်ဟောင်းမျိုးဖြစ်သည်၊ အသစ်မသုတ်ခဲ့သည်မှာ ကြာပြီဖြစ်ရာ ညိုမွဲမွဲအသွင်ဆောင်လျက် ရှိသည်၊ ခြံဝင်းထဲသို့ဝင်ရာ တစ်ခုတည်းသော ဝင်ပေါက်မှာ ရင်ဖိုခန့်မြင့်သော သံဆန်ခါကာ သစ်သားတံခါးဖြစ်၍ သံဆန်ခါတွေမှာလည်း သံချေးကိုက် နေကြပြီ၊ ထိုခြံဝင်းထဲရှိနှစ်ထပ်တိုက်ကြီးထဲမှာ မကြာမီက သွေးပျက်စရာ ရာဇဝတ်မှုကြီးတစ်ခု ဖြစ်ပွားခဲ့သည်၊ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် အကြမ်းကြုံ ဆုံးမဆုံး ဖြစ်ပွားခဲ့သည်၊ ရောမရာဇဝတ်မှု ကြီးဟု ဆိုစမှတ် ပြုနေကြ သည်၊

ထိုအိမ်ကြီးတွင် မိသားစု (၄) ဦးမျှသာ နေထိုင်ကြသည်၊ သူတို့သည် အိမ်အစေခံလုပ်ဟောင်းများလည်း မဟုတ်၊ တိုက်အိမ်ကြီးကို တည်ဆောက်

www.burmeseclassic.com

ခဲ့သူများလည်းမဟုတ်၊ လွန်ခဲ့သော (၅)နှစ်လောက်ကမှ မှလပိုင်ရှင်များထံမှ ဝယ်ယူ၍ ရန်ကုန်မြို့မှ ပြောင်းရွှေ့အခြေစိုက်ကြသော မိသားစုတစ်စုသာ ဖြစ်သည်၊

—●—

ထိုမိသားစုတွင် အိမ်ထောင်ဦးစီးမှာ ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုမှ အကြီးတန်းအင်ဂျင်နီယာ ဦးတင့်ဇော်ဖြစ်သည်၊ ဦးတင့်ဇော်၏ဇနီးမှာ ရန်ကုန်မြောက်ပိုင်း၊ ခရိုင်မြို့နယ်တစ်ခုရှိ လျှပ်စစ်ပစ္စည်းကုန်တိုက်တစ်ခုမှ အရောင်းမန်နေဂျာ ဖြစ်သည်၊ နှစ်ဦးစလုံး အသက်(၅၀) တစ်ဝိုက်မှာ ရှိကြသည်၊ သူတို့က ငယ်လင်ငယ်မယားတွေတော့ မဟုတ်ကြ၊ ဦးတင့်ဇော်က မုဆိုးဖို၊ ဒေါ်ခင်မာလာမြင့်က တစ်ခုလပ်၊ သားကြီးလူပျိုတစ်ယောက်နှင့် သမီးအပျိုတစ်ယောက်ရှိသည်၊ ဒေါ်ခင်မာလာမြင့်၏သားကြီး တေဇာမြင့်သည် ရွှေပြည်သာမြို့သစ်ဘက်ရှိ မော်တော်ယာဉ်စက်ပြင်အလုပ်ရုံတစ်ရုံမှာ အလုပ်လုပ်သည်၊ သမီးပျို ကြည်ပြာမြင့်ကတော့ ကွန်ပျူတာသင်တန်း တက်နေဆဲ (၁၀)တန်းအောင်ပြီးသားမိန်းကလေး ဖြစ်သည်၊ လွန်ခဲ့သော(၅)နှစ်က ဒေါ်ခင်မာလာမြင့်သည် ပထမခင်ပွန်းသည်(ကလေးနှစ်ဦး၏ဖခင်) ကိုဖော်ပြီး ဒုတိယအိမ်ထောင်ပြုခဲ့သဖြင့် ကွာရှင်းလိုက်သည်၊ ထို့နောက် (၃)နှစ်အကြာမှာ ဦးတင့်ဇော်နှင့် အိမ်ထောင်သစ်ထူကာ ကျွဲကုန်းရွာသစ်သို့ ပြောင်းရွှေ့လာခဲ့သည်၊

ရှေ့နားတွင် ကျွန်တော် ရေးသားဖော်ပြခဲ့သော ရာဇဝတ်မှုကြီးသည် ဦးတင့်ဇော်နှင့် ဒေါ်ခင်မာလာမြင့်တို့၏မိသားစုအတွင်း၌ ဖြစ်ပွားဖြစ်ခဲ့ခြင်း ဖြစ်သည်၊ အမည်မသိလူတစ်စုက ညသန်းခေါင်ကျော်မှာ အိမ်ထဲဝင်ပြီး ဦးတင့်ဇော်ကိုအသေသတ်ခဲ့သည်၊ ဒေါ်ခင်မာလာမြင့်ကိုလည်း သေလုမြော ပါးဖြစ်အောင် ဓားဖြင့်ထိုးခဲ့သည်၊ ထိုစဉ်က ကံကောင်းထောက်မစွာ အသက်ချမ်းသာရာရခဲ့သူမှာ ထိုအိမ်ကြီးရှိအခန်းတစ်ခန်းထဲတွင် တစ်ယောက်တည်း အိပ်မောကျနေခဲ့သူ ကြည်ပြာမြင့် ဖြစ်သည်၊ အခင်းဖြစ်ပွားချိန်၌ တေဇာမြင့် မရှိပေ၊ တေဇာမြင့်သည် သူ့အလုပ်လုပ်ရာဝပ်ရှော့၌သာ နေထိုင်ပြီး ရက်သတ္တတစ်ပတ်လျှင် တစ်ကြိမ်မျှသာ အိမ်ပြန်လာလေ့ရှိသည်၊

ကျွန်တော့်အဖြစ်ကား "ရောက်ရောက်ချင်း ဆောက်နင့်ထွင်း" ဟု ဆိုရမလို ဖြစ်နေသည်၊ မကွေးတိုင်းမှ ရန်ကုန်တိုင်းသို့ ပြောင်းရွှေ့လာပြီး ဤရုံးခန်း၌ တာဝန်ကျ၍ တစ်လမပြည့်သေးမီ အထက်ပါမှုခင်းသည် ကျွန်တော့်လက်ထဲသို့ ကျရောက်လာခဲ့ပါသည်၊ မုဆိုးစကားဖြင့် ပြောရလျှင်တော့ တောအသစ်မြေပြင်သို့ ခြေအရှမှာ သားကောင်ခြေရာကို တည့်တည့်ကြီး နင်းမိခြင်းမျိုး ဖြစ်နေသည်၊

"လူသတ်သမားတွေဟာ ဦးတင့်ဇော်ကို အပြတ်ရှင်းဖို့ ရည်ရွယ်ချက်နဲ့ လာခဲ့ကြတယ်ဆိုတာတော့ ထင်ရှားနေတယ် – ဆရာ၊ ဒေါ်ခင်မာလာမြင့်ကိုလည်း လက်စတုံးဖို့ ရည်ရွယ်ခဲ့ကြတာပဲ၊ ဒါပေမဲ့ – ဒေါ်ခင်မာလာမြင့်က သေအံမရောက်၊ သက်မပျောက်ဘဲ ဓားဒဏ်ရာကြီးနဲ့ ကျန်ခဲ့တယ်၊ ကံအကောင်းဆုံးကတော့ ကြည်ပြာမြင့်ပဲ၊ ကြည်ပြာမြင့်က လူသတ်သမားတွေနဲ့ ဆုံတောင်မဆုံလိုက်ရဘူး၊ ကြည်ပြာမြင့်ကို တမင်လက်ရှောင်သွားတာတော့ ထင်ရှားနေပြီ – ဆရာ"

ဟုကျွန်တော်၏လက်အောက်အရာရှိငယ် ဒုရဲအုပ်ကျော်စွာက အားမလို အားမရသံဖြင့် ပြောနေစဉ် ကျွန်တော်က စီးကရက်ဗူးရှင်း အမှုဖိုင်တွဲမှ စာရွက်နာတစ်ခုကို ဖတ်ရှုနေသည်၊

ဒုရဲအုပ်ကျော်စွာက ဆက်ပြောသည်၊

"ပထွေးနဲ့ မယားပါသားနဲ့ ချစ်ခင်ကြင်နာကြတယ်ဆိုတာ ရှားပါးခဲ့မှာမဟုတ်ဘူး၊ အရှင်းချင်းပြန်သတ်နေကြတာဟာ ဒီကနေ့အထိပဲ – ဆရာ၊ တေဇာမြင့်က သူ့ပထွေး ဦးတင့်ဇော်ကို သတ်မယ်ဆိုရင် သတ်နိုင်တဲ့အကြောင်းအလုံအလောက် ရှိတယ်၊ တစ်အချက် တေဇာမြင့်က ဦးတင့်ဇော်နဲ့ အဆင





www.burmeseclassic.com

www.burmeseclassic.com

မတပ်ဘူး၊ အစေးမကပ်လို့ပဲ၊ အိမ်မှာမနေဘဲ သူ့အလုပ်လုပ်တဲ့ဝပ်ရှော့မှာ သွားနေတာ၊ နှစ်အချက်က ဦးတင့်ဖော်မှာ အသက်အာမခံငွေနဲ့ သူ့ဘဏ်မှာ စုထားတဲ့ငွေ နှစ်ရပ်ပေါင်းလိုက်ရင် သိန်းနှစ်ရာကျော် ရှိတယ်၊ ဦးတင့်ဖော် သေရင် ဒီငွေတွေကို ဒေါ်ခင်မာလာမြင့်ရမှာ၊ ဒါကြောင့် - ဒေါ်ခင်မာလာမြင့် ကိုပါ ရှင်းလိုက်တာ၊ ဒါပေမဲ့ - အဘွားကြီးက မသေဘူး၊ မအေအရင်းဖေါက် ခေါက်ကြီးဆိုတော့ သက်သက်ညှာညှာလုပ်ခဲ့တာနဲ့ တူပါရဲ့၊ ခေါင်းကို တစ် ချက်ရိုက်တယ်၊ ရင်ဘတ်ကိုဓားနဲ့တစ်ချက်ထိုးတယ်၊ ဓားချက်က အသည်းရဲ့ အဆုတ်ကို ချော်ပြီး ပခုံးရိုးအောက်ကိုပဲ ဝင်သွားတယ်၊ လူသတ်သမားရဲ့ အကြံအစည်က ငါးဆယ်ရာနိုင်နှုန်းပဲ အောင်မြင်တာပေါ့ - ဆရာ"

ကျွန်တော်က ကျော်စွာကို မော့ကြည့်လိုက်သည်၊

"လူသတ်ကောင်က တေဇာမြင့်ဖြစ်မယ်လို့ ငါမထင်ဘူး၊ ကျော်စွာ ဒီကောင်က တစ်ဦးတည်းသောသားကြီး၊ မအေအချစ်ဆုံးသား၊ ဒီကောင်က လည်းသူ့အမေကို ချစ်မှာပဲ၊ သူ့အမေကိုတော့ ဒီကောင် နဖူးကွဲအောင်ရိုက်ပြီး ဓားနဲ့ထိုးမှာ မဟုတ်ဘူး"

လောလောဆယ် တေဇာမြင့်သည် အချုပ်ခန်းထဲမှာ ရှိနေပါသည်၊ အချိ ရှည်သောက်လိုက်၊ စီးကရက် ဖွာလိုက်နှင့် သူသည် ပျော်ပွဲစားထွက်လာသူ တစ်ဦး၏ သက်သောင့်သက်သာရှိမှုမျိုးဖြင့် "လူသတ်မှုမသက်ာ" ဟူသော အကျဉ်းအကြပ်အခြေအနေကို စိတ်အေးလက်အေး ရင်ဆိုင်နေဟန်မျိုး ဖြစ်သည်၊ တစ်ဖက်က စဉ်းစားကြည့်လျှင် သေသူက သူနှင့် အဆင်မပြေ လှသောပထွေး ဖြစ်နေသည်၊ သူက ဤပြစ်မှုမှာ မပါဝင်ခဲ့သည်ဆိုဦး သူ့ အတွက် စိတ်ဆင်းရဲစရာ မဟုတ်၊

ကျွန်တော်က တာဝန်ကျရဲတစ်ဦးကို တေဇာမြင့်အား ခေါ်ယူလာရန် ညွှန်ကြားလိုက်ပါသည်၊ သူ့ကိုကျွန်တော်အပါအဝင် ရဲအရာရှိသုံးဦးက အကြိမ်ကြိမ် စစ်ဆေးမေးမြန်းပြီးခဲ့ပါပြီ၊ သူ့ဘက်က အဖြေက တစ်မျိုးတည်း သာ ဖြစ်သည်၊



"ဦးတင့်ဖော်ကို လက်ဖျားကလေးနဲ့တောင် တို့ဖို့ စိတ်မကူးခဲ့ပါဘူး"

တေဇာမြင့်သည် ပိန်ပိန်ရှည်ရှည်နှင့် လူချောကလေးတစ်ဦးဖြစ်သည်၊ ဆံပင်ကို ခေတ်လူငယ်အချို့ကဲ့သို့ ရှောက်သီးမှည့်ရောင်ကွက်ကျား ဆေး ဆိုးထားသည်၊ သူ့မျက်လုံးတွေကိုတော့ ကျွန်တော် ဘဝင်မကျလှ၊ ရီဝေဝေ ဆေးကြောင်ကြောင်နှင့် ဖြစ်ကြသည်၊ အရက်သမားမျက်လုံးလို နီကြင်ကြင် မဟုတ်၊

"ဦးတင့်ဖော်မှာအသက်အာမခံကြေးငွေနဲ့သူ့ဘဏ်မှာစုထားတဲ့ငွေတွေ ပေါင်းလိုက်ရင် သိန်းနှစ်ရာလောက် ရှိတယ်ဆိုတာ မင်းသိထား တယ် မဟုတ် လား"

ဟု သူ့ အမေးမခံရဘူးသော သူ မမျှော်လင့်သည့် မေးခွန်းကို ကျွန်တော် က မေးလိုက်သည်၊

"သိန်းနှစ်ထောင်ရှိလည်း ကျွန်တော် စိတ်မဝင်စားပါဘူး"

သူ့အသံက အေးစက်စက် ခြောက်ကပ်ကပ်၊

"သူသေရင် ကျန်ရစ်တဲ့သူတွေ ခံစားခွင့်ရမယ့်ငွေကြေးပမာဏကို မင်း သိသလားလို့ ငါမေးတာ - တေဇာမြင့်"

"မေမေပြောဖူးလို့ ကျွန်တော်သိတယ်"

"မင်းညီမ ကြည်ပြာမြင့်ကော သိသလား"

"သူလည်း သိမှာပေါ့"

"ဦးတင့်ဖော်ကော ဒေါ်ခင်မာလာမြင့်ပါ သေသွားကြရင် အဲဒီငွေတွေ မင်းတို့မောင်နှမပဲ ရကြမှာ မဟုတ်လား"

"ရမယ်လို့တော့ ထင်တာပဲဗျ"

သူ့အသံက ပျင်းတိပျင်းတွဲ၊ ငွေလိုချင်၍ ပထွေးနှင့် မိခင်တို့ သတ်ခြင်း ခံရသူတစ်ဦး၏လေသံမျိုး မဟုတ်၊ သူ့အမူအရာက ပတ်ဝန်းကျင်သတ်ဖြတ်သည် ခဲ့လောကတစ်ခုလုံးကို စိတ်ပျက်ပြီးငွေ့နေပုံမျိုး ဖြစ်သည်၊ ပထွေးနှင့်ခင်



www.burmeseclassic.com

www.burmeseclassic.com

ကို သံတုတ်ဖြင့် ရိုက်၊ ဓားဖြင့် ထိုးခဲ့ပြီးနောက် စိတ်ဓာတ်ချောက်ချားနေသော လူငယ်တစ်ယောက်၏ ဟန်ဆောင်ပန်ဆောင်ပုံစံမျိုး မဟုတ်။

"ကောင်းပြီကွာ၊ ရေအပတ်ဆိုရင် မင်းအမှုကို ရုံးတင်ပြီး မင်းကို လူသတ်မှုနဲ့ တရားစွဲတော့မှာပဲ၊ အဲဒီကျမှ မင်း ခုခံကာကွယ်ပေါ့"

ဟု ကျွန်တော်က ပြောသောအခါ တေဇာမြင့်က နှုတ်ခမ်းတွန့်လိုက်သည်။

"ကျွန်တော့်မှာ ဘာမှခုခံကာကွယ်စရာလည်း မရှိဘူး၊ ဝန်ခံစရာလည်း မလိုဘူး၊ ကျွန်တော့်မှာ အပြစ်မှုမရှိတာပဲ"

တေဇာမြင့် အလုပ်လုပ်သော ဝပ်ရှော့မှာ ကျွန်တော်တို့ဘက်မှ လိုအပ်သော စုံစမ်းလေ့လာမှုများ ပြုလုပ်ခဲ့ပြီးပြီဖြစ်သည်။ တေဇာမြင့်သည် အလုပ်၌ တာဝန်ကျေသည်၊ မည်သူနှင့်မဆို အဆင်ပြေ ချောမွေ့အောင် ပြောဆို ဆက်ဆံတတ်သည်၊ မူးယစ်ဆေးဝါးကင်းရှင်းသည်၊ ရုပ်ရှင်ရုံခါဘီယာသောက်တတ်သည်၊ လောင်းကစားဝါသနာကလေးတော့ ရှိသည်၊ အင်္ဂလိပ် ပရီးမီးယား ဘောလုံးပွဲတွေမှာ လောင်းကစားတတ်သည်ဟု သိရသည်။ ဤအချက်ကတော့ သူ့လည်ပင်းကို ကြိုးကွင်းစွပ်ရန် လမ်းစဖော်ပေးသလို ရှိ၏၊ လောင်းကစားသမားက ငွေကြေး လိုအပ်သည်ပဲမဟုတ်လား၊

သို့ရာတွင် အခင်းဖြစ်ပွားသည့်ညတ တေဇာမြင့်သည် ဝပ်ရှော့၌ ရှိနေကြောင်း၊ ဝပ်ရှော့ပိုင်ရှင် လင်မယားနှင့် သားသမီးများက အခိုင်အမာ တစ်ညီတစ်ညွတ်တည်း ထွက်ဆိုထားကြသည်၊

"ကျုပ်တော်တို့မိသားစုနဲ့ ဗွီဒီယိုထိုင်ကြည့်နေတာ၊ ည(၁၁)နာရီအထိပဲ၊ သူက အပြင်ထွက်လို့ မရတော့ဘူးလေ၊ ကျုပ်တို့က ည(၉)နာရီ ထိုးတာနဲ့ ခြံဝင်းတံခါးကြီးကို သော့ခတ်ပစ်လိုက်တာ"

ဟု ဝပ်ရှော့ပိုင်ရှင် လူဝကြီးက ထွက်ဆိုခဲ့သည်၊

"တံခါးကို ကျော်တက်သွားရင်ကော"



"တံခါးဟာ သွပ်ဆူးကြိုးလိပ်တွေ တပ်ထားတာ၊ ကြောင်တစ်ကောင်တောင် ခုန်ထွက်လို့ မရဘူးဗျာ"

"ခြံဝင်းတစ်နေရာရာကနေ ထွက်သွားရင်ကော"

"ဗိုလ်ကြီး တွေ့တော်မူတဲ့အတိုင်းပဲ၊ ဝပ်ရှော့သေးနစ်ဖက်မှာကော အနောက်ဘက်မှာပါ တိုက်မြင့်ကြီးတွေက ပိတ်နေတာ၊ ကြက်တစ်ကောင်တောင် အပြင်ကို ထွက်နိုင်ဖို့ မလွယ်ဘူး"

"လောကမှာ မဖြစ်နိုင်သောအရာ မရှိ" ဟူသော အယူအဆကို ကျွန်တော် အပြည့်အဝ လက်ခံပါ၏၊ မသင်္ကာသူက ရင်ထဲတွင် «တေဇာမြင့်နှင့် ကြည်ပြာမြင့်တို့ မောင်နှမကို နှစ်ယောက်တွဲ၍ စဉ်းစားကြည့်သည်၊ သို့သော် သူတို့မောင်နှမက ချစ်ခင်ကြင်နာစွာ ပူးပူးကပ်ကပ် ဆက်ဆံပြောဆိုတတ်ကြသည်မဟုတ်၊ မြေါ်းတစ်လမ်း၊ သံတစ်လမ်းလို နေကြသည်၊ (၇)ရက်တစ်ပတ်လျှင် တစ်ကြိမ်သာ မျက်နှာချင်းဆိုင်ကြရပြီး (မေးထူး ခေါ်ပြော) ဆက်ဆံရေးသာ ရှိသည်၊ ကြည်ပြာမြင့်က မိခင်နှင့်ကော၊ ပထွေးနှင့်ပါ နွေးနွေးထွေးထွေး ဆက်ဆံတတ်သူ မဟုတ်၊ သူမ၏ ကျောင်းသင်ခန်းစာများနှင့် ကျောင်းမှမိတ်ဆွေများဆီ၌သာ အာရုံထားဟန်ရှိသည်၊

"အဲဒီညက အပေါ်ထပ်ကနေ ဘယ်လိုအသံမျိုးကိုများ သမီး ကြားမိခဲ့သလဲ" ဟု ကျွန်တော်က မေးသောအခါ -

"သမီး - ပြောပြီးပြီလေ၊ သမီးက ည(၁၁)နာရီဆို အိပ်ရာဝင်ပြီး အိပ်တာပဲ၊ ခေါင်းအုံးပေါ် ခေါင်းချလိုက်တာနဲ့ သမီး အိပ်ပျော်သွားရော၊ သမီး အိပ်ပျော်နေတုန်း အပေါ်ထပ်မှာ တတိယကမ္ဘာစစ်ကြီးဖြစ်နေရင်တောင် သမီး နိုးမှာ မဟုတ်ဘူး"

"ထမင်းရည်ပူလာ လျှာလွှဲ" ဖြေနည်းမျိုးဖြင့် ကြည်ပြာမြင့်(ဘူး)ကွယ်နေခြင်းဟု ကျွန်တော် မထင်ပါ၊ သည်မိန်းကလေး အမှန်အတိုင်းပြောခြင်းဟုသာ ကျွန်တော်ယုံသည်၊ ပထွေး သေဆုံးခြင်းကြောင့် ဝမ်းနည်းကြေကွဲ



www.burmeseclassic.com

ဟန်လည်းတစ်စိုးတစ်စေ့မျှမရှိ၊ ပထွေးကော၊ မိခင်ပါ သေလျှင် ငွေသိန်းတစ်ရာလောက်ရမှာကို မျှော်လင့်ပျော်ရွှင်နေသည့်ဟန်ပန်မျိုးလည်းကြည်ပြာမြင်မှာ ရှိမနေပေ။

ကျွန်တော်တို့အလုပ်မှာ ဘက်ပေါင်းစုံမှ ထောင့်စေ့အောင် အသေးစိတ်စဉ်းစားဝေခွဲရပါသည်။ ဦးတင့်ဖော်၏အလုပ်ခွင်ထဲမှာပြိုင်ဘက် (သို့မဟုတ်) ရန်သူတွေ မရှိနိုင်ပါပြီလော။



ကျွဲကုန်းရွာထဲမှာ လူသတ်မှု
ဖြစ်တယ်ဆိုတဲ့ ညကပေါ့။ အမှန်တော့
ညမဟုတ်ဘူး။ မနက်ပိုင်း ရောက်နေပြီ။
မနက်(၃)နာရီနဲ့ (၄)နာရီကြားလောက်ပဲ။
ကျုပ်လည်းတစ်ရေးနိုးလို့ အပေါ့သွားချင်တာနဲ့
တဲဘေးမှာ အပေါ့သွားနေတုန်း ကားလမ်းဘေး
လယ်ကွင်းထဲမှာ မီးရောင်ကလေး မြင်ရသဗျ။
ကျုပ် လှမ်းကြည့်တော့ လူနှစ်ယောက်လား၊
သုံးယောက်လား မသိဘူး။ မီးပုံကလေးနားမှာ
ရပ်နေကြတယ်။ နောက်တော့...



ကျွန်တော်တို့လေ့လာစုံစမ်းမိသလောက် ဦးတင့်ဖော်သည် အားလုံးနှင့် ဆက်ဆံရေး ပြေလည်ချောမွေ့သူ ဖြစ်သည်။ ညဘက် ညစာစားခါနီး ဝီစကီ အနည်းငယ် သောက်တတ်သည်ကလွဲလျှင် အခြားအကျင့်ဆိုးတွေ ဘာမျှ မရှိ။ ငွေကြေးအသုံးအစွဲ စနစ်ကျယားကြီးသော်လည်း စေးနဲ့တွန့်တိုသူ "ဘီးစိပ်" မဟုတ်၊ တေဇာမြင့်နှင့် စကားများဖူးသည်မှာလည်း ဦးတင့်ဖော်က "ငွေကြေးကိုအသုံးနှင့်အဖြုန်း ခွဲခြားသိရန်" ဆုံးမစကား ပြောခဲ့ခြင်းမှ အစပြုသော တေဇာမြင့်က -

"ကျုပ်ပိုက်ဆံ ကျုပ်ဘာသာသုံးတယ်၊ ကျုပ်အမေပိုက်ဆံ ကျုပ်သုံးတယ်၊ ခင်ဗျားနဲ့ ဘာမှမဆိုင်ဘူး"

ဟု ရင့်ရင့်သီးသီး ရိုင်းပျစွာ တုံ့ပြန်ခဲ့ခြင်းကြောင့်သာ ဖြစ်သည်။

"အဲဒီအချိန်က ကျွန်မသားကလေး ဘီယာနည်းနည်းမူးနေပုံရတယ်၊ ဘီယာမူးလို့ နင်ပဲငဆ ပြန်ပြောတာပါ၊ ဦးတင့်ဖော်ကလည်း သူ့အပေါ် မရှိသေသ ရိုင်းရိုင်းစိုင်းစိုင်း ပြောရသလားဆိုပြီး စိတ်မရခဲ့ပါဘူး"

ဟု ဒေါ်ခင်မာလာမြင့်က အစစ်ခံထားသည်။ ထို့ကြောင့် တေဇာမြင့်က ပထွေးဖြစ်သူ ဦးတင့်ဖော်ကို သတ်လိုလျှင် ငွေအတွက်သာဖြစ်မည်၊ ရန်ငြိုးကြောင့် မဖြစ်နိုင်၊ ကျွန်တော်တို့ကို "ဦးနှောက်စားစေသည်" မှာကတော့ ဒေါ်ခင်မာလာမြင့်ပါ သေလုမျောပါးအကျဲရာ ရခဲ့ခြင်းဖြစ်သည်။

ကျွန်တော်တို့သည် တေဇာမြင့် အလုပ်လုပ်သော ဝပ်ရှော့ဆီသို့ ခြေဦးလှည့်ကြပြန်သည်။ ထူးခြားမှုမှာ တေဇာမြင့်နှင့် အရင်းနှီး အကျွမ်းဝင်ဆုံး ဆိုဖော်ကိုင်ဖက် ဆန်နီဆိုသူမှာ တေဇာမြင့်၏နေအိမ်မှာ လုယက်မှုကြီး ဖြစ်သွားပြီးရက်ပိုင်းအတွင်း အလုပ်မှလာပြီး အဝိုင်နတ်ထွက်ကာ အညာနေရပ်သို့ပြန်သွားခြင်း ဖြစ်လေသည်။ အကြောင်းပြချက်ကလည်း မခိုင်လုံ။

"အညာက သူ့မိဘတွေက သူ့ကို မိန်းမပေးစားဖို့ လှမ်းခေါ်တယ်လို့ ပြောတာပဲဗျာ၊ ဒီကောင်က လူပျိုလည်း မဟုတ်ပေါင်၊ တစ်ခုလပ်ဗျ"

ဟု ဝပ်ရှော့ပိုင်ရှင် လူဝကြီးက ပြောသည်။

www.burmeseclassic.com

ဆန်နီကဲ့သို့ပင် ဝပ်ရှော့၌ တေဇာမြင့်နှင့် ရင်းနှီးကျွမ်းဝင်သူမှာ ကိုလတ်(ခေါ်) အရှည်ကြီးဖြစ်သည်။ ကိုလတ်က ပိန်ပိန်ပါးပါး၊ ဒီဂရီမျက်မှန်ကလေးနှင့် ဖြစ်သည်။

"ကျွန်တော့်သူငယ်ချင်း တေဇာမြင့်မှာ ဒီလောက်မိုက်ရိုင်းယုတ်ညံ့တဲ့ စိတ်ဓာတ်မျိုး မရှိဘူးဆိုတာ ကျွန်တော် ကျိန်ပြောရဲပါတယ်။ ဖောက်ထွင်းသူခိုးတွေ သူတို့လိုချင်တာမရလို့ အဘိုးကြီးကို သတ်သွားတာပဲဥစ္စာ"

ဟု အရှည်ကြီးက မှင်နှင့် မောင်းနှင့် ပြောသည်။

အရှည်ကြီးပြောသော ဖောက်ထွင်းသူခိုးတွေက အိမ်ထဲသို့ အလွယ်တကူဝင်ရောက်နိုင်ခဲ့ပုံကို အရှည်ကြီး မသိပါ။ လူသတ်သမားတွေက နောက်ဖေးမီးဖိုချောင်ရှိ ပြတင်းပေါက်မှ မှန်တစ်ချပ်ကိုခွဲ၍ အိမ်ထဲသို့ ဝင်ခဲ့ကြခြင်း ဖြစ်သည်။ အတွင်းလူမညွှန်ပြဘဲနှင့်တော့ ထိုပြတင်းပေါက်ကို စပ်လွယ်လွယ် ဖွင့်နိုင်မည် မဟုတ်ပါ။

—●—

ထိုရက်များအတွင်း အမှုအတွက် ဦးနောက်ကို အပြင်းအထန် မောင်းနှင်နိုင်းစေရင်း အဖြေရှာနေစဉ် မမျှော်လင့်သော သက်သေတစ်ဦးက မိုးပေါ်က ဘွားခနဲကျလာသလို ပေါ်လာသည်။ ကျွဲကုန်းလမ်းသို့ ပြည်လမ်းမကြီးမှ ချိုးကွေ့ဝင်ရောက်ရာလမ်းဆုံနှင့် ကိုက်နှစ်ရာဝေးသော လယ်ကွင်းထဲမှာ ဘဲမွေးမြူရေးလုပ်ကိုင်ရင်း တဲတစ်လုံးနှင့် နေထိုင်သူ လယ်သမားတစ်ပိုင်း၊ ရွှေ ရေးသမားတစ်ပိုင်း ဦးကျော် ဖြစ်သည်။ ဦးကျော်က အသက်(၆၀)ကျော် တော့ရှိပြီ၊ အမြင်အာရုံ အကြားအာရုံ ထက်မြက်သန်စွမ်းသေးကြောင်း ထင်ရှားသည်။

"ကျွဲကုန်းရွာထဲမှာ လူသတ်မှု ဖြစ်တယ်ဆိုတဲ့ ညကပေါ့၊ အမှန်တော့ ညမဟုတ်ဘူး၊ မနက်ပိုင်း ရောက်နေပြီ၊ မနက်(၃)နာရီနဲ့ (၄)နာရီကြား လောက်ပဲ၊ ကျုပ်လည်း တစ်ရေးနိုးလို့ အပေါ့သွားချင်တာနဲ့ တဲဘေးမှာ အပေါ့ သွားနေတုန်း ကားလမ်းဘေးလယ်ကွင်းထဲမှာ မီးရောင်ကလေး မြင်ရသဗျ၊ ကျုပ် လှမ်းကြည့်တော့ လူနှစ်ယောက်လား၊ သုံးယောက်လား မသိဘူး၊ မီးပုံ ကလေးနားမှာ ရပ်နေကြတယ်၊ နောက်တော့ - မီးသေသွားပြီး ဘာမှမမြင်ရတော့ဘူး၊ မနက်လင်းလို့ ကျုပ် မီးရောင်မြင်ရတဲ့ ရိုးပြတ်တောထဲကို သွားကြည့်တော့ ပြာပုံကလေးတစ်ပုံ တွေ့ရတယ်၊ ဘာကို မီးရှို့ထားသလဲတော့ သေချာမသိဘူး၊ ကြည့်ရတာတော့ - အဝတ်တစ်ခုခုပဲ၊ ပြာပုံနဲ့ မလှမ်းမကမ်း က ရိုးပြတ်တောကြားထဲမှာ ပောဒီစက္ကူခေါက်ကလေးတွေ့လို့ ကျုပ် ကောက်လာခဲ့တယ်"

ဦးကျော်သည် လူသတ်မှု၏ အဓိကသက်မဲ့သက်သေကို ကောက်ယူခဲ့ခြင်းပင် ဖြစ်ပါတော့သည်။

တစ်ရွက်ခေါက်မှာ ကုန်ထုပ်စက္ကူ အညိုစက္ကူကြမ်းအမျိုးအစားဖြစ်သည်။ အရွက်၏ အချိုးနေရာများမှာ ဆီးမည်း (သို့မဟုတ်) စက်ပြင်အလုပ်ရုံတွေမှာ တွေ့ရလေ့ရှိသော မှိုင်းကဲ့သို့ ခပ်မည်းမည်းအကွက် စွန်းထင်းနေသည်ကို တွေ့ရသည်။ စက္ကူကြမ်းအညိုရောင်ပေါ်မှာ အပြာရောင်ဘောလ်ပင်မင်ဖြင့် ရေးဆွဲထားသော မြေပုံကြမ်းကတော့ ရှင်းလင်းပေါ်လွင်နေသည်။ မျဉ်းနှစ်ကြောင်း အပြိုင်ခြစ်ထားပြီး စည်းမျဉ်းများကြားမှာ (ပြည်လမ်း)ဟု ရေးထားသည်။ ထိုမျဉ်းနှစ်ကြောင်း၏ အလယ်လောက်မှ ဘေးသို့ မျဉ်းတစ်ကြောင်း ခြစ်ထားပြီး မျဉ်းအောက်မှာ (ကျွဲကုန်းလမ်း)ဟု ရေးထားသည်။ ထိုမျဉ်း၏ ညာဘက်ပိုင်းလောက်တွင် (ကြယ်)တစ်ပွင့် ဆွဲထား၍ (ကြယ်)ဘေးမှာ အင်္ဂလိပ် ဂဏန်းဖြင့် (၀၃)ကို အထင်အရှား ရေးထားသည်။

"၀၃ ဆိုတာ တေဇာမြင့်တို့ခြံနံပါတ် မဟုတ်လားကွ"

ဟူသော ကျွန်တော်၏မေးခွန်းကို အနီးရှိ ဒုရဲအုပ်ကျော်စွာက -

"မှန်လိုက်လေခြင်း - ဆရာရယ်"

ဟု ခပ်မြူးမြူးကလေး ပြောလိုက်သည်။





www.burmeseclassic.com

www.burmeseclassic.com

ခဏာနေတော့ အချုပ်ခန်းထဲမှ တေဇာမြင့်သည် ရဲအစောင့်တစ်ဦး ခြံ၍ လျှက် ထွက်လာသည်။ သူ့မျက်နှာထားက မထီတရီ ထုံပေပေနှင့် ဖြစ်သည်။

"မေးခွန်းတွေအတွက် အဆင်သင့်ပါပဲ ခင်ဗျ"

ဟု သူက ရိတိတိ ပြောနေသေးသည်။

"ဘာမှမမေးပါဘူး။ မင်းကို (ဖောင်)တစ်ခု ဖြည့်နိုင်းရုံပါပဲ"

ကျွန်တော်က လျှောက်လွှာပုံစံတစ်ခုနှင့် ဘောလ်ပင်တစ်ချောင်း ချပေး လိုက်ပြီး တေဇာမြင့် ဖောင်ဖြည့်သည်ကို စောင့်ကြည့်နေသည်။ ဖောင်ဖြည့် ပြီးတော့ တေဇာမြင့်ကို ပြန်လွှတ်လိုက်၏။

"ကျော်စွာရေ - မိတ္တူကူးစက်မှာ ကူးလိုက်သလိုပါပဲ၊ မြေပုံစာရွက်ပေါ်က လက်ရေးနဲ့ တေဇာမြင့်လက်ရေးက ထွတ်စွပ်ပဲကွ၊ လက်ရေးပါရဂူဆီ ပို့စရာ မလိုတော့ဘူး"

ဟု ကျွန်တော်က ပြောလိုက်သောအခါ ဒုရဲအုပ်ကလေး ကျော်စွာတ - "မှန်လိုက်လေခြင်း - ဆရာရယ်" ဟု ထောက်ခံပြန်လေသည်။

—•—

မကြာမီ ဘဲဲမွေးသမားကြီးကိုခေါ်၍ စာရွက်ခေါက်ကလေး ကောက်ခဲ့ သောလယ်ကွင်းဆီသို့ ကျွန်တော်တို့ လာခဲ့ကြသည်။ မီးရှို့ထားသောနေရာ ကိုသာမက မီးကျွမ်းပြာကျနေသော ဂျင်းဂျက်ကက်တစ်ထည်၏ ရုပ်ကြွင်း ကိုပါ တွေ့ရသည်။ ကြယ်သီးတွေက သတ္တုရေစိမ်သံကြယ်သီးများဖြစ်၍ အရည်ပျော်ကျမသွားခဲ့ကြပါ၊ ဂျင်းဂျက်ကက်အောက်ဘက် မြေကြီးဖုံးထား သောကျင်းတိမ်တိမ်ကလေးထဲမှာတော့ မီးအပူရှိန်ကြောင့်မည်းပြာနေသည့် အသွား(၇)လက်မခန့်ရှည်သော စတီးဓားမြှောင်တစ်ချောင်း။

"တေဇာမြင့်ရဲ့ဘော်ဒါဝပ်ရှော့က အရှည်ကြီးဆိုတဲ့ငနဲကလေးကို သွား ဆွဲလိုက်တော့ - ကျော်စွာ။ ပြီးတော့ - မိန်းမယူဖို့အညာပြန်သွားတဲ့ဆိုတဲ့ ဆ ဆိုတဲ့ငနဲနောက်ကို လိုက်ကြတာပေါ့။ အရှည်ကြီးနဲ့ ဆန်နီတို့ရဲ့ ဓာတ်ပုံတွေ ဝပ်ရှော့ပိုင်ရှင်ဆီမှာ ရှိနေတာပဲကွ။ ဒီကောင်တွေ ပြေးလို့မရတော့ပါဘူး"

လူငယ်သုံးဦး၏ အနာဂတ်က မှောင်မိုက်နေပြီဖြစ်ကြောင်း ကျွန်တော့် အတွေးထဲမှာ မြင်ယောင်လိုက်မိပါသည်။


ကြူးနှစ်

စာမူများ
ပေးပို့လိုပါက
အယ်ဒီတာအဖွဲ့
သည်းထိတ်ရင်ဖိုမဂ္ဂဇင်း
အမှတ် (၅၀၈/၅၁၂) (၂/စ)၊ ပထမထပ်
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

သွယ်နှင့်နွယ် ညီအစ်မနှစ်ယောက်မှာ ခုတင်များပေါ်တွင် အသီးသီး လဲလျောင်းကာ အိပ်စက်နေကြသော်လည်း မျက်လုံးအကြောင်သားနှင့် အိပ်စက်၍မရနိုင်အောင် ဖြစ်နေကြပါ၏။ အမှန်တော့ သူတို့ညီအစ်မသည် တဖြည်းဖြည်း ရှုပ်ထွေးခက်ခဲနက်နဲလာသော ဘီလူးရယ်စံအိမ်ကြီးနှင့် ပတ်သက်၍ အတွေးနက်ကာ အိပ်စက်၍မရကြခြင်းပင် ဖြစ်ပေသည်။ စံအိမ်ကြီးနှင့်ပတ်သက်၍ အန္တရာယ်ပေးမည့်သူများအား မျှော်ခေါ်တွေးဆတောက်လှမ်းနေရခြင်းကြောင့် တော်တော်လေး ပင်ပန်းနေသည်ကတော့ အမှန်ပင် ဖြစ်သည်။

မြို့ကျယ်ဝန်းကြီး၏ လျှို့ဝှက်နက်နဲသောအခန်းများ၊ မြေတိုက်ခန်းများ ရှိသည်ဟု ဖေဖေက ပြောခဲ့ဖူးသော်လည်း ယခုထက်တိုင် ညီမနှစ်ယောက်လုံး သေချာဂနစွာ မလေ့လာရဘူးသေးချေ။

သီးခြားအခန်းတွင်ရှိနေသည့် နွယ်မှာ ခုတင်ပေါ်တွင် ပက်လက်လှန်ကာ အတွေးဝင်နေမိသည်မှာ ညတစ်ညတွင် ထူးခြားသောအသံများ ကြားရသည်ကြောင့် စဉ်းစားရကြပ်နေမိသည်။ သည်အချိန်တွင် ဖေဖေနှင့် မေမေရှိစဉ်က ပင် အိမ်တွင် ဝင်ထွက်သွားလာနေသော ကိုမခဆိုသူကလည်း မကြာခဏ ဆိုသလို ရောက်လာတတ်သည်။ ကိုမခကိုတော့ ဖေဖေရော မေမေပါ လွန်စွာ လေးစားအားကိုးသည်ကို တွေ့ရသည်။ အမှန်တော့ ကိုမခသည် လွန်စွာ ရဲဝန့်တည်ကြည်ပုံရသည်။ စူးရှတောက်ပြောင်သော သူ၏မျက်ဝန်းများက အမှန်တရားဘက်ကဆိုလျှင် ဘာမဆိုရပ်တည်မည့်လူစားမျိုးဟု ထင်သည်။ သူ အမြဲပြောလေ့ရှိသော စကားတစ်လုံး ရှိသည်။ မှန်တာကိုလုပ်၊ ဟုတ်တာကိုပြော၊ မကောင်းသူကို ပယ်၊ ကောင်းသူကို ကယ်ဟူ၍ဖြစ်သည်။

သို့သော် ထိုမခသည် နွယ်နှင့်သွယ်ကို ကလေးမလေးများသဖွယ် ဆက်ဆံပုံကြောင့် တော်တော်ပင် မခံချိမခံသာ ဖြစ်နေမိပေသည်။ နွယ်နှင့် သွယ်သည် ကလေးများ မဟုတ်တော့ပေ။ ပညာပြည့်စုံပြီး အရွယ်ရောက်ပြီး သူများ ဖြစ်နေကြပြီ။

သွယ်တို့ညီအစ်မသည် ကိုယ့်အခန်းနှင့်ကိုယ် ခုတင်ပေါ်တွင် မျက်လုံးအကြောင်သားနှင့် ကိုယ့်အတွေးနှင့်ကိုယ် ရှိနေစဉ်မှာပင် ညီအစ်မနှစ်ယောက်စလုံးအတွက် ပေါက်ခနဲထစေသည့် ထူးခြားသောအသံကြီးအား ကြားလိုက်ကြရပါ၏။



"ဟဲ - ဟဲ - ဟဲ - ဟီး - ဟီး - ဟီး"

"ခလောက် - ခလောက် - ခလောက် - ခလောက်"

"ဝေါ - ဝေါ - ဝေါ - ရှူင် - ရှူလွင် - ရှူင်"

အသံဗလံများမှာ ထူးထူးခြားခြားကြီး ကြားရုံမျှမက အမျိုးစုံလှပေသည်။ တစ်ဖက်သောအခန်းတွင် မျက်လုံးကြီးအကြောင်သားဖြင့် ရှိနေသည့် သွယ်၏ မျက်လုံးများမှာ ပြူးကျယ်ဝိုင်းစက်သွားကာ အိပ်ရာပေါ်မှ ဝေါက်ခနဲထထိုင်လိုက်သကဲ့သို့ တစ်ဖက်ခန်းရှိ နွယ်၏မျက်လုံးများလည်း ပြူးကျယ်ဝိုင်းစက်သွားကာ အိပ်ရာပေါ်မှ ဝေါက်ခနဲ ထထိုင်လိုက်လေသည်။

နွယ်သည် စောင်ကို ချွတ်လိုက်ပြီးနောက် ခုတင်ပေါ်မှ ဆင်းလိုက်သည်။ ပြီးနောက်တွင် ခေါင်းရင်းဘက်တွင် အသင့်ရှိသော ဆင်စွယ်ရိုးတပ် ဓားမြှောင်ကိုယူကာ အိပ်ခန်းဝသို့ တဖြည်းဖြည်း ရွေ့လျားသွားပါ၏။ သွယ်သည် ခေါင်းအုံးအောက်တွင် ရှိနေသည့် မိန်းမကိုင်သေနတ်ကလေးကို ဆွဲထုတ်လိုက်၏။ ပြီးမှ အိပ်ခန်းဝသို့ သတိနှင့် ရွေ့လျားသွားပေသည်။ အိပ်ခန်းဝအသီးသီးသို့ ရောက်ကြပြီးဖြစ်သည်။ နွယ်နှင့်သွယ်သည် အခန်းဝနားတွင် အခြေအနေကို ကြည့်နေကြပါ၏။ တစ်ဦးက အခြေအနေကို ကြည့်နေမှန်း မသိသကဲ့သို့ နောက်တစ်ဦးကလည်း မသိပေ။

"ဟဲ - ဟဲ - ဟဲ - ဟီး - ဟီး - ဟီး"

လိုက်သံပါအောင် အော်လိုက်သော ညည်းသံကြီးသည် ကြောက်ခမန်းလိလိ ကြားလိုက်ရ၏။ ညီအစ်မနှစ်ယောက်မှာ ရင်တထိတ်ထိတ် သည်းတမိမိ ဖြစ်ကာ တဆတ်ဆတ် တုန်နေကြပေသည်။ သို့သော် လက်နက်ကိုယ်စီကိုင်ကာ အခန်းတွင်းမှ ရွေ့လျားလာကြ၏။ ညီအစ်မနှစ်ယောက်သည် သဘောတူ တိုင်ပင်ထားခြင်းမရှိပါဘဲလျက် အခန်းအပြင်သို့ ထွက်လိုက်ကြသည်။

"ဟော - မမ"

"ဟာ - ညီမလေးပါလား"

"ကြား - ကြားသလား - မမ"

"ညည်းသံကြီးပဲ။ အသံက ကြောက်စရာကြီး - လိုက်သံ ပါတယ်"

"ဟုတ်တယ်၊ နွယ့်စိတ်ထင်တော့ ဒီတိုက်ကြီးမှာ တစ်ခုခုများ ထူးခြားလာသလား မသိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com

သွယ်သည်ညီမဖြစ်သူအား ထိတ်လန့်ချောက်ချားမှုများမဖြစ်စေချင်ပေ။ ထို့ကြောင့် ဤစကားကို ပြောလိုက်ခြင်းဖြစ်ပါ၏။ မိမိတို့ကိုယ်တိုင် တိုက်ကြီးသည် အခန်းခန်း အဆောင်ဆောင် များပြားခြင်း၊ ခြံဝင်းကျယ်ကြီးဖြစ်ခြင်းကြောင့် ရှေးက နေထိုင်ခဲ့သူများသည် မည်သို့လျှို့ဝှက်ချက်တွေ ရှိခဲ့မှန်း မသိရပေ။

သည်လိုနှင့် ညီအစ်မနှစ်ယောက်သည် အပေါ်ထပ်လှေကားကြီးမှ တရွေ့ရွေ့ဆင်းသက်လာကြပါ၏။ စံအိမ်ကြီး၏အောက်ထပ်သည် တိတ်ဆိတ်ခြင်းဖြင့် မင်းမူနေပေသည်။ စံအိမ်ကြီး၏အောက်ထပ်၌ လျှပ်စစ်မီးများ ငြိမ်းထားသဖြင့် ပိန်းပိန်းပိတ်မှောင်မိုက်နေပေသည်။

နွယ်သည် အစ်မဖြစ်သူနားသို့ တိုးကပ်လာရာက ရင်တထိတ်ထိတ်သည်းတဖိုဖို ဖြစ်နေမိပေသည်။ အစ်မကြီးဖြစ်သူသွယ်မှာ နဂိုစိတ်ဓာတ်က သတ္တိသွေး ရှိနေသူဖြစ်ခြင်းကြောင့် နွယ်လောက် မကြောက်ပေ။

"ဖေါက် - ဖလက် - ဖျလောက် - ဖျလက်"

ညီအစ်မနှစ်ယောက်သည်လှေကားပေါ်မှဆင်းကာ အသံကြားရာဆီသို့ တဖြည်းဖြည်း ရွေ့လျားသွားပေသည်။

"မကြောက်နဲ့နော် - နွယ်၊ မမတစ်ယောက်လုံး ရှိတယ်၊ နောက်ပြီး သေနတ်လည်းပါတယ်"

သွယ်က ညီမဖြစ်သူကို အားပေးစကား ပြောလိုက်လေသည်။

"ဟော - မမ - ကြည့်စမ်း။ ကမ္ဗောဇအရိုးကောင်ကြီး"

— ⦿ —

ဝင်းခနဲ ဝင်းခနဲ ဖြစ်သွားသည့် ထူးဆန်းသောအရောင်များနှင့်အတူ ကမ္ဗောဇအရိုးကောင်ကြီးတစ်ကောင်သည် ဟိုဟိုသည်သည် ယိမ်းထိုးလှုပ်ရှားကာ လက်ကားရား ခြေကားရားဖြင့် တခုန်နေသည်ကို တွေ့ရ၏။ ဤစံအိမ်ကြီးအလျှင် ဤအသက်ဝင်နေသော အရိုးစုကောင်ကြီးက မည်သို့ရောက်ရှိနေသနည်း။

"ဘယ်လိုဖြစ်တာလဲ - မမ၊ ဒီအရိုးစုကြီးက ဒီစံအိမ်ကြီးထဲမှာ ဘယ်လိုရောက်နေတာလဲ၊ အရိုးစုက အသက်ဝင်နေတယ်ဆိုတာ မဖြစ်နိုင်ဘူးနော်မမ"

"အခုမြင်နေရတာ အထင်အရှား မဟုတ်လား"



"အဓိပ္ပာယ်မရှိဘူး"

နွယ်က အစ်မဖြစ်သူ၏ခါးကို တိုး၍ဖက်လိုက်ရင်း တီးတိုးမေးမြန်းလိုက်ပေသည်။

"မမစိတ်ထင်တော့ တစ်ဦးတစ်ယောက်က လှုပ်ရှားနေတာပဲ ဖြစ်ရမယ်" သွယ်၏စိတ်ထဲတွင် ကမ္ဗောဇကောင်ကြီးကို မြင်ရါမှ ကြောက်စိတ်နှင့် စိတ်ဆို၍တစ်စက်ကလေးမှ မရှိတော့ပေ။ တစ်ခုခုထူးခြားနေသောကြောင့် ဖြစ်သည်၊ အန္တရာယ်နှင့်တွေ့လျှင် ရဲရဲရင့်ရင့် မျက်နှာချင်းဆိုင်ကာ ယှဉ်ပြိုင်လိုသောစိတ်များက တဖွားဖွား ပေါ်ပေါက်နေပေသည်။ အထူးသဖြင့် ခေတ်ပညာတတ်ရုံမက စာတွေ့ဗဟုသုတ၊ ငါတွေ့ဗဟုသုတအကြားအမြင်များခဲ့သော သွယ်သည် ကမ္ဗောဇအရိုးကောင်ကြီးကို မြင်ရါမှ တခဲစုံတစ်ခုသော အကြောင်းအရာကို စဉ်းစားမိ၏။ ထို့ကြောင့်ပင် ဤသို့သောစကားများအား ပြောလိုက်ခြင်း ဖြစ်ပေသည်။

"ကြည့်စမ်း - အရိုးကောင်ကြီးဟာ ကခုန်နေရာက မီးဖိုဘက်ကို သွားနေပြီ"

မှန်ပေသည်၊ စံအိမ်ကြီး၏အောက်ထပ်တစ်ခုလုံးမှာ မှောင်နှင့်မည်းမည်းဖြစ်နေသကဲ့သို့ အရိုးကောင်ကြီး ကခုန်နေရာက မီးဖိုဆောင်ဘက်သို့ တဖြည်းဖြည်း ရွေ့လျားသွားကြောင်းကို တွေ့နေရပါ၏၊ အရိုးကောင်ကြီးသည် မျက်လုံးဟောက်ပက်၊ နှာခေါင်းပါးစပ်ဟောက်ပက်ဖြင့် တော်တော်ပင် အကြည့်ရဆိုးနေပါ၏။ အထူးသဖြင့် တစ်ကိုယ်လုံးရှိ အရိုးများသည် ပြာသလိုလို၊ စိမ်းသလိုလို အရောင်မျိုးစုံထွက်နေခြင်းက တစ်မျိုးတစ်ဖုံ ထူးခြားလှပေသည်၊ ထိုအရာကို နွယ်က သံသယဖြစ်သွားရသည်။

"ဟော - လာ - နွယ်၊ အရိုးကောင်ကြီးတောင် မီးဖိုခန်းထဲကို ဝင်သွားပြီ"

အရိုးကောင်ကြီးသည် မီးဖိုဆောင်အတွင်းသို့ လှမ်းဝင်သွားရာက မီးဖိုနံရံတစ်နေရာသို့လက်မြှောက်လိုက်ကာ ချောက်ခနဲအသံကိုကြားလိုက်ရ၏။ ထိုအခါ နံရံတစ်ဖက်သည် ဖျတ်ခနဲ ပြည်သွားပြီးနောက် ဟောင်းလောင်းပေါက်ကြီး ပေါ်လာသည်၊

ဤစံအိမ်ကြီးများ သွယ်တို့ညီအစ်မ မိဘများ မနေခင်ကပင် လျှို့ဝှက်သိပ်သည်းမှုတွေနှင့် ပြည့်နေသောနေရာပင် ဖြစ်ပေသည်တကား၊ ရှုပ်ထွေးမှုလီမှုတွေနှင့် ပြည့်စုံနေပေသည်တကား။

www.burmeseclassic.com

www.burmeseclassic.com

နွယ်နှင့်သွယ်သည် အရိုးစုကောင်ကြီး ဝင်သွားသော လျှို့ဝှက်တံခါးပေါက်ကို မှတ်သားကာ အိမ်ပေါ်ထပ်သို့ တိတ်တဆိတ် ပြန်တက်ခဲ့သည်။

"မမရေ - နွယ်ကတော့ ဒီအရိုးကောင်ကြီး ဝင်သွားတဲ့နေရာက မြေအောက်ခန်းဖြစ်ရင်ဖြစ်၊ ဒါမှမဟုတ် ခြံအပြင်ကို ထွက်နိုင်တဲ့အပေါက် ရှိရမယ်လို့ တစ်ထစ်ချ ယုံကြည်တယ်။ ပြီးတော့ မြေတိုက်ခန်းထဲမှာလည်း ဘာတွေရှိမယ်ဆိုတာ မသိရဘူးကွယ်"

"ဟုတ်တယ် - ညီမလေးနွယ်။ ခြံကြီးက ကျယ်ပြီး လူနေကြဲတော့ လူဆိုးသူခိုးတွေ ခုစရိုက်ကောင်ကြီးတွေ ပုန်းခိုစရာလည်း ဖြစ်နေတာပေါ့၊ ဖေဖေတို့နဲ့ ရင်းနှီးတဲ့ ကိုမခဆိုတဲ့လူလည်း ခုတစ်လော ပျောက်နေတယ်။ သူရှိရင် တိုင်ပင်ဖော် တိုင်ပင်ဖက် ရသေးတယ်ကွယ် - ခုတော့"

"နောက်မှသူနဲ့ဆက်သွယ်ကြတာပေါ့။ ခြံစောင့်ကြီးဦးသာပျောကိုလည်း သတိပေးထားရဦးမယ်"

သွယ်သည် မိန်းမကိုင်သေနတ်ကလေးကို ကိုင်ကာ စိုးရိမ်တကြီး ပြောလိုက်မိပေသည်။ လောလောဆယ် ညီအစ်မနှစ်ယောက်တွင် ဖေဖေ၏လူယုံ ခြံစောင့် ဦးသာပျောနှင့် ရင်းနှီးရသော ကိုမခဆိုသူသာ ရှိပေသည်၊ သွယ့်အနေနှင့် တော်တော်ပင် စဉ်းစားရခက်နေပါသည်။ မိမိတို့ညီအစ်မအနေနှင့် ဤစံအိမ်ကြီးအောက်တွင် မြေတိုက်ခန်း မရှိခဲ့ဟုထင်နေကြသည်။ ယခု မိမိတို့ ကိုယ်တိုင်မြင်တွေ့နေရသည့်အတိုင်းဆိုပါလျှင် မိမိတို့နေထိုင်ရာ စံအိမ်ကြီး၏အောက်ထပ်တွင် ကြီးမားကျယ်ဝန်းသော မြေအောက်တိုက်ခန်းရှိမှန်း သိလိုက်ရပေပြီ၊ အထူးသဲဖြင့် ဤမျှကျယ်ဝန်းသော မြေတိုက်ခန်းအား မည်သို့သောသူများက အသုံးပြုနေပါသနည်းဆိုသော အမေးပုစ္ဆာက သွယ့်ခေါင်းထဲတွင် ဖြစ်ပေါ်လာမိပေသည်။

လေးလေးနက်နက် တွေးဆရမည်ဆိုပါလျှင် ဤမြေတိုက်ခန်းကြီးအားရှိးသားသူများက အသုံးမပြုကြောင်း ထင်ရှားနေပါ၏။ ဒါတင်မှုမက ဤမြေတိုက်ခန်းကြီးရှိမှန်းကို သွယ်ကိုယ်တိုင် ယခုမှသိရသဖြင့် တော်တော်ပင် အံ့သြမိပေသည်။

ခြော် - ဦးသာပျောကို မတွေ့ရသည်မှာ ကြာပေပြီ၊ ဦးသာပျော ဘယ်ရောက်နေပါလိမ့်၊ စံအိမ်ကြီးအား ဒုက္ခပေးရန် ရည်ရွယ်နေသည့် လူဆိုးလူမိုက်များက ဦးသာပျောအား ဖမ်းဆီးခေါ်ဆောင်သွားလေသလော၊ ဒါမှမဟုတ်၊ အရိုးစုကောင်ကြီးနှင့်ပတ်သက်နေသည့်လူများက ဦးသာပျောအား သတ်ပစ်လိုက်လေပြီလော၊

— ⊙ —

နောက်တစ်နေ့ညနေတွင် သွယ်နှင့်နွယ်တို့သည် ခြံစောင့်ကြီးဦးသာပျော ပျောက်ဆုံးနေသည်သာမက အရိုးစုကြီးဝင်သွားသည့် မြေအောက်ခန်းတံခါးပေါက်ကို စူးစမ်းလေ့လာရန် ချဉ်းကပ်လာကြပေသည်။

သွယ်တို့ညီအစ်မသည် နောက်ဘေးရှိ မြေအောက်ခန်းအနီးတွင် ချဉ်းကပ်မိလိုက်သည်နှင့် လှုပ်နေသည့် မြေလှမ်းများမှာ တန့်ခနဲ ဖြစ်သွားပါ၏၊

"ရှိုး - ရှိုး - ချလွင် - ဂျိုး - ဂျိုး - ဂျိုး - ချလွင်"

ဘာသံတွေပါလိမ့်၊ လွှစက်မောင်းသံတွေနှင့် ဆင်တူပေသည်၊

"ဒုက္ခပါပဲ၊ အန္တရာယ်ကောင်တွေက မြေတိုက်ကြီးပြုအောင်များ လုပ်နေတာလား၊ ဒါမှမဟုတ် စက်ပစ္စည်းတစ်ခုခုကိုပဲ မောင်းနှင်နေတာလား၊ ဦးသာပျောကော - ဘယ်ရောက်နေပါလိမ့်"

သွယ်နှင့်နွယ်သည် ဦးသာပျောအတွက် စိတ်သောက ရောက်မိပေသည်၊ သူတို့နှစ်ယောက်သည် ရပ်တန့်နေရာမှ အသံကြားရာဆီသို့ တဖြည်းဖြည်း ရွေ့လျားလာပြန်ပေသည်။

"ရှီ - ရှီ - ရှီ" ထူးခြားသောအသံကြီးက ကျယ်ကျယ်လောင်လောင်ကြီး ကြားနေရပြန်၏၊ ညီအစ်မနှစ်ယောက်သည် စကားပြောသံများကိုကြားနေရ၏၊ သွယ်သည် စကားပြောသံများကို နားစွင့်လိုက်ပေသည်၊

"ဘယ်လိုလဲဟေ့၊ ငါမေးတာ ပြောမလား"

"မပြောဘူး - မပြောဘူး"

ဘာကိုမေး၍ဘာကိုပြောခိုင်းသည်မသိပေ၊ ငြင်းဆိုနေသည့်အသံသည် ဦးသာပျော၏အသံမှန်း သေချာသည်၊ ဦးသာပျောကို မသမာသူလူဆိုးများ ဖမ်းဆီးထားသည်မှာ သေချာပေပြီ၊ အရိုးစုကောင်ကြီးသည် ဦးသာပျောကို ဖမ်းဆီးထားရာတွင် ပါဝင်ပတ်သက်ပေပြီ၊

"ကဲဟေ့ - ရတနာတွေ ဘယ်မှာရှိတယ်ဆိုတာမပြောတဲ့ ခြံစောင့်ကို အစွမ်းပြလိုက်စမ်း"

"ရှီ - ရှီ - ရှီ - ရှီ - ချလွင်"



www.burmeseclassic.com

www.burmeseclassic.com

ထူးခြားသောအသံကြီးက ပိုမိုကျယ်လောင်စွာ ထွက်ပေါ်လာပြန်၏။

"လုပ်ကြဟေ့ - လုပ်ကြ၊ မင်းတို့နိုင်တုန်းလုပ်ကြ၊ ငါ နိုင်ပြီဆိုတဲ့အခါ ကျရင် မင်းတို့အားလုံးကို အရိုးတခြား အသားတခြားဖြစ်အောင် လုပ်ပစ်လိုက်မယ်"

"ငါမှရတနာရှိတဲ့နေရာကိုမသိတာပဲကွ" ကြားလိုက်ရသောအသံသည် ရဲရဲရင့်ရင့် ဖြစ်နေ၏။ တစ်စုံတစ်ဦးသော ဦးသာပျောသည် လူဆိုးလူမိုက် တစ်စု၏လက်ထဲသို့ ရောက်နေဟန် တူပေသည်။

"ရှီ - ရှီ - ရှီ - ချလွှင်"

"အား - အမလေး - သေပါပြီ၊ မင်းတို့အသာစီးရတုန်း ရက်စက်ကြဦး ပေါ့ကွာ၊ ကိုယ့်အလှည့်ရောက်ရင်မင်းတို့လည်းဒီအတိုင်း ခံကြရမယ်ဆိုတာ ဘုရားမတ,ကြနဲ့၊ မင်းတို့ကို မင်းအသက်ငွေပေး ဆရာကြီးမြနိုင်က လက်ပိုက် ကြည့်မနေဘူးကွ"

"ဟား - ဟား - ဟား - တော်တော်အပြောကြီးတဲ့ခြံစောင့်ပါလား၊ အေး မင်းပြောသလိုမင်းအလှည့်မရောက်နိုင်တော့ဘူးကွ၊ မင်းကမင်းပထွေးမြနိုင် ကို တော်တော်အားကိုးတာပဲကိုးကွ၊ မင်းကော - မြနိုင်ဆိုတဲ့ကောင်ကိုပါ နစ်ပိုင်းစီဖြစ်အောင် လွှနဲ့ ဖြတ်ပစ်လိုက်မယ် - ဒါပဲ"

"မင်းအသက်ငွေပေးဆရာကြီးတော့ မကြာခင် ငါနဲ့ တွေ့ကြသေးတာ ပေါ့" ကြားလိုက်ရသောအသံမှာ ကြောက်စရာ ကောင်းလှပေသည်၊ သွယ်နှင့် နွယ်သည် စုမှ တရှီးရှီးမြည်သံကို ရိပ်စားမိပါ၏၊ ဤအသံမှာ လွှစက်တစ်ခု၏ လွှပိုင်းလည်သံဖြစ်၍ လူတစ်စုက ခြံစောင့်ဦးသာပျောအား ရတနာသေတ္တာ ကို မပြပါက လွှဖြင့် ဖြတ်မည်ဟုပြောရင်း သူတို့သိလိုရာကို မေးနေကြောင်း ထင်ရှားသိသာလှပေသည်၊ အထူးသဖြင့် လူတစ်စုသည် တော်တော်ပင် ရက် စက်ကြမ်းကြုတ်ဟန်တူပါ၏၊ အားခနဲ အော်ဟစ်လိုက်သံမှာ လူတစ်စု၏ရက် စက်မှုကြောင့် အမေးခံရသူသည် လွှပိုင်းဖြင့် အနည်းအပါး အဖြတ်ခံလိုက်ရ ဟန် တူပေသည်၊

သွယ်မှာ စိုးရိမ်အားငယ်သောမျက်နှာဖြင့် ညီမဖြစ်သူကို လှည့်ကြည့် လိုက်မိကာ ဦးသာပျောအတွက်ပါ ပူပန်ခြင်းကြီးစွာ ဖြစ်သွားမိလေသည်၊ ဤဘီလူးရယ်စံအိမ်ကြီးသည် ရှုပ်ထွေးဆန်းပြားခြင်း၊ လူဆိုးများနှင့် ပတ် သက်နေရခြင်းတို့အပြင် မင်းငွေပေးဆရာကြီး မြနိုင်၏ အခန်းကဏ္ဍပါ ပါဝင် နေခြင်းကြောင့် တဖြည်းဖြည်း သဗ္ဗတ်အူဖြစ်လာကြောင်း ရိပ်စားမိပေသည်၊



တကယ်တော့ မင်းအသက်ငွေပေးဆရာကြီးဆိုသည်မှာ ညီအစ်မနှစ်ယောက် စလုံး မမြင်ဘူးပေ၊ ဦးသာပျော၏ပြောစကားအရဆိုလျှင် ဤစံအိမ်ကြီးနှင့် ဆရာကြီးမြနိုင်သည် ပတ်သက်နေသည်မှာ သေချာပေသည်၊

ထိုစဉ် မြေအောက်ခန်းထဲမှနေ၍ သိမ့်သိမ့်တုန်အောင် ပြောလိုက် သည့်အသံကိုသာ ကြားလိုက်ရပေသည်၊

"ဟား - ဟား - ဟား - ဝေလုကို စမ်းလို့ ဘာရမလဲကွာ၊ အခုတော့ ယှဉ် နိုင်သေးရဲ့လား ဟင်၊ မင်းအသက်ငွေပေးဆရာကြီးရဲ့"

လူဆိုးကြီး ဝေလုဆိုသူ ပေါ်လာလေပြီတကား၊

နောက်တစ်နေ့တွင် သွယ်နှင့်နွယ် ညီအစ်မသည် ဦးသာပျောပျောက်မှု နှင့် ဘီလူးရယ်စံအိမ်ကြီးနှင့်ပတ်သက်၍ ထူးဆန်းအံ့သြဖွယ်ရာများကို ထောက်လှမ်းရေးသို့ အသိပေး အကြောင်းကြားလိုက်ရပေတော့သည်၊

ဤသို့ဖြင့် တိုင်ကြားပြီး နာရီပိုင်းအတွင်း တိုင်ထောင်ဝါယာလက်စ်ကား တစ်စီးက ဘီလူးရယ်နှစ်ထပ်တိုက်သစ်ရှိရာ ခြံဝင်းကျယ်ကြီးအတွင်းသို့ ဝင်ရောက်လာလေတော့သည်၊ တိုင်ထောင်ဝါယာလက်စ်ကားအတွင်းမှ အထက်တန်းအရာရှိဝတ်စုံနှင့် လူနှစ်ယောက်က အသီးသီးဆင်းသက်လာ ကြပေသည်၊

တိုင်ထောင်ဝါယာလက်စ်ကားအတွင်းမှ ဆင်းသက်လိုက်ကြသည့် အရာရှိနှစ်ဦးမှာ တစ်ယောက်သောသူက အထက်တန်းပုလိပ်အရာရှိကြီးများ ဝတ်ဆင်သော ယူနီဖောင်း၊ သားရေစလွယ်၊ ရာထူးတံဆိပ်အမှတ်အသား၊ ကြည်ဆန်ခါးပတ်နှင့် ဆားဗစ်ရီဗော်ဗာကို ခါးတွင် သားရေအိတ်ဖြင့် ချိတ် ဆွဲထားသကဲ့သို့ ကျန်တစ်ဦးကလည်း ယခုလိုပင် ဝတ်ဆင်ထားလေသည်၊ တစ်ဦးသောသူမှာ ပုံပန်းကျနန၍လေးစားခင်မင်စရာကောင်းသလောက် ကျန် တစ်သူမှာ ပုံပန်းမကျနသည့်ပြင် သူ၏ဝဖိုင့်သောခန္ဓာကိုယ်ကြီးကြောင့် လူ ရယ်စရာပင် ဖြစ်နေသေးသည်၊ အထူးသဖြင့် လူဝကြီး၏ဗိုက်မှာ စဉ့်အိုးကြီး ကျ ရှိပြီးနေသည်ကြောင့် အားရပါးရ ရယ်ပစ်လိုက်ဖို့ ကောင်းနေပါ၏၊ ထို နှစ်ဦးမှာ အခြားသူများမဟုတ်ပေ၊ လူဝကြီးမှာ ဗိုလ်ကြက်ကန်းကြီးအမည် ရှိသည့် စုံထောက်လူဝကြီး ဦးကျော်အောင်ဖြစ်၍ ကျန်တစ်ယောက်မှာ စုံထောက်ကျော် မောင်သောင်းတန် ဖြစ်ပေသည်၊

www.burmeseclassic.com

မကြာမီမှာပင် စုံထောက်ကျော်နှစ်ဦးသည် ဘီလူးရယ်တိုက်ကြီးဆီသို့ ရောက်လာကြတော့သည်။

— ⦿ —

သွယ်နှင့်နွယ် ညီအစ်မ၏ တိုင်ကြားချက်အရ စုံထောက်ကျော်နှစ်ဦးသည် ဘီလူးရယ်ခြံကြီးဆီသို့ ရောက်လာကြတော့သည်။ ထူးဆန်းသည်မှာ ဘီလူးရယ်ခြံဆိုသည့်အတိုင်း တိုက်ကြီး၏ဧည့်ခန်းတွင် ဘီလူးရုပ်ကြီးတစ်ရုပ် ရှိသည်။ ဧည့်ခန်းနှင့် မျက်နှာချင်းဆိုင်ထိုင်နေကြသော စုံထောက်ကျော်နှစ်ဦး အနက် မောင်သောင်းတန်သည် ဘီလူးရုပ်ကြီးကို သာမန်မျှကြည့်လိုက်၏ ပြီးမှ အဓမာဖြေသည့်သဘောဖြင့် ဧည့်ခံစားပွဲပေါ်တွင်ရှိသည့် စီးကရက် သံဘူးမှ စီးကရက်တစ်လိပ်ကိုယူ၍ မီးညှိသောက်လိုက်ပါ၏။

ဗိုလ်ကြက်ကန်းကြီး အမည်ရသည့်စုံထောက်လူဝကြီး ဦးကျော်အောင် သည် ဘီလူးရုပ်ကြီးကိုကြည့်ရင်း သူ့စိတ်ထဲတွင် အတွေးတစ်မျိုး ပေါက်လာ ဟန်တူပေသည်။ သူသည် ထိုင်ရာမှ လေးလေးပင်ပင်ကြီးထကာ ဘီလူးရုပ် ကြီးအနားသို့ တိုးကပ်သွားပါ၏။ ပြီးမှ သူသည် ဘီလူးရုပ်ကြီး၏ဗိုက်ရွှဲကြီး လက်ညှိုးနှင့် ဆတ်ခနဲထိုးကာ –

“ဘယ်လိုလဲဟ – မြေအောက်ကောင်ကြီး – မင်းကအင်မတန်ကျက်သ ရှိတဲ့ဧည့်ခန်းကြီးမှာ ဖိမ်ကျနေပါလား။ မင်းရဲ့အဖော်အပေါင်းတွေဆီကို သွား ပါတော့လား။ အေး – မင်းမသွားရင် ငါဆိုတဲ့ကြက်ကန်းကြီးရောက်လာ တော့ မင်းကို သွားအောင်လုပ်ရမှာပဲ”

ဗိုက်ကြက်ကန်းကြီးသည် ဘီလူးရုပ်ကြီး၏ဗိုက်ကို လက်ညှိုးထိုး အားရပါးရပြောနေ၏။ ပြီးမှ သူသည် မူလထိုင်နေရာသို့ ပြန်လာကာ အေးအေးဆေးဆေး ထိုင်လိုက်လေသည်။

“အရုပ်ကြီးက ဘာပြောသလဲ – ဦးကျော်အောင်၊ သူ့အဖော်အပေါင်း ဆီကို သွားပါ့မယ်လို့ အဖြေပေးလိုက်သလား”

စုံထောက်ကျော်မောင်သောင်းတန်သည် ဗိုလ်ကြက်ကန်းကြီး ကတ်သီးကတ်သတ်မေးလိုက်ပေသည်။

“အဖြေမပေးလို့ပေါ့ – မောင်သောင်းတန်၊ ဒါကြောင့်မို့ – သူ့ကိုသွား လုပ်ပစ်ရမယ်လို့ ကြိမ်းပစ်ခဲ့တာပေါ့”

ဗိုလ်ကြက်ကန်းကြီးက ခပ်တည်တည်ပင် ပြောလိုက်ပေသည်။



“တော်တော်ခက်တာပဲ”

“ဘာခက်တာလဲကွ – မောင်သောင်းတန်ရဲ့”

“ဒီအရုပ်ကြီးက ခင်ဗျားပြောတာ နားလည်ပါ့မလားဗျ၊ ခင်ဗျားလုပ်ပုံ တွေက အဓိပ္ပာယ်မရှိဘူးဗျာ၊ လူရယ်စရာကောင်းနေပြီ၊ ခင်ဗျားလိုသေမင်း က နှိုတစ်ပေးထားတဲ့လူက သိပ်ခက်တာပဲ”

မောင်သောင်းတန်က စိတ်တိုတိုနှင့် ပြောလိုက်မိပေသည်။

“အလို – ဖွဟဲ့ – လွဲစေ၊ ရှောင်စေ၊ ပတ်စေ၊ ရှားစေ၊ တရွှေပြည်က တရွှေ မင်းကြီးနားပင်းလို့နေပါစေ” ဗိုလ်ကြက်ကန်းကြီးသည် စိတ်တိုသလို ရှားရှား ရှားရှားဖြစ်လာရာက တော်တော်ပင် အလုပ်ရှုပ်သွား၏၊ သူသည် မောင် သောင်းတန်၏ ပြောစကားကို ကြားလိုက်မိသည်နှင့်တစ်ပြိုင်နက် “အလို” ဟု အာမေဋိတ်သံပြုကာ ယောင်၍အော်လိုက်မိပေသည်။ ပြီးမှ တစ်ပြိုင်နက် သူ့ကိုယ်ကြီးကို ရှေ့သို့ ငိုက်ကာ ဖိနပ်အောက်မှ မြေမှုန့်ကို ယူလိုက်၏။

သူ၏ စူရွဲနေသောဗိုက်ကြီးသည် ဒူးပေါ်တွင် ကသိကအောက်ဖြစ်နေ သည်ကြောင့် တအင်းအင်းပင် မြည်နေပါ၏။ သူသည် ဖိနပ်မှ မြေမှုန့်ရသည် နှင့်တစ်ပြိုင်နက် နဖူးကို ကပျာကယာ သုတ်လိုက်၏။ ပိုသောမြေမှုန့်များအား နောက်ကျောဘက်သို့ လွှင့်ပစ်လိုက်ပေသည်။

“ဒါက ဘာဖြစ်ရပြန်တာလဲဗျ”

“ဘာဖြစ်ရမှာလဲ၊ စကားကို ဆင်ခြင်ပြီးပြောကွာ၊ မင်းဆရာ ကိုအောင်မြင်တောင် ငါ့ကို ဒီစကား မပြောဘူး”

ဗိုလ်ကြက်ကန်းကြီးက မောသံကြီးနှင့် ပြောလိုက်လေသည်။

“ကျွန်တော်က ဦးကျော်အောင်ကို ဘာများ လွန်လွန်ကျူးကျူး ပြောမိ လို့လဲ”

“မင်းစကားကိုမင်းပြန်စဉ်းစားကြည့်စမ်း။ ဒီစကားက ကောင်းသလား လား။ ဒီစကားကို ထပ်ကြားရရင် ငါ့အသည်းတွေ အူတွေဟာ ပြောင်းပြန် တုန်တော့မှာပဲ”

“ဟား – ဟား – ဟား – ဖြစ်မှဖြစ်ရလေဗျာ၊ ကဲ – ကဲ – ဒီစ ခင်ဗျားပဲ စစ်ပေတော့”

“လူကြီးသူမကို စော်ကားပြီးမှ ထမင်းရေပူလာလို့ ကြည့်ပြီးစစ်ဆေးလိုက် ...”

www.burmeseclassic.com

www.burmeseclassic.com

"ထမင်းရေပူလို့ လျှာလွှဲတာ မဟုတ်ပါဘူး။ ပုလိပ်မင်းကြီးကပါ စံအိမ်ကြီးရဲ့ ရှုပ်ထွေးတဲ့ကိစ္စမှ တာဝန်ခံအဖြစ်နဲ့ လွှဲအပ်ထားတယ်မဟုတ်လား။ ကျွန်တော်က ဒီအမှုမှာ ဦးကျော်အောင်ရဲ့လက်ထောက်အဖြစ်နဲ့ ဆောင်ရွက်ရမှာပါ"

"တော်စမ်းကွာ - တော်စမ်း။ စကားတတ်တိုင်း လျှောက်ပြောမနေနဲ့။ ငါ အမောဖြေလိုက်ဦးမယ်" ဗိုလ်ကြက်ကန်းကြီးသည် ပြောပြောဆိုဆိုနှင့် သူ့ညာအိတ်အတွင်းမှ ဗိုလ်လသာ ဆေးပြင်းလိပ်ကြီးအား ဆွဲထုတ်လိုက်ပါ၏။ ပြီးနောက်တွင် ဆေးပြင်းလိပ်တိုကြီးအား မီးညှိကာ ဂေါ်ရင်ဂျီများ ဆေးလိပ်သောက်ပုံအတိုင်း ပါးစပ်တွင်းသို့ ပြောင်းပြန်ထည့်၍ ဖွာရှိုက်နေပါ၏။ တကယ်တော့ ဗိုလ်ကြက်ကန်းကြီးသည် လူထူးလူဆန်းကြီးပီပီ ဆေးလိပ်သောက်ရာတွင် သောက်ရိုးသောက်စဉ် မသောက်ဘဲ ပြောင်းပြန်ဖွာရှိုက်၍ သောက်နေပေသည်။

ဘီလူးရယ်စံအိမ်ကြီးနှင့်ပတ်သက်၍ သွယ်၏တိုင်ကြားချက်အရ ရှုပ်ထွေးသောကိစ္စများ၊ ကမ္ဘာ့ဌာန်းအရိုးကောင်ကြီး၏ကိစ္စ၊ မြေအောက်ခန်း၊ ခြံစောင့်ဦးသာပျော ပျောက်ဆုံးမှုတို့နှင့်ပတ်သက်၍ ပုလိပ်အဖွဲ့သည် အလုပ်ရှုပ်သွားတော့ပေသည်၊ သည်ကြားထဲ သွယ်နှင့်နွယ်တို့၏ဖခင်နှင့် လွန်မင်းစွာ ယုံကြည်ရသော ကိုမခဆိုသူကလည်း ပျောက်ဆုံးနေပေရာ စဉ်းစားစရာဖြစ်နေပေသည်။ ထို့အတူ ဤစံအိမ်ကြီးနှင့်ပတ်သက်၍ ပုလိပ်အဖွဲ့က အလိုရှိနေသော ရာဇဝင်လူဆိုးများနှင့်ပတ်သက်ကောင်း ပတ်သက်နေမည်ကို ပုလိပ်တပ်ဖွဲ့က ရိပ်စားမိခဲ့သည်။

ထို့ကြောင့်ပင် ဌာနပိုင်သည် သက်ဆိုင်ရာ ဆင့်ကဲဆင့်ကဲ တာဝန်ရှိသူများမှတစ်ဆင့် အထက်သို့ အစီရင်ခံခဲ့၏။ အထက်လူကြီးများ ဖြစ်ကြသည့် ပုလိပ်မင်းကြီး မစ္စတာဒေါနယ်လ်သည် ဤမျှရှုပ်ထွေး၍ နာမည်ကြီးနေသော စံအိမ်ကြီး၏ အရှုပ်အထွေးဇာတ်လမ်းများအား ဖော်ထုတ်နိုင်ရန် ပုလိပ်မင်းကြီးက ဗိုလ်ကြက်ကန်းကြီးလက်သို့ လွှဲအပ်လိုက်၏။

— ⊙ —

ပုလိပ်မင်းကြီးသည် မိမိလက်အောက်ရှိ မြေမြန်ပုလိပ်၊ ဇလိုင်းစကွပ်စုံထောက်အဖွဲ့ထဲတွင် လူပေါင်းများစွာရှိသည့်အနက် အင်မတန်တော်သော လက်ရွေးစင်အကျော်အမော်သုံးဦးအား ပြေးမြင်လိုက်မိပါ၏။ ထိုသူများမှာ စုံထောက်အမိပတိဟူ၍ စုံထောက်ထဲတွင် သတင်းပြေးနေသော စုံထောက်ကျော် ဦးအောင်မြင် ဖြစ်၏။ ကျန်တစ်ဦးမှာ စုံထောက်ကျော်မောင်သောင်းတန်ဖြစ်ပြီးနောက် တတိယတစ်ဦးမှာ ဗိုလ်ကြက်ကန်းကြီးအမည်ရသည့် စုံထောက်လူဝကြီးဦးကျော်အောင် ဖြစ်ပေသည်။

ပုလိပ်မင်းကြီးသည် မိမိ၏လက်ရုံးသဖွယ် အားထားရသည့် အကျော်အမော်သုံးဦးအား ရွေးချယ်လိုက်ပြီးနောက် သူတို့၏တာဝန်များကို ခွဲဝေဆန်းစစ်လိုက်ပြန်၏။ စုံထောက်အမိပတိ ဦးအောင်မြင်သည် မင်းအသက်ဝါပေးဆရာကြီး ကိုမြခိုင်၏ကိစ္စ၊ နာမည်ကျော်ရာဇဝတ်ကောင်ကျွန်းပြန်ကြီး ဝေလုကိစ္စနှင့်ပတ်သက်၍ အိပ်ရေးမမှန်၊ စားချိန်မမှန်အောင် အလုပ်ရှုပ်နေသူဖြစ်၏။ သူ့အား တာဝန်ခံအဖြစ်နှင့် လွှဲအပ်ပေး၍ မဖြစ်နိုင်ပေ။

ထို့နောက် မောင်သောင်းတန်နှင့် ဗိုလ်ကြက်ကန်းကြီးအား စဉ်းစားလိုက်ပြန်၏။ သူတို့နှစ်ယောက်အနေဖြင့် စုံထောက်အမိပတိဦးအောင်မြင်လောက် မတော်သော်လည်း ကိုးဆယ်ရာနိုင်နှုန်းလောက် ဦးအောင်မြင်ကို လိုက်မီကြသူ ဖြစ်ကြ၏။

ပြီးနောက်တွင် သူတို့နှစ်ဦးကိုင်ထားသောအမှုများကို ဆန်းစစ်ကြည့်လိုက်သည့်အခါတွင် အချိန်ယူ၍ လိုက်နိုင်လျှင် ရသောအမှုများကို တွေ့ရ၏။

ဗိုလ်ကြက်ကန်းကြီးသည် ဆေးပြင်းလိပ်တိုကြီးကို ပြောင်းပြန်ငုံကာ ဂေါ်ရင်ဂျီသောက်သောက်ရာက တစ်ခါတစ်ရံတွင် အနီးတွင်ရှိသည့် ထွေးခံထဲသို့ တံတွေးကို တဖျစ်ဖျစ်ထွေးလိုက်သေးသည်။

"ဒီစံအိမ်ကြီးထဲမှာ အိမ်သူအိမ်သား ဘယ်နှယောက်ရှိသလဲ ဝင်ဒ"

ဗိုလ်ကြက်ကန်းကြီးသည် သွယ်အား လေးစားစွာဖြင့် ဖွင့်မေးလိုက်ပါ၏။

"စုစုပေါင်း ခြောက်ယောက် ရှိပါတယ်ရှင်၊ ခြံစောင့်ကြီး ဦးသာပျောရယ်၊ အဖော်အဘွားကြီးရယ်၊ ကားမောင်းတဲ့လင်မယားရယ်၊ ကျွန်မတို့ညီအစ်မနှစ်ယောက်ရယ်ပါ"

"အခုပျောက်နေတဲ့ ဦးသာပျောကကော ..."

"သူကတော့ ခြံစောင့်ပါ။ သစ်ပင်ပန်းပင်တွေလည်း [illegible] အလုပ်ကို လုပ်ပါတယ်၊ သူက ခြံထောင့်တစ်နေရာက တဲမှာ နေပါတယ်"

"သူက စံအိမ်ကြီးရဲ့အောက်ထပ်မှာ မအိပ်ပဲ ခြံထောင့် [illegible] လို့အိပ်ရတာလဲ၊ မင်းတို့လေးတွေက အိမ်ထဲမှာ မနေရဘူးလို့ [illegible]"

www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်ကြက်ကန်းကြီးသည် သူသိလိုသမျှကို အသေးစိတ် မေးမြန်းနေပါ၏။ သွယ်ကလည်း စိတ်ရှည်လက်ရှည် တလေးတစား ဖြေကြားနေပါ၏။

"မဟုတ်ပါဘူး။ ခြံစောင့်ကြီးက အစကတည်းက ခွင့်တောင်းပြီး သူ့တဲမှာ အိပ်တာပါ"

"သူပျောက်နေတာ ကြာပြီလား"

"တစ်ပတ်ကျော်ကျော် (၁၀) ရက်လောက်တော့ ရှိပါပြီရှင့်"

သွယ်သည် စဉ်းစား၍ဖြေသည်။

"တခြားမဟုတ်ပါဘူးခင်ဗျာ။ ဒီစံအိမ်ကြီးဆီမှာ နတ်စလော ရှုပ်ရှုပ်ထွေး ထွေးဖာတ်လမ်းတွေ၊ ကြောက်စရာကောင်းတဲ့အဖြစ်အပျက်တွေ ဖြစ်နေပြီ ဆိုတာ သိရပါတယ်။ သွယ်ပြောသလို မြေအောက်ခန်းဆိုတာတွေရယ်၊ လျှို့ စက်ဝိုင်းအသံတွေရယ်ဆိုတာရယ်တွေဟာ လူဆိုးသူခိုးဒုစရိုက်ကောင်တွေနဲ့ ဆက်စပ်နေတယ်ဆိုတာ သေချာနေပြီ။ နောက်တစ်ခုက ရာဇဝတ်မှုအမျိုးမျိုး တွေ ကျူးလွန်ပြီး ဒီရန်ကုန်မှာ ရောက်နေပြီလို့ သတင်းထွက်နေတဲ့ ကျွန်းပြေး ကြီး ဝေလုရဲ့သတင်းကလည်း သိုးသိုးသဲ့သဲ့ ကြားနေရပြီ"

သွယ်၏မျက်နှာကလေးသည် ချက်ချင်းငယ်သွားပေသည်။ ဗိုလ်ကြက် ကန်းကြီးသည် စံအိမ်ကြီး၏အရှုပ်အထွေးဖာတ်လမ်းကို သေသေချာချာ မေး မြန်းလိုက်ပေသည်။ စုံထောက်ကျော်မောင်သောင်းတန်သည် ဘာစကားမှ မမေးသေးဘဲ စီးကရက်ကို တစ်လိပ်ပြီးတစ်လိပ် ညှိသောက်ကာ စံအိမ်ကြီး ကို လေ့လာအကဲခတ်နေပေသည်။ ရှုပ်ထွေးဆန်းပြားလှသော စံအိမ်ကြီး၏ အခန်းခန်း အဆောင်ဆောင်ကို အံ့သြနေပုံလည်း ရပေသည်။

"ကျွန်တော်တို့ရဲ့နောက်ဆုံးသတင်းအရကတော့ ဒီစံအိမ်ကြီးရဲ့တစ်နေ ရာရာမှာ ရှေးဟောင်းပစ္စည်းရတနာတွေရှိတယ်လို့ အရပ်သတင်းတွေ သိုးသိုးသဲ့သဲ့ ရနေတယ် ခင်ဗျာ" သွယ်သည် အံ့သြ၍သာနေပေသည်။

"အဲဒါတော့ ကျွန်မတို့လည်း သေချာဂနမသိရပါဘူးရှင်။ ဖေဖေရှိတုန်း ကလည်း အရိပ်အမြွက်တောင် မပြောခဲ့ဖူးပါဘူး။ တကယ်လို့ ရှေးဟောင်း ပစ္စည်းဥစ္စာရတနာတွေဆိုရင်လည်း သွယ်တို့က အတိုင်းထက်အလွန်တို့ ဝမ်းသာရတာပေါ့။ တိုင်းပြည်လွတ်လပ်ရေးရတဲ့ တစ်နေ့နေ့ တစ်ချိန်မှာ ကျရင် နိုင်ငံတော်ရဲ့ရတနာတွေအဖြစ် သွယ်တို့က လှူမှာပါရှင်"

ဗိုလ်ကြက်ကန်းကြီးသည် သွယ်၏စေတနာကို လေးစားသွားမိပေသည်။



"အော် - ဒါထက် - ဒီစံအိမ်ကြီးရဲ့တစ်နေရာရာမှာ မသင်္ကာဖွယ်အသံ တွေ၊ ကမ္ဘာ့ဗ္ဗာန်းအရိုးစုရုပ်ကြီးတွေ လှုပ်ရှားနေတယ်ဆိုတော့ ကျွန်တော်တို့ လေ့လာဖို့တော့ လိုပေလိမ့်မယ်နော်။ ခြံစောင့်ကြီးဦးသာပျော ပျောက်ဆုံးနေ တယ်ဆိုတာလည်း မြေအောက်ခန်းနဲ့ ဆက်စပ်နေလိမ့်မယ်လို့ယူဆရတာပဲ"

"ဟုတ်ကဲ့ရှင့်။ ကြိုက်သလို ရှာဖွေစစ်ဆေးနိုင်ပါတယ်။ အမှုမှန်ပေါ်ဖို့ သွယ်တို့က အစွမ်းကုန်ကူညီပါ့မယ်ရှင်"

"ကျေးဇူးတင်ပါတယ်ဗျာ။ ကဲ - သိရသမျှတွေကို ပြောပြပါဦး"

"ဟုတ်ကဲ့ရှင့်။ ညဘက် လူခြေတိတ်ပြီဆိုရင် တိုက်အောက်ထပ် မြေကြီး ထဲကနေ ခြေသံတွေလိုလို လူတွေ စကားပြောသံတွေလိုလို ကြားရတတ်ပါ တယ်။ တစ်ခါတစ်ရံ နေ့လယ်ခင်းမှာဆိုရင်တောင် လူသံတွေလိုလို၊ တူးဆွ သံလိုလိုကြားရတတ်ပါတယ်။ သွယ်တို့ညီအစ်မတွေကတော့ ကြောက်လွန်း လို့ စကားတောင် ကျယ်ကျယ်မပြောရဲပါဘူးရှင်"

"အဲဒီအချိန်မှာ ခြံစောင့်ကြီး မရှိတော့ဘူးပေါ့"

"ဟုတ်ကဲ့ရှင့်။ ခြံစောင့်ကြီးပျောက်ဆုံးနေတဲ့နေ့ကနေစပြီး ကြားရတော့ တာပါပဲရှင်" ဗိုလ်ကြက်ကန်းကြီးသည် မောင်သောင်းတန်ကို တစ်ဖက်လှည့်၍ အကဲခတ်လိုက်ပြီးနောက် ခေါင်းညိတ်လိုက်ပေသည်။

"ကျွန်တော်တို့ မြေအောက်ခန်းကိုဝင်ပြီး စစ်ဆေးကြည့်ချင်တယ်၊ တစ်ခုခုတော့ ထူးခြားလို ထူးခြားငြားပေါ့"

သွယ်သည် ပျာပျာသလဲ ခေါင်းညိတ်လိုက်ပေသည်။ ဝမ်းသာအားရ လည်းဖြစ်သွားပုံရသည်။ လိုလိုလားလားလည်း ခွင့်ပြုလိုက်ပေသည်။

"စစ်ဆေးပါရှင် - စစ်ဆေးပါ"

သို့နှင့် ဗိုလ်ကြက်ကန်းကြီးနှင့် မောင်သောင်းတန်တို့သည် တစ်ခန်းဝင် တစ်ခန်းထွက် စံအိမ်ကြီး၏နံရံများ၊ ခြံတွင်းမြဲပြင်ပါမကျန် ချုံပုတ်၊ သစ်ပင် တို့ကိုပါ စိတ်ရှည်လက်ရှည် စစ်ဆေးကြပေသည်။

စုံထောက်ကျော်နှစ်ဦးသည် ခြံတွင်းရှိမြေသားတစ်နေရာကို ဂရုတစိုက် ငုံးစမ်းလေ့လာနေသည်ကို တွေ့လိုက်ကြရပေသည်။ သွယ်နှင့် နွယ်တို့မှာ စုံထောက်ကျော်နှစ်ဦးလုပ်ကိုင်နေပုံကို ဘာမှန်းမသိကြပေ။ သူတို့နားမလည် သော ထူးထူးဆန်းဆန်းအလုပ်တွေကို လုပ်နေကြကြောင်းသာ သိပေသည်။ သူတို့ညီအစ်မနှစ်ဦး၏အမြင်တွင် စုံထောက်ကျော်နှစ်ဦးသည် မြေကြီး တွင် ဆောင့်ကြောင့်ထိုင်ကာ ဟိုကြည့်ဒီကြည့်ဖြင့် ရှေ့သို့ တဖြည်းဖြည်း



www.burmeseclassic.com

www.burmeseclassic.com

နေသည်ကိုသာ တွေ့နေရပါ၏၊ တစ်ခါတစ်ရံ ညီညီညာညာ သွားနေသည်ကိုတွေ့ရ၍တစ်ခါတစ်ရံစုံထောက်ကျော်နှစ်ယောက်လုံးကောက်တီကောက်ကွေးသွားနေကြောင်းကိုတွေ့နေရပေသည်၊ စုံထောက်ကျော်မောင်သောင်းတန်မှာ အလုံးအထည်ညီညာသောသူဖြစ်၍တာရှည်သဖြင့် ကုန်းကုန်းကွကွလုပ်သွားနိုင်သော်လည်း လူဝစုံထောက်ကြီးမှာ သူ၏ဆူဖြိုးနေသော ဗိုက်အိုးကြီးကြောင့် တာရှည်အောင် ကုန်းကုန်းကွကွ မလုပ်နိုင်ပေ၊ မကြာခဏ မတ်တတ်ရပ်ရင်း တအီးအီး ညည်းညူသံကို ကြားလိုက်ရပေသည်၊

သွယ်နှင့်နွယ်ညီအစ်မမှာ စုံထောက်လူဝကြီးဖြစ်ပုံကို ရယ်ချင်သလိုလိုဖြစ်မိသော်လည်း အင်မတန် စိတ်တိုသော စုံထောက်လူဝကြီးကို ကြောက်ရွံ့ကြသည်ကြောင့်မရယ်ဝံ့ကြပေ၊ တစ်ဖက်သို့မသိမသာလှည့်ရင် ပြုံးနေကြသာ ကျေနပ်နေကြရပေသည်၊

စုံထောက်ကျော်နှစ်ဦးမှာ လဲနေသောမြက်ပင်များကို ကြည့်လိုက်၊ ဖိနပ်ရာများကိုကြည့်လိုက်ဖြင့် တရွေ့ရွေ့သွားနေကြသည်မှာ မြဲကြီး၏ထောင့်နားသို့ပင် ရောက်ရှိသွားပေပြီ၊ ရှေ့ဘက်ဆယ်လံကွာလောက်တွင် မြဲစောင့်ကြီးဦးသာပျောကိုယ်တိုင် တစ်ထီးတစ်နန်းဖြင့်နေသည့်တဲကိုပင် တွေ့နေရပါ၏၊

"ဟိုရှေ့ကတဲက ဘာတဲ့လဲဟေ့" ဦးသာပျော၏တဲကိုလှမ်းမြင်ရသည်နှင့် ဗိုလ်ကြက်ကန်းကြီးက မေးခွန်းထုတ်လိုက်ပေရာ -

"ဦးသာပျောရဲ့တဲပါရှင့်" နွယ်က ဝင်၍အဖြေပေးလိုက်ပါ၏၊

"ဒီအဘိုးကြီးက အစကတည်းက ဒီနေရာ ဒီတဲမှာပဲနေမယ်ဆိုပါတော့နော်"

"ဟုတ်ပါတယ်ရှင်၊ ကျွန်မတို့မမွေးခင်ကတည်းက ဖေဖေ့လူယုံတော်အဖြစ်နဲ့ ဒီတဲထဲမှာ ရောက်နေတာပါရှင်"

"အင်း - ဒီအတိုင်းဆိုရင် တို့ခြေရာခံလာတာ ဒီတဲကိုများ ရောက်မလား မသိဘူး"

ဗိုလ်ကြက်ကန်းကြီးက ခြေရာများကို မှန်းဆကာ ပြောလိုက်ပေသည်၊

မောင်သောင်းတန်သည် ရုတ်တရက် မြေပျော့များပေါ်တွင် ချိုင့်ခွက်နေသည့် ရှူးဖိနပ်ရာနှင့် ဝိုင်းနေသည့် ချိုင့်ကလေးများကို ကြည့်ရင်း ပြောလိုက်ပေသည်၊

"ခြေရာတွေက တဲဘက်ကို သွားနေတာ"



"ဟော - ဘာသံပါလိမ့်၊ နားထောင်စမ်း"

သွယ်နှင့်နွယ်သည် ကြောက်ရွံ့နေကြပေပြီ၊ တစ်ယောက်နှင့်တစ်ယောက် ဖက်တွယ်ထားကြ၏၊ စုံထောက်လူဝကြီးသည် ထူးခြားသည့်အသံတစ်စုံတစ်ရာကို ကြားလိုက်ရဟန် တူပေသည်၊ သူသည် မြဲစောင့်ကြီးနေသည့်တဲဆီသို့ ကျော်၍ကြည့်ရင်း အလျင်စလို ပြောလိုက်ပါ၏၊

"ဘာလဲ - ဦးကျော်အောင်" စုံထောက်ကျော် မောင်သောင်းတန်သည် ဦးကျော်အောင်ကိုမေးရင်း နားစွင့်နေလိုက်၏၊

"မကြားဘူးလား - ညည်းသံကြီးလေ"

"အစစ်ပဲ" ဦးကျော်အောင်ပြောသည့်အသံမှာ ထူးထူးခြားခြားကြီး ကြားနေရ၏၊ သွယ်နှင့်နွယ်သည် ညည်းသံကြီးကြောင့် ကတုန်ကယင်နှင့် ကြောက်ရွံ့နေကြပေသည်၊

"အဲဒါ - တစ္ဆေပြည်က ညည်းသံကြီးက - ကြားလား"

ဗိုလ်ကြက်ကန်းကြီးက နေ့အချိန်ဖြစ်ပါလျက် အကြောက်ကြီးနေကြသော နွယ်နှင့်သွယ်ကိုကြည့်ကာ ပြောလိုက်ပေသည်၊

"ဘုရား - ဘုရား - ဒုက္ခပါပဲရှင်၊ တစ္ဆေပြည်က ညည်းသံကြီးဆိုရင် ကျွန်မတို့က ဘယ်မှာသွားနေရပါ့မလဲ"

"ဟား - ဟား - ဟား - နောက်တာပါကွယ်၊ မကြောက်ပါနဲ့၊ ဒဏ်ရာရလို့ တစ်ယောက်ယောက်ညည်းနေတဲ့အသံပါ"

"ဟုတ်တယ် - ဦးကျော်အောင်၊ မြဲစောင့်ကြီး ဦးသာပျောရဲ့အသံပဲလား တော့ မသိဘူး"

မောင်သောင်းတန် တွေးဆမိသည်မှာ ဤသို့ဖြစ်ပါ၏၊ မြဲစောင့်ကြီးဦးသာပျောသည်တစ်စုံတစ်ယောက်သောသူ၏လက်ချက်ကြောင့်ဒဏ်ရာရ ခံဟန်တူသည်၊ ယခုလိုဒဏ်ရာရခြင်းကိုသက်သာလိုသက်သာငြားဟူသော အတောဖြင့် သူ့တဲထဲသို့ ဖြစ်သည့်နည်းဖြင့် အရောက်ပြန်ခဲ့ပုံရသည်၊

"ကျုပ်အထင်တော့ မြဲစောင့်ကြီးဟာ မားဒဏ်ရာကြောင့် တစ္ဆေပြည်ရဲ့ အခါးဝကို ရောက်ခါနီးနေပြီ၊ ဒါကြောင့်မို့ တစ္ဆေညည်းသံကြီးနဲ့ ကြောက်စရာကောင်းလိလိ ညည်းနေတာပေါ့"

ဗိုလ်ကြက်ကန်းကြီး၏ ပြောစကားကြောင့် မြဲစောင့်ကြီး၏တဲဆီသို့ သွားနေကြသော မောင်သောင်းတန်၊ သွယ်တို့ညီအစ်မ၏ခြေလှမ်းများ သွက်လာကြ၏၊



www.burmeseclassic.com

www.burmeseclassic.com

အားလုံး၏ခြေလှမ်းများသည် ဘာစကားမှ ထပ်မပြောတော့ပေ၊ စွပ်စွပ်လုပ်ရင်း ဦးသာပျော၏တဲအတွင်းသို့ သတိဝီရိယဖြင့် တဖြည်းဖြည်းဝင်ရောက်သွားပါ၏၊ သူ့နောက်ပါးမှာ သွယ်တို့ညီအစ်မက တိုးတိတ်စွာ လိုက်ပါသွားပေသည်၊

"ဟီး - ဟီး - ဟီး - ရေပေးပါ - ဟဲ - ဟဲ - ဟဲ - ရေပေးပါ"

ကြောက်စရာကောင်းသော ညည်းသံကြီးနှင့်အတူ ရေတောင်းသံကို ကြားနေရပါ၏၊ ဦးသာပျော၏ တဲအတွင်းတွင် ဦးသာပျောအား ကွပ်ပျစ်တစ်ခု၏ အိပ်ရာပေါ်တွင် လဲလျောင်းရင်း မရိုမဆဲ့ ဝေဒနာခံစားနေရသည်ကို တွေ့ကြရပေသည်၊

သူ့ရင်ဘတ်တွင် ဓားမြှောင်တန်းလန်းနှင့် သွေးများမှာ မြင်မကောင်း ရှုမကောင်းဖြစ်ကာ အသက်ကို ဖုတ်လှိုက် ဖုတ်လှိုက်ဖြင့် ရှူရင်းကြားတ တစ်ချိတစ်ချီတွင် မောသံကြီးနှင့် ရေကို အငမ်းမရ တောင်းနေပေသည်၊

"ဘယ်လိုလုပ်မလဲ - ဦးကျော်အောင်၊ သူ့ကြည့်ရတာ တော်တော်ကို ဒဏ်ရာပြင်းနေပြီ"

"ဟုတ်တယ် - မောင်သောင်းတန်၊ ဒီလိုလုပ်ကြစို့ - သွယ်နဲ့နွယ်တို့ကို ဆေးရုံကြီးကို တယ်လီဖုန်းဆက်ပြီး ဆေးရုံကား အခေါ်ခိုင်းပေတော့၊ ကုသိုလ်ကံကောင်းရင်လည်း အသက်ရှင်မှာပဲ"

"ဟုတ် - ဟုတ်ကဲ့" မောင်သောင်းတန်သည် သူ့နောက်ပါးတွင် ခစ်ရွံ့ပါလာသော ညီအစ်မကို အကျိုးအကြောင်း ပြောပြလိုက်ပါ၏၊ ညီအစ်မနှစ်ယောက်လည်း ခေါင်းတဆတ်ဆတ်ညိတ်ရင်း တဲအပြင်ဘက်သို့ ကသုန်ကယင် ခြေလှမ်းများဖြင့် ထွက်ပြေးသွားသည်ကို တွေ့လိုက်ရပေသည်၊

ဗိုလ်ကြက်ကန်းကြီးသည် ဓားဒဏ်ရာဖြင့် မရိုမဆဲ့ဝေဒနာကို ခံစားရင်း အသက်ကလေး ဖုတ်လှိုက် ဖုတ်လှိုက် ရှူနေရရှာသော ဦးသာပျောအနားသို့ တိုးကပ်လာပါ၏၊

"ရေ - ရေ - ရေ - ပေးပါ" ဦးသာပျောသည် တဲအတွင်းသို့ လှမ်းဝင်လာကြသူများကို မြင်ရ၍ ရေတောင်းနေပေသည်၊

"ဘယ်လိုသဘောရသလဲ - ဦးကျော်အောင်၊ သူတောင်းတဲ့ရေကို ပေးလိုက်ရမလား"

"မဖြစ်သေးဘူး - မောင်သောင်းတန်၊ သေလောက်တဲ့ဒဏ်ရာကြီးရသူကို ရေပေးလိုက်ရင် ရုတ်တရက် သေသွားနိုင်တယ်"



ဗိုလ်ကြက်ကန်းကြီးက တီးတိုးစကားဖြင့် မောင်သောင်းတန်အား ပြောလိုက်ပါ၏၊

"အင်း - ဒီလိုဆိုတော့ - သနားစရာပဲ"

မောင်သောင်းတန်သည် ခြုံစောင့်ကြီး၏အခြေအနေဆိုးပုံကိုကြည့်ရင်း သနားစိတ်ဖြင့် ညည်းညူလိုက်မိပေသည်၊

"ရေ - ရေ - ရေပေးကြပါ"

"ရမယ် - ဦးသာပျော၊ ရမယ် - ခဏကလေး နေဦး"

"ကျေးဇူး - ကျေးဇူးတင်လိုက်တာ၊ ရင် - ရင်ထဲက ပူလှပြီ"

ဦးသာပျောသည် မောသံကြီးဖြင့် ပြောလိုက်ပေသည်၊ သွေးများ မြင်မကောင်းအောင် ဖြစ်နေသည့် ဓားဒဏ်ရာ၏အခြေအနေကို အကဲခတ်ခြင်းအားဖြင့် ဦးသာပျော၏အသက်ရှင်ရေးမှာ တော်တော်ပင် မျှော်လင့်ချက်ကင်းဝေးနေပေသည်၊

"ရေ - ရေ - ရေလေး တစ်ပေါက်လောက် သနားကြပါ ခင်ဗျာ"

ဦးသာပျော၏ရေတောင်းသံမှာ သနားစရာ ကောင်းလွန်းလှပေသည်၊ ဗိုလ်ကြက်ကန်းကြီးပင်လျှင် သနားစိတ်များ ပြင်းထန်လာကာ ရေခပ်ပေးလိုက်တော့မည်ကဲ့သို့ ကွပ်ပျစ်မှ ထလိုက်မိ၏၊ သို့သော်လည်း သူ့အနေဖြင့် ချိုးစားမိသည်မှာ ရေပေးလိုက်လျှင် အသက်သေမှာကို တွေးလိုက်မိသောကြောင့် ရေမပေးသေးဘဲ ကွပ်ပျစ်တွင် ပြန်ထိုင်လိုက်ရပေသည်၊

"ရေ - ရေ - ရေပေးကြပါ၊ ရင်ပူလှပါပြီ" ဦးသာပျော၏ အငမ်းမရ ရေတောင်းသံမှာ သနားစရာ ကောင်းသထက် ကောင်းလာပါ၏၊ တကယ်တော့ ဦးသာပျောသည် သူမသေမီတွင် ရေကို တစ်ဝသောက်ချင်သောဆန္ဒကို အားမရ ဆီးမရဖြစ်နေကြောင်း ထင်ရှားလှပေသည်၊

"ရေအေးအေးကိုတစ်ဝကြီးသောက်ရပါမယ် - ဦးသာပျော၊ ခဏလောက် စိတ်ကို တင်းထားစမ်းပါ - ဟုတ်လား"

ဗိုလ်ကြက်ကန်းကြီးသည်ဦးသာပျော၏လက်တစ်ဖက်ကိုသူ့လက်ဖောင်းဖောင်းကြီးတစ်ဖက်ဖြင့် ဆုပ်ကိုင်ရင်း အားပေးစကား ပြောလိုက်ပေသည်၊

"ဟုတ် - ဟုတ်ကဲ့"

"ခင်ဗျားကို ဓားနဲ့ ထိုးသွားတဲ့လူတွေကို လက်စားပြန်ပြီး ချေချင်သေးလား"

www.burmeseclassic.com

www.burmeseclassic.com

"ဘယ် - ဘယ်လိုလုပ်ပြီးချေ - ချေလို့ရမှာလဲ၊ ကျုပ် - ကျုပ်ကသေတော့မှာ" ဦးသာဖျောသည် အားလျော့သောလေသံဖြင့် ထစ်ထစ်ငေါ့ငေါ့ ပြောလိုက်ပေသည်။

"မသေနိုင်ပါဘူး - ဦးသာဖျော၊ ဒဏ်ရာကသေးသေးလေးပါ၊ အခု ကျုပ်တို့အနေနဲ့ ဆေးရုံကြီးကို အကြောင်းကြားနိုင်းလိုက်ပါပြီ"

"ခင် - ခင်ဗျားတို့က ဘယ်သူတွေလဲ"

"ကျုပ်တို့က စုံထောက်တွေပါ၊ ခင်ဗျားကို ဓားနဲ့ထိုးတဲ့လူတွေကို ဖမ်းမလို့လာတာပါ၊ သူတို့ဟာ ဘယ်သူတွေလဲဆိုတာကို ပြောလိုက်စမ်းပါ။ ကျုပ်တို့အနေနဲ့ ဖမ်းပြီး ခေါ်သွားပါ့မယ်"

"ဟုတ် - ဟုတ်ပါ့မလားဗျာ"

"ဟုတ်ပါတယ် - ခင်ဗျားကိုဓားနဲ့ထိုးတဲ့ကောင်တွေကိုခင်ဗျားကိုယ်တိုင် လက်စားချေဖို့ မလိုတော့ပါဘူး၊ ကျုပ်တို့ကို ဖွင့်ပြောလိုက်ပါ၊ ကျုပ်တို့က လက်စားချေပေးပါ့မယ်" ဦးကျော်အောင်က ခြံစောင့်ကြီး ဦးသာဖျော စိတ်ပါလာအောင် လေးလေးနက်နက်ကြီး ပြောလိုက်ပေသည်။

"ကျုပ် - ကျုပ်ကိုထိုးတာ နှစ်ယောက်ပါ"

"သူတို့က ဘယ်သူတွေလဲ၊ ဘယ်မှာနေကြလဲ"

"ကျွန်း - ကျွန်းပြန်ကြီးဝေလုနဲ့ သံမဏိလှဘော်ပါ"

"ခြေတစ်ဖက်ပြတ်နေတာက ဘယ်သူလဲ" ဗိုလ်ကြက်ကန်းကြီးသည် ခြံထဲရှိ မြက်ခင်းတွင် သစ်သားအချိုင့်ရာကို မှန်း၍မေးလိုက်ပါ၏။

"သံ - သံမဏိပါ၊ သူ့ဘယ်ခြေပြတ်နေပါတယ်"

"သိပြီ၊ ဒါထက် - သူတို့ ဘယ်မှာနေသလဲ"

"အင်း - အင်းစိန်မှာ နေပါတယ်"

"ခင်ဗျားကိုဓားနဲ့ထိုးတာ ဘယ်သူလဲ၊ ကျွန်းပြန်ကြီးလား၊ သံမဏိလား"

"ကျွန်းပြန်ကြီး - သူ - သူက ကျုပ်လက်ကို ချုပ် - ချုပ်ပေးတယ်၊ သံ - သံမဏိက ဓား - ဓားနဲ့ထိုးပါတယ်"

"သူတို့က ဘာဖြစ်လို့ အခုလို ဓားနဲ့ထိုးရတာလဲ"

"ဒီစံအိမ်ကြီးရဲ့မြေအောက်ခန်းတစ်နေရာမှာ ရှေးဟောင်းရတနာပစ္စည်းတွေရှိတဲ့ နေ - နေရာကို မပြော - မပြောလို့တဲ့၊ ကျုပ် - ကျုပ်မှ တကယ်မသိတာပဲ"



"အဲဒါနဲ့ - ခင်ဗျားကို သူတို့က ဓားနဲ့ အသေထိုးတယ်ဆိုပါတော့ ခင်ဗျားကကော တကယ် မသိဘူးလား"

"ဒီ - ဒီ - စံအိမ်ကြီးရဲ့ တစ်နေရာမှာ - မှာ - ရှိတယ်ဆိုတာတော့ သွယ် - သွယ်တို့အဖေ ပြော - ပြောဖူးပါတယ်၊ တိတိကျကျတော့ ဘယ်သူမှမသိပါဘူး၊ ရေ - ရေ - ရေပေးပါ"

"ပေးပါ့မယ်၊ ခဏကလေး သည်းခံပါဦး၊ ဒီကောင်တွေ ဘယ်လိုဒီခြံကြီးထဲကိုရောက်လာတယ်၊ ဘယ်မှာရှိတယ်ဆိုတာပြောပါလား၊ ကျုပ်တို့သွားပြီးဖမ်းပါ့မယ်"

"သူ - သူတို့က လူများတယ်၊ လက် - လက်နက်လည်း ရှိတယ်"

"လူများပြီး လက်နက်ရှိပေမယ့် ကျုပ်တို့အဖွဲ့က အင်အားကောင်းပါတယ် - စိတ်မပူပါနဲ့"

"ဒီ - ဒီလိုဆိုရင် သွားဖမ်းပါ"

"ဖမ်းရမယ့်လမ်းကို ပြောပါ၊ အမြန်ဆုံးသွားပြီး ဖမ်းပါ့မယ်"

"မီး - မီးဖို - ဆောင်က ဘီရို - ဒီ - ဘီရိုနောက်မှာ ခ - ခလုတ် - ခလုတ်ရှိတယ်၊ အဲဒီ - အဲဒီက သွားပါ - ဟီး - ဟီး - ဟင်း - ဟင်း" ဦးသာဖျောသည် စကားပြောရင်း ပြောရင်းနှင့် မောသံကြီးမှာ သနားစရာကောင်းလှပေသည်။

"နောက် - နောက် - ရှိသေးတယ်"

"ဘာရှိသေးတာလဲ"

"မင်း - မင်းအသက်ငါ့ပေးမြ - မြ - မြနိုင် - မြနိုင်ကို သူတို့ ထောင်ဖမ်းပြီး သတ်ကြလိမ့်ဦးမယ်"

"ဟုတ်လား - မြနိုင်က ဘယ်လိုလုပ် ဒီကိစ္စထဲ ဝင်ပါနေရတာလဲ"

"မြ - မြ - မြနိုင်နဲ့သွယ်တို့ဖေဖေကရင်းနှီးတယ်၊ အတွင်းရေးကိစ္စတွေကို မြနိုင်ကို ပြောပြထားတယ်၊ မြနိုင်မှာ နာမည်ဝှက်ရှိတယ် - ကိုမခတဲ့"

"ကိုမခ - ဟုတ်လား"

"ဟုတ်တယ် - မြနိုင်ကို ကိုမခလို့ ဒီစံအိမ်ကြီးကလူတွေက သိထားကြတယ်"

"ပြီးတော့ - ခင်ဗျားသိသလောက်တွေ ပြောပြပါဦး"

"စံအိမ်ကြီးကလူတွေ အနီးပတ်ဝန်းကျင်ကလူတွေကြောက်အောင် သူများကို မကပ်နိုင်အောင် အရိုးစုကြီးပုံစံနဲ့ ခြောက်လှန့်တာလည်း ဝေလု နဲ့ စုံထောက်ကျော်ကြီးတို့သည် တအံ့တဩဖြစ်နေကြပေသည်၊ ဦးသာဖျော



www.burmeseclassic.com

www.burmeseclassic.com

သည် စိတ်ကိုတင်း၍ ပြောနေရသော်လည်း မျက်နှာမှ ချွေးများမှာ မိုးညဖြိုင်ဖြိုင်ရွာသကဲ့သို့ စီးကျနေပေသည်။

"ဟင် - ဒီလိုဆိုရင် - ပွဲကြီးပွဲကောင်းတွေ ကြပါရောလား၊ ကြားသလား မောင်သောင်းတန်"

"ကြားပါတယ် - ဦးကျော်အောင်"

"ရေ - ရေ - ရေပေးပါ" ဦးသာပျောသည် မရှိမဆုံ အသက်ရှူနေရင်းကြားက ရေတောင်းနေပြန် သည်။

"ကဲဟေ့ - မောင်သောင်းတန် - သောက်ရေအိုးက ရေတစ်ခွက်ခပ်ခဲ့၊ ပြီးတော့ - လက်ကိုင်ပုဝါစမှာ ရေဆွတ်ပြီး တစ်စက်ချင်း ချပေး၊ တော်တော်ကြာ - သီးသွားဦးမယ်"

မောင်သောင်းတန်သည်ဦးသာပျော၏တဲအတွင်းတွင် ရေအိုးကိုအပြီးဆုံး ရှာလိုက်ပါ၏၊ ဘုရားကျောင်းဆောင်အောက်တွင် သုံးချောင်းထောက်သံခြေထောက်နှင့်တင်ထားသော သောက်ရေအိုးကို တွေ့လိုက်ရပေသည်။ ထို့ကြောင့်ပင် ရေတစ်ခွက်ကိုပြည့်ပြည့်ကြီးခပ်ကာ ဦးကျော်အောင်အနားသို့ ယူလာပေသည်။ ဗိုလ်ကြက်ကန်းကြီးသည် သူ့ယူနီဖောင်း၏အပေါ် အကျီအိတ်မှ လက်ကိုင်ပဝါအသစ်တစ်ထည်ကို ဆွဲထုတ်လိုက်၏၊ ပြီးမှ သူ့လက်ကိုင်ပဝါအစွန်းတစ်စကို ရေခွက်တွင်း သွင်း၍ နှစ်လိုက်ပြီးနောက် ဦးသာပျော၏ပါးစပ်နားသို့ အသာအရာ တေ့ပေးလိုက်၏။

"ပေး - ပေး - ပေးပါဦးဗျာ" ဦးကျော်အောင်သည် လက်ကိုင်ပဝါစကို ရေဆွတ်ကာ ဦးသာပျော၏ပါးစပ်ထဲသို့ တစ်စက်ချင်း ချပေးနေ၏၊ အင်မတန်စိတ်တိုသည်ဟု အများတကာက ထင်နေသော ဗိုလ်ကြက်ကန်းကြီးသည် ယခုအခါတွင် တော်တော်ပင် စိတ်ရှည်နေပါ၏။

ဦးသာပျောသည် ရေကလေးတစ်စက်နှစ်စက်ကိုစုပ်ယူသောက်လိုက်ရ၍လားမသိ၊ တော်တော်ပင် အားပြည့်သွားဟန်တူပေသည်။

"နောပ်ထပ်ပြောစရာရှိရင် ပြောနော် - ဦးသာပျော၊ ကျုပ်တို့အားလုံးဆောင်ရွက်ပေးမယ်"

ဦးသာပျောသည် မော၍နေပေသည်၊ စကားပြောရင်းပြောရင်းတစ်ချက်တစ်ချက် မျက်ဖြူလန်လာပေသည်။ အသက်ကို မဝတဝ ရှူနေရင်းကြောင့် သူ၏ရင်ဘတ်ကြီးတစ်ခုလုံးမှာ ဖားဖိုထိုးသကဲ့သို့ မြင်မကောင်းအောင် သိမ့်သိမ့်ခါနေပါ၏၊ ဦးသာပျော၏ ပုံပန်းသဏ္ဌာန်မှာ အခြေအနေမလှတော့ပေ။ ဗိုလ်ကြက်ကန်းကြီးသည် ဦးသာပျော၏အခြေအနေကို သေသေချာချာ အကဲခတ်၍ကြည့်လိုက်ပါ၏၊ ဆေးရုံကြီးမှကား မရောက်မီတွင် အသက်ရှင်နိုင်ဖွယ်ရာအကြောင်း မမြင်တော့ပေ၊ တစ်ချီတစ်ချီတွင် ရေသီးနေပြန်သေးသဖြင့် ဘေးမှ ကြည့်နေသူနှစ်ယောက်မှာ စိတ်မချမ်းသာလှပေ။

"အား - တော်ပါပြီဗျာ၊ ရေသောက်ရတာ ကောင်းလိုက်တာ၊ အေးတျုပ် - ကျုပ်တူမကလေး သွယ်နဲ့နွယ်ကို စောင့်ရှောက်လိုက်ကြပါဗျာ"

ဦးသာပျောသည်သူသောက်လိုသောရေကိုအဝသောက်ပြီးသည့်နောက် မေးတစ်ချက်ထိုးကာ မျက်ဖြူလန်သွားပေတော့သည်၊ ယခုအခါ မျက်ဖြူလန်သွားခြင်းမှာ သူ့အဖို့ နောက်ဆုံးအကြိမ် ဖြစ်ပါ၏၊ ထိုအခိုက်မှာပင် ဦးသာပျော၏တဲအတွင်းသို့ သွယ်နှင့်နွယ်၊ ဆေးရုံကြီးမှ လူနာတင်ကားတာဝန်ကျသူများ ဝင်လာကြ၏။

ဗိုလ်ကြက်ကန်းကြီးသည်သူ့ဘောင်းဘီအိတ်တွင်းမှ ငွေမတ်စေ့ကလေးတစ်စေ့ကို ထုတ်လိုက်ပြီးနောက် သေဆုံးနေပြီဖြစ်သော ဦးသာပျော၏ပါးစပ်ကိုဖြဲကာ ထည့်လိုက်ပါ၏၊ ဤအပြုအမူသည် ဗိုလ်ကြက်ကန်းကြီး၏ဒါသနာပင်လော မပြောတတ်ပေ၊

— ⊙ —

"ကဲ - မောင်သောင်းတန် - ဦးသာပျောအလောင်းကို ဆေးရုံလည်းပို့ပြီးပြီ၊ သွယ်နှင့်နွယ် ညီအစ်မကိုလည်း လုံခြုံစိတ်ချရတဲ့နေရာတစ်နေရာကိုလိပ်အစောင့်အရှောက်နဲ့ ပို့ထားပြီးပြီ၊ တို့တာဝန်ကတော့ ဒီစံအိမ်ကြီးရဲ့အလှူပ်အထွေးလူ့သတ်မှု၊ ရှေးဟောင်းရတနာသိုက်တွေရဲ့ကိစ္စကို ရှာဖွေဖော်ထုတ်ဖို့ပဲ ရှိတော့တယ်"

"ကျွန်တော်သိပါတယ် - ဦးကျော်အောင်၊ ဦးကျော်အောင်ဟာ အင်မတန်အတွေ့ကောင်းပါတယ်ဆိုတာ၊ ကဲ - ခင်ဗျားရှေ့ကဝင် ကျွန်တော်ကဗိုလ်ကြက်ကန်းကြီးရဲ့နောက်တော်ပါးက ဖဝါးထက်ကြပ်လိုက်ပါ့မယ်"

"ကြောက်ရင် ကြောက်တယ် ပြောစမ်းကွာ"

စကားကလေးတစ်ခွန်းကိုမျှပင် အတင်စီးမခံလိုသော ဗိုလ်ကြက်ကန်းကြီးက မောင်သောင်းတန်အား ပြန်လည်ရှေပလိုက်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော့်စကားကို ပြန်ပြီးချေပတာကို ရှိပါစေတော့လေ၊ ဒီတစ်ခါ တော့ကြိတ်မှိတ်ပြီးသည်းခံလိုက်ဦးမယ်၊ နောက်တစ်ခါကျရင်ချက်ကောင်းကို ပြန်ပြီးတွယ်ပစ်ရမယ်"

"ဘာ - နောက်တစ်ခါကျရင်လည်း လူကြီးသူမကို ဒီလိုပဲ ပြန်ပြောရ သလား"

"မေ့သွားလို့ပါဗျာ - မေ့သွားလို့ပါ၊ ကဲ - လူကြီးပီပီ ရှေ့ကပဲကြွတော်မူပါ"

ဗိုလ်ကြက်ကန်းကြီးသည် ဘာစကားမှ ထပ်မပြောတော့ပေ၊ ပါးစပ်ကြီး စူပွစူပွလုပ်ရင်း စံအိမ်ကြီးအတွင်းသို့ တဖြည်းဖြည်း ဝင်ရောက်သွားပါ၏၊

— ⊙ —

"ကျွန်းပြန်ကြီးဝေလုနဲ့ သံမဏိလှအောင်ဆိုတာ ရာဇဝင်လူဆိုးတွေကျ ပြီးတော့ - ဒီနစ်ကောင်ဟာ ဆန်ကုန်မြေလေးဖြစ်တဲ့အပြင် လူ့လောက လုံးဝကောင်းကျိုးပေးခဲ့ကြတာ မဟုတ်ဘူး၊ ဒီနစ်ကောင်လုံးက တာဝန်ရှိ ပုလိပ်အစောင့်တွေကိုသတ်ပြီး ထွက်ပြေးလာကြတဲ့အတွက် တွေ့တဲ့နေရာ မှာ အသေရရ၊ အရှင်ရရ ဖမ်းဆီးဖို့ ပုလိပ်အဖွဲ့ကို အမိန့်ထုတ်ထားပြီးပြီ"

"ဒါတွေကိုကျွန်တော် သိရတယ် - ဦးကျော်အောင်၊ ဦးကျော်အောင်သာ ဒီနစ်ကောင်ကိုတွေ့ရင် လက်မနှေးပါစေနဲ့၊ ဦးကျော်အောင်ရဲ့ဟောဒီဆား ရီဖတ်ဘာသေနတ်ကြီးထဲက ကျည်ဆန်တွေဟာ ထုံထိုင်းအထစ်ကြီး နားနေ နေတဲ့ကျည်ဆန်တွေ မဖြစ်စေနဲ့"

ဗိုလ်ကြက်ကန်းကြီးသည် မျက်နှာကြီး ချက်ချင်းနီလာကာ စက် ထန်ထန်ကြီးဖြင့် -

"ကြည့်စမ်း - မင်းဖြေတဲ့စကားတွေက အားမနာလျှာမကျိုးဆိုသလို ပဲလားကွ၊ ပြောရက်လိုက်တာ၊ ငါ့သေနတ်ထဲက ကျည်ဆန်တွေက အ ရှိတဲ့မြွေပောက်တွေလိုပဲကွ၊ လူဆိုးသူခိုးတွေကို ဘယ်လိုအန္တရာယ် တတ်သလဲဆိုတာ စောင့်ကြည့်စမ်းပါ၊ မယုံရင် - မင်း အပစ်ခံကြည့်ပါလား"

"ဟင်း - ဟင်း - ဟင်း - ကျွန်တော် အပစ်မခံရခင် ဦးကျော်အောင်ရဲ့ ဝင်အိုးလိုဗိုက်ကြီးထဲကို ကျည်ဆန်တွေဒလဟော မဝင်နိုင်အောင် ဆု ပေတော့ဗျို့" ဗိုလ်ကြက်ကန်းကြီးသည် မျက်လုံးမျက်ဆန်ပြူးကာ ကြော လန့်သွားပေသည်၊



"အမလေး - ဖွဟဲ့ - လွဲဟဲ့ - လွဲပါစေ - ရှောင်ပါစေ၊ မင်းဟာ တယ်လည်း နိမိတ်မရှိတဲ့စကားတွေကို ပြောတာကိုးကွ၊ စကားမရှည်နဲ့တော့၊ လာ မြေအောက်ခန်းကို ရှာရမယ်"

"ဟား - ဟား - ဟား - ဟုတ်ကဲ့ပါ ခင်ဗျာ၊ ရှေ့ကသာ ကြွပေတော့ဗျို့"

ဗိုလ်ကြက်ကန်းကြီးသည် ဇရာမစဥ့်အိုးကြီးသဏ္ဍာန် ဗိုက်အိုးကြီးကို သယ်မရင်း တိတ်ဆိတ်ငြိမ်သက်လျက်ရှိသော စံအိမ်ကြီးတွင်းသို့ဝင်ကာ မြေအောက်ခန်းကို ရှာကြလေသည်၊ မြေအောက်ခန်းသည် မီးဖိုခန်း၏ဘေးရှိ လျှို့ဝှက်နေရာမှ ဝင်ရသော လူတစ်ကိုယ်စာ ခပ်ကြပ်ကြပ်ကလေးဝင်ရသော မလွယ်ပေါက်တံခါးကလေးဖြစ်ကြောင်း တွေ့ရှိလိုက်ကြပေသည်၊

— ⊙ —

မြေအောက်ခန်းသည် ကြောက်မက်ဖွယ်မည်းမှောင်လှပေသည်၊ အလုံ ပိတ်နေသောအခန်းဖြစ်သည့်အတိုင်း လေဝင်လေထွက် နည်းပါးရကား ဗိုလ် ကြက်ကန်းကြီးနှင့် စုံထောက်ကျော် မောင်သောင်းတန်မှာ မီးခြစ်ဖြင့် ဝမ်း တဝါးဝါး ဆင်းလာခဲ့ကြပေသည်၊

"မှောင်လိုက်တာ လွန်ပါရော"

"မြေအောက်ခန်းဆိုမှ မှောင်မှာပေါ့ကွ"

"ဦးအောင်ကျော်ပြောမှပဲ ရှင်းလင်းပေတော့တယ်ဗျာ၊ ကဲပါ - အောက် မြတ်ကျလို့ ဝက်ကျကျနေဦးမယ်"

"တောက် - မင်းဟာ တော်တော်စော်ကားပါလား၊ ငါ့ကို တိရစ္ဆာန်နဲ့ နှိုင်းရသလားကွ"

"ကဲပါ - ဆင်းပါ" အောက်သို့တဖြည်းဖြည်း ဆင်းလိုက်ကြပေသည်၊ မြေ အောက်ခန်းကား လွန်စွာကျယ်ဝန်းလှပေသည်၊ တိုလီမိုလီပစ္စည်းပစ္စယများ စားပွဲကုလား ထိုင်များကို ကိုးရိုးကားရား တွေ့ကြရပေသည်၊ စားပွဲကုလား ထိုင်များ၊ ရေတိုင်ကီပျက်များသည် မြေအောက်ခန်းတွင် နှစ်ပေါင်းမည်မျှ ကြာပြီဆိုသည်ကိုပင် ခန့်မှန်း၍ မရတော့ပေ၊ ဖုန်မှုန့်များ၊ သဲများ ထူထဲစွာ တင်နေကာ ရှုပ်ပွချင်တိုင်း ရှုပ်ပွနေပေသည်၊

ဗိုလ်ကြက်ကန်းကြီးနှင့် မောင်သောင်းတန်သည် မှိန်ပျပျအလင်းရောင် အားကိုးဖြင့် သတိဝီရိယထားကာ တရွေ့ရွေ့လျှောက်လှမ်းလာကြပေသည်၊ မြေအောက်ခန်းသည် တိတ်ဆိတ်နေသည်သာမက မှောင်မည်း



www.burmeseclassic.com

www.burmeseclassic.com

ပိုမိုချောက်ချားနေရပေသည်။ ရှေးလူကြီးများ၏ မည်သည့်ရည်မှန်းချက်၊ ရည်ရွယ်ချက်များဖြင့် ကြံစည်ကာ လျှို့ဝှက်တည်ဆောက်ထားသည်ကိုပင် ခန့်မှန်းရခက်လှပေသည်။ မည်သို့ဆိုစေ၊ ရည်ရွယ်ချက်တော့ ရှိကောင်းရှိပေမည်၊ သို့သော် ကောင်းသောရည်ရွယ်ချက်ဆိုလျှင် ပိုကောင်းပေမည်။

မြေအောက်ခန်းဖြစ်သည့်အတိုင်း မှောင်မဲမဲအလင်းရောင်အောက်တွင် ပင့်ကူမျှင်များ၊ ကြွပ်မိုးများ၊ အိမ်မြှောင်များ၏ တစ်ချက်တစ်ချက် စုတ်ထိုးသံ၊ မြေတွင်းအောင်းပိုးပုရစ်များ၏ ချောင်ကြိုချောင်ကြားမှ တစီစီအော်မြည်သံတို့သည် စိတ်ကို ချောက်ချားစေသည်။

"ရှုပ်ပွနေတာပဲဗျို့..." မောင်သောင်းတန်က တီးတိုးပြောလိုက်ပေသည်။ သူတို့သည် တစ်နေရာတွင် အလင်းရောင် ထိုးထွင်းကာ မြေအောက်ခန်းသို့ ကျနေသောနေရာဆီသို့ တဖြည်းဖြည်း လျှောက်သွားကြပေသည်။ အလင်းရောင်တန်းတစ်ခုသည် မြေပြင်ပေါ်မှ ဖြာဆင်းနေပြီး မြေအောက်ခန်းရှိရာသို့ ရောက်ရှိနေခြင်းမှာ တစ်စုံတစ်ယောက်က ထွင်းဖောက်ကာ တိတ်တဆိတ် ဝင်နေခဲ့မှန်း သိသာလှပေသည်။ ဗိုလ်ကြက်ကန်းကြီးသည် ခါး၌ ပတ်ထားသော ဆားဗစ်ရီဗော်ဗာ သေနတ်ကို ဆုပ်ကိုင်လိုက်ပါ၏။

"မလိုအပ်ပဲနဲ့ သေနတ်ကို မသုံးပါနဲ့၊ ရန်သူမိတ်ဆွေ ခွဲခြားသိအောင် လုပ်ပါဦး – ဦးကျော်အောင်"

"ငါသိပါတယ်ကွာ – ဆရာ မလုပ်ပါနဲ့"

သူတို့သည် အလင်းပေါက်ရာသို့ တိတ်တဆိတ်ချဉ်းကပ်လာကြသည်။

"ကြည့်စမ်း – မောင်သောင်းတန်၊ မြေအောက်ခန်းထဲကို အပြင်ကနေ ဖောက်ပြီး နိုးဝင်တဲ့အပေါက်ပဲကွ၊ ဒါ – မရိုးသားဘူး၊ တစ်ယောက်ယောက် မြေအောက်ခန်းကို နိုးဝင်နေတာ သေချာပြီပေ့"

မှန်ပေသည်၊ လူတစ်ကိုယ်စာ ဝင်ပေါက်ငယ်တစ်ခုသည် သစ်သားပြားများကို ချိုးဖျက်ကာ အပေါက်တစ်ပေါက် ဖြစ်နေသည်၊ ထိုအပေါက်မှ တစ်စုံတစ်ယောက်သည် မြေအောက်ခန်းသို့ တိတ်တဆိတ်ဝင်ခဲ့ကြောင်း ထင်ရှားနေပေပြီ။

"ကျွတ် – ကျွတ် – ကျွတ်"

ဗိုလ်ကြက်ကန်းကြီးသည် သူ၏ခန္ဓာကိုယ်ကြီးနှင့် မလိုက်ဖက်စွာပြင်း အသံကြားရာဆီသို့ လျင်မြန်စွာဖြင့် သေနတ်ဖြင့် ထိုးချိန်လိုက်ပေသည်။

"ဟိတ် – သူ ဘယ်သူလဲ"

မောင်သောင်းတန်သည် ဗိုလ်ကြက်ကန်းကြီး၏ပြစ်အင်တို့ ကြည့်ကာ တဟားဟား ရယ်မောလိုက်ပေသည်။

"ဟား – ဟား – ဟား – မကြောက်ပါနဲ့ဗျ၊ ဟီး – ဟီး – ဟီး – အိမ်မြှောင်စုတ်ထိုးတာပါဗျ" ထိုအခါကျမှ ဗိုလ်ကြက်ကန်းကြီးသည် ရှက်ကိုးရှက်ကန်းဖြစ်သွားပေသည်။

"မသိဘူးလေကွာ၊ လူတစ်ယောက် စုတ်သပ်တဲ့အသံအတိုင်းပဲဖြစ်နေတာကိုးကွ၊ မသာလေး – ဒါ – ရယ်စရာ၊ လှောင်စရာလားကွ၊ ငါလေ – တယ် ဟိ – ဟိ" ဗိုလ်ကြက်ကန်းကြီးကပါ ရောယောင်၍ ရယ်မောလိုက်ပေသည်။ သူတို့သည် စူးစမ်းသောမျက်လုံးများဖြင့် လေ့လာအကဲခတ်ရင်း ပစ္စည်းများကို ကျော်လွှား ရှောင်ရှားကာ ဝင်ရောက်လာကြပေသည်။

တစ်နေရာတွင် သူတို့၏မျက်လုံးများသည် ရပ်တန့်သွားကာ –

"ဟိုမှာကြည့်စမ်း – ဦးကျော်အောင်၊ ချိတ်ထားတဲ့အကျီကို သေသေချာချာ တဆိတ်ကြည့်လိုက်စမ်းပါဦး"

မှန်ပေသည်၊ နံရံတွင် ချိတ်ထားသောအကျီတစ်ထည်မှာ ထူးဆန်းလှပေသည်၊ အနက်ရင့်ရင့်၊ အောက်ခံပိတ်ပေါ်တွင် အဖြူရောင် အကျမြူရောင် ပြန့် ဆေးသုတ်ထားသော ကမ္ဘာ့ဗွာန်းလူအရိုးစုပုံစံအကျီတစ်ထည် ဖြစ်နေပေသည်၊ ထိုအကျီကိုဝတ်၍ အမှောင်ထဲတွင် လမ်းလျှောက်ပေးလိုက်သော အခါတွင် အရိုးစုကြီးတစ်ကောင် လှုပ်ရှားနေသည်နှင့် တူပေတော့သည်၊ ထိုနည်းဖြင့် ဤစံအိမ်ကြီးအတွင်းရှိလူများကို ခြောက်လှန့်နေသည်မှာ ထင်ရှားနေလေသည်၊ အကြံကြီးကြံကာ ပက်စက်လှချေသည်တကား၊ သွယ်နှင့် နွယ်ညီအစ်မသည် ထိုအရိုးစုကြီးကိုတွေ့ကာ တကယ့်အရိုးစုကောင်ကြီး ထင်မှတ်ကာ ကြောက်လန့်နေကြခြင်း ဖြစ်ပေသည်။

"ကြည့်စမ်း – မောင်သောင်းတန်၊ ဒီဝတ်ရုံကြီးဝတ်ပြီး သွယ်နဲ့နွယ်တို့ ညီအစ်မနဲ့တကွ တစ်ခြံလုံးမှာရှိတဲ့ လူတွေကို ခြံထဲကနေ ထွက်ပြေးအောင် အကြံကြီးကြီးနဲ့ မောင်းထုတ်နေကြတာကိုး၊ ဒါမှ – သူတို့လုပ်ချင်တာလုပ်နိုင်ချင်တာ ရှာမှာကွ"

"ဟုတ်တယ် – ဒီမြေအောက်ခန်းမှာ သူတို့လိုချင်တဲ့ပစ္စည်းတစ်ခုခု ရှိနေတာတော့ သေချာပြီ – ဦးကျော်အောင်၊ အဖိုးတန်တဲ့ပစ္စည်းဖြစ်တာတော့ သေချာပြီ ခင်ဗျ"

www.burmeseclassic.com

"ဒါပေါ့ကွ၊ ကဲ - စေ့စေ့စပ်စပ်ရှာကြစို့" စုံထောက်ကျော်နစ်ဦးသည် အခန်းတွင်းသို့သတိဝီရိယကြီးစွာဖြင့်လိုက်လံရှာဖွေစုံစမ်းကြတော့သည်။ သူတို့သည်တစ်နေရာတွင်လွှစက်ပိုင်းတစ်ခုကိုပါတွေ့လိုက်ကြရပါ၏။ သွယ်ပြောပြသည့် လွှစက်ပိုင်းအသံများသည် ဤစက်မှ ထွက်ပေါ်လာသောစက်သံများဖြစ်နေသည်မှာ ယုံမှားသံသယဖြစ်စရာ မလိုတော့ချေ။

ဗိုလ်ကြက်ကန်းကြီးသည် သူ၏ဝဖိုင့်သောခန္ဓာကိုယ်ကြီးကို မနိုင့်တနိုင်သယ်မရင်း ဦးခေါင်းကို တဆတ်ဆတ် ညိတ်လိုက်ပေသည်။

— ⊙ —

ကိုမြနိုင်သည် အိပ်ရာမှထပြီးနောက် တစ်ကိုယ်လုံး သန့်ရှင်းစင်ကြယ်လန်းဆန်းအောင် ရေအေးအေးဖြင့် တစ်ဝကြီးချိုးပစ်လိုက်ပါ၏။ ပြီးမှ သန့်စင်သောအဝတ်အစားများလဲကာ အိမ်စောင့်အဘိုးကြီး ချက်ပြုတ်ချက်ထားသော နံနက်စာထမင်းကို အားရပါးရ စားသောက်နေပါ၏။

သူသည် နံနက်စာကို စားရင်း သောက်ရင်း သူ့ထံသို့ လူစိမ်းတစ်ဦး လာပို့သော စာအကြောင်းကို လေးလေးနက်နက် စဉ်းစားနေမိပေသည်။ ယခု သူ့ထံသို့ စာလာပို့သောသူသည် သူနှင့် ခင်မင်သိကျွမ်းဖူးသည့်သူများထဲမှ တစ်ဦးတစ်ယောက်သောသူ ဟုတ်ဟန်မတူပေ။ အကယ်၍ သူ့အား သိကျွမ်းဖူးသူဆိုပါလျှင် သူ့ကို အခေါ်ခိုင်းရမည်ဖြစ်၏။ ဒါတင်မျှမက သူ့အား စာတင်တန်၊ ပေတစ်ဖွဲ့ရေး၍ ဆက်သွယ်ရမည့်သူမှာ ယခုလောလောလတ်လတ်မရှိပေ။

သူနှင့် ရင်းနှီးကျွမ်းဝင်ခဲ့ဖူးသည့် သွယ်နှင့်နွယ်တို့၏ဖခင်နှင့်ပတ်သက်နေသူများလည်း မဟုတ်ပေ။ သွယ်နှင့်နွယ်တို့၏ဖခင် ဦးလှမြင့်ထယ် ကွယ်လွန်ပြီးကတည်းက ဘီလူးရယ်စံအိမ်ကြီးသို့ အဝင်အထွက်ကြဲသွားရသည်။ ဒါပေမဲ့ - ဦးလှမြင့်ထယ် မသေဆုံးခင်က မှာကြားသွားခဲ့သည့် စံအိမ်ကြီးနှင့်ပတ်သက်သည့်လျှို့ဝှက်ချက်များ၊ ရှေးမြန်မာမင်းများ၏အဆက်အနွယ်တို့နှင့်ပတ်သက်သည့် စံအိမ်ကြီးတစ်နေရာတွင် သိုသိပ်စွာ ဖွက်ထားသည့်ရတနာသေတ္တာများအကြောင်း၊ သွယ်နှင့်နွယ်တို့ကို နမရင်းချာသဖွယ် စောင့်ရှောက်ရမည့်တာဝန်များအကြောင်းသည် ခေါင်းထဲတွင် အစီအရီပေါ်လာပေသည်။ လူမရောက်သော်လည်း စိတ်က ရောက်နေပေသည်။



ယခုလိုပုံပန်းအနေအထားဖြင့်သူ့အားတွေ့လိုဟန်မတူခြင်းကိုအထောက်အထားပြုရလျှင် စာလာပေးသူမှာ လူကောင်းတစ်ယောက် မဟုတ်နိုင်သည့်အပြင် စာပါအကြောင်းအရာများမှာလည်းကောင်းသောအကြောင်းအရာများ မဖြစ်နိုင်ပေ။

ထို့ကြောင့်ပင် ကိုမြနိုင်သည် ထမင်းကို ဝလင်အောင် စားသောက်ပြီးနောက် နေရာတကျ သိမ်းဆည်းကာ အိပ်ခန်းထဲသို့ တန်း၍ဝင်လာမိခဲ့ပေသည်။ ပြီးနောက်တွင် အိပ်ရာပေါ်၌ ကျောကို ခေါင်းအုံးဖြင့် မှီရင်း ကိုးသုံးလုံးစီးကရက်ကို ထုတ်ယူမီးညှိကာ ခံတွင်းချဉ်ပြေအောင် ဖွာနေပါ၏။ ထို့နောက်တွင် စာအိတ်ကိုဖွင့်၍ အထဲမှ စာရွက်ခေါက်ကလေးကို ဖြန့်၍ဖတ်လိုက်သည်။

*ဟေ့ - မြနိုင်*

*မင်းကို အများတကာက မင်းအသက်ဝေါ်ပေးဆရာကြီးဆိုပြီး မင်းရဲ့ဂုဏ်ပုဒ်ကြီးမားလာအောင် တင်စားပြီး ခေါ်ဝေါ်နေကြပေမယ့် ငါကတော့ မင်းကို ဟေ့ - မြနိုင်လို့ခေါ်လိုက်တယ်၊ ဘာကြောင့်အခုလိုခေါ်ရသလဲဆိုရင် မင်းဟာငါ့လောက် သတ္တိမရှိလို့ပဲ၊*

*မင်းကတော့ မင်းကိုယ်မင်း ငါဟာ မြေအောက်လောကမှာရှိတဲ့လူမိုက်လူဆိုးတွေကို နှိမ်နင်းပစ်တယ်၊ မကောင်းသူပယ်၊ ကောင်းသူကယ်တယ်ဆိုပြီး ကိုယ့်ကိုယ်ကိုယ် အထင်ကြီးပြီး ဂုဏ်ယူနေမိမှာ အမှန်ပါပဲ၊*

*တခြားကောင်တွေက မင်းကိုအထင်ကြီးပြီး ကြောက်မယ် ရွံ့မယ်ဆိုရင် ဖြစ်နိုင်စရာအကြောင်းရှိပေမယ့် ငါ့လိုသတ္တိသွေးမှာ စံတင်လောက်တဲ့ကောင်ကတော့ နည်းနည်းကလေးမှ မမှုဘူးဟေ့၊ ရှင်းရှင်းပြောရရင် မင်းလိုလေကျယ်နေတဲ့ကောင်ကို ငါက ကောင်းကောင်းကြီး ဆုံးမချင်တယ်၊*

*ဘာကြောင့် အခုလို ဒီစကားတွေကို မင်းသိအောင် ပြောရသလဲဆိုရင် မင်းဟာ ဒီဘီလူးရယ်စံအိမ်ကြီးနဲ့ပတ်သက်ပြီး ငါတို့လုပ်နေတဲ့အလုပ်ကို ဝင်ရှုပ်နေလို့ပဲကွ၊ ငါတို့က ငါတို့ဘာသာ ငါတို့နည်းနဲ့ အလုပ်လုပ်ရာမှာ မင်းက အခုလို ဝင်ရှုပ်နေတာကို တို့အနေနဲ့ နည်းနည်းမှ မကြိုက်ဘူး၊ ရှင်းရှင်းပြောရရင် မင်းလိုကောင်ကို တို့က ရှင်းပစ်ချင်တယ်၊ ဒါက ငါတို့ရဲ့ စိတ်ဆန္ဒကို ပြောနေတာနော်၊*

*ပြီးတော့ - ဒီစံအိမ်ကြီးရဲ့အရှင်သခင်ဖြစ်ကြတဲ့ သွယ်နဲ့နွယ်၊ ဦးလှမြင့်ထယ်ရဲ့ သမီးတွေလေ၊ ရတနာသိုက်ကြီးပေါ်မှာ ထိုင်နေပြီး ဘာမှမသိတဲ့*

www.burmeseclassic.com

www.burmeseclassic.com

ကောင်မလေးတွေပါ၊ အဖေကလည်း ဒီစံအိမ်ထဲမှာ လျှို့ဝှက်မြှုပ်ထားတဲ့ ရတနာတွေကို သမီးတွေကို ပြောပြသွားပုံမရဘူးကွ၊ ပြောမပြတဲ့အပြင် မြေအောက်ခန်းရှိတယ်တောင် မသိတဲ့ကောင်မလေးတွေပါကွာ၊ ပြီးတော့ - ချစ်စရာကောင်းတဲ့ ကောင်မလေးတွေပါလားကွာ၊ တကယ် - တကယ်ပါ၊ ငါတို့က သူတို့နှစ်ယောက်ကို လှံဝိုင်းတုံးတုံးကြီးနဲ့ ဖြတ်ပစ်ရမှာဆိုတော့ အင်မတန်နမြောစရာကောင်းပါလားကွယ်၊ အေး - ဟိုစုံထောက်စုတ်နှစ်ကောင်က ဝင်ပါလာပြီ၊ ကောင်မလေးနှစ်ယောက်ကို ခုဆိုရင် ဘယ်ကို ပို့ပစ်လိုက်သလဲ မပြောတတ်ဘူး၊ ကောင်မလေးနှစ်ယောက်ကို တစ်နေရာ ပို့ပြီး စုံထောက်စုတ်နှစ်ယောက်က စံအိမ်ကြီးထဲမှာ ရောက်နေပြီ၊

အဲဒီ့အပြင် မင်းကို ပြောစရာ ကျန်သေးတယ်ဟေ့၊ တခြားမဟုတ်ဘူး၊ စံအိမ်ကြီးရဲ့အလှဘုရင်မကလေးနှစ်ပါးကို ဖမ်းဖို့ တို့ကြိုးစားနေတယ်ဆိုတာပဲ၊ မင်းကလည်း သူတို့အဖေနဲ့ တော်တော်ကလေး ရင်းနှီးကျွမ်းဝင်နေတဲ့ကောင်ဆိုတော့ ငါတို့ရတနာသိုက် ရှာဖွေနေတဲ့ကိစ္စမှာ ဝင်ရှုပ်မှာ သေချာတယ်၊ မိလို့ကတော့ မင်းတို့အားလုံး မလွယ်ဘူးဟေ့၊

အကုန်လုံးကို လှံဝိုင်းကြီးနဲ့ လည်ပင်းကို တိတိကျကျ ဖြတ်သတ်ပစ်ရမယ်၊ ဒီလောက်ဆို မင်းနားလည်ရောပေါ့၊

မင်းကို အများတကာက မင်းအသက်ငါ့ပေးဆရာကြီးဆိုပြီး အမည်ပေးထားတဲ့အတိုင်း တကယ်စွမ်းတယ်ဆိုရင် စံအိမ်ကြီးကိုရောက်အောင်လာခဲ့၊ ငါတို့ဆီကို ရောက်အောင်လာရမယ့်လမ်းကို မင်းကိုယ်တိုင် စုံစမ်းရှာဖွေထားလို့ သိချင်လည်းသိမယ်၊ မသိရင် မင်းကို အထူးစေတနာထားပြီး ပြောလိုက်မယ်၊ စံအိမ်ကြီးဆီကို ညဥ့်နက်သန်းခေါင်အချိန်မှာ ရောက်အောင်လာပါ၊ မင်းအဖို့ ဝင်လမ်းတစ်ခုကို ဖန်တီးပေးလိုက်မယ်၊

တို့ကို ကြောက်ရင်တော့ မလာနဲ့ပေါ့ကွာ၊ မင်းဟာ တကယ်ပဲ သတ္တိရှိတယ်ဆိုရင် ငါတို့ပြောတဲ့အချိန်မှာ အရောက်လာခဲ့ပေတော့၊ တို့က မင်းကို စိန်ခေါ်တယ် - ဒါပဲ၊

ကျွန်းပြန်ကြီး ဝေလု
မြနိုင်က ဆရာတင်မှ

အိပ်ရာပေါ်တွင် ခေါင်းကို နောက်ကျောမှီ၍ ထိုင်ရင်း စာဖတ်နေသည့် ကိုမြနိုင်သည် အားရပါးရ ပြုံးလိုက်မိပါ၏၊ ပြီးနောက်တွင် ဟက်ဟက်ပက်ပက်ကြီး ရယ်လိုက်မိပေသည်၊



"ဟား - ဟား - ဟား - တယ်လာတဲ့ကောင်ပါလား၊ မြနိုင်ကိုလာပြီးသင်တာကိုး၊ ကြိုက်ပြီဟေ့ - ဒီလိုသတ္တိမျိုးမှ မြနိုင်တို့က ကြိုက်တယ်၊ မင်းအားစိန်ခေါ်တော့ မင်းအသက်ငါ့ပေးဆရာကြီးမြနိုင်ဆိုတဲ့ငါ့အနေနဲ့ လိုက်လျောရမှာပေါ့ကွာ - ဟား - ဟား - ဟား - ဟား"

— ⊙ —

ကိုမြနိုင်သည် ကျွန်းပြန်ကြီး ဝေလုထံမှ သူ့အား စိန်ခေါ်သည့်စာကို ဖတ်ရင်း အားရပါးရ ရယ်မောမိပေသည်၊ ထို့နောက် သူသည် စာဖတ်ရင်း မသောက်ဘဲထားသည့် စီးကရက်တိုကို ပြာခွက်ထဲသို့ ထိုးချေထည့်လိုက်ရာက ကျွန်းပြန်ကြီးထံမှစာကို မီးခြစ်၍ ရှို့ပစ်လိုက်ပါ၏၊

သူ့အနေနှင့်စံအိမ်ကြီး၏အရှုပ်အထွေးဇာတ်လမ်းအား ပို၍ရှုပ်ရှုပ်ထွေးထွေးလုပ်နေသော ကျွန်းပြန်ကြီးဝေလုဆိုသူနှင့် သူ့အပေါင်းပါတို့အား အပြတ်အသတ် ရှင်းရပေတော့မည်၊ သို့သော် သူ့အနေနှင့် တစ်ချက်ဆုတောင်းမိသည်မှာ ကျွန်းပြန်ကြီးဝေလုတို့နှင့် အပြတ်အသတ်ရင်မဆိုင်ရခင်တွင် ကျွန်းပြန်ကြီးတို့ရှာဖွေနေသည့်ရှေးဟောင်းပစ္စည်းရတနာများစံအိမ်ကြီးတွင်းတွင် ရှိနေသည့်ကိစ္စ၊ ထိုရတနာများမသမာသူလက်ထဲသို့ရောက်ရှိမသွားရေးပင်ဖြစ်သည်၊ ထို့နောက် ယင်းတို့ရာဇဝတ်ကောင်များကို ရှင်းလင်းဖယ်ရှားပစ်ရေးပင်ဖြစ်သည်၊ စုံထောက်အဖွဲ့၏ ကြိုးပမ်းဆောင်ရွက်မှုများ၏အားနည်းချက်အချို့ကို အပြစ်မဆိုသာသော်လည်း ပစ်ပယ်၍မရပေ၊ ယခုအခါ စံအိမ်ကြီးတွင်းသို့ စုံထောက်အဖွဲ့မှ ဦးကျော်အောင်၊ မောင်သောင်းတန်တို့ပင် ခင်ရောက်ရှာဖွေကာ စုံစမ်းမှုများ ပြုလုပ်နေပေပြီ၊

ထို့အတူ သွယ်နှင့်နွယ်ဟူသော အချောအလှလေးညီအစ်မနှစ်ယောက်ကိုပါ တစ်နေရာ လုံခြုံရာသို့ပို့ထားပြီးဆိုသည်ကိုလည်း သိရှိရပေသည်၊ သွယ်နှင့်နွယ်တို့ညီအစ်မ၏ဖခင် ဦးလှမြင့်ထယ်နှင့် ကိုမြနိုင်သည် ဆွေမျိုးရင်းချာသားကဲ့သို့လုံးဝရင်းနှီးသောသူများဖြစ်ခဲ့ပေသည်၊ ဦးလှမြင့်ထယ် မကွယ်လွန်မီကပင် သွယ်နှင့်နွယ်ကိုနမကလေးအရင်းအချာကဲ့သို့စောင့်ရှောက်ပြီး အမျိုးဘာသာ သာသနာအတွက် ဤစံအိမ်ကြီးတစ်နေရာတွင် ရှိနေသော မြေအောက်ခန်းရှိ ရတနာများကို ရှာဖွေထိန်းသိမ်းစောင့်ရှောက်ပြီး နောင်တွင်လှူဒါန်း ... အသုံးချ ... တစ်နေ့တွင်အမျိုးဘာသာ သာသနာအလို့ငှာ ... အမှာစကားရှိသည်၊ ကိုမြနိုင်ကလည်း အသက်နှင့်ရင်း ...

www.burmeseclassic.com

ရတနာများကိုတိုင်းပြည်အတွက်အသုံးချပါမည်ဟုကတိပေးခဲ့သည်။ သွယ်နှင့်နွယ်ကိုလည်း နမကလေးအရင်းအချာများကဲ့သို့ စောင့်ရှောက်ပါမည်ဟု ပြောကြားခဲ့ပေသည်။

သို့သော် ယနေ့ရက်ပိုင်း လပိုင်းအတွင်းတွင် အခြားသောကိစ္စများအရေးကြီးတာဝန်များ ထမ်းဆောင်နေရသောကြောင့် ကိုမြနိုင်သည် ဘီလူးရယ်စံအိမ်ကြီးဆီသို့ မရောက်ခဲ့ပေ။ သွယ်နှင့်နွယ်တို့နှင့်လည်း အဆက်အသွယ်ပြတ်တောက်နေခဲ့သည်။

အထူးသဖြင့် ဦးလှမြင့်ထယ်အဖို့ ကိုမြနိုင်ကို ကိုမြနိုင်ဟု မသိဘဲ ကိုမခဟုသာ တစ်အိမ်သားလုံးက ခေါ်ဝေါ်နေခြင်းသည် အကြောင်းရှိပေသည်။ ကိုမြနိုင်သည် သူ၏အစွမ်းသတ္တိထူးများကို လူသိမခံလိုသောကြောင့် ဖြစ်ပေသည်။ သည်ကဲ့သို့ ကိုမြနိုင် ဘီလူးရယ်စံအိမ်ကြီးဆီသို့ မရောက်သည့်အချိန်များတွင် ပြဿနာများ ရှုပ်ထွေးသွားသည်ကို သိရှိလိုက်ရပေသည်။

ကျွန်းပြန်ကြီးဝေလုနှင့် သံမဏိလှဘော်တို့သည် မြေအောက်ဒုစရိုက်အောင်ကြေ့လန်များဗိုဗိုရက်စက်ကြမ်းကြုတ်သောတပည့်တပန်းများ မွေးမြူကာဥပဒေကိုလက်တစ်လုံးခြားလုပ်လျက်ဒုစရိုက်မှုများကျူးလွန်နေကြရာ ယခုအခါ စံအိမ်ကြီး၏ လျှို့ဝှက်ချက်များကို တစ်ဆင့်စကား တစ်ဆင့်နားဖြင့် သိရှိပြီး ပစ္စည်းဥစ္စာရတနာများလုယူရန် ညာက်နီညာက်နက်သုံးလျက် ရန်ကုန်မြို့သို့ ရောက်ရှိနေကြပြီဖြစ်ပေသည်။

စံအိမ်ပိုင်ရှင်ကြီးဦးလှမြင့်ထယ်၏မြို့ကြီးတစ်နေရာတွင် ရှေးခေတ်မြန်မာတော်လှန်ရေးတပ်သားများလွတ်လပ်ရေးအတွက်အသုံးချရန်ရတနာသေတ္တာများ တိတ်တဆိတ် သိုဝှက်ထားသည်ကို မြေအောက်ကမ္ဘာက သိရှိနေသည်မှာ မဆန်းကြယ်လှပါပေ။ မြန်မာပြည် အကျဉ်းထောင်အသီးသီးတွင် အတောင့်ကျလှူမိုက်လှူဆိုးများကတစ်ဆင့်စကားတစ်ဆင့်ပြောကြားထား၍ဖြစ်သည်။ မြင့်မြတ်သောရည်ရွယ်ချက်ဖြင့် သိုဝှက်ထားသောရတနာများကို သူခိုးဝှက် မိစ္ဆာကောင်များလက်ထဲသို့ မည်သည့်နည်းနှင့်မျှ ရောက်၍မဖြစ်ပေ။ အသက်နှင့်လဲကာ ကာကွယ်ရပေမည်။

ကိုမြနိုင် တစ်ခုနားလည်ထားသည်မှာ စံအိမ်ကြီး၏ မြေအောက်ခန်းတစ်နေရာတွင် ရတနာသေတ္တာ မြှုပ်နှံထားခြင်းပင် ဖြစ်ပေသည်။ သို့သော် နေရာအတိအကျကို ဦးလှမြင့်ထယ်က ပြောပြမသွားပေ။ ထိုအချက်သည် ထဲကပင် အခက်တွေ့နေရခြင်း ဖြစ်ပေသည်။



ကျွန်းပြန်ကြီးဝေလုနှင့် သံမဏိလှဘော်တို့သည် ယခုအချိန်တွင် စံအိမ်ကြီးအတွင်းသို့ပင် ရောက်ရှိနေကြပေမည်။ ရတနာသေတ္တာကိုရှာဖွေကောင်း ရှာဖွေနေကြပေသည်။ ထိုမိစ္ဆာကောင်နှစ်ကောင်သည် စံအိမ်ကြီးအတွင်းတွင် မည်သို့လှုပ်ရှားညစ်ပတ်နေကြသနည်းဆိုသော အကြောင်းပင်ဖြစ်ပေသည်။

ကိုမြနိုင်သည် သူ့လက်မှ လက်ပတ်နာရီကို ကြည့်လိုက်ပါ၏။ နေ့ခင်းတစ်နာရီကျော်လောက်သာ ရှိပေသည်။ ကျွန်းပြန်ကြီးတို့၏ ချိန်းဆိုချက်အရဆိုပါလျှင် နောက်ထပ်(၂၃)နာရီလုံးလုံး အချိန်ဖြုန်းကာ စောင့်ရပေဦးမည်။ တော်တော်ပင် ပျင်းစရာကောင်းနေပေသည်။

"အချိန် - တစ်ရက်နီးပါးလောက်လိုတယ်"

ထို့ကြောင့်ပင် သူသည် ညရေးညတာအတွက် အင်ပြည့်အားပြည့် ဖြစ်စေရန် တရေးတမော အိပ်မည်ဟု ဆုံးဖြတ်ချက်ချကာ အိပ်ရာပေါ်သို့ လှဲချလိုက်ပေတော့သည်။

— ⊙ —

ည ... အကာလည ...။

ရွှေလက မဝင်း၊ ကြယ်ပြောင်က မလင်းသည်ကြောင့် တစ်မိုးလုံးမှာ မည်းမည်းမှောင်ကာ ကတ္တီပါလိုက်ကာမည်းကြီး လွှမ်းခြုံထားသကဲ့သို့ ထင်နေရ၏။ အင်းလျားမြေတစ်ဝိုက်သည် သစ်ပင်ကြီးငယ်များဖြင့် စိမ်းစို သာယာသောနေရာဝန်းကျင်တစ်ဝိုက်ဖြစ်နေသောကြောင့် တော်တော်ပင်စိတ်ချမ်းမြေ့စရာကောင်းလှ၏။

အထူးသဖြင့် မြို့တော်ရန်ကုန်၏ လူ့မလိုင်ခဲများ၊ ထိပ်တန်းအရာရှိကြီးငယ်များနှင့် ပိုက်ဆံဝါလားများသာ နေထိုင်သည့် ရပ်ကွက်ကြီးဖြစ်သည်ကြောင့် အင်မတန်စည်းကမ်းရှိလှကာ အထက်တန်းကျသော ရပ်ကွက်ကြီးတစ်ခုပင် ဖြစ်ပေသည်။

အခြားအခြားသော ဆင်းရဲသားရပ်ကွက်များ၌ ညဉ့်ပိုင်း ကိုးနာရီ၊ ဆယ်နာရီဆိုလျှင် အိပ်ဖို့ နားဖို့ကို ဂရုမစိုက်နိုင်ကြသေးဘဲ ညစာအတွက် စားသောက်ရန် ချက်ပြုတ်ကြသူများ၊ ဟိုအကြောင်း၊ သည်အကြောင်းအတွက် အလုပ်များကြသူများနှင့် သောသောညံကာ တာတေလန်အောင် ဆူညံ၍ ကောင်းနေဆဲအချိန် ဖြစ်ပါ၏။

သခုလို အင်းလျားမြေရပ်ကွက်ကြီး၌ ဆိုပါလျှင် စားဝတ်နေရေးမှ ပူပန်ရေးအတွက် ဖူဖူလုံလုံ မျှမျှတတ ဖြစ်နေကြသည်ကြောင့် ညဉ့်ပိုင်း



www.burmeseclassic.com

www.burmeseclassic.com

ကိုးနာရီ၊ ဆယ်နာရီဆိုလျှင် စည်းစိမ်နှင့် အိပ်စက်၍ ကောင်းစပြုသည့်အချိန် ဟုဆိုပါက မများပေ။ ဒါတင်မျှမက မအိပ်စက်ကြသေးသူများအဖို့ အပျင်းဖြေ စန္ဒရားတီးကာ သီချင်းသံ တဖအေးအေးနှင့် နေကြသူများလည်း ရှိတတ်ပေ သေးသည်။

အထူးသဖြင့် ဤဇာတ်လမ်းဖြစ်ပေါ်နေသည့်ခေတ်အခါအချိန်ကာလမှာ နယ်ချဲ့၏အရိပ်အယောင် လွှမ်းမိုးထားသည်နှင့်အညီ နယ်ချဲ့၏အပျော်အပါး ဖြစ်သည့် ဘော်လ်ဒန့်စ်၊ တက်စ်ဒန့် စသည့် ကောဇတေးပါတီများ ပေး၍ ပျော် ပွဲကြီး ကျင်းပနေသော ခြံကြီးခြံငယ်များကလည်း ရှိတတ်ပေသေးသည်။

ခြံကြာ ငုံကာနှင့် ပုံပမာပြုရမည်ဆိုပါလျှင် စည်းစိမ်ရှိရှိနှင့် အင်မတန်မှ စိတ်ချမ်းမြေ့စရာကောင်းသော ရပ်ကွက်ကြီးတစ်ခုပင် ဖြစ်ပေသည်။

— ⊙ —

ကျွန်းပြန်ကြီးဝေလုဏ်စိန်ခေါ်ခြင်းခံထားရသော ကိုမြနိုင်သည်အင်းလျား လမ်းပေါ်သို့ ညဉ့်ကိုးနာရီလောက်ကတည်းက ရောက်ရှိလာပါ၏။ သူ့အဖို့ ဘီလူးရယ်ခြံကြီးအတွင်းသို့ ကြိုတင်စီမံစရာရှိသည်များကို စီမံရန် ဖြစ်ပေ သည်။

ထို့ကြောင့်ပင် သူသည် ညဉ့်ကိုးနာရီလောက်ကတည်းက အင်းလျား လမ်းပေါ်သို့ ရောက်လာကာ ဘီလူးရယ်စံအိမ်ကြီး၏ အနီးအပါးသို့ ရောက် အောင် ကြိုးပမ်းချဉ်းကပ်စ ပြုနေပြီဖြစ်ပါ၏။

အင်မတန်နာမည်ကြီးသော ဘီလူးရယ်ခြံကြီးအတွင်းရှိတိုက်ကြီးသည် ယခုဆိုလျှင်မီးများမှိတ်ကာငြိမ်ငြိမ်သက်သက်ကြီး ဖြစ်နေပါ၏။ စံအိမ်ကြီး၏ အရှင်သခင်မနှစ်ဦး ရှိစဉ်အချိန်ကဆိုလျှင် ယခုလိုအချိန်သည် အင်မတန်ပင် သာယာနေသောအချိန် ဖြစ်၏။ စံအိမ်ကြီး၏ အထက်ထပ် အောက်ထပ် လျှပ်စစ်မီးများမှာလည်း တထိန်ထိန်ဖြစ်ကာ စံအိမ်ကြီးရှိထမင်းချက်၊ ခြံစောင့် တို့မှာ မအိပ်စက်ကြသေးပေ။

ပန်းမျိုးစုံ ဖူးပွင့်လှိုင်ဝေနေသော ပန်းခြံထဲသို့ဆင်းကာ ပန်းရနံ့အမျိုးမျိုး ဟို ရှူရှိုက်ရင်း အပန်းဖြေစကားပြောနေကြသည်။ ယခင်က သွယ်နှင့်နွယ် တို့ မကြာခဏ တွေ့ရတတ်ပါ၏။ ယခုတော့ ဤသို့ မဟုတ်ပေ။



အမည်နာမအားဖြင့်ကြောက်စရာကောင်းအောင် သတင်းကြီးနေသော ဘီလူးရယ်ခြံနှင့် စံအိမ်ကြီးသည် လျှပ်စစ်မီးမှာ ငြိမ်းကာ မည်းမည်းမှောင်နေ ပါ၏။ ခြံအတွင်းနှင့် အိမ်အပေါ်ထပ် အောက်ထပ်တွင် သွားလာလှုပ်ရှားမှုများ ကင်းရှဲသာမက အထပ်ထပ် အောက်ထပ်ရှိ တိုက်တံခါးများမှာ လုံလုံခြုံခြုံ ပိတ်ထားသည်ကို တွေ့ရပါ၏။

စံအိမ်ကြီးသည် ယခုလို လုံလုံခြုံခြုံပိတ်ဆို့ကာ တိတ်တဆိတ်ဖြစ်နေရ ခြင်းမှာ ထူးခြားသောအကြောင်းများ ရှိနေ၍ ဖြစ်ပါသည်။ ထိုအကြောင်းမှာ စံအိမ်ကြီး၏ သခင်မနှစ်ပါးဖြစ်သည့် သွယ်နှင့်နွယ်သည် ဘယ်ရပ်ဌာနီသို့ ရောက်နေမှန်း မသိရပဲ သူတို့ညီအစ်မနှစ်ဦးကိုစုံထောက်ကြော်နှစ်ဦးက စိတ် ချလုံခြုံရသော တစ်နေရာသို့ပို့ထားသဖြင့် ကိုမြနိုင်အဖို့စိတ်ချ ယက်ချ ရှိရပေ သည်။ ထို့အတူခြံစောင့်ကြီးဦးသာဖျော အသတ်ခံရ၍သေဆုံးရခြင်းဆိုသည့် ထိတ်လန့်စရာသတင်းကို ကြားရသဖြင့် သွယ်နှင့်နွယ်တို့ကို လုံခြုံရာသို့ ပို့ ဆောင်ထားခြင်းကပင် ပို၍ကောင်းမွန်နေပေသေးသည်။ ထို့အတူ ကားဒရိုင် ဘာလင်မယား၊ အိမ်ဖော်အဘွားကြီးတို့ပါ မရှိတော့ပါချေ။

ယခုဆိုလျှင် စံအိမ်ကြီးဆီတွင် ထမင်းချက်လင်မယားလည်း တောသို့ ခေတ္တပြန်သွားကြပေရာ မည်သူမျှ မရှိကြတော့ပေ။ ခြံစောင့်ကြီးလည်း အသတ်ခံရ၍ သေဆုံးသွားလေရကား အားလုံးက ကြောက်ရွံ့နေကြမည်မှာ မလွဲပေ။ မိန်းမသားများ ဖြစ်ကြသော သွယ်နှင့်နွယ်ဆိုလျှင် ပို၍ထိတ်လန့် လိမ့်မည်။

အချိန်အားဖြင့် ဆိုပါလျှင် ညဉ့်ဆယ်နာရီခန့် ရှိပေပြီ။

ဘီလူးရယ်ခြံကြီးမှာ တိတ်ဆိတ်ငြိမ်သက်နေရုံမျှမက ခြံအတွင်းဘက် ဆီသို့လှမ်းမြင်နိုင်သည့်စံအိမ်ကြီး၏ဆင်ဝင်အောက်မှာ လျှပ်စစ်မီးမှာလည်း မှိတ်ထားသဖြင့် တစ်ခြံလုံးမှာ မည်းမည်းမှောင်မှောင်ကြီး ဖြစ်နေပေသည်။

အင်းလျားလမ်းပေါ်မှ ဟပ်ရှူးခွာသံ တခေါက်ခေါက်နှင့် အေးအေးဆေး ဆေး လျှောက်လာသော ကိုမြနိုင်သည် ဘီလူးရယ်ခြံကြီးအနီးဆီသို့ တဖြည်း ဖြည်း ချဉ်းကပ်လာနေပါ၏။ လမ်းပေါ်တွင် လူသွားလူလာ တိတ်ဆိတ်နေ ရှင်းလင်းလှပေသည်။ တစ်ခါတစ်ရံ တစ်စီးတလေသာ ဖြတ်သွား ရှိသော ကားများသာ တွေ့ရတတ်ပါ၏။

ကိုမြနိုင်သည် လမ်းပေါ်တွင် လူသွားလူလာရှင်းလင်းခြင်းနှင့် ကားလာ ကြဲပါးခြင်း၊ ရှင်းလင်းခြင်းကို အခွင့်ကောင်းယူ၍

www.burmeseclassic.com

www.burmeseclassic.com

အနီးသို့တိတ်တဆိတ် လျင်မြန်စွာ တိုးကပ်လိုက်ခြင်းဖြစ်ပေသည်။ ပြီးနောက် သူ၏စူးရှကြည်လင်သောမျက်ဝန်းများက အနီးအနားတွင် သူ့အား ဂရုစိုက်၍ ကြည့်နေသည့်သူ ရှိ,မရှိကို အကဲခတ်ကြည့်ရှုလိုက်၏။

စုံထောက်ကျော်နှစ်ဦးလည်း နေအိမ်သို့ပြန်သွားကြပြီထင်သည်။ လှုပ်ရှားမှုအရိပ်အယောင်ကို လုံးဝမတွေ့ရပေ။

ရှင်းလင်းခြင်း၊ တိတ်ဆိတ်ငြိမ်သက်ခြင်းနှင့် သူ့အား မည်သူမျှ စောင့်ကြည့်နေမှန်း မရှိသည်ကို သေချာစွာ ကြည့်လိုက်သည်နှင့် ကိုမြနိုင်သည် ခြံ၏စည်းရိုးကို ကျော်လွှန်ကာ ကြောင်ကလေးတစ်ကောင်လို ပေါ့ပါးဖျတ်လတ်စွာ ခုန်ကျော်ဝင်လိုက်လေသည်။

— ⊙ —

ခြံကြီးသည်တိတ်ဆိတ်ငြိမ်သက်နေရုံမျှမက ကြောက်မက်ဖွယ် အဆင်းသဏ္ဌာန်ဖြင့် တည်ရှိနေသည်ကို တွေ့လိုက်ရ၏။ သို့သော်လည်း သူ့အဖို့စိတ်ချမ်းမြေ့စရာ၊ စိတ်သက်သာရာရသည့်အချက်မှာ ဘီလူးရယ်စံအိမ်ကြီးသည် လျှပ်စစ်မီးများ ငြိမ်းထားသည့်ပြင် လူရိပ်လူခြည် ငြိမ်ငြိမ်သက်သက် ဖြစ်နေသည်ကို တွေ့လိုက်ရ၏။

ကိုမြနိုင်သည်ခြံအတွင်းသို့ လွယ်ကူချောမွေ့စွာ ဝင်ရောက်လိုက်သည်နှင့် စိတ်သက်သာရာရကာ ခြေစုံရပ်လိုက်မိပေသည်။ ပြီးမှ - ကြည်လင်စူးရှသောမျက်လုံးများဖြင့် ခြံကျယ်ကြီးနှင့်တကွ တိုက်ကြီးကို မမိုတ်မသုန်စိုက်ကြည့်ကာ သူ့နှုတ်သည် တလှုပ်လှုပ် တရွရွ ဖြစ်သွားပါ၏။

မင်းအသက်ငါပေးဟူ၍အများတကာကအထင်ကြီးခေါ်လောက်အောင် ကိုမြနိုင်သည် နေရာတကာတွင် အသေးစိတ်လောက်အောင် သတိကြီးလှပေသည်။ ထို့ကြောင့်ပင် သူသည် ယခုလို ပြုမူလိုက်ခြင်း ဖြစ်ပါ၏။

ကိုမြနိုင်သည် ခြံကြီးအတွင်း မည်းမှောင်တိတ်ဆိတ်နေခြင်းကို အခွင့်ကောင်းယူကာ သစ်ပင်တစ်ပင်မှတစ်ပင်သို့ သေသပ်ပိရိစွာ တိုးကပ်ရင်း စံအိမ်ကြီးအနီးသို့ တဖြည်းဖြည်း ရွေ့လျားနေပါ၏။ ကိုမြနိုင်သည် ခြံစောင့်ကြီး ဦးသာပျောအား ကြိတ်၍ ကျေးဇူးတင်နေမိပေသည်။ သူ့အနေဖြင့် ခြံစောင့်ကြီးအား ယခုလို ကြိတ်၍ကျေးဇူးတင်မိခြင်းမှာ အခြားကြောင့် မဟုတ်ပေ။ ခြံစောင့်ကြီးဦးသာပျောသည် ခြံအတွင်းရှိအမှိုက်သရိုက်များကို ကျကျနန ရှင်းလင်းထားခြင်းကြောင့် သွားလမ်းလာလမ်းမှာ တစ်စုံတစ်ရာ အနှောင့်အယှက်မရှိ၍ဖြစ်ပေသည်။ အကယ်၍ခြံကြီးအတွင်းရှိသွားလမ်းလာလမ်းသည် ချုံနွယ်ပိတ်ပေါင်းများ ရောပွန်းကာ ခလုတ်တံသင်းများ ရှိနေမည်ဆိုပါလျှင် တစ်စုံတစ်ခု ဘေးအန္တရာယ်က ကျရောက်နိုင်ပေသည်။ ထို့ကြောင့်ပင် ခြံစောင့်ကြီးအား ကြိတ်၍ကျေးဇူးတင်နေမိခြင်း ဖြစ်ပါ၏။

ကိုမြနိုင်သည်သစ်ပင်တစ်ပင်မှတစ်ပင်သို့ကူးလူးကာမှောင်ရိပ်ကိုခိုရင်း တဖြည်းဖြည်း သွားနေရာမှ ဘီလူးရယ်တိုက်ကြီး၏အနီးသို့ ရောက်ရှိသွားပါ၏။ ခြံကြီးအတွင်းရှိ သစ်ပင်ကြီးငယ်များတွင် ဘာသာဘာဝနေထိုင်ကြသော ညငှက်များမှာ ကိုမြနိုင်၏ လှုပ်ရှားမှုများကို တွေ့ရှိကြဟန်တူပေသည်။ တစ်ခါတစ်ရံတွင် အသံဗလံ မျိုးစုံအော်မြည်ကာ ဟိုအပင်မှ ဒီအပင်သို့ ကူးပြောင်းကြသည်ကို တွေ့နေရ၏။

ကိုမြနိုင်သည် သူ့ကိုမြင်၍ အထိတ်တလန့်ဖြစ်ကာ ရုတ်ရုတ်သဲသဲဖြစ်သွားကြသော ညငှက်ကလေးများ၏ လှုပ်ရှားမှု၊ ရုန်းရင်းဆန်ခတ်မှုကို ဂရုမစိုက်နိုင်ပေ။ သူ့အဖို့ အရေးကြီးနေသည်က စံအိမ်ကြီးအတွင်းသို့ အမြန်ဆုံးဝင်ရောက်နိုင်ရေးပင် ဖြစ်ပါ၏။ ထို့ကြောင့်ပင် သူသည် တိုက်ကြီးနားသို့ အရောက်တွင် အတွင်းသို့လွယ်ကူစွာဝင်ရောက်နိုင်မည့်လမ်းကို ရှာဖွေနေပါ၏။ သူ့အဖို့ သိပ်ပြီးခက်ခက်ခဲခဲ ရှာမနေရပေ။ အဘယ်ကြောင့်ဆိုသော် ဤစံအိမ်ကြီးတွင် သူသည် အကြိမ်ပေါင်းများစွာ ရင်းနှီးစွာ ဝင်ထွက်နေသောကြောင့်ပင် ဖြစ်ပါ၏။

ကိုမြနိုင်သည် တိုက်ကြီး၏ဘေးဘီဝဲယာသို့ ရှူးဖိနပ်သံမကြားရအောင် ခြေကိုဖော့နင်းကာ တဖြည်းဖြည်း လျှောက်လာရာမှ ဝင်လမ်းအတွက် လွယ်ကူသောနေရာကိုတွေ့လိုက်ရ၏။ ထိုနေရာမှာ အခြားသောနေရာမဟုတ်ပေ၊ စံအိမ်ကြီး၏ဧည့်ခန်းပင် ဖြစ်ပေသည်။

ကိုမြနိုင်သည် စံအိမ်ကြီး၏ဧည့်ခန်းအပြင်ဘက်ရှိ အုတ်နံရံသို့ကပ်ကာ အခြေအနေကို သတိထား၍ကြည့်နေမိ၏။ ငွေကြေးချမ်းသာသူများ နေထိုင်သည့်ပုံစံအတိုင်း တိုက်ကြီးသည် ဆောက်လုပ်ထားသည်သာမက ရည်ရွယ်ချက်ရှိရှိဖြင့် မြေအောက်ခန်းများပါ ပါဝင်ရကား ဟိတ်ဟန်ကောင်းလှပေသည်။ ဘေးဘက်တွင် တစ်ချပ်တည်းသော မှန်ပြတင်းကို တွေ့ရ၏။

ကိုမြနိုင်အဖို့ မှန်ပြတင်းကို တွေ့တွေ့၊ ဒါမှမဟုတ် သံမဏိဖြင့် အရည်ကျိုကာ ပိတ်ဆို့ထားသော တံခါးမကြီးကို တွေ့တွေ့ သူ၏ထူးခြားအံ့ဖွယ်ကောင်းသော အစွမ်းသတ္တိဖြင့် လွယ်ကူစွာ ဖွင့်နိုင်သည်မှာ အမှန်ပင်ဖြစ်၏။





www.burmeseclassic.com

www.burmeseclassic.com

သို့သော် လက်တွေ့လုပ်ဆောင်လိုသော ဆန္ဒများက တစ်ခါတစ်ရံပေါ်ပေါက်တတ်သောကြောင့် ဤစံအိမ်ကြီးအတွင်းသို့ ရောက်အောင် လက်တွေ့ပင် လုပ်ကိုင်ဆောင်ရွက်မည် ဖြစ်ပါ၏။

သူသည် မှန်ပြတင်းအနားသို့ တိတ်တဆိတ် တိုးကပ်လိုက်ကာ အတွင်းတံခါးရျက်နှင့် နီးကပ်သည့် မှန်ချပ်အနားသို့ရောက်အောင် သူ့ခန္ဓာကိုယ်ကို လျှင်မြန်စွာ ရွှေ့လျားလိုက်၏။ စံအိမ်ကြီးထဲတွင် မည်သည့်အသံမှ မကြားရချေ။ တိတ်ဆိတ်လျက်ရှိ၏။

ကိုမြနိုင်သည် သူ၏ တိုက်ပုံအင်္ကျီအိတ်အတွင်းမှ ဘူးကလေးတစ်ခုကို ဆွဲထုတ်လိုက်သည်။ ထို့နောက်တွင်ထောက်ခနဲမြည်သံနှင့်အတူ ဘူးကလေးက ပွင့်ဟသွားပေသည်။

ကိုမြနိုင်သည် ဘူးကလေးအတွင်းမှ မှန်ကို ကပ်သော ပလာစတာလိပ်တစ်ခုကို ဆွဲထုတ်လိုက်၏။ ပြီးမှ – ပလာစတာအစကို ဆွဲကာ ပြတင်းတံခါးချက်နှင့်နီးသည့် မှန်ချပ်အပေါ်တွင် လေးဇက်လေးတန်ဖြစ်အောင် တိတိကျကျကပ်လိုက်၏။ ထို့နောက်တွင် လေးထောင့်ကျနေသော ပလာစတာပေါ်တွင် ပလာစတာအတိုနှစ်ခုကို ဟိုဘက်သည်ဘက် ကပ်လိုက်၏။ သူ့အဖို့ မှန်ချပ်ကွဲလာလျှင် လက်နှင့်ကိုင်၍ရနိုင်သောအခြေအနေသို့ ရောက်ရှိနေပြီဖြစ်ပါ၏။

ထို့နောက်တွင် သူသည် ဘူးကလေးအတွင်းမှ မှန်ဖြတ်သည့်စိန်ကလေးကို ဆွဲထုတ်လိုက်ကာ မှန်ချပ်အား ပလာစတာအပြင်ဘက်မှ ပတ်၍ တဖြည်းဖြည်း ဖြတ်ပစ်လိုက်၏။ တဂျစ်ဂျစ်မြည်သံကလေးသည် မိနစ်ပိုင်းအတွင်း ကြာသော် မကြာမီမှာပင် ထောက်ခနဲမြည်သံတစ်ချက် ကြားလိုက်ရကာ သူ့လက်တွင်းသို့ လေးထောင့်စပ်စပ်ဖြစ်နေသည့် မှန်ချပ်ကလေးက ရောက်လာပါ၏။ တကယ်တော့ ကိုမြနိုင်သည် သူခိုးလမ်းပြသဖွယ် မလုပ်လိုသော်လည်း လက်တွေ့လှုပ်ရှားလုပ်ကိုင်လိုသော ဆန္ဒဇောကြောင့် ယခုလို လုပ်လိုက်ရခြင်း ဖြစ်ပေသည်။

“အင်း – ခုဆိုရင် အသင့်ဖြစ်ပြီ။ စံအိမ်ကြီးက တိတ်ဆိတ်နေတာပဲ။ အထဲမှာ လူရှိနေသလား မသိဘူး။ မသမာကောင်တွေ တစ်နေရာရာက စောင့်ကြည့်နေပြီထင်တယ်”

ကိုမြနိုင်သည် တိုတောင်းသော အချိန်ကလေးအတွင်း ရရှိလာသော အခွင့်အရေးကို လက်လွှတ်မခံချင်သဖြင့် ခွဲထားသော လေးထောင့်မှန်ပေါက်



မှ လက်လျှိုကာ ချက်ကို အသာအရာ ဖြုတ်လိုက်၏။ ပြီးမှ လက်ကို ရုတ်ကာ ပြတင်းကို ဖွင့်လိုက်ပေသည်။ ထို့နောက်တွင် သူသည် မှန်ပြတင်းမှ ကျော်၍ဝင်ကာ ပြတင်းပေါက်ကို ညင်သာစွာ ပြန်ပိတ်လိုက်၏။

— ⊙ —

ကိုမြနိုင်သည် တဒေါက်ဒေါက်မြည်သော ဟပ်ရှူးစွာသံဖြင့် ဧည့်ခန်းဖော် သမံတလင်းပေါ်တွင် ဖော့၍နင်းကာ ဧည့်ခန်းဆီသို့ လျှောက်လာလေသည်။

အခန်းသည် မှောင်မည်းကာ တိတ်ဆိတ်လျက်ရှိပေသည်။ သူသည် ပါလာသော ဓာတ်မီးခြစ်ဖြင့် မီးခြစ်ကာ ဖယောင်းတိုင်ဖြင့် မီးညှိလေသည်။ ထိုအခါမှ အခန်းသည် ဖယောင်းတိုင်မီးဖြင့် အနည်းငယ်လင်းလာပေသည်။

ကိုမြနိုင်သည် ဖယောင်းတိုင်မီးကိုမြှင့်ကာ ဧည့်ခန်းကိုလှည့်ပတ်ကြည့်ရှုစစ်ဆေးလိုက်ပါ၏။ ဤစံအိမ်ကြီးသည် သူနှင့်ရင်းနှီးသော ဦးလှမြင့်ထယ်ရှိစဉ်က ဝင်ထွက်သွားလာနေခဲ့ပေရာ စံအိမ်ကြီး၏အထားအသို၊ အနေအထားပစ္စည်းများကို ယခုထက်တိုင်အောင် သိရှိနေပြီဖြစ်ရာ ခက်ခက်ခဲခဲ လေ့လာစရာပင် မလိုတော့ပါချေ။

“မြေအောက်ကိုဆင်းတဲ့ လျှို့ဝှက်မလွယ်ပေါက်တံခါးချက်က ဒီဧည့်ခန်းမှာရှိတာ မဟုတ်ဘူး။ ဦးလှမြင့်ထယ်ပြောဖူးတာက နောက်ဘေးမီးဖိုခန်းမှာ ရှိတယ်လို့ သူပြောပြဖူးတယ်။ ငါ နောက်ဖေးကို သွားရမယ်။ နောက်ဖေးကနေ ထွက်နိုင်ဝင်နိုင်တဲ့နေရာကို ရှာရမယ်”

ကိုမြနိုင်သည် ဧည့်ခန်းကြီးကို ခြုံငုံကာ မော့ကြည့်လိုက်ပါ၏။ ဧည့်ခန်းကြီး၏နံရံ တည်ဆောက်ထားပုံမှာ ထည်ဝါခန့်ညားလှပေသည်။ အဘယ်ကြောင့်ဆိုသော် ကြောက်မက်ဖွယ် ဘီလူးကြီးတစ်ကောင် ရယ်မောနေသကဲ့သို့ အခန်းကို တည်ဆောက်ထားခြင်းကြောင့်ပေတည်း။ ရောမပါးစပ်ပေါက်ကြီးသည် ဧည့်ခန်းနှင့် နောက်ဖေးဝင်ထွက်ပေါက်ကို ဆက်သွယ်ထားပေသည်။ စံအိမ်ကြီးကို မူလနေထိုင်ခဲ့သော ရှေးခေတ်မြန်မာမင်းမျိုးမင်းနွယ်နှစ်ချစ်သူ့ရဲကောင်းများသည် ဤစံအိမ်ကြီးကို တည်ဆောက်ရာတွင် ရဲစိတ်ခံနိုင်တတ်ကြွစေရန် ရည်ရွယ်ချက် ကြီးမားစွာဖြင့် ဆောက်လုပ်ခဲ့ဟန်တူကြောင်း ဦးလှမြင့်ထယ်က ကိုမြနိုင်ကို ပြောပြဖူးပေသည်။

www.burmeseclassic.com

www.burmeseclassic.com

"ကိုမခရေ - ဒီစံအိမ်ကြီးကို တည်ဆောက်ကတည်းက မြန်မာမျိုးချစ်တော်လှန်ရေးရဲဘော်ထဲက အင်မတန် ငွေကြေးချမ်းသာပြီး မျိုးချစ်စိတ်ပြင်းထန်လွန်းတဲ့ ကနောင်မင်းသားရဲ့ အဆက်အနွယ်တွေက လျှို့ဝှက်ဆောက်ခဲ့တာပဲ။ မြန်မာနိုင်ငံ လွတ်လပ်ရေး ပြန်ရဖို့၊ သူ့ကျွန်ဘဝက လွတ်မြောက်ဖို့ လိုအပ်တဲ့နေရာမှာ သုံးစွဲဖို့ဆိုပြီး ဒီစံအိမ်ကြီးထဲမှာ မြေပုံနဲ့တကွ ရတနာသေတ္တာကို လျှို့ဝှက် မြှုပ်နှံထားတယ်လို့ ခေတ်အဆက်ဆက် ပြောဆိုခဲ့ကြတဲ့ ရှေးအစဉ်အဆက်စကား ရှိခဲ့တယ်ကွဲ့"

ကိုမြခိုင်သည် ဦးလှမြင့်ထယ်၏စကားသံအချို့ကိုပြန်လည်ကြားယောင်ရင်း ဘီလူးရုပ်ကြီး၏ ပါးစပ်ပေါက်မှတစ်ဆင့် နောက်ဖေးထမင်းစားခန်းသို့ သွားရန် ခြေလှမ်းကို စတင်လိုက်ပေသည်။ ကိုမြခိုင်၏ ဟပ်ရှူးဖိနပ်ခြေသံ တရှပ်ရှပ်မှအပ ပတ်ဝန်းကျင်သည် တိတ်ဆိတ်လျက် ရှိနေဆဲပင် ဖြစ်ပါ၏။

နောက်ဖေးလျှို့ဝှက်လှေကားနှင့် နီးလေ ထူးခြားမှုတစ်ခုကို ဆုံရကြုံရတော့မည်ဟု ကိုမြခိုင်၏ စိတ်ထဲကအလိုကို သိနေပေသည်။ ကိုမြခိုင်သည် စမ်းတဝါးဝါး လျှောက်နေရာမှ နားကို စွင့်လိုက်မိသည်။ သူ့နားထဲသို့ မြေအောက်တစ်နေရာဆီမှ တဒုတ်ဒုတ်အသံသည် နာရီစည်းချက်ရိုက်သကဲ့သို့ မှန်မှန်ကြီး ထွက်ပေါ်နေသည်ဟု ခံစားလိုက်ရပေသည်။

"ဒုတ် - ဒုတ် - ဒုတ် - ဒုတ်"

"ဒါ - မြေအောက်ခန်းက ထွက်ပေါ်နေတဲ့အသံပဲ။

"သေချာပါပြီ - ကျွန်းပြန်ကြီးဝေလုနဲ့အဖွဲ့တိတ်တဆိတ်ရောက်နေပါပြီ။ တွေ့ကြသေးတာပေါ့ကွာ"

မှန်ပေသည်။ မြေအောက်ဆီမှ တဒုတ်ဒုတ်ဖြင့် မြေကြီးကို တူးဆွရှာဖွေနေသောအသံသည် တိတ်ဆိတ်နေသောည၊ အာကာလတွင် ပုံမှန်ကြီးထွက်ပေါ်နေပါ၏။ ကျွန်းပြန်ကြီးဝေလုသည် ရှေးဟောင်းရတနာသေတ္တာတို့ မျက်မှန်းယမ်းဆကာ ရှာဖွေနေခြင်းဖြစ်ပေသည်။ ထိုမသမာသူ လူယုတ်မာများလက်ထဲသို့ ရတနာသေတ္တာ ရောက်သွား၍ မဖြစ်ပေ။

ကိုမြခိုင်သည် နောက်ဖေးဘက်ဆီသို့ ခြေလှမ်းကို ခပ်သွက်သွက်သာ လှမ်းနေပါလေသည်။

နောက်ဖေးဘက်သည် လုံးဝမှောင်မိုက်ကာ မြေတွင်းအောင်းပုရစ်များ၏ တဂီဂီအော်မြည်သံ၊ အိမ်မြှောင်စုတ်ထိုးသံ၊ ကြွက်များ ဖြတ်ပြေးသံသာ ကြားနေရပါ၏။ ဆော်ဝေးဝေး စံအိမ်ကြီး၏တစ်နေရာဆီမှ တောက်တဲ့တစ်ကောင်၏ "တောက်တဲ့ - တောက်တဲ့" ဟူသောအသံကိုစိတ်ချောက်ချားဖွယ်ကြားလိုက်ရပါ၏။

ကိုမြခိုင်၏ ဟပ်ရှူးဖိနပ်သံ တဒေါက်ဒေါက်သာ ညဉ့်အမှောင်ထဲတွင် ပုံမှန်ကြီးထွက်ပေါ်နေ၏။ ကိုမြဦးသည် မီးဖယောင်းတိုင်ကိုမြှင့်ပြီး မြေအောက်ဆင်းတံခါးပေါက်သို့ စူးစမ်းသောမျက်လုံးများဖြင့် လှည့်ပတ်ရှာဖွေကြည့်ရင်း ခြေလှမ်းကို မြေဆင်းတံခါးပေါက်သို့ ခြေထောက်ကို ရွှေ့လျားလိုက်စဉ်မှာပင် သူ၏နောက်ကျောဘက်ဆီမှ တွန်းထိုးရွှေ့လျားသံတစ်ခုကို ကြားလိုက်ရပါ၏။

"မြခိုင်" ကိုမြခိုင်၏နောက်ကျောဘက်ဆီမှ အောင်မြင်မာကျောသော ခေါ်သံ၊ အသံဆုံးသည်နှင့် မြခိုင်၏ နောက်ကျောဘက်ဆီသို့ မာကျောသော အရာဝတ္ထုတစ်ခုက ခပ်ဆတ်ဆတ်ကလေး ထောက်လိုက်သည်ကို ခံစားလိုက်ရခြင်း ဖြစ်ပေသည်။ ခြောက်လုံးပြူးသေနတ်တစ်လက်ပင် ဖြစ်ပေသည်။

"လက်မြှောက်ထားလိုက်ပါ - မြခိုင်၊ လက်ကိုနည်းနည်းကလေးမှမလှုပ်လိုက်ပါနဲ့၊ တခြားကိုယ်လက်အင်္ဂါအစိတ်အပိုင်းတွေကိုပါနိုးကြောင်းနိုးကြန်နဲ့ လှုပ်ရှားဖို့ မကြံစည်လိုက်ပါနဲ့၊ ကျုပ်လက်ထဲက သေနတ်က ဒီလိုကိစ္စမျိုးကို ခွင့်လွှတ်မှာ မဟုတ်ဘူး - မြခိုင်၊ နည်းနည်းကလေးမှ မလှုပ်လိုက်ပါနဲ့ - ဟင်း ဟင်း - ဟင်း"

ခနိုးခနဲ့ရယ်သံသာ ပေါ်ထွက်လာသည်။ ကိုမြခိုင်သည် ဖယောင်းတိုင်မီးကို ရှေ့ရှိစားပွဲခုံတွင် တင်လိုက်ပြီး လက်ကို အသာမြှောက်လိုက်ပေသည်။

"ခင်ဗျား - ဘယ်သူလဲ"

"ဟား - ဟား - ဟား - ကျွန်းပြန်ကြီးဝေလုဆိုတာ မြေအောက်လောကမှာ မသိသူမရှိတဲ့ပုဂ္ဂိုလ်ကြီးပဲဗျ။ လူသတ်မှုနှင့် တစ်ကျွန်း ကျတယ်၊ လူသတ်မှု၊ လုယက်မှု၊ ပြန်ပေးမှု၊ မုဒိမ်းမှုတွေနဲ့ စုံစုံလင်လင်ပေါ့ - မြခိုင်၊ ခု - ကျုပ် တစ်ကျွန်းက ထွက်ပြေးလာတာ၊ သံမဏိလှဘော်လည်း အတူတူပါလာတယ်၊ ဗျို့ - မြခိုင် - ဟင်း - ဟင်း၊ မင်း - သေဖို့သာ ပြင်ပေတော့"

ကျွန်းပြန်ကြီးဝေလုသည် ဖယောင်းတိုင်မီးတစ်တိုင် ထပ်၍ထွန်းလိုက်ပါ၏။ အခန်းသည် မီးရောင်ဖြင့် ပို၍လင်းလာတော့သည်။

"ဒီမှာ ဝေလု - လူဆိုတာ သေတစ်နေ့ မွေးတစ်နေ့ပဲတဲ့၊ ဒါ [illegible] မကြောက်လို့ မင်းချိန်းတဲ့အချိန်၊ မင်းချိန်းတဲ့အချိန် လာတာ [illegible]"



www.burmeseclassic.com

ဝေလု၏ မရိုးမခွဲရယ်သံ။

"ဟင်း - ဟင်း - ဟင်း - တယ်လဲသတ္တိကောင်းသကိုး။ စုံထောက်အဖွဲ့ကလည်း ကောင်မလေးနှစ်ယောက်ကို ဘယ်ကိုပို့လိုက်သလဲမသိဘူး။ အေး - တစ်ခုတော့ ကောင်းသွားတာပေါ့ကွာ။ ငါတို့ လွတ်လွတ်လပ်လပ် လှုပ်ရှားရတာပေါ့ - မြနိုင်၊ ဟိုစုံထောက်ငပေါကြီး ဗိုလ်ကြက်ကန်းနဲ့ တစ်ပွဲတစ်လမ်းတော့ စမ်းလိုက်ချင်သေးတယ် - ဟေး - ဟေး - ဟေး"

ဝေလုသည် ကိုမြနိုင်နှင့် မျက်နှာချင်းဆိုင် ရပ်လိုက်ပေသည်။ သည်အခါမှ ကိုမြနိုင်သည် ဝေလု၏ ရုပ်လက္ခဏာသွင်ပြင်ကို မီးရောင်အောက်တွင် ထင်ထင်ရှားရှား မြင်လိုက်ရပါ၏။ ကြေးနီရောင်ပေါက်နေသောမျက်နှာ၊ ဖွေးကဲ့သို့ မေးတေးတေးမျက်နှာ၊ အပေါ်နှုတ်ခမ်းထူ၊ အောက်နှုတ်ခမ်းပါး၊ မျက်လုံးများက ရက်စက်မည့်သဏ္ဌာန်၊ မျက်လုံးများက ခပ်မှေးမှေး ခပ်ကျဉ်းကျဉ်းဖြစ်နေပြီး အရက်သောက်ထားဟန်ရှိသည်။

"မပူပါနဲ့ - ခင်ဗျား - စုံထောက်ကျော် ဗိုလ်ကြက်ကန်းကြီးတို့နဲ့မတွေ့ခင် ကျုပ်နဲ့ အရင်တွေ့သွားရမှာ မဟုတ်လား။ ကျုပ် - သွေးကြောင်ရင် ဒီကိုတောင် ရောက်အောင်မလာဘူးကွ"

"ဟား - ဟား - ဟား - ကြိုက်ပြီဟေ့။ မြေအောက် လောကမှာ မင်းအသက်ငါ့ပေးဆရာကြီးမြနိုင် - မြနိုင်ရယ်လို့ နာမည်ကြီးနေတာ၊ ခုလို နဖူးတွေ၊ ဒူးတွေ့ရင်ဆိုင်တွေ့လိုက်ရပြန်တော့လည်း မထင်ရက်စရာပါလား ဟေ့။ လူက နန့နယ်နယ်၊ ဓာတ်ရှင်မင်းသား လုပ်စားလို့တောင် ရတယ်ဟေ့"

ထိုအချိန်တွင် ကိုမြနိုင်သည် လက်မြှောက်ထားရာမှ လက်နှစ်ဖက်ကို အောက်သို့ ချလိုက်ပေသည်။

"ဒီမယ်ဟေ့ - မြနိုင် - လက်မြှောက်ထားနိုင်းတယ်လေ၊ ဘာလဲ - ငါ့ - လက်ထဲက သေနတ်ကို မကြောက်လို့လား။ သေနတ်ထဲက ကျည်ဆန်တွေက ငါနိုင်းရင် နိုင်းသလို လုပ်တတ်တယ်နော်။ မင်းအသက်ငါ့ပေးဆရာကြီးတွေ၊ ဘာတွေ ညာမှာ မဟုတ်ဘူး" ဝေလုသည် အဆီပြန်နေသော မျက်နှာကြီးကို တစ်ချက်တွန့် လိုက်ပေသည်။

"ကဲဗျာ - ဒီလောက်တော့ ခွင့်ပြုရမှာပေါ့"

"ရှုတ်ရှုတ် ရှုတ်ရှုတ်တော့မလုပ်နဲ့၊ မြနိုင် - သေနတ်ထဲမှာ ကျည်ဆန်အပြည့်နဲ့နော်၊ ကျည်အ,တွေ မဟုတ်ဘူး၊ ကျည်အသစ်တွေ၊ ရှုတ်ရှုတ်ရှုတ်ရှုတ်လုပ်ပြီဆိုတာနဲ့ မင်းဦးခေါင်းထဲကို ကျည်ဆန်တွေ အစုလိုက်အပြုံ

လိုက် တန်းစီပြီး ဝင်သွားမယ်မှတ်ပါ။ ကဲ - လက်ချတော့ - ဖြည်းဖြည်းသွား။ ကူလီကူမာမလုပ်နဲ့နော် - ဒါပဲ"

ကိုမြနိုင် တစ်ခုစဉ်းစားမိသည်မှာ ယခုဤစံအိမ်ကြီးတွင် ဝေလုသာမက အခြားမြေအောက်အန္တရာယ်ကောင်တွေ ပါရှိကောင်း ရှိလိမ့်မည်ဆိုသည်ကို တွေးဆလိုက်ခြင်းဖြစ်ပေသည်။ ထို့ကြောင့်ရာဇဝတ်သားတစ်ယောက်ကို ဖမ်းဆီးခြင်းထက် တစ်ဖွဲ့တစ်ဂိုဏ်းလုံးကိုဖမ်းဆီးမိခြင်းကပို၍ကောင်းမည်ဟု ယူဆလိုက်သောကြောင့် ဝေလုကို မတုံ့ပြန်ပဲ ငြိမ်သက်နေလိုက်ခြင်း ဖြစ်ပေသည်။ ယခုလို ကျွန်းပြန်ထောင်ပြေးတစ်ယောက်ကို သူ့ပညာဖြင့် ဖမ်းဆီးမည်ဆိုပါက ကြက်ကလေး၊ ငှက်ကလေးကို ဖမ်းရတာလောက်ပင် ခက်ခဲမည် မဟုတ်ပါချေ။

"နောက်ကို လှည့်မကြည့်ဘဲ တည့်တည့်လျှောက်"

ကိုမြနိုင်သည် ဟပ်ရှူးဖိနပ်သံ တဖေါက်ဖေါက်နှင့် ဝေလု ညွှန်ပြရာသို့ ဆက်၍လျှောက်နေလိုက်သည်။ သူ့အဖို့ဝေလုအပြင်အခြားမည်သူများသည် ဘီလူးရယ်စံအိမ်ကြီးထဲသို့ ဝင်ရောက်ကာ လူကို အန္တရာယ်ပြုတတ်သော ပိုးမွှားကောင်တွေလို ဖျက်ဆီးနေသည့် သတ္တဝါတွေသာဖြစ်မည်နည်း။ သူ့အဖို့မကောင်းသူပယ်၊ ကောင်းသူကယ်ရပေမည်ပင်။ ထို့ကြောင့် ကိုမြနိုင်သည်ရုန်းကန်လှုပ်ရှားခြင်း၊ ငြင်းဆန်ပြောဆိုခြင်း မလုပ်တော့ဘဲ သူ၏ ထူးဆန်းသောအတတ်ပညာများကို ထုတ်ဖော်ပြသခြင်း မရှိသေး။ မခုတ် တတ်သည့်ကြောင်၊ ရေမကူးတတ်သည့် မိကျောင်းတစ်ကောင်ကဲ့သို့ငြိမ်သက်ပြီး ဝေလုခေါ်ဆောင်ရာသို့ အသာတကြည် လိုက်ပါသွားပါ၏။

"ရီးတီးယားတား မလုပ်နဲ့နော် - ဟီး - ဟီး - ဟီး၊ မင်းအသက်ငါ့ပေးဆရာကြီး - ဒီတစ်ခါတော့ ငါ့လက်ခုပ်ထဲကရေ ဖြစ်နေပါပကောပါလား - ဟား - ဟား - ဟား၊ လှုပ်နိုင်သေးရဲ့လား။ မင်းအသက်ငါ့ပေးလို့ အမိန့်ပေးနိုင်သေးရဲ့လား။ ငါကတော့ ဒါတွေ အယုံမရှိဘူး။ လောကီတန်ခိုး ဂူဠ္ဌိပါတ်တွေ ဘာတွေ နားမလည်ဘူးဗျာ။ ကဲ - ကဲ - ရှေ့က မြန်မြန်လျှောက်၊ နောက်ဖေးဆိုနားမှာ မြေအောက်ဆင်းတဲ့တံခါးပေါက်ရောက်အောင် အောက်တို့ဆင်း"

ကိုမြနိုင်သည် မည်သည့်စကားမျှ ဆက်၍အထွန့်မတက်တော့ဘဲ ဝေလုညွှန်ကြားရာဆီသို့သာ ရွေ့လျားနေမိပေသည်။

နောက်ဖေးရှိ မြေအောက်ခန်းသို့ ဆင်းသက်သည့်လှေကားဆီသို့

www.burmeseclassic.com

ရောက်လာပေသည်။ ထိုအခါ လှေကားထိပ်မှ အပေါ်သို့ တက်လာသော ခြေသံများကိုကြားလိုက်ရသည်။ ထို့နောက် လျှို့ဝှက်တံခါးပေါက်ပွင့်သွားကာ လူတစ်ယောက် ထွက်လာလေသည်။ ထိုလူသည် ကိုမြနိုင်နှင့်ဝေလုကို မြင်သောအခါ အံ့ဩသွားသည်။ ဝေလုက အသံခပ်အုပ်အုပ်ဖြင့် ပြောလိုက်ပေသည်။

"ဟေ့ - သံချောင်း - ဒီမှာ မင်းအသက်ငါ့ပေးဆရာကြီးကို ဖမ်းမိလာပြီကွ။ ငါတို့ ထင်သလောက် အထင်ကြီးစရာ မရှိပါဘူးကွာ။ ခေတ်ရှင်မင်းသားလိုလို၊ ဘာလိုလိုနဲ့ လှဘော်ကို ပြောလိုက်"

"ဟုတ် - ဟုတ်ကဲ့ - ဆရာကြီး"

သံချောင်းဆိုသူက အောက်သို့ လျင်မြန်စွာ ပြန်ဆင်းသွားသည်။

"ကဲ - မြနိုင် - ဆင်းစမ်း မြေအောက်ခန်းထဲကို။ ရုတ်ရုတ် ရုတ်ရုတ် ရီးတီးယားတားတော့ မလုပ်နဲ့နော်၊ သေနတ်ထဲက ကျည်ဆန်တွေက သဘောမကောင်းဘူးကွ။ အူတွေ အခွေလိုက် ထွက်ကျသွားမယ်"

ကိုမြနိုင်သည် တစ်ချက်မျှ ကြိတ်ပြုံးကလေး ပြုံးလိုက်ကာ မြေအောက်သို့ဆင်းသော တံခါးပေါက်ဆီသို့ မဆိုင်းမတွ လျှောက်လာပါ၏။ ထို့နောက် မီးမှောင်မှောင်ထဲတွင် ဖယောင်းတိုင်မီး မှိန်ပျပျအားကိုးဖြင့် မြေအောက်သို့ ဆင်းလိုက်ကြပါ၏။

ကိုမြနိုင်အဖို့ ဤဘီလူးရယ်စံအိမ်ကြီး၏ အံ့မခန်းလျှို့ဝှက်ချက်တစ်ခုကို ယခုမှသာ သိရှိလိုက်ခြင်း ဖြစ်ပါ၏။ ဦးလှမြင့်ထယ်ရှိစဉ်ကပင် မြေအောက်ခန်း ရှိသည့်အကြောင်း၊ မြန်မာ့တော်လှန်ရေး မျိုးချစ်သူရဲကောင်းများ၏ ရတနာများ ဤစံအိမ်ကြီး၏ မြေအောက်ခန်းတစ်နေရာတွင် လျှို့ဝှက်ထားကြောင်း၊ မည်သည့်နေရာတွင် သိုသိပ်စွာ လျှို့ဝှက်ထားသည်ကို မသိကြောင်း စသည်တို့ကို ပေစာအရ သိရှိရကြောင်း ဦးလှမြင့်ထယ်က ကိုမြနိုင်ကို ပြောပြထားဖူးပေသည်။ ယခုတော့ ရာဇဝတ်ကောင် ကျွန်းပြန်ကြီးဝေလုနှင့် သံမဏိလှဘော်တို့၏ ကျေးဇူးဖြင့် မြေအောက်ခန်းတစ်နေရာကို ကိုမြနိုင် ရောက်ရှိရပေတော့မည်။

ကိုမြနိုင်သည် ဝေလုတို့ကို အမှန်တကယ် ကြောက်လန့်ချင်ယောင်ဆောင်ကာ ဟန်ဆောင်ပန်ဆောင်ဖြင့် လိုက်ပါလာခဲ့ခြင်း ဖြစ်ပေသည်။

"ကျုပ်ကို ဘယ်နေရာခေါ်သွားမှာလဲဗျ"

"မြေအောက်ခန်းကိုလေ - မြေအောက်ခန်းကို၊ အချိန်အခါကောင်းအခါသင့်လိုက်လေ - မင်းအသက်ငါ့ပေးဆရာကြီးရဲ့ စုံထောက်စုတ်နှစ်ကောင်က ခုတစ်လော မလာပြန်ဘူး။ ပျောက်နေတယ်။ သူတို့ ဒီစံအိမ်ကြီးထဲမှာ ခိုအောင်းနေတဲ့အချိန်မှာ ငါတို့ တောထဲမှာ ပုန်းနေရတယ်။ ခု - ဒီနှစ်ကောင် မလာလို့ဝင်လာရတာ - ဟင်း - ဟင်း - ဟင်း။ ကဲ - လှေကားထစ်တွေကနေ ဖြည်းဖြည်းဆင်း - မှောင်တယ်။ ဒီမှာကိုယ့်လူ - ကလိမ်ကကျစ် မလုပ်နဲ့နော်၊ ငါ့လူတွေမှာ သေနတ်ကိုယ်စီနဲ့ပဲ။ ကဲ - ဆင်း"

မြေအောက်ခန်းသို့ တဖြည်းဖြည်းဆင်းလိုက်ကြပါ၏။ ပတ်ဝန်းကျင်ကား မှောင်မည်းတိတ်ဆိတ်နေပေသည်။ မြေအောက်ခန်း၏ အလင်းမှိန်မှိန်အောက်တွင် ပစ္စည်းအဟောင်းများ၊ တိုလီမိုလီအရာဝတ္ထုများသည် တိတ်ဆိတ်ငြိမ်သက်နေကြပေသည်။ နေရာအနှံ့ မြေကြီးများကို တူးဆွရှာဖွေထားသဖြင့် ပွထနေသည်။

သူတို့ကို မြင်သည်နှင့် တစ်နေရာတွင် ငြိမ်သက်စွာ ထိုင်နေသော လူတစ်ယောက်က ရုတ်တရက် မတ်တတ်ရပ်လိုက်ပေသည်။

"လှဘော် - ဒီမှာ နာမည်ကျော် မင်းအသက်ငါ့ပေးဆရာကြီး မြနိုင်ဆိုတဲ့ ဗွက်ကြိုးလ်ထူးကြီးကို မိမိရရ ကြက်ကလေး၊ ငှက်ကလေးလို ဖမ်းလာခဲ့သဗျာ ဘီး - ဟီး။ ဝေလုကို စမ်းလို့ ဘယ်ရမလဲကွယ် - ဟဲ - ဟဲ - ဟဲ"

လှဘော် - သံမဏိလှဘော်ဆိုပါကလား။ ကိုမြနိုင်သည် သံမဏိလှဘော်ဆိုသူကို လှမ်း၍ကြည့်ရှုလိုက်ပေသည်။ အသားမည်းမည်း၊ သွားခေါ်ခေါ်၊ မုတ်ဆိတ်မွေး ဗရပျစ်နှင့် ခြေထောက်တစ်ဖက်ပြတ်နေသည်။ လက်တစ်ဖက်က ချိုင်းထောက်ကို ကိုင်ထားကာ အားယူ၍ ထရပ်လိုက်ခြင်း ဖြစ်ပေသည်။ ခြေပြတ်နေသော်လည်း သန်မာသောလူတစ်ယောက် ဖြစ်ပေသည်။

"ကဲ - မီးထွန်းစမ်း - လှဘော်" သံမဏိလှဘော်သည် ကျိုးဆော့ တန်းဆော့ဆိုသည့်စကားကဲ့သို့ ခြေထောက်ပြတ်နေသည် မထင်ရအောင် လျင်မြန်လှပေသည်။ မီးခြစ်ခြစ်ခြင်း၊ မီးအိမ်ထွန်းခြင်းတို့ကို လျင်မြန်စွာ လုပ်နိုင်ပေသည်။ ထို့နောက် ကိုမြနိုင်၏တစ်ကိုယ်လုံးကို စားမတတ်၊ ဝါးမတတ် သေချာစွာ ပြန်ကြည့်၏။

"အေးလေ - မင်းအသက်ငါ့ပေးဆိုတဲ့ ဆရာကြီးကို ခုမှပဲ သေသေချာချာ

www.burmeseclassic.com

တွေ့ရမြင်ရပေတော့သကိုး။ မြေအောက်လောကရဲ့ကျုပ်တို့အဖွဲ့သားအချို့ မင်းလက်ချက်နဲ့ အသက်ပေးလိုက်ရပြီ။ တချို့အဖမ်းခံကြရတယ်။ အေး - တို့ရဲ့ရဲဘော်ရဲဘက်တွေရဲ့ကိုယ်စား၊ မင်းကို လက်စားချေဖို့ တို့မှာ တာဝန်ရှိတယ်။ ဟုတ်တယ်မှုတ်လား - ဝေလု၊ ညောင်မြစ်တူးတော့ ပုတ်သင်ဥ ပေါ်တာပေါ့ကွာ"

ချိုင်းထောက်နှင့်လူဖြစ်သော သံမဏိလုဘော်သည် မျက်နှာကို အရှုပ်ဆိုးစွာ တစ်ချက်တွန့်လိုက်ပြီးနောက် ထော့နင်းထော့နင်းနှင့် လျှောက်လာလေသည်။ ကိုမြနိုင်၏မျက်နှာကို စေ့စေ့ကြည့်ကာ နှုတ်ခမ်းကို ရွဲ့လိုက်ပေသည်။

"ဟေ့ - လုဘော် - မြနိုင်ဆိုတဲ့ ဒီကောင်ကို ချုပ်လိုက်စမ်းကွာ"

ကိုမြနိုင်သည် ဝေလု၏စကားကြောင့် ကြိတ်စွာရယ်လိုက်မိပေသည်။ မြနိုင်တို့ကို ကြိုးနဲ့ တုပ်ချုပ်နှောင်လို့ကတော့ လူရယ်စရာ ဖြစ်သွားပေလိမ့်မည်။ ဒါပေမဲ့ - အသာငြိမ်နေလိုက်သည်က အကောင်းဆုံး ဖြစ်ပေမည်။

လုဘော်သည် ချိုင်းထောက်ကို ပစ်ချကာ ကြိုးတစ်ချောင်းကိုင်၍ ကိုမြနိုင်ရှိရာသို့ ခြေတစ်ပေါင်ကျိုးနှင့် ရောက်လာပေသည်။ ထို့နောက် ကိုမြနိုင်ကို လက်နောက်ပြန်ပစ်စေကာ ကြိုးဖြင့် ခိုင်မာစွာ တုပ်နှောင်လိုက်တော့သည်။ မလှုပ်ရှားနိုင်အောင် တုပ်လိုက်ခြင်း ဖြစ်ပေသည်။

"ဟင်း - ဟင်း - ဟင်း - ခုတော့ - မင်းအသက်ငါ့ပေးဆရာကြီး - မြေအောက်ဒုစရိုက်လောကရဲ့အချစ်တုံးကြီး၊ ဟား - ဟား - ဟား - ဘာတတ်နိုင်သေးသလဲ၊ ပြောစမ်း - ပြောစမ်း - ဘာတတ်နိုင်သေးသလဲ - ဟေ့ - ဟေး - ဟေး" ဝေလု၏အရက်သံနှောကာ လှောင်ပြောင်ရယ်မောလိုက်သော ရွံရှာဖွယ်အသံကြီးသည်မြေအောက်ခန်းတွင်းတွင်ဟိန်းထွက်သွားပေသည်။ ကိုမြနိုင်သည် လှောင်ပြောင်ချိန်းခြောက်မှုကို လုံးဝကြောက်ရွံ့ထိတ်လန့်ခြင်းမရှိပဲ ရဲရဲဝံ့ဝံ့ ရင်ဆိုင်လိုက်ပေ၏။ ကိုမြနိုင်အဖို့ သည့်ထက်မကသော အာဂလူဆိုးလူမိုက်များကိုပင် ယှဉ်ပြိုင်ခဲ့ဖူးပေသည်။

"မင်းတို့လို ငရဲပြည် အရှင်လတ်လတ်ရောက်မယ့်ကောင်တွေဆိုသော မင်းတို့အသာစီးရတုန်း လုပ်ထားဦးပေါ့ကွာ။ နောက်မှသာ ကြောက်ဒူးတုန် ကြနဲ့ဟေ့။ မြနိုင်လိုလူမျိုးက မင်းတို့လို ဆန်ကုန်မြေလေး၊ လူထုချဉ်ဖတ်တွေ

နဲ့ ယှဉ်ပြိုင်ရမယ်ဆိုရင် ရှာယ်ခါပြန် ဆယ်သက် သေစမ်းပါစေကွာ၊ ဒုစရိုက်ကောင်တွေ၊ ငရဲပြည်ဖောက်ထိုးချိုးကပ်တွေရဲ့ ဘုရားမကြိုက်တဲ့လူတစ်စုရဲ့"

"ထွီ" ဝေလုသည် ကိုမြနိုင်ကို ဒေါသဖြင့် တစ်ချက်စိုက်ကြည့်ကာ ထွီခနဲ တံတွေးတစ်ချက်ထွေးလိုက်လေ၏။ လုဘော်သည်ကိုမြနိုင်ကိုကိုယ်ထိလက်ရောက် ရိုက်လိုဟန်ဖြင့် ရှေ့သို့တိုး တစ်လှမ်းတိုးလာသည်။ ကိုမြနိုင်ကို လုံးဝ မကျေမနပ်ဖြစ်ဟန် ရှိသည်။ သို့သော် ကိုမြနိုင်က ဂရုမစိုက်ပါချေ။

"လူပါးဝလိုက်တဲ့ကောင်၊ ငါလေ - တယ် - လုပ်လိုက်ရ"

ဝေလုက လက်ဖြင့် တားဆီးလိုက်ပါ၏။

"အသာနေ လုဘော် - ဒီကောင့်ကို မျှဉ်းသတ်မယ်၊ ပါးပါးလှီးပြီး ကင်စားပစ်မယ်"

ဝေလုသည် ခြောက်လုံးပြူးသေနတ်ကို ချောက်ခနဲမြည်အောင် မောင်းတင်လိုက်ကာ ကိုမြနိုင်၏ရင်ဝကို ခပ်ဆတ်ဆတ်ကလေး ထောက်လိုက်၏။

"ကဲ - လုဘော် - လျှစက် ဖွင့်လိုက်စမ်း"

လုဘော်သည် ထော့နင်းထော့နင်းနှင့် သစ်ဖြတ်လွှစက်ဝိုင်းဆီသို့သွားကာ စက်ခလုတ်ကို ဖွင့်လိုက်ပေသည်။

"ဒေါက် - ဒီး - ရှီး - ရှီး - ရှီး - ဝီး - ဝီး - ဝီး"

သစ်သားဖြတ်စက်ဝိုင်းသည်တဝီဝီမြည်လာလေသည်။ လူတစ်ယောက်ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုကို စက္ကန့်ပိုင်းအတွင်း အစိပ်စိပ် အမြွှာမြွှာ ဖြတ်တောက်ပစ်နိုင်မည့်ကိရိယာကြီးတစ်ခုပင် ဖြစ်ပေတော့သည်။

လွှစက်ပိုင်းကြီးက တဝီဝီမြည်လျက် ရှိပေသည်။ တရှီးရှီးအော်လျက် ။ ကြောက်လန့်စရာ ကောင်းလှသည်။

ဝေလုသည် ရုတ်တရက် မြနိုင်ကို ရှေ့သို့ တွန်းထုတ်လိုက်သည်။ မြနိုင်သည် ရှေ့သို့ ရောက်သွားကာ လွှစက်ဝိုင်းနှင့် နီးလာလေသည်။ လွှစက်ဝိုင်းနှင့် ကိုမြနိုင်၏ခန္ဓာကိုယ်သည် နှစ်ပေလောက်ပင် မကွာတော့ပါချေ။ နောက်ထပ်တစ်ကြိမ်ခန့်သာ ထပ်မံတွန်းထုတ်လိုက်မည်ဆိုပါက ကိုမြနိုင်၏ ခန္ဓာကိုယ်သည် လွှစက်ပေါ်သို့ အလျားလိုက် မှောက်ကျကာ မတွေးဝံ့စရာ ကြမ်းသံရဲရဲနှင့် သေပွဲဝင်ရမည်မှာ မလွဲပေ။ လူမိုက်များသည် ရက်စက်ဖို့ ကောင်းလေးကြပေ၊ ကမ်းကုန်အောင်မိုက်မည့်လူစားမျိုးပေတကား။

www.burmeseclassic.com

"ဟား - ဟား - ဟား - ကြောက်နေပြီလား - မြနိုင်၊ မင်းအသက်ငါ့ပေး ဆရာကြီးရဲ့ မကြောက်ပါနဲ့ - လက်တစ်ဖက်ဖြတ်ပစ်ရုံပါ - ဟဲ - ဟဲ - ဟီး"

"ဟား - ဟား - ဟား - ဟီး - ဟီး - ဟီး"

ကိုမြနိုင်သည် စိတ်ကို တည်ငြိမ်အောင် ထားလိုက်ပေသည်၊

"ဒီမှာ မြနိုင် - ဒီစံအိမ်ကြီးရဲ့အတွင်းအပြင် အနေအထားတွေ၊ တည်ဆောက်ပုံတွေ၊ လူတွေအကြောင်းကို မင်းက အသေး အမွှ သိနေတာဆိုတော့ မချွင်းမချန်ပြောဖို့ စိတ်ကူးပေါ့၊ ဒါမှ - မင်း သက်သာမယ်၊ ငြင်းဆန်မယ်ဆိုရင်တော့ မင်းလည်ပင်းပြတ်ဖို့သာ ပြင်ပေတော့၊ ဟို - ဘွယ်နဲ့နွယ်ဆိုတဲ့ ကောင်မလေးတွေကိုလည်း ဟိုစုံထောက်စုတ်နှစ်ကောင် ဘယ်လိုရွှေ့ပစ်လိုက်သလဲ မသိဘူး၊ ခြံစောင့်တော့ ငါ့လက်ချက်နဲ့ ငရဲပြည်ကိုကြွသွားပြီ"

"အော် - မင်းတို့က အပြစ်မဲ့တဲ့ခြံစောင့်ကြီးကို သတ်ပစ်လိုက်ပြီပေါ့"

"ဟုတ်တယ်၊ လှဘော်က ချုပ်ပေးတယ်၊ ငါက ဓားနဲ့ ဗိုက်ကို ထိုးပစ်လိုက်တယ် - မှတ်ကရောပဲ"

"မင်းတို့ တော်တော်လူမဆန်ပါလားကွ - တိရစ္ဆာန်တွေ"

"ငါတို့က ငါတို့လိုချင်တဲ့ပစ္စည်းမရရင် လူသတ်ဖို့ ဝန်မလေးဘူးကွ၊ ရတနာသေတ္တာ ဘယ်နေရာမှာမြှုပ်ထားသလဲမေးတော့ အူကြောင်ကြောင်လုပ်နေတယ်လေ၊ ဒါကြောင့် - ရှင်းပစ်လိုက်တာပေါ့"

"မသိလို့ မသိဘူးပြောတာပဲကွ၊ သိမှတော့ - ဒီလောက်တောင် အနှ[…] အသက်အသေခံပြီးနေပါ့မလား" ကိုမြနိုင်သည် ဝေလုကိုကြည့်ကာ အံတင်းချက် ကြိတ်လိုက်ကာ ခပ်ဆတ်ဆတ် ပြောလိုက်ပေသည်၊

ပြီးတော့ - ခြံထဲက ခြံစောင့်တွေ၊ ကားဒရိုင်ဘာတွေ၊ အိမ်ဖော်အဘွား[…] ကြီးလည်း မရှိတော့ဘူး၊ လစ်သွားကြပြီ၊ အေး - တစ်ခုတော့ ကောင်းတာ[…] ပေါ့ကွာ၊ ငါတို့တစ်တွေ လွတ်လွတ်လပ်လပ် တူးဆွမွှေနှောက်ရှာဖွေရတာ[…] ပေါ့၊ စိတ်ကြိုက်နေလို့ရတာပေါ့၊ စုံထောက်တွေလည်း မလာတော့ဘူး[…] တယ်" ကိုမြနိုင်၏ရင်ထဲတွင် ဒေါသနှင့်ယှဉ်ကာ အသိစိတ်သည် ကင်းလွ[…] သလို ဖြစ်သွားခဲ့ပေသည်၊ သည်လို ဆန်ကုန်မြေလေး လူ့လောကအတွ[…] မည်သည့်ကောင်းကျိုးချမ်းသာမှ မပေးသည့်လူမျိုးတွေကို လောကကြီး[…] ပ,ထုတ်လိုက်ခြင်းသည် အကောင်းဆုံးဖြစ်ပေမည်၊ လောကကြီးတ[…] ကြောင့် ယခုအချိန်ထိ အသက်ရှင်ခွင့် ပေးထားတာလဲ၊



"ကဲ - ပြောစမ်း၊ ရတနာသေတ္တာ ဘယ်မှာထားသလဲ၊ ဘယ်မှာ[…] သလဲ - ပြော"

"ဘယ်သိမလဲကွ၊ တကယ်လို့ သိရင်တောင် မင်းတို့လိုကောင်တွေကို သေတောင် မပြောဘူးပေါ့၊ ကြိုက်သလို လုပ်ကြစမ်း"

ဝေလုသည် သေနတ်ဒင်ဖြင့် ကိုမြနိုင်၏ခေါင်းကို ရိုက်ချလိုက်သည်၊ သို့သော် အစဉ်အမြဲ သတိရှိနေသော ကိုမြနိုင်အဖို့ ဝင်လာသော သေနတ်ဒင်ကို လက်နောက်ပြန်ကြိုးတုပ်ထားလျက်က အသာကလေး တိမ်းရှောင်နိုင်လိုက်ပေသည်၊

"တော်တော်ခေါင်းမာတဲ့ကောင်ပဲ"

ကျွန်းပြန်ကြီးဝေလုနှင့်သံမဏိလှဘော်လိုလူမျိုးသည်ကမ်းကုန်အောင်မိုက်ရိုင်းမည့်သူများဖြစ်ရကား မည်သို့မျှ ဖျောင်းဖျနားချ၍ရမည့် လူစားမျိုးမဟုတ်ကြပေ၊ အမိုက်မှောင်ဖုံးနေသည့်ငရဲသို့ခြေလှမ်းနေသည့်လူများသာဖြစ်ပေသည်၊ ထိုလူမိုက်တို့၏သွားရာလမ်းအမှန်ကား ...၊

"ကဲကွာ - မြနိုင်ဆိုတဲ့ကောင်ရဲ့ညာလက်တစ်ဖက်ကို လွှစက်နဲ့ ဖြတ်ကြည့်ရအောင်ပေါ့၊ သွေးထွက်,မထွက် လောင်းကြေး၊ ဓားကြေး လှဘော်ရေ - ဟား - ဟား - ဟား"

"ဟေး - ဟေး - ဟေး - ဝေလုပြောတာ မှန်တယ်၊ ကဲ - ဖြတ်မယ်"

ကိုမြနိုင်သည် ရုတ်တရက် စိတ်ကို တည်ငြိမ်စွာ ထားလိုက်သည်၊ အာရုံကို စုစည်းလိုက်ပေသည်၊

မြေအောက်ခန်းသည် လွှစက်သံဖြင့် ကြောက်မက်ဖွယ် ဆူညံသွားပေသည်၊ ကိုမြနိုင်သည် စိတ်ကို တည်ငြိမ်စွာ ထားလိုက်ပြီး သူ့ဆီသို့ အနီးကပ်ဆုံး တိုးကပ်ရွေ့လျားလာသည့်ဝေလုကို တစ်ချက်စိုက်ကြည့်လိုက်ပေသည်၊ ထိုအချိန်တွင် ဝေလု၏လက်တစ်ဖက်သည် ကိုမြနိုင်၏လက်မောင်းတစ်ဖက်ကို လွှစက်ဆီသို့ တွန်းပို့ရန် ခပ်ကြမ်းကြမ်းကလေး ဆွဲယူလိုက်ပေပြီ၊ လူမိုက်များသည် အလိုဆန္ဒ မပြည့်ဝသောအခါ သူ့ တစ်ပါးအသက်ကို ဖက်ရွက်လောက်ပင် တန်ဖိုးထားလိမ့်မည် မဟုတ်ပေ၊ လွယ်လွယ်ကူကူ သတ်ဖြတ်ပစ်မှာ သေချာပေ၏၊ မိမိကို ရန်မူရန် ပြေးဝင်လာသော တိရစ္ဆာန်ရိုင်းကို ခွေးတွေ့ပို့၍ရတော့မည်မဟုတ်၊

www.burmeseclassic.com

ကိုမြနိုင်သည်ဝေလုကို စူးရှတောက်ပြောင်သောမျက်လုံးများဖြင့် စိုက်ကြည့်လိုက်ခြင်း ဖြစ်ပေသည်။ ထို့နောက် ကိုမြနိုင်ထံမှ ကြည်လင် စူးရှအောင်မြင်သောစကားသံ ထွက်ပေါ်လာ၏။

"ဒီမှာ - ဝေလု - မင်းလက်ကို နောက်ကို ဆုတ်လိုက်ပါ"

လွန်စွာ အံ့ဩစရာကောင်းလှပေသည်။ ကိုမြနိုင်ကို ခပ်ကြမ်းကြမ်း ဆုပ်ကိုင်ထားသော ဝေလု၏ လက်တစ်ဖက်သည် ဖတ်ခနဲ ပြုတ်ကျသွားတော့သည်။ ဝေလုသည် ရုတ်တရက် တုန်လှုပ်သွားသည်။ ခန္ဓာကိုယ်သည် တောင့်ခနဲ ဖြစ်သွားသည်။ ဝေလုသည် အိပ်မက်မှ နိုးထသူလို မျက်လုံးအကြောင်သားနှင့် ငေးနေသည်။

"ဒီမှာ ဝေလု - မင်းကို ကျုပ် အမိန့်ပေးနေတယ်။ မင်းအသက်ငှါပေးဆရာကြီးမြနိုင် - အမိန့်ပေးနေတယ်။ သေသေချာချာနားထောင် - သေသေချာချာဂရုစိုက်နားထောင်" ဝေလုသည် ကိုမြနိုင်ကို ကြောင်အအဖြင့် အံ့ဩတကြီးမျက်လုံးဖြင့် ငေးကြည့်နေသည်။ သေနတ်ကိုင်ထားလျက်က အိပ်မက်မှ နိုးထလာသူလို ခပ်ကြောင်ကြောင်ဖြစ်နေခြင်းဖြစ်သည်။

"မင်းလို ဆန်ကုန်မြေလေး - ရာဇဝတ်ကောင်ရဲ့သွားရာလမ်းကို အခုလောက်ဆို မင်းသိလောက်ပြီ။ ဒီတော့ - မင်းရဲ့လက်ညှိုးကို ခြောက်လုံးပြူး သေနတ်က ခလုတ်အပေါ် တင်လိုက်စမ်း။ ခြောက်လုံးပြူးခလုတ်ကို တင်လိုက်စမ်း - တင်လိုက် - တင်လိုက်"

ကိုမြနိုင်သည် ဝေလုကို တည်ငြိမ်သောအသံဖြင့် အမိန့်ပေးနေခြင်းဖြစ်ပေသည်။ ဝေလုသည် မြနိုင်ကိုပြူးကျယ်သောမျက်လုံးများဖြင့် ကြောင်ငေးကာ ကိုင်ထားသောခြောက်လုံးပြူးမှ ခလုတ်မောင်းကို တင်လိုက်ပေ၏။

"ခြောက်"

"ဟုတ်ပြီ - ဝေလု၊ မင်းကို မင်းအသက်ငါပေးဆရာကြီးမြနိုင် အမိန့်ပေးနေတယ် - အမိန့်ပေးနေတယ်။ သေသေချာချာနားထောင် - ခလုတ်မောင်း တင်ပြီးပြီဆိုရင် သေနတ်ပြောင်းဝကို မင်းနားထင်မှာ တင်လိုက်စမ်း - မင်းနားထင်မှာ တင်လိုက်စမ်း - တင်လိုက် - တင်လိုက်၊ ဟုတ်ပြီ - ဟုတ်ပြီ"

ဝေလုသည်သေနတ်မောင်းကိုသူ၏နားထင်နှင့်တေ့၍ကပ်လိုက်သည်။ ဝေလုသည် ကျားရှေ့တွင် မှောက်လျက်လဲကျနေသော ချေသူငယ်ကလေး ကဲ့သို့ တဆတ်ဆတ်တုန်ကာ [illegible] နာနေသည်မှာ အံ့ဩထူးဆန်းစရာ ကောင်းလှပေသည်။ [illegible] ယောင်သူလို ဖြစ်နေသည်။

"ဟုတ်ပြီ - ဟုတ်ပြီ၊ သေနတ်မောင်းကို နားထင်နဲ့ တေ့ပြီးပြီဆိုရင် မင်းအသက်ကို ကျုပ် တောင်းဆိုတယ်။ လူ့လောကကြီးမှာ ဘယ်လိုမှ အသုံးမဝင်၊ ကောင်းကျိုးမပေးတဲ့မင်းလိုရာဇဝတ်ကောင်ရဲ့အသက်ကို ကျုပ်လိုချင်တယ်။ မင်းအသက်ကို ကျုပ်ကိုပေးတော့၊ မင်းအသက်ကို ပေး၊ မင်းအသက် ကျုပ်ကိုပေးတော့" ဝေလု၏လက်သည် တဆတ်ဆတ်တုန်လာသည်။ သူသည် အာခေး ထည့်ထားသလို မည်သို့မျှ စကားမဆိုနိုင်၊ ပြန်မပြောနိုင်တော့။

"ကဲ - ခလုတ်ကို ဆွဲညှစ်လိုက် - ဆွဲညှစ်လိုက်တော့"

ကိုမြနိုင်၏စကားဆုံးသည်နှင့် ဝေလုသည် ခလုတ်ပေါ် တင်ထားသော သူ၏လက်ညှိုးကို ဖိညှစ်ချလိုက်ပေတော့၏။

"ဒိုင်း - အား"

ကျယ်လောင်သောသေနတ်သံနှင့်အတူ ဝေလုသည် ပုံလျက်သား လဲကျသွားပေသည်။ ဝေလုသည် ဆန့်ငင်ဆန့်ငင်ဖြစ်နေကာ နားထင်မှ သွေးတွေ မြင်မကောင်းအောင် စီးကျနေသည်။

"အမလေး - အမလေး - ဝေ - ဝေ - ဝေ - လု - လု - ဘယ်လိုဖြစ်ရတာလဲ၊ ဘယ်လိုလုပ် ကိုယ့်ကိုယ်ကိုယ် သတ်သေရတာလဲ၊ လုပ်ကြပါဦးဗျာ - ကယ်ကြပါဦးဗျာ" စူးရှတောက်ပြောင်သောမျက်လုံးများဖြင့် ကိုမြနိုင်သည် ကတုန်ကယင် သွေးရူးသွေးတန်းဖြစ်နေသော သံမဏိလုဘော်ကို တစ်ချက် စိုက်ကြည့်ပြန် ကာ -

"ဒီမှာ လုဘော် - မင်းကို မင်းအသက်ငှါပေးဆရာကြီးမြနိုင် အမိန့်ပေးနေတယ်၊ နည်းနည်းမှ မလှုပ်လိုက်နဲ့၊ ငြိမ်ငြိမ်လေးရပ်နေ၊ လက်နောက်ပစ်ပြီး ငြိမ်ငြိမ်ကလေး ရပ်နေစမ်း၊ မြနိုင် အမိန့်ပေးနေတယ်"

"ဟုတ် - ဟုတ် - ဟုတ် - ကဲ့၊ ကြောက် - ကြောက် - ကြောက်ပါပြီခင်ဗျ"

အံ့ဩစရာကောင်းလှပေသည်၊ ကိုမြနိုင်၏စကားဆုံးသည်နှင့် လုဘော်သည် ကျောင်းအုပ်ဆရာကြီးရှေ့မှ အပြစ်ရှိသော တပည့်ငယ်ကလေးကဲ့သို့ လက်ကလေးတို နောက်ပစ်လိုက်ကာ ငြိမ်ငြိမ်သက်သက်ကလေး ရပ်နေလေ၏။ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေတော့သည်။

www.burmeseclassic.com

ထို့နောက်မြနိုင်သည်သူ၏လက်ကိုနောက်ပြန်တုပ်ထားသောနေရာဆီသို့ အာရုံကို စုစည်းပို့လွှတ်လိုက်လေသည်။

“ကျုပ်လက်ကို တုပ်နှောင်ထားတဲ့ကြိုးကို ဖြေလိုက် - ဖြေလိုက် - ဖြေလိုက်” ကိုမြနိုင်၏စကားဆုံးသည်နှင့် သူ့လက်ကိုနောက်ပြန်တုပ်နှောင်ထားသောကြိုးသည် တစ်စုံတစ်ယောက်က ဖြေလွှတ်လိုက်သကဲ့သို့ ပြေကျပြီး၊ မြေကြီးပေါ်သို့ အပုံလိုက် ခွေကာ ကျသွားလေတော့သည်။ သံမဏိလုဘော်သည် မလှုပ်မယှက် ကြောင်တောင်တောင်ဖြစ်ကာ ငေးကြည့်နေသည်။ သူသည် အံ့ဩလွန်းလှသဖြင့် ရုတ်တရက် စကားမဆိုနိုင်ဘဲ လေဖြတ်သူကဲ့သို့ မလှုပ်ရှားနိုင်တော့ပေ။ မာတောင့်တောင့်ကြီးရပ်နေပေသည်။ ကျောက်ရုပ်လိုဖြစ်သွားသည်။

“ကဲ - လုဘော် - လက်ကို နောက်ပြန်ထားလိုက်စမ်း။ မြနိုင် - အမိန့်ပေးနေတယ်။ လက်ကို နောက်ပြန်ထားလိုက် - နောက်ပြန်ထားလိုက်”

လုဘော်၏လက်နှစ်ဖက်သည်အလိုအလျောက်နောက်သို့ရောက်သွားသည်။

“ဟုတ်ပြီ - စောစောက ကျုပ်ကို တုပ်ထားတဲ့ကြိုးနဲ့ ပြန်တုပ်လိုက်စမ်း။ ပြန်တုပ်လိုက်စမ်း။ ဟုတ်ပြီ - ဟုတ်ပြီ။ ခိုင်ခိုင်တုပ်လိုက်စမ်း”

ကိုမြနိုင်၏ခြေရင်းတွင် ပုံလျက်သား ကျနေသောကြိုးခွေသည် သံမဏိလုဘော်ရှိရာသို့အလိုအလျောက်မြွေကဲ့သို့ရွေ့လျားသွားကာ လူတစ်ယောက်က တုပ်ချည်လိုက်သကဲ့သို့ လုဘော်၏လက်နှစ်ဖက်ကို တုပ်နှောင်လိုက်ပေသည်။ သူသည် တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေတော့သည်။ အော် - သံမဏိ၊ သံမဏိလုဘော်။ မာကျောလှသည့် လူမိုက်ကြီး သံမဏိ လုဘော်။

“အာ - အမလေး - ကြောက် - ကြောက်ပါပြီ၊ ကျွန်တော့်ကို မသတ်ပါနဲ့၊ ဆရာကြီးမြနိုင် - ကျွန်တော့်အသက်ကို မတောင်းပါနဲ့ဗျာ။ ကျွန်တော် မှားပါပြီ၊ နောက်မလုပ်တော့ပါဘူး။ ကျွန်တော့်အသက်ကို ချမ်းသာပေးပါ။ ခြံစောင့်ကြီးကို ကျွန်တော် မသတ်ပါဘူး၊ ဝေလု - သတ် - သတ်တာပါ”

ကိုမြနိုင်သည် သံမဏိလုဘော်ကို တစ်ချက်စိုက်ကြည့်ကာ ရယ်မောလိုက်ပေသည်။



“မင်းတို့ တစ်ကျိတ်ထဲ တစ်ဉာဏ်တည်းပဲ။ သူများအသက်ကျတော့ ကြက်ကလေး၊ ငှက်ကလေးလို သဘောထားပြီး ကိုယ့်အသက်ကျတော့ သေမှာ နမြောလိုက်တာ။ တော်တော်မတရားတာပဲ - ဟား - ဟား - ဟား - ဟား။ ဒါလား - သံမဏိလုဘော်၊ အေး - မင်းကို ခုတစ်ကြိမ် နောက်ဆုံး ခွင့်လွှတ်လိုက်မယ်၊ မင်း - ကြိုးတုပ်လျက်နဲ့ ငြိမ်ငြိမ်နေ။ စုံထောက်အဖွဲ့ မလာမချင်း ဒီအတိုင်းပဲ နေရမယ်၊ ကျုပ် အမိန့်ပေးတယ်၊ မင်းအသက်ငှါပေးဆရာကြီး မြနိုင် အမိန့်ပေးတယ်၊ ဒီအတိုင်းငြိမ်ငြိမ်နေရမယ်၊ ကြားလား - လုဘော်၊ ဝဋ်ဆိုတာ လည်တတ်တယ်၊ သံသရာဆိုတာ အရှည်ကြီးကွ၊ မင်းက နာမည်နဲ့ လိုက်ပါပေရဲ့”

“ဟုတ် - ဟုတ်”

“ကျုပ် - ခု - စုံထောက်အဖွဲ့ကိုဖုန်းဆက်ပြီး အကြောင်းကြားလိုက်မယ်၊ တစ်နာရီအတွင်းမှာ စုံထောက်ကျော်ဗိုလ်ကြက်ကန်းကြီးနဲ့ ကိုသောင်းတန် လာလိမ့်မယ်၊ ဒီဝေလုအလောင်းနဲ့ မင်းကို တရားဥပဒေအရစီရင်လိမ့်မယ်၊ အေး - မင်း - လူသတ်မှု၊ မုဒိမ်းမှုတွေ မကျူးလွန်ဘူးဆိုရင် ဥပဒေအရ သက်သာမယ်၊ ဒါပေမဲ့ - လူသတ်မှုတွေ၊ မုဒိမ်းမှုတွေ ကျူးလွန်မယ်ဆိုရင် ဝေလု လမ်းကို လိုက်ပေတော့၊ ကဲ - ငါသွားပြီ”

ကိုမြနိုင်သည် တဝီဝီမြည်နေတဲ့ လှစက်ဝိုင်းကြီး၏ခလုတ်ကို ပိတ်ကာ မီးရောင်မှိန်မှိန်ကို ဖြတ်ကျော်ရင်း မြေအောက်လှေကားမှ အပေါ်သို့တက်သည့်လှေကားအတိုင်း စိတ်လက်ပေါ့ပါးစွာ တက်ရောက်သွားပေသည်။ အပေါ်မှ အစောင့်လည်းကြက်ပျောက် ငှက်ပျောက် မရှိတော့ပါချေ။

ကိုမြနိုင်၏ ဟပ်ရှူးဖိနပ်သံ တဒေါက်ဒေါက်သည် ညအမှောင်ကို ဖြတ်ကျော်ကာ မှန်မှန်ကြီး ထွက်ပေါ်လာပေသည်။

ညကား လှပနက်ပြာနေပါတော့၏။

နားပါရစေဦး။

တဖတ်သူများအား လေးစားပါသော

မေတ္တာ အတ္တာနံ ပရိဟရေ

➳ ပုဂံသူရ

www.burmeseclassic.com